
www.burmeseclassic.com



# ဂျူး

# တောင်းတင်မပါသောည

နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ဂျူးစာပေစာအုပ်အမှတ် (၃၁)

ဂျူးစာပေ

အမှတ် ၈၅ အထက်ကြည့်မြင်တိုင်လမ်း
ရန်ကုန်
ဖုန်း ၇၀၄၆၅၆

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး (၃)ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ဂျူး

# ကောင်းကင်မပါသောည

နှင့် အခြား ဝတ္ထုတိုများ

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် မေလ ၁၉၉၁
ဒုတိယအကြိမ် ဖေဖော်ဝါရီလ ၂၀၀၅
စာမူခွင့်ပြုချက်အမှတ် ၁၀၄၅/၂၀၀၃(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၈၂/၂၀၀၄(၉)
တန်ဖိုး
၁၀၀၀ ကျပ်
အဖုံးဒီဇိုင်း ပိုပို
အဖုံးဖလင် စတား
အတွင်းဖလင် ကိုဦး

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်
ချိုတေးသံစာပေ၊ ရွှေနှံ့သာကျေးရွာ
ပုလဲမြို့သစ်(၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း ကလျာပုံနှိပ်တိုက်
၁၅၂ ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း နေလရောင်အော့ဖ်စက်
အမှတ် ၉၆ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ကိုမြင့်

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ကျီစားပြက်ရယ် | ... | ၁ |
| ၂။ | အမေ | ... | ၂၃ |
| ၃။ | မီးလျှံငှက် | ... | ၅၇ |
| ၄။ | သစ်တောလမ်း | ... | ၈၃ |
| ၅။ | ကောင်းကင်မပါသောည | ... | ၉၉ |
| ၆။ | ချစ်ခဲ့ဖူးသော | ... | ၁၀၉ |
| ၇။ | မီးရထားဆိုတာ | ... | ၁၃၃ |
| ၈။ | စက်ရုပ်တစ်ရုပ်နှင့်ချစ်ခင်ခြင်း | ... | ၁၅၅ |
| ၉။ | ကုလားထိုင်များ | ... | ၁၇၇ |
| ၁၀။ | တိတ်ဆိတ်ခြင်း၏အသံ | ... | ၁၉၃ |
| ၁၁။ | ဘီလီယက် | ... | ၂၁၃ |
| ၁၂။ | တစ်ဦးတည်းသောသား | ... | ၂၄၃ |


○

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မဖြစ်ရယ်

စာအိတ်ပေါ်မှလက်ရေးကို မြင်ရုံနှင့် ဘယ်သူဆီက စာမှန်း ကျွန်မ သိဖို့ကောင်းပါလျက် မသိခဲ့ပါ။ အနည်းငယ်သော့ပြီး ယိုင်သော၊ မညီညာသော လက်ရေးများကို မြင်ဖူးသည်ဟုပင် သတိမထားမိလောက်အောင် ကျွန်မစိတ် ထွေပြားယိုင်နဲ့နေသော အချိန် ဖြစ်လေသည်။

သို့သော် စာအိတ်ပေါ်မှ လက်ရေးသည် သာမန်ထက်ပို၍ သော့နေသည့်အပြင် သိပ်မင်မလိုက်သော အနီရောင်ဘောလ်ပင်နှင့် ရေးထားသောကြောင့်သာ ကျွန်မ မသိခြင်း ဖြစ်မှာပါ။

စာအိတ်ဖွင့်ပြီးသောအခါ အထဲမှ စာရွက်ကို ဖတ်ရလျှင်တော့ ကျွန်မ သိလိုက်ပြီ။

*'ဂျူးရေ...*

*ငါ့လက်ရေးကို နင်မှတ်မိရဲ့လား၊*

*ငါ့အကြောင်းတွေ နင်ကြားမှာပေါ့။*

*ငါလက်ထပ်လိုက်တာရယ်...*

www.burmeseclassic.com

www.burmeseclassic.com



*သမီးတစ်ယောက် ရတာရယ်...*
*ငါ့သမီးကို နင်မမြင်ဖူးသေးဘူးနော်။*
*ငါကတော့ နင့်ကို ခဏခဏ သတိရပါတယ်။*
*ငါ့မြို့ကိုလည်း ငါ မရောက်ဖြစ်ဘူး။'*

*

ကောလိပ်ကျောင်းမှာတုန်းက ကျွန်မတွင် သိပ်ခင်သော သူငယ်ချင်းတစ်ယောက် ရှိခဲ့သည်။ သူသည် အမြဲလိုလို ရယ်မောစရာ ပြောလေ့ရှိပြီး လောကကို အမြဲတမ်း အကောင်းအတိုင်း မြင်တတ်သော ပေါ်လီယာနာလို မိန်းကလေးတစ်ဦး ဖြစ်၏။ ကျွန်မ၏ ကောလိပ်ဘဝတွင် သူ့ကို အချစ်ဆုံးဖြစ်လျက် သူ၏ ကောလိပ်ကျောင်းသူဘဝတွင်လည်း ကျွန်မသည် သူ၏အချစ်ဆုံး သူငယ်ချင်း ဖြစ်ဟန်တူပါသည်။

ကျွန်မတို့နှစ်ယောက်ကို အတန်းဖော်များ၊ အခန်းဖော်များက အမြဲတွဲ၍မြင်ကြသည်။ ကျွန်မအကြောင်း ပြောလျှင် သူ့အကြောင်း ပါလာလေ့ရှိပြီး သူ့အကြောင်းပြောလျှင် ကျွန်မအကြောင်း ပါလာလေ့ ရှိသည်။

သူက အေးဆေး၏။ သဘောကောင်း၏။ သဘောကောင်းလွန်းသောကြောင့် အနည်းငယ် အ,သည်ဟု အထင်ခံရလေ့ ရှိ၏။ သူနှင့် ပတ်သက်သမျှ ကျွန်မကချည်း ဒိုင်ခံနာကြည်းရန်တွေ့နေတတ်သဖြင့် ကောလိပ်ကျောင်းတွင် ကျွန်မက 'ဖိုက်တာ' ဖြစ်မှန်းမသိ ဖြစ်ခဲ့ရလေသည်။

လေးနှစ်လုံးလုံး အမြဲမခွဲဘဲ တွဲခဲ့ကြသော သူငယ်ချင်းနှစ်ဦး ဖြစ်ပါလျက် အကြိုက်ချင်း ဆန္ဒချင်းက ကွဲလွဲမြဲ ဖြစ်ပါသည်။ သူ





က လူတစ်ယောက်ကို ကောင်းကွက်ရှာ၍ အကောင်းမြင်တတ်သူ၊ ကျွန်မက မကောင်းကွက်ရှာ၍ အပြစ်မြင်တတ်သူ။

ရုပ်ရှင်ကြည့်လျှင်လည်း သူက ဟာသဇာတ်မြူးများ၊ ထူးဆန်းသော သိပ္ပံဇာတ်ကားများကို ကြိုက်တတ်၍ ကျွန်မက ဒရာမာဇာတ်ကားများကို ကြိုက်တတ်သူ။ အကောင်းဆုံးဖြေရှင်းနည်းကို လွယ်ကူစွာ ကျွန်မတို့ အသုံးပြုခဲ့ကြသည်။

သူ ကြိုက်တတ်သော ဟာသဇာတ်မြူးကို ကျွန်မ လိုက်ကြည့်၍ ကျွန်မကြိုက်တတ်သော လေးနက်ငြိမ်သက်သည့် ဇာတ်ကားများကို သူ မညည်းမညူလိုက်ကြည့်ခြင်းပင် ဖြစ်လေသည်။ အများတကာ မိန်းကလေးမိတ်ဆွေများလို ရုပ်ရှင်အတူသွား မုန့်အတူစားလျက် အခန်းပြန်ရောက်မှ ဘတ်စ်ကားခ ၃၅ ပြား၊ နေကြာစေ့ ပြား ၅၀၊ ရေခဲရေ ၂၅ ပြား စသည်ဖြင့် စာရင်းရှင်းတမ်း တိကျစွာ အကြွေးဆပ် အကြွေးတောင်းတတ်သူများလည်း မဟုတ်ပါ။

"မဝါရေ...ရုပ်ရှင်သွားကြည့်ရအောင်" ဟု ဆိုလျှင် သူ ပိုက်ဆံ တစ်ပြားမှ ကုန်ဖို့မလိုပါ။ ကျွန်မတွင် နှစ်ယောက်စာ မုန့်ဖိုး အအေးဖိုး၊ ရုပ်ရှင်ဖိုးက အစ ပါပြီးသား ဖြစ်ရမည်။

"ဂျူးရေ...ရုပ်ရှင်သွားကြည့်ရအောင်"ဟု သူက ခေါ်လျှင်လည်း ကျွန်မလွယ်အိတ်ထဲ ပိုက်ဆံဘယ်လောက်ပါသလဲ ပြန်ကြည့်ရန် မလို။ ပြန်ရောက်ကြလျှင်လည်း စာရင်းရှင်းစရာ မလို။

ကျွန်မ ရုပ်ရှင်ကြည့်ချင်လျက် ကျွန်မမှာ ပိုက်ဆံပြတ်နေလျှင် သူ့ကို ရုပ်ရှင်ပြခိုင်းလိုက်တာပါပဲ။ သူကလည်း ပိုက်ဆံပြတ်နေလျက် ရုပ်ရှင်ကြည့်ချင်လျှင် ကျွန်မအား လိုက်ပြခိုင်းလိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးနှင့်ပတ်သက်၍ ကျွန်မအိမ်က ပို့သမျှ သူပိုင်ဆိုင်ခွင့်ရှိပြီး သူ့အိမ်က ပို့သမျှလည်း ကျွန်မပိုင်ဆိုင်ခွင့် ရှိခဲ့သည်သာဖြစ်သည်။ ယခုအချိန်အထိ သူက ကျွန်မထက်ပို၍ ငွေကြေးကုန်ခဲ့လေသလား၊ ကျွန်မက သူ့ထက်ပို၍ ပိုက်ဆံကုန်ခဲ့လေသလား၊ အမြတ်အရှုံး လုံးဝမတွက်ခဲ့ကြသည်မှာ နှစ်ဦးလုံးအသိ။ တစ်ခါတစ်ရံ နှစ်ယောက်လုံး အိမ်မှ ငွေမပို့ခိုက်နှင့်ကြုံ၍ သုံးစရာ မရှိအောင် ပြတ်လပ်နေကြလျှင် ကျွန်မတို့တွင်ရှိသမျှ မှတ်စုစာအုပ်အဟောင်းများကို အဖုံးဆွဲဖြုတ် စုဆောင်းပြီး အဆောင်ရှေ့ လမ်းကြားထဲမှ စက္ကူဟောင်းအဝယ်ဆိုင်သို့ သွားရောင်းကြမြဲဖြစ်သည်။ ရလာသမျှပိုက်ဆံကို နင့်စက္ကူက ဘယ်လောက်မို့ နင်က ဘယ်လောက် ယူ ဆိုတာမျိုး မရှိစကောင်း။ နှစ်ဦးပိုင်ဆိုင်သော ပိုက်ဆံအဖြစ် လက်ဖက်ရည် အတူသွားသောက်မည်၊ ခေါက်ဆွဲ အတူသွားစားမည်။

"မနက်ဖြန် ရုပ်ရှင်ကြည့်ဖို့ ရှစ်ကျပ်ချန်ထားဦး"ဟု သူ၏ ကွန်ပါဘူးထဲ ထည့်သိမ်းပေးမည်။

ကျွန်မတို့ ကောလိပ်နေ့ရက်များသည် အဆမတန် များပြားရှုပ်ထွေးလွန်းသည့် စာများ ကျက်မှတ်ရချိန်မှတစ်ပါး လွတ်လပ်ပျော်ရွှင်ဖွယ်ရာရက်များသာ ဖြစ်လေသည်။

လုံးဝ စက်ဘီးမစီးတတ်သည့်အပြင် စက်ဘီးပေါ်သို့ ခုန်၍ပင်မတက်တတ်သော ကျွန်မကို စက်ဘီးနောက်ထိုင်ခုံမှာ တင်ပြီး စက်ဘီးနင်းလျက် မြို့စွန်မြို့ဖျားအထိ မညည်းမညူ လည်ပတ်ကြစဉ် သူ့စိတ်တွင် ကျွန်မက သူ့အပေါ် တင်စီးလှချည်ရဲ့ဟု ဘယ်တုန်းကမျှ မတွက်ဖူးချေ။





**ဒီ**စင်ဘာနံနက်စောစော ချမ်းလွန်း၍အပျင်းထူနေသော ကျွန်မကို ဆိတ်စွပ်ပြုတ် သွားသောက်ရအောင်ဟု မရမက နိုးချင်သူမှာ သူတစ်ယောက်တည်း ရှိသည်။

ဘယ်တုန်းကမျှ ဆိတ်သားမစားခဲ့ဖူးသော ကျွန်မကလည်း သူ့အလိုကျ (အနည်းငယ်တော့ ငြူစူဆောင့်အောင့်စွာ) မျက်နှာသစ်၊ သနပ်ခါးလိမ်းလျက် သူ့စက်ဘီးနောက်က ငြိမ်သက်စွာ၊ ချမ်းစိမ့်စွာ ထိုင်လိုက်ခဲ့မြဲ ဖြစ်ပေသည်။ နှင်းသည်းသည်းတွင် စွပ်ပြုတ်ဆိုင်ရောက်တော့ ကျွန်မမှာ နံပြားကို ရေနွေးနှင့်သာ မြိုချရလျက် သူစွပ်ပြုတ်နှင့် နံပြား သောက်သည်ကို မပျင်းမရိ ထိုင်စောင့်ခဲ့လေသည်။

ကျွန်မ၏ မွေးနေ့၊ သူ၏ မွေးနေ့များအပြင် ကျွန်မချစ်သူ၏ မွေးနေ့များတို့၌ ကျွန်မတို့နှစ်ယောက် ဘုရားသွား၊ ပုတီးစိပ်သော အလေ့အထ ရှိခဲ့သည်။ (ကျွန်မချစ်သူကတော့ ရပ်ဝေးမှာ အမြဲရှိနေခဲ့သည်။)

ထိုသို့ ဘုရားသွားတိုင်း မြို့တစ်ဖက်စွန်း နှင်းဆီခြံမှ နှင်းဆီပန်းများ ဝယ်ဖို့ သူ မညည်းမညူ စက်ဘီးနင်းပို့သည်။ ထို့နောက် မြို့ အခြားတစ်ဖက်စွန်းရှိ ဘုရားသို့ ကျွန်မကို တင်နင်းရင်း လေတချွန်ချွန်နှင့် ပါရမီဖြည့်ခဲ့ဖူးပါသည်။

"မိဂျူး... နင် တော်တော်စိတ်ကူးယဉ်ပါလား" ဟု ချစ်သူမွေးနေ့ကို ချစ်သူမရှိဘဲ ကျင်းပသောအခါတိုင်း ကပြက်ကချော်ရယ်မောသည်မှလွဲ၍ သူသည် ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်သော သူငယ်ချင်းတစ်ဦး ဖြစ်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မဝါ...ကောက်ညှင်းပေါင်း သွားစားရအောင်"ဟု ကျွန်မကလည်း ကျောင်းအနီးက ကောက်ညှင်းပေါင်းကို မမက်မောဘဲ နှစ်မိုင်လောက်ဝေးသောအရပ်မှ ကောက်ညှင်းပေါင်းကိုသာ မက်မောတတ်သူ ဖြစ်၏။ သူကလည်း ဝေးလွန်းသည်ဟု မညည်းတတ်ဘဲ 'လာလေ' ဟု စက်ဘီးအသင့်ထုတ်ပြီး လိုက်ပို့တတ်သူ ဖြစ်၏။

ကျောင်းအနီးမှ လက်ဖက်ရည်ကို ခါးသည် ချိုသည် ကြေးများ၍ မြို့စွန်နားက လက်ဖက်ရည်ဆိုင်မှ သောက်ချင်သည်ဟု သူဆန္ဒရှိလျှင် ကျွန်မက လုပ်လက်စအလုပ်ကို ပစ်ထားပြီး သူ့နောက်မှ လိုက်ခဲ့ရသည်။ တစ်ခါတစ်ရံ 'မိုးရွာထဲ စက်ဘီးလျှောက်စီးရအောင်' ဟု သူက အဖော်စပ်လျှင် အအေးမိမှာ ကြောက်တတ်သူ ကျွန်မက ရှူးကြောင်ကြောင်နှင့် သူ့အလိုကို လိုက်ရတတ်သည်။

"မဝါရေ...ကျွန်တော် ကျောင်းမတက်တော့ဘူးဗျာ"ဟု ကျွန်မ အခန်းအောင်း၍ ရည်းစားစာ ရေးနေလျှင် သူက တဖျစ်တောက်တောက် မြည်တွန်မဆုံးတော့ချေ။ ထို့နောက် ကျွန်မအနီးတွင် သူပါ ပစ်လှဲလျက် ပျင်းရိတတ်လေသည်။

"ဟာ...မရဘူး၊ မရဘူး၊ ခင်ဗျား သွားရမယ်၊ နှစ်ယောက်လုံး ကျောင်းပျက်ရင် ကျောင်းခေါ်ချိန် လက်မှတ် ဘယ်သူက ထိုးပေးမှာလဲ၊ သွားဗျာ...ကျောင်းသွားတက်"

ကျွန်မ၏ လက်မှတ်ကို တူအောင် ဂရုတစိုက် ထိုးပေးသူမှာ သူတစ်ယောက်သာ ရှိ၏။ ကျွန်မနှင့် မပေါင်းဖက်မီခင် သူက 'ကျောင်းမှန်မှန်တက် စာမခက်' ဟု ကျောင်းတက်ပျော်သူ ဖြစ်လေသည်။ ကျွန်မနှင့် ပေါင်းဖက်မိတော့မှ သူပါ ကျောင်း ခဏ ခဏ ပျက်တော့သည်။





သူငယ်ချင်းများကတော့...

"ဝါဝါ့ကို ဖျက်ဆီးတာ ဂျူးပဲ" ဟု စိတ်ရင်းအမှန်အတိုင်း ဖွင့်ဟ အပြစ်ဆိုကြသည်။ ထိုစကားကို ကျွန်မ ဆတ်ဆတ်ခါအောင် နာတတ်လေသည်။

မဝါကို ကျောင်းပျက်ရအောင်ဟု အဖော်မစပ်ရပါဘဲနှင့်၊ ဒီစာတွေတော့ မကျက်နဲ့ဗျာဟု မတားဆီး မပိတ်ပင်ခဲ့ပါဘဲနှင့် ကျွန်မ တရားခံဖြစ်ရသောအခါ စိတ်ထဲ တော်တော်ခံပြင်းခဲ့သေးသည်။

သည်စာပဲ အတူကျက်၊ သည်ရုပ်ရှင် အတူကြည့်၊ သူက ရည်းစားမရှိဘဲ ကိုယ်က ရည်းစားတစ်ဖက်နှင့်မို့ ကိုယ်အောင်လျှင် သူအောင်မည်၊ သူကျလျှင် ကိုယ်ကျလိမ့်မည်ဟု ရဲဝံ့စွာ ကြွေးကြော်ခဲ့ဖူးသည်။ ကံကြမ္မာက မျက်နှာလိုက်၍ သူစာမေးပွဲကျပါလျက် ကျွန်မ အောင်သွားသောအခါ အများအမြင်တွင် ကျွန်မသည် အလိုလို တစ်ကိုယ်ကောင်းဆန်သူ ဖြစ်သွားရလေသည်။

မည်သို့ဆိုစေ ကျွန်မနှင့် သူ့ကြားရှိ ယုံကြည်ရင်းနှီးမှုကို မည်သူမျှ ဖျက်ဆီး၍မရခဲ့ချေ။

ကျွန် မ တို့ ကော လိပ် ကျောင်း သူ ဘ ဝ တစ် လျှောက် လုံး ယောကျ်ားလေးသူငယ်ချင်းဟူ၍ ဖြည်းဖြည်းရေတွက်လျှင်လည်း တစ်ယောက်တည်း၊ အပြေးအလွှားရေတွက်လျှင်လည်း တစ်ယောက်တည်းသာ ရှိခဲ့၏။ ထိုသူငယ်ချင်းမှာ ငွေ အရေးတကြီး လိုနေသဖြင့် ကျွန်မရော ထိုသူငယ်ချင်းရော ကိုယ့်မြို့သို့ ကိုယ်ပြန်ကာ အိမ်မှ အသီးသီးငွေတောင်းခဲ့ကြရဖူးသည်။ ကျွန်မ အိမ်က ပေးလိုက်သမျှ ပိုက်ဆံအားလုံး ထိုသူငယ်ချင်း ဝင်းမြင့်ထွန်းကို ပေးလိုက်သောအခါ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဝင်းမြင့်ထွန်းကို သိပ်ချစ်တာပဲနော်"ဟုသာ သူက မှတ်ချက်ချလျက် နောက်ထပ် ထွေထွေထူးထူး မပြောချေ။ ကျွန်မ၏ ကိုယ်ရေးကိုယ်တာကို သူအကြံမပေးတတ်သလို သူ့ကိုယ်ရေးကိုယ်တာကို ကျွန်မ မစွက်ဖက်မိအောင် ထိန်းချုပ်ထားခဲ့၏။

နောက်ဆုံးနှစ် စာမေးပွဲက နီးလှပြီ။

ကျွန်မတို့နှစ်ဦးလုံး၏ စာအုပ်ထဲတွင် မှတ်စုက တစ်ဝက်ပင် မရှိချေ။ ကျွန်မက ပြဋ္ဌာန်းစာအုပ်ဖြင့် စာကျက်တတ်သော်လည်း သူက လက်ချာမှတ်စုနှင့်မှ ကျက်တတ်သည်။

ကျွန်မတို့မှာ လက်ချာမှတ်စု ငှားဖတ်မည့်သူ မရှိ။ (စာမေးပွဲနီးမှ ကိုယ့်စာအုပ်ကိုမည်သူက သူများအား ပေးဖတ်ပါမည်နည်း။) စာအတူကျက်ဖော်ကလည်း ကျွန်မတို့နှစ်ယောက်တည်းသာ။ ကျွန်မ ဒုက္ခနည်းနည်းရောက်ပြီး ပြဋ္ဌာန်းစာအုပ် မဖတ်တတ်သည့် သူက ဒုက္ခများများရောက်လေသည်။ သို့သော် ကျွန်မက ပုံနှိပ်ပြဋ္ဌာန်းစာအုပ် ဖတ်ရင်း ကိုယ့်ဘာသာကိုယ် မှတ်စုထုတ်လျက် ထိုမှတ်စုကို သူက ပြန်ဖတ်ရင်း စာကျက်ခဲ့ရသည်။

အဆောင်မှာ အုန်းအုန်းကျွက်ကျွက် စာကျက်နေကြချိန်တွင် ကျွန်မတို့နှစ်ယောက် အဆောင်က ခွာ၍ အေးအေးဆေးဆေး စာကျက်နိုင်မည့် နေရာတစ်နေရာကို ရှာရ၏။ သို့မဟုတ်လျှင် အပြေးအလွှား ဆူညံပွက်နေသည့် စာကျက်သံများထဲတွင် ကိုယ်မကျက်ရသေးသော စာကို သူများ ဆွေးနွေးသံကြားရလျှင် ကျွန်မထက် သူက ပို၍ စိတ်ဓာတ်ကျတတ်သည်မဟုတ်လား။

ကျွန်မတို့ကျောင်းမှ စာမေးပွဲကို ဘာသာအလိုက် အောင်,ရှုံး





သတ်မှတ်၏။ ဘာသာလေးခု ရှိသည့်အနက် ကျွန်မက တစ်ဘာသာ ကျလျက် သူက သုံးဘာသာကျသောအခါ...

"ကဲ...တို့နှစ်ယောက်လုံးအတူ စာမေးပွဲကျပါပကော" ဟု ရယ်မော၍ပင် တစ်ယောက်ကို တစ်ယောက် အားပေးခဲ့၏။ သို့သော် ကျွန်မ မစဉ်းစားမိသည့် အချက်ကို ပတ်ဝန်းကျင်က ကြိုတင် စဉ်းစားပေးဖော်ရလေ၏။

"ဝါဝါ...နင်က သုံးဘာသာတောင် ပြန်ဖြေရမှာ၊ ဂျူးက တစ်ဘာသာတည်း... တူတာမဟုတ်ဘူး၊ ဝါဝါ...ဂျူးခေါ်တဲ့နောက် မလိုက်နဲ့"ဟု တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး၊ ခိုးကြောင်ခိုးဝှက် တစ်မျိုး၊ ပြောင်တစ်မျိုး စေတနာထားကြလေသည်။

ကျွန်မကတော့ ဘာသာ အနည်းအများ အထွေအထူးလည်း မတွက်မိဘဲ သူတို့ပြောမှ မိမိကိုယ်ကို ထိန်းရကောင်းမှန်း သိခဲ့တာ အမှန်ပါ။

သို့ဖြင့် သွားလေရာ သူ့ကိုမခေါ်မိတော့ဘဲ စာကျက်ပါစေ ဟူသော စေတနာဖြင့် လက်တွဲမဖြုတ်တဖြုတ်အခြေအနေသို့ ရောက်မှန်း မသိ ရောက်ခဲ့ရသည်။ ရုပ်ရှင်ရုံသို့ တစ်ယောက်တည်း သွားသည့် အကျင့်၊ တစ်ယောက်တည်း ဈေးသွားတတ်သည့် အကျင့်၊ စာအုပ်အငှားဆိုင်သို့ တစ်ယောက်တည်း သွားသည့်အကျင့်ကို ကျင့်ယူခဲ့သည်။

စာကျက်အလွန်ပျင်းသော ကျွန်မသည် အချိန်ရှိသရွေ့ သူနှင့်အတူ ရှေ့က ဦးဆောင် စာကျက်ပြဖို့ အနည်းငယ်မျှ စိတ်မကူးခဲ့ဘဲ ပြေးနိုင်သမျှ စာနှင့် ဝေးဝေးပြေးခဲ့သည်။

ရှေးရှေးပုံပြင်ထဲက မြည်းတစ်ကောင်နှင့် သားအဖနှစ်ယောက်လို ပတ်ဝန်းကျင်၏အပြောကတော့ ဘယ်တော့မှ လွတ်လိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း ကျွန်မတွေးမိပါသည်။ သို့သော် သူက မတွေးမိခဲ့ချေ။

ပတ်ဝန်းကျင်က…

"တွေ့တယ်မဟုတ်လား ဝါဝါ၊ ညည်းက သုံးဘာသာတောင်၊ တအားကြိုးစားရမှာ၊ ဟိုက တစ်ဘာသာတည်းဆိုတော့ အောင်ပြီးသား ထားလိုက်တော့၊ အခုဖြင့် ကြော့လို့၊ ညည်းတစ်ယောက်တည်း စာကုန်းကျက်နေရပြီ မဟုတ်လား"ဟု သူ့ဘက်မှ နာကြည်းပေးနေကြကြောင်း ကျွန်မကို အားကိုးတကြီး တိုင်တည်မြဲ။ ကျွန်မကလည်း သူ့ရှေ့မှာ မားမားရပ်လျက် ပတ်ဝန်းကျင်ကို ရင်ဆိုင်ခဲ့မြဲ ဖြစ်သည်။

စာမေးပွဲ နောက်တစ်ကြိမ်ပြန်မဖြေရမီ သူ ချစ်သူရည်းစား ရသွားသည်။

သူ ရည်းစားရသွားပုံကလည်း အဆန်းတကြယ်ပါပဲ။

ကျွန်မကို အစစအရာရာ ပုံအပ်၍ အားကိုးတတ်သော သူသည် ကျွန်မ၏မြို့သို့ ကျွန်မပြန်တိုင်း "နင် ဘယ်နေ့အရောက် ပြန်လာနော်"ဟု တစ်ချက်လွှတ်အမိန့်ဖြင့် ပုံမှန်သတိပေးမြဲဖြစ်၏။ ကျွန်မကလည်း အိမ်ရောက်ပြီဆိုလျှင် ဘာဆိုဘာမျှ သတိမရအောင် အိမ်သံယောဇဉ်ကြီးသူ ဖြစ်၏။ ထို့ကြောင့်လည်း ငါးရက်ကြာမည်ဟု ပြောခဲ့လျှင် ဆယ်ရက်လောက်တော့ ကြာတတ်၏။

အဲသည် ရက်ပိုင်းတုန်းက ကျွန်မ သတ်မှတ်သည့်ရက်ထက် သုံးရက်နောက်ကျပြီးမှ ကျောင်းသို့ပြန်ရောက်၏။ ပြန်ရောက်ရောက်ချင်း သူ့ဆီ တန်းသွားသည်။ သူက စပ်ဖြဲဖြဲအမူအရာကို အထူးသရုပ်ဆောင်စရာမလိုဘဲ…





"ငါတော့ ဟိုတစ်ယောက်ကို ရည်းစားအဖြစ် လက်ခံလိုက်ပြီ"ဟု ဖိနပ်အသစ် ဝယ်လိုက်သူပမာ ကျွန်မအား သတင်းပေး၏။ ကျွန်မ သဘောမတူသူကို ပြန်ကြိုက်ရကောင်းလားဟု ကျွန်မ တတွတ်တွတ် ဒေါသကြီးလျှင်တော့ သူက အကြောင်းပြချက်တစ်ခုသာ ပေးသည်။

"နင်က ၂၅ ရက်နေ့ ရောက်မယ်ဆိုပြီး ရောက်မှမလာတာ၊ ငါ့ကို ပစ်ထားတာကိုး၊ ငါလဲ အကြီးအကျယ်စိတ်လေပြီး အဲလို ရည်းစားရသွားတာပဲ"ဟူ၏။

"မြတ်စွာဘုရား၊ မဝါရယ်…ကျွန်တော်နဲ့ တစ်ပတ်လောက်ခွဲနေရတဲ့အချိန်အတွင်းမှာ ဖြစ်သွားရတယ်လို့ဗျာ"ဟု ယူကျုံးမရဖြစ်မိတိုင်း သူ့အမျိုးသားကို ကျွန်မ မှိုချိုးမျှစ်ချိုး စကားတင်းဆိုခဲ့၏။ မရွှေစာက သူ့အမျိုးသားကို တစ်ခွန်းမကျန် ပြန်ပြောခဲ့၏။ သည်လိုနှင့် ရန်သူများသော ကျွန်မကို ရန်သူဟု သတ်မှတ်မည့်သူ တစ်ဦး ပိုလာခဲ့လေသည်။

မထိတရီနေတတ်သူ ကျွန်မအဖို့ ပတ်ဝန်းကျင်၏ စကားများက မထောင်းတာလှသော်လည်း သူ့မိခင်၏ စကားများကတော့ ကျွန်မရင်ထဲ ချွန်မြစွာ ထိုးဖောက်ဝင်ရောက်ခဲ့သည်။

ကျွန်မကြောင့် မဝါ စာမေးပွဲကျရကြောင်း၊ ကျွန်မအောင်သွယ်ပေး၍ မဝါ ရည်းစားထားတတ်ကြောင်း၊ ကျွန်မကတော့ စာမေးပွဲလည်း အပူအပင်မရှိရ၊ ရည်းစားကိစ္စလည်း မပူပင်ရသူ၊ မဝါကိုသာ ကျွန်မက ဖျက်ဆီးခဲ့သည်…တဲ့။

ကျွန်မ ထိုစကားကြောင့် စိတ်ထိခိုက်ခဲ့ရသည်။

ဤအသက်အရွယ် ရောက်မှတော့ မည်သူမဆို ဘာလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဘာမလုပ်သင့်ဟု နားလည်ပြီးဖြစ်ရမည်။ မိမိစိတ်ကြိုက်လမ်းကို မည်သူ၏ဆန္ဒမျှ မလိုအပ်ဘဲ ရွေးချယ်ပိုင်ခွင့်ရှိသည်။ ဤစကားကိုသာ ကျွန်မ နောက်ဆုံးဆိုခဲ့၏။

ကျွန်မ၌ ဦးဆောင်လမ်းပြမည့်သူ မရှိ။ ကျွန်မကိုယ်တိုင်က မည်သူ၏ လွှမ်းမိုးမှုမှ မခံတတ်သူ ဖြစ်သည်။ သို့သော် ကျွန်မ သူငယ်ချင်းကတော့ ကျွန်မ၏ လွှမ်းမိုးမှုအောက်မှာ ဒုက္ခ အကြီးအကျယ် ရောက်ခဲ့ရသည်ဟုပင် ပြောစမှတ်တွင်ခဲ့၏။

ဘယ်သူတွေ ဘာပြောပြော သူနှင့်ကျွန်မသည် လမ်းခွဲချိန်အထိ ဆိုးတူကောင်းဖက် ညီအစ်မအရင်းလို ရင်းနှီးချစ်ခင်ကြဆဲသာ ဖြစ်လေသည်။

*

ကျွန်မ ကျောင်းပြီး၍ ဘွဲ့ရသောအခါ ကျွန်မ မြို့သို့ ပြန်လာရသည်။ ကျွန်မက အိမ်သံယောဇဉ်ကြီးလှသူမို့ ကျွန်မ ကျောင်းတက်ခဲ့ရာ မြို့သို့ တစ်ခေါက်မျှ ပြန်မရောက်ဖြစ်ချေ။ ထို့နောက်တော့ ကျွန်မသည် လခစား အလုပ်တစ်မျိုး၊ ကိုယ်ပိုင်အလုပ် တစ်မျိုးဖြင့် မပြေလည်လှသော မိသားစုစားဝတ်နေရေးကို လွှဲပြောင်းတာဝန်ယူခဲ့ရသည်။

ယခင်က လွတ်လပ်ပေါ့ပါးသော ကျွန်မပခုံးပေါ်သို့ မိသားစုလုပ်မှုပြဿနာတစ်ခုလုံး ဖြုန်းခနဲပ်ကျလာခဲ့သည်။ ရသမျှဝင်ငွေဖြင့် လောက်ငအောင် ကြိုးစားအသက်ရှင်နေရစဉ် ကျွန်မ ညီမလေး၏ ကောလိပ်ကျောင်းစရိတ် တာဝန်တစ်ခု ပိုလာပြန်သည်။ အလိုက်သိတတ်လှသော ညီမလေးက မည်မျှချွေတာစေနှဲသည်ဖြစ်စေ အနည်းဆုံး တစ်လ ငွေသုံးရာကျပ်မှာ ပုံမှန်ပို့ရသောငွေ





ဖြစ်၏။ ရှိခဲ့ဖူးသော ရည်းစားကို စိတ်ကူးယဉ်လွမ်းမောချိန် မရအောင် မိခင် ဖခင်အိုနှင့် အိမ်ထောင်စုတာဝန်ကြားတွင် ပူပင်သောက ရောက်ခဲ့ရသည်။

"အခုတော့လဲ ဘာဝသရုပ်ဖော်ဝတ္ထုတွေထဲကလိုပါပဲလား" ဟု ညီအစ်မအချင်းချင်း ရယ်ပွဲဖွဲ့ရင်း အားတင်းခဲ့ရ၏။

ထို့နောက် ကျွန်မ ဘယ်တော့မျှပြန်မပြောချင်လောက်အောင် ထိတ်လန့်ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်ဆိုးတစ်ခု ကျွန်မတို့မိသားစုအပေါ် ကျရောက်ခဲ့သည်။

ကျွန်မ ချစ်လှစွာသော အမေ အဆုတ်ကင်ဆာရောဂါစွဲကပ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အမေ့ဝေဒနာကို သနားလှပြီး ယူကျုံးမရဖြစ်ခဲ့ချိန်တွင် ညီမကို ပို့ရသည့် တစ်လ သုံးရာကျပ်အပြင် အမေ၏ ဆေးဖိုးဝါးခ မာတ်စာဖိုး စသည်ဖြင့် ကျွန်မ မရှုနိုင် မကယ်နိုင် ဖြစ်ခဲ့ရသည်။

သည်အတောအတွင်း ကျွန်မသူငယ်ချင်း၏ သတင်းကို သိုးသိုး သန့်သန့် ကြားရသည်မှာ သူ့အမျိုးသားနှင့် လက်ထပ်သွားကြောင်း၊ စာမေးပွဲ သုံးခါကျ၍ ကျောင်းမှ ထွက်လိုက်ရကြောင်း၊ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်မှုသည် အမေခံစားရသော ဝေဒနာအပေါ် ကြင်နာသနားမှုနှင့် ယှဉ်လိုက်သော် အသေးအဖွဲသာ ဖြစ်ခဲ့၏။

ကျွန်မ၏မြို့မှာ အားကိုးတိုင်ပင်ရမည့်သူ မရှိသောအခါ လိပ်စာလည်း သိသော၊ မြို့ချင်း နည်းနည်းနီးသော၊ ဟန်ကျပန်ကျ ထည်ဝါနေပြီဖြစ်သော သူငယ်ချင်း ဝင်းမြင့်ထွန်းဆီသို့ စာ တစ်ကြောင်း နှစ်ကြောင်း ကောက်ရေး၍ ကျွန်မ၏အပူကို မညှာတာ



www.burmeseclassic.com

www.burmeseclassic.com



ပင် မှာပေးခဲ့မိသည်။ ကျွန်မစာ ရလျှင်ရချင်း ဝင်းမြင့်ထွန်း ရောက်လာခဲ့လေသည်။

ဘာမှအားမငယ်ဖို့အကြောင်း၊ ငွေအင်အား လူအင်အား တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်း ကျွန်မကို နှစ်သိမ့်ခဲ့သည်။ ထို့နောက် မေမေ့အတွက် သုံးစွဲရန် ပါလာသော ငွေငါးရာကျပ် ပေးခဲ့၏။ လိုရင် ထပ်မှာ ဆိုသော်လည်း မေမေ သေဆုံးချိန်ထိ မမှာမိအောင် ကြိုးစားခဲ့လေသည်။

မေမေ့ဒုက္ခဝေဒနာအတွက် တရိရိပူဆွေးသောက ရောက်ပြီးနောက် နောက်ထပ် ပူပင်စရာ မကျန်တော့လောက်အောင် အင်အား ကုန်ခန်းသွားတော့သည်။

မေမေ့အတွက် ပူဆွေးဝမ်းနည်းမှုသည် သေဆုံးကွယ်လွန်ပြီးနောက် အနည်ထိုင်စ ပြုလာစဉ်မှာပင် ကျွန်မအတွက် နောက်တစ်ကြိမ် ထိတ်လန့်ဖွယ်ရာတစ်ခု ကြုံရပြန်သည်။

အသက် ၇၂ နှစ်ရှိပြီဖြစ်သော ကျွန်မ၏ ချစ်လှစွာသော ဖခင်ကို ပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆို ဖမ်းဆီးလိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်မ၏ ဖခင်မှာ မြို့နယ်စည်ပင်သာယာရေးရုံး ဆောက်လုပ်ရန် သံချောင်းများကို ကန်ထရိုက်စနစ်ဖြင့် ပေးသွင်းခဲ့သူဖြစ်၏။ ကံမကောင်း အကြောင်းမလှစွာ ဖေဖေယုံကြည်လှသော အလွဲသုံးစားလုပ်သူ တစ်ဦးနှစ်ဦးကြောင့် အစိုးရငွေများ ဆုံးရှုံးရပြီး သံချောင်းများလည်း မပေးသွင်းနိုင်ဘဲ ရှိနေခဲ့ရာက တာဝန်ခံ လက်မှတ်ထိုးသူ ဖေဖေ့အပေါ် အပြစ်ပုံကျခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်ကလည်း ထုံးစံအတိုင်း ကျွန်မလက်ထဲ၌ ငွေတစ်ရာပင် ပြည့်အောင်မရှိချေ။ သံချောင်းပေးသွင်းရန် အစိုးရထံမှ ထုတ်





ယူထားသော ငွေက တစ်သောင်းကျော်...ဟူ၏။ မြတ်စွာဘုရားကို တ,လျက် ကျွန်မ၏ အနီးဆုံးသူငယ်ချင်းဖြစ်သူ ဝင်းမြင့်ထွန်းထံ အကူအညီတောင်းရပြန်လေသည်။

ဖခင်အိုကို အချုပ်ခန်းမှာ ကျွန်မ ဘယ့်နှယ်လုပ်ပြီး မြင်ရက်ပါ့မလဲ။ ထို့ကြောင့်လည်း ယခင် ငွေငါးရာကို အသာမေ့ထားပြီး နောက်ထပ် မျက်နှာအောက်ချကာ ငွေချေးရခြင်းဖြစ်သည်။ ငွေလေးထောင် ချက်ချင်းသွင်းမှ အာမခံရမည်ဟု ဆိုသော်လည်း မကျန်းမာကြောင်း ဆေးခွင့်စာနှင့် ဝင်းမြင့်ထွန်းထံမှ ငွေ တစ်ထောင်ကို ရောလျက် တင်လိုက်သောအခါ ကျွန်မအဖေသည် အချုပ်ခန်းမှ အာမခံဖြင့် လွတ်လာခဲ့သည်။

ကျွန်မမှာ အဖေ့အတွက် မျက်ရည်မကျမိအောင် အနိုင်နိုင် ထိန်းခဲ့ရသည်။

တစ်ဦးတည်းကျန်ရစ်သော ဖခင်ကို စိတ်ပျော်အောင် ဘယ်လို ထားရမလဲ မသိပေ။

ကျွန်မမှာ ညီအစ်မ များသဖြင့် မေမေ့အတွက် ပူဆွေးသောက ရောက်လျှင် ဟိုစကားပြော သည်စကားပြော၊ ဟိုဝတ္ထုဖတ် သည်ဝတ္ထုဖတ်ဖြင့် လိုးလွဲမေ့ပျောက်ယူ၍ ရလေသည်။ သို့သော် စကားပြောဖော် မရှိသော ကျွန်မ၏ ဖခင်သည် မိခင်အား လွမ်းဆွတ်သတိရမှုကို မည်ကဲ့သို့ ဖြေဖျောက်မည်နည်း။ တစ်နေ့ တစ်နေ့ ဖေဖေ့ကိုသာ အရိပ်တကြည့်ကြည့် ဂရုစိုက်နေခဲ့မိတော့သည်။

အိမ်လခ၊ မိသားစုစားဝတ်နေရေး၊ ညီမ ကျောင်းလခအပြင် တစ်ခုပိုလာသည်မှာ ဖေဖေပေးသွင်းရန် ကျန်သည့် သံချောင်းဖိုး



www.burmeseclassic.com

www.burmeseclassic.com



ငွေ တစ်သောင်းကို နှစ်လတစ်ကြိမ် ငွေငါးရာ အရစ်ကျပေးသွင်းနေရခြင်းပင်တည်း။

မိခင်တစ်ယောက်လုံး ဆုံးရှုံးပြီးသော သမီးတစ်ယောက်၏ ဘဝမှာ သည့်ထက်ပို၍ ဆိုးရွားစရာ ဘာများ ကျန်တော့မည်နည်း။ ဖြစ်လာသမျှ အကြောင်းရင်းကို ကျွန်မ အပြုံးမပျက် ခံနိုင်အောင် ကြိုးစားခဲ့ပါသည်။

အကြောင်းကြောင်းအရ ကျွန်မမေ့ထားခဲ့သော၊ မေ့နေပြီလည်း ဖြစ်သော သူငယ်ချင်းထံမှ မမျှော်လင့်သောအချိန်မှာ စာ တစ်စောင် ရောက်လာခဲ့လေသည်။

*'ဂျူးရေ...*
*ငါ့လက်ရေးကို နင်မှတ်မိရဲ့လား၊*
*ငါ့အကြောင်းတွေ နင်ကြားမှာပေါ့။*
*ငါလက်ထပ်လိုက်တာရယ်...*
*သမီးတစ်ယောက် ရတာရယ်။*
*ငါ့သမီးကို နင်မမြင်ဖူးသေးဘူးနော်။*
*ငါကတော့ နင့်ကို ခဏခဏ သတိရပါတယ်။*
*ငါ့မြို့ကိုလဲ ငါမရောက်ဖြစ်ဘူး'*

ကျောင်းပြီးသည့် လေးနှစ်လုံးလုံး ကျွန်မထံ သူ စာမရေးခဲ့ပါ။ သူက အိမ်ထောင်ကျသွားသူမို့ သူ့လိပ်စာကို ကျွန်မ မသိသော်လည်း ကျွန်မလိပ်စာကိုတော့ ကောလိပ်တုန်းက လိပ်စာ စာအုပ်ရှိ မှတ်တမ်းအရ သူ သိနေမှာပါ။ သို့သော် ကျွန်မတို့က တွေ့ရင်သေအောင်လွမ်းပြတတ်သူများ မဟုတ်ပေမယ့် ကွယ်ရင်တော့





မေ့နေတတ်ကြသူများ ဖြစ်သည်။ သူ့ထံမှ စာမလာခြင်း၊ ကျွန်မထံမှ စာမရေးခြင်းတို့သည် အံ့ဩစရာမဟုတ်။

သူ့ထံမှ စာလာသည်ကသာ အံ့ဩစရာဖြစ်သည်။

ထိုထက်ပို၍ အံ့ဩရသည်မှာ သူက ကျွန်မထံ ငွေချေးသော စာကြောင့် ဖြစ်၏။

"နင့်ကို အကူအညီတစ်ခု တောင်းချင်လို့ပါ၊ ဒီကွေးပေးတယ် ထင်ရင်လဲ မတတ်နိုင်ဘူးဟာ၊ ငါ့မှာလဲ နင်သိတဲ့အတိုင်း အားကိုးရမယ့် သူငယ်ချင်းဆိုလို့ နင်တစ်ယောက်တည်း ရှိတာ မဟုတ်လား။

"...ငါ့ကို ငွေခုနစ်ရာ့ငါးဆယ်လောက် ချေးစမ်းပါ၊ ငါအရေးတကြီး လိုနေလို့၊ နောက်သုံးလကြာရင် ငါပြန်ဆပ်မှာပါ၊ ငါ့ဆီကို ငွေပို့ပေးဖို့ လိပ်စာ ငါရေးပေးလိုက်တယ်၊ နင် ငါ့ဆီ အကျိုးအကြောင်းတော့ စာပြန်ရေးဦးနော်...ငါမျှော်နေမယ်"

သူ့ထံမှ စာရသောနေ့က ကျွန်မ အတော်ခေါင်းခဲသွားလေသည်။

သူ့မှာ အားကိုးရမည့် လင်ယောက်ျားလည်း ရှိပြီ၊ သူ့မိခင်အတွက် ငွေထောက်ပံ့နေသည့် အစ်ကို မောင်များလည်း ကံကောင်း ထောက်မစွာ ရှိသည်။ သူ ဘာအတွက် ငွေလိုသနည်း။

ဘာအတွက် ငွေလိုသည်ဖြစ်စေ ကျွန်မတတ်နိုင်သလောက် ကူညီရန်မှာ ကျွန်မတာဝန်သာ ဖြစ်သည်။

ခက်နေသည်မှာ ကျွန်မလက်ထဲ၌ ငွေခုနစ်ရာ့ငါးဆယ်ကျပ် မဆိုထားနှင့်၊ ခုနစ်ဆယ့်ငါးကျပ်ပင် ပြည့်အောင်မရှိခြင်းပင်ဖြစ်၏။ ကျွန်မ ဘာလုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြင့်ထွန်းကို ဖျတ်ခနဲ အမှတ်ရလိုက်ပြန်၏။ သို့သော် ဘာမဆိုင် ညာမဆိုင် ဝင်းမြင့်ထွန်းကိုချည်း အပူကပ်နေ၍ ဖြစ်ပါ့မလား။ သူ့မှာလည်း မိခင် ဖခင်တာဝန်အပြင် သားကျွေးမှု၊ မယားကျွေးမှုက ရှိသေးသည်။

ခလုတ်ထိတိုင်း တ,မှန်း သိလျှင် ဝင်းမြင့်ထွန်းတစ်ယောက် ဘယ်လောက်များ ရင်ဖိုထိတ်လန့်လိုက်လေမလဲ။ ရယ်မောစရာ တွေးရင်း ခေါင်းခါဖယ်ထုတ်ပစ်ခဲ့ရသည်။

ကျွန်မ ဘယ်က ပိုက်ဆံ ခုနစ်ရာ့ငါးဆယ်ကျပ် ရနိုင်ပါ့မလဲ။ တစ်ညလုံး ခေါင်းရှုပ်ခံစဉ်းစားသော်လည်း အဖြေမပေါ်ခဲ့ပါ။ ပေါင်နှံစရာ ရှာဆို၍လည်း မှုံလို့ပင် ရှုစရာမရှိချေ။ အများတကာ မိန်းကလေးများလို နားကပ်တစ်ခုပင် ကျွန်မနားတွင် မရှိသောအခါ၊ ရိုးမားနာရီအိုကလေးတစ်ခုပင်လျှင် ကျောင်းတက်သွားသောညီမကို ပေးထားခဲ့ရသောအခါ ကျွန်မ ဘာများတတ်နိုင်ပါမည်နည်း။

ဘုရားရေ...မဝါတစ်ယောက် ဘယ်လိုလောကအမြင်မျိုးဖြင့် ကျွန်မဆီမှ ငွေခုနစ်ရာ့ငါးဆယ်ကျပ် လျှောခနဲ ရလိမ့်မည်ဟု မျှော်လင့်နိုင်ရသနည်း။

တစ်ရက်နှစ်ရက်မျှ စဉ်းစားတွေးတော၍ ငွေရပေါက်ရလမ်း လုံးဝမရှိသောအခါ မဝါထံသို့ စာပြန်လိုက်ရလေသည်။ ကျွန်မထံမှာ ငွေခုနစ်ရာ့ငါးဆယ်ကျပ် မရှိကြောင်းပင် ဖြစ်ပါသည်။

သူ့အမျိုးသားဘက်ကလည်း ငွေကြေးသိပ်ချို့တဲ့သူများ မဟုတ်ကြောင်း ကျွန်မကို သူ ပြောပြဖူးလေတော့ သိပ်လည်း ပူပင်ခြင်း မရှိချေ။





သူ့ထံမှ စာပြန်လာလိမ့်မည်ဟုလည်း မထင်တော့ဘဲ ကျွန်မ စီးပွားရေးပြဿနာများအကြားမှာ တဝဲလည်လည် ရုန်းကန်ရင်း မေ့လောက်သောအချိန်ကျမှ စာတစ်စောင်ကို ရပြန်၏။

ထိုစာသည် လူနေမှုဝဲဂယက်အတွင်း ကြိုးစားအားတင်း၍ မတ်မတ် ရပ်နေသောကျွန်မကို တစ်ချက်တည်းနှင့် အလဲထိုးပစ်သည့် စာတစ်စောင်ပင် ဖြစ်လေသည်။

*'ဂျူး...*
*နှင့်ဆီက စာ ငါရပါတယ်။*
*ဘယ်လိုလောကအမြင်နဲ့မှ နှင့်ဆီပိုက်ဆံချေးတာ မဟုတ်ပါဘူး။ ငါနဲ့ သူနဲ့ (သူ ဆိုသည်မှာ သူ့အမျိုးသားကို နာမ်စားသုံးခြင်းဖြစ်ပါသည်။) အလောင်းအစား လုပ်ကြတာ။ ငါက ပြောတယ်လေ...ငါ့မှာ မိတ်ဆွေစစ်ဆိုလို့ ဂျူးတစ်ယောက်ပဲ ရှိတယ်လို့ ပြောတော့ သူက မင်းမှာမိတ်ဆွေစစ် မရှိပါဘူးတဲ့၊ ဂျူးက မင်းမိတ်ဆွေစစ် မဟုတ်ပါဘူးတဲ့။ ဒါနဲ့ပဲ ငါနဲ့လောင်းကြတာပေါ့။*
*ငါ့ကို ငွေခုနစ်ရာ့ငါးဆယ်ကျပ် ချေးဖို့ နှင့်ဆီ စာရေးမယ်ဆိုတော့ သူက အဲလိုနည်းနဲ့ ဘယ်ရမလဲလို့တောင် ပြောပါတယ်။ ငွေကြေးအခက်အခဲရှိနေရင် ဘယ့်နှယ် လုပ်မလဲတဲ့။*
*ဒါနဲ့ ငါက ပြန်ပြောလိုက်တယ်...ယုံကြည်စွာနဲ့လေ။ စိတ်ချ ဂျူးက သူ့မှာမရှိရင် ရှာကြံပြီး ပေးလိမ့်မယ်၊ ကျောင်းသူဘဝတုန်းကတောင် ဝင်းမြင့်ထွန်း ငွေပို*



www.burmeseclassic.com

www.burmeseclassic.com



*တော့ အိမ်ပြန်ပြီး ငွေတောင်းပေးခဲ့သေးတာ၊ ကျွန်မ*
*အတွက် မဖြစ်ဖြစ်အောင် ရှာပေးပါလိမ့်မယ် ကြည့်*
*နေ…လို့ ငါပြောလိုက်တာ။*
*ခုတော့ ငါရှုံးသွားပြီပေါ့ဟာ။*
*ငါနိုင်ရင် တစ်သက်လုံး သူ့အရက်မသောက်တော့ဘူး*
*တဲ့။ သူနိုင်ရင် ငါက သူ့ကို ဘီယာအဝတိုက်ရမယ်*
*တဲ့။ ခု ငါသူ့ကို ဘီယာတိုက်ရတော့မှာပေါ့။*
*ငါ့မှာ ငွေမလိုပါဘူး။*
*နင်…ငါ့ရဲ့ မိတ်ဆွေစစ် မဟုတ်ဘူးလို့ပြောတဲ့ သူ့*
*စကား နိုင်သွားတာကိုပဲ ငါအခံရခက်ဆုံးပါပဲ။*
*သီတင်းကျွတ်မှာ ငါတို့ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားဘက်ကို*
*ဘုရားဖူး သွားမလို့။*
*အဲဒီကျရင် နင့်ဆီကို ငါဝင်ခဲ့ပါဦးမယ်။*
*ဒါပါပဲဟာ။*

ဘယ်လောက်များ အခံရဆိုးရွားသည့် ဝေဒနာပါလိမ့်။

အကယ်၍ ကျွန်မတွင် ထိုရက်က ငွေခုနစ်ရာ့ငါးဆယ်ကျပ်သာ ရှိခဲ့လျှင် ကျွန်မသည် တစ်စုံတစ်ယောက်၏ မိတ်ဆွေစစ် အဖြစ် ယုံကြည်ကိုးစားခံရတော့မည်ဖြစ်သည်။ ကျွန်မမှာ ငွေမရှိ၍သာ မိတ်ဆွေစစ်ဘဝနှင့် လွဲခဲ့ရလေသည်။ ငွေခုနစ်ရာ့ငါးဆယ်ကျပ်ပင် မရှိရကောင်းလားဟု တွေးမိတိုင်း ကျွန်မကိုယ် ကျွန်မ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လေ၏။

သူ့ထံမှ ထိုစာရသည့်နေ့က ရင်ထဲမှာ ဝမ်းနည်းမှုလား၊ အခံရခက်မှုလား၊ ဒေါသလား၊ အားငယ်မှုလား မသိ၊ ပူလောင်နာကျင်





နေခဲ့သည်။ တစ်နေ့လုံးလုံး လုပ်သမျှအလုပ် အလွဲလွဲအချော်ချော် ဖြစ်အောင် ကျွန်မအား အလဲထိုးအနိုင်ယူသွားသော စာတစ်စောင်ပင် ဖြစ်ပါသည်။

ကျွန်မ၏ ပူပင်သောကများအကြားတွင် နောက်ထပ် စိတ်ညစ်ညူးဖွယ်ရာတစ်ခု ထပ်တိုးအောင် သူမို့ စမ်းသပ်လှောင်ပြောင်ရက်လေခြင်းဟု ဝမ်းနည်းရှက်ကြောက်မိသည်မှတစ်ပါး သူ့အပေါ် စိတ်ခုနိုင်စွမ်းလည်း မရှိပါ။

ယခုမှပင် အဖြစ်အပျက်မှန်ကို ရှက်ရွံ့ဝမ်းနည်းစွာ လက်ခံလိုက်ရတော့၏။

ကျွန်မအတွက်တော့ တစ်စုံတစ်ယောက်ကို မိတ်ဆွေစစ် မစစ်စမ်းသပ်ကြည့်ဖို့အထိ ကောင်းမွန်လှသောစိတ်ကူးလည်း မရခဲ့၊ အချိန်လည်း မရခဲ့ချေ။

သို့သော် လက်တွေ့စမ်းသပ်ခံရင်း ရှုံးသွားခဲ့ပြီးသော ကျွန်မအဖို့ တစ်စုံတစ်ယောက်ကို စမ်းသပ်ကြည့်ဖို့လည်း ဘယ်တော့မျှ စိတ်ဝင်စားတော့မည် မဟုတ်ချေ။

[၁၉၈၈ ခု၊ ဖေဖော်ဝါရီလ
ရေနံချောင်းကောလိပ် နှစ်လည်မဂ္ဂဇင်း (၁၉၈၆–၈၇)]

○



www.burmeseclassic.com

www.burmeseclassic.com

# အငယ်

ထိုအချိန်မှစ၍ ကျွန်မ၏ စိတ်အာရုံထဲတွင် မကြာခဏ မြင်ယောင်လာတတ်သော မြွေတစ်ကောင်အကြောင်းကို တစ်စုံတစ်ယောက်အား အလွန်အမင်းပြောပြလိုခဲ့သည်။

သို့သော် ထိုအကြောင်းနှင့်ပတ်သက်၍ မည်သူ့ကိုမျှ မပြောပြခဲ့ပါ။ အစစအရာရာ ပွင့်လင်းမှုနည်းပါးသော ကျွန်မသည် ဤတစ်ကြိမ်တွင်လည်း အဖြစ်မှန်အတိုင်း၊ သို့မဟုတ် စိတ်ထဲက ထင်မြင်ချက်အတိုင်း ပြောပြဖြစ်လိမ့်မည်မဟုတ်ဟု ယခုတိုင် ယုံကြည်နေသောကြောင့် ဖြစ်သည်။

ယခုအချိန်ကျမှတော့ အစစအရာရာသည် လျှင်မြန်စွာ ပြီးဆုံးသွားလေပြီ။ ဤကိစ္စတစ်ခုလုံး ကျွန်မဘယ်လိုမှ မတတ်နိုင်ဘဲ ဖြစ်ပျက်သွားကြောင်းသာ မြတ်စွာဘုရားထံ ကျွန်မ တိုင်တည်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

ထိုညက အမေ့ကို အိပ်မက် မက်ခဲ့သည်။

ကျွန်မ မှတ်မိသမျှဆိုလျှင် အမေ့ကို အိပ်မက် မမက်ဖြစ်သည်မှာ ကြာပြီ။ ကျွန်မတို့ အတန်းတင်စာမေးပွဲမှာ တစ်လခန့်သာ လိုတော့သည်ဖြစ်သော်လည်း ကျွန်မမှာ ဘာသာရပ်တိုင်း၏ မှတ်စုများ ပြည့်စုံအောင်မရှိပါ။ ကျွန်မသည် သူများမှတ်စုများ ငှားခြင်း၊ ခပ်မြန်မြန်ကူးခြင်း၊ စာကျက်ခြင်း စသည့်အလုပ်များဖြင့် ရှုပ်ယှက်ခတ်နေခဲ့သည်။ ပြန်တွေးကြည့်မိတော့ ထိုနေ့ နေ့လယ်က ကျွန်မနှင့် ကျောင်းချင်းကပ်လျက်အခန်းနေ သူငယ်ချင်းဆီသို့ သူ့မိခင်လာခဲ့သည်။ ထိုအခါ ကျွန်မသည် လွမ်းဆွတ်သတိရစိတ်ဖြင့် အမေ့ကို တ,မိခဲ့ပါလိမ့်မည်။ မနှစ်တုန်းကတော့ ကျွန်မ ကြိုက်တတ်သည့် အကြော်အလှော်များ၊ လက်ဖက်၊ ပဲကြော်များကို ပုလင်းစုံဖြင့် ထည့်ယူလျက် ကျွန်မအဆောင်သို့ အမေရောက်လာခဲ့သည်။ အဲသည်တုန်းက အမေရောက်လာသည်မှာ နေ့လယ်နှစ်နာရီလောက် ဖြစ်သည်။

"သမီး အိပ်ပျော်နေလား"ဟု အခန်းပြင်မှ ခပ်ကျယ်ကျယ်အော်မေးလိုက်သည့် အမေ့အသံသည် ကျွန်မအတွက် အဆုံးစွန်သော ပျော်ရွှင်အားတက်ခြင်းများကို တစ်ပါတည်း သယ်ဆောင်လာခဲ့၏။ ကျွန်မသည် "အမေ" ဟု ရွှင်မြူးတက်ကြွစွာ ထူးခဲ့တာကို ယခုထိ မှတ်မိသည်။

ထိုညက အိပ်မက်ထဲမှာတော့ အမေ ရောက်လာခဲ့သည်မှာ ညကြီးမင်းကြီးဖြစ်နေလေသည်။

အိပ်မက်ထဲမှာ ကျွန်မက စာအုပ်ကို ရင်ဘတ်ပေါ်တင်လျက်





အိပ်ပျော်နေခဲ့သည်တဲ့။ "သမီး အိပ်ပျော်နေလား" ဟု အမေ့အသံခပ်တိုးတိုးကို ကျွန်မကြားခဲ့သည်။ သမီးကို ချစ်ခင်သော အရိပ်အယောင်သည် အမေ့အသံထဲတွင် ပေါ်လွင်နေပြီးဖြစ်သည်။ မှောင်မည်းသော ညအချိန်တွင် အမေလာရောက်ခြင်းမှာ အိပ်မက်သာဖြစ်မှန်း ကျွန်မသိဖို့ကောင်းပါလျက် မသိခဲ့ပါ။

ကျွန်မသည် ဖြုန်းဆို အိပ်ရာမှထ၍ အခန်းပြင်ဘက်ဆီ လှမ်းကြည့်မိသည်တဲ့။ ထိုအခါ လူမရှိသည့် ဟိုဘက်ခုတင်ဘေး ဖွင့်ထားသော ပြတင်းဝမှာ အမေ့မျက်နှာကို မြင်ရသည်။ ဆံယဉ်စကပိုကရို ဝဲလွင့်လျက် သနပ်ခါးရေကျဲ မညီမညာလိမ်းကျံထားသော အမေ့မျက်နှာသည်သမီးအတွက် အားပေးပြုံးဖြင့် ချိုမြလျက်ရှိခဲ့သည်။

ကျွန်မသည် စိတ်လွတ်လက်လွတ်ပျော်ရွှင်လျက် အခန်းတံခါးဆီ ပြေးသွားလိုက်သည်။ တံခါးဖွင့်လိုက်သောအခါ ကျွန်မ အံ့သြတုန်လှုပ်သွား၏။

"အမေ..."

မှောင်မည်းလျက်ရှိသော စင်္ကြံတွင် အမေမရှိ။

ဘယ်သူမျှ မရှိ၊ ဘာမျှမရှိ။

အေးစိမ့်သော ဆောင်းလေက စူးစူးရှရှတိုက်ခတ်လိုက်သောအခါ ကျွန်မ စိမ့်ခနဲ ကြက်သီးထသွားသည်။

"အမေ..."

ကျွန်မ ငိုချင်ပြင်းပြစွာ အော်ခေါ်လိုက်သော်လည်း အမေ၏ အသံကိုပင် မကြားရတော့ပါ။

ဘုရားရေ...၊ စောစောက အမေပြတင်းဝမှာ လာရပ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဘယ်ရောက်သွားပါလိမ့်။ အင်းလေ...အိပ်ချင်မူးတူးနဲ့မို့ မြင်မိ မြင်ရာ မြင်တာနေမှာပါ၊ ညကြီးမင်းကြီး အမေဘယ်တုန်းကမှ အဆောင်မလာဖူးပါဘူး။ ကျွန်မတံခါးကို ဆွဲစေ့ရုံစေ့ပြီး ပြန်လှည့်လိုက်သည်။

ထိုအချိန်ကျမှ ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပါတော့သည်။ အမေသည် အခန်းထဲ ရောက်နေခဲ့ပြီ၊ ကျွန်မခုတင်ခေါင်းရင်းက စားပွဲနားတွင် မတ်တတ်ရပ်နေခဲ့ပြီ။ ကျွန်မနားမလည်နိုင်စွာ အံ့သြငေးမောနေခဲ့သည်တဲ့။

"အမေ...ဘယ်...ဘယ်လို ဒီအထဲ ဝင်လာတာလဲ"

ထိုအခါ အမေက သရော်တော်တော် နောက်တီးနောက်တောက် အပြုံးကလေးဖြင့် ပြတင်းပေါက်ကို မေးထိုးပြ၏။

"ညည်းက ဒီတံခါးဖွင့်ထားတာကိုးအေ့၊ ငါ အဲဒီကနေ ဝင်လာတာပေါ့"တဲ့။

ထသွား ထလာဝတ်သည့် တစ်စုံတည်းသော ဝတ်စုံကို အမေ့ထုံးစံအတိုင်း ဝတ်ထားသည်။ အိန္ဒိယအဝါနုရောင် လက်စကအင်္ကျီပွပွနှင့် အနက်ခံပေါ်တွင် ငွေရောင်ကနုတ်ပန်းပွင့်များ ဖော်ထားသည့် ပါတိတ်ထဘီဖြစ်လေသည်။

"ညည်းက စာကျက်ပျင်းတတ်လွန်းတော့ အမေ စိတ်မချတာနဲ့ လာခဲ့တာ"

ထို့နောက် ကျွန်မအိပ်ရာမှ လန့်နိုးလာခဲ့သည်။

ကျွန်မအခန်းသည် မှောင်မည်းတိတ်ဆိတ်လျက်ရှိ၏။ ကျွန်မခြင်ထောင်မချဘဲ အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ထဲကလိုပင် ဟိုဘက် ခုတင်လွတ်ဘေးက ပြတင်းပေါက်မှာ ပွင့်လျက်။ အေးစိမ့်သော လေက ထိုပြတင်းမှ တိုက်ခတ်လျက်...။





ထိုခဏမှာပင် အမေငါ့ဆီ ဘယ်တော့မှလာနိုင်တော့မှာမဟုတ်ပါဘူးဟု ဝမ်းနည်းအားငယ်စွာ သတိရသွား၏။

ကျွန်မ၏အမေသည် ကျွန်မကို စိတ်မချသော်လည်း နေ့ဘက်ခံတင်းစွာဖြင့် ထားရစ်ခဲ့သည်မှာ တစ်နှစ်နီးပါးရှိပေပြီ။ အမေ သေပြီဟု တွေးလိုက်တိုင်း ကျွန်မ၏ရင်ညွန့်ဆီသို့ ခပ်တုံးတုံးအရာတစ်ခုနှင့် ဖိထိုးခံရသလို ရှူးရှူးဝါးဝါးနာကျင်သွားဆဲဖြစ်သည်။ ငြိမ်သက်နေသော အမေ့အလောင်းကို ငေးကြည့်လျက် အမေ တကယ်သေသွားတာမှ ဟုတ်ရဲ့လား၊ မေ့မျောနေတာများလားဟု တွေးခဲ့သည့်အချိန်များကို ယခုပြန်စဉ်းစားလျှင် ယခုမသေမချာဖြစ်ဆဲ။ အမေ့အသုဘ မြေချသည့်အချိန်ထိ အမေ့ကို မြေမြှုပ်ရှသွင်းလိုက်ဖို့ ဝန်လေးကြောက်ရွံ့နေခဲ့သည်။

"အမေ တကယ်သေတာပါဟာ၊ ငါ ညသန်းခေါင် အမေ့အလောင်းစင်ဘေး သွားပြီး အမေ့ကို ကိုင်ကြည့်ခဲ့ပါသေးတယ်၊ အမေ သေနေတာပါ"ဟု အစ်ကိုက ကျွန်မကို နှစ်သိမ့်သောအခါ မျက်ရည်ဝဲလျက် ပင့်သက်ချခဲ့ရသော်လည်း အမေမေ့မျောနေတုန်း ခေါင်းသွင်းပြီး မြေဖို့ပစ်လိုက်မှာကို မလိုအပ်ဘဲ အစိုးရိမ်ဗိုလျက် ယခုထိ သံသယဝင်ဆဲဖြစ်သည်။ ကျွန်မကိုယ်တိုင် မြေအောက်တွင် အသက်ရှူကျပ် မွန်းပိတ်လာသလို ခံစားရရင်း တစ်ရေးနိုးခဲ့ရပေါင်းလည်း များလှပေပြီ။

အုတ်ဂူသွင်းရင် တော်တော်နဲ့ မကျွတ်ဘူးဟု အယူသည်းသော ဆွေမျိုးများက ပြောဖူးသည်။ 'တော်တော်နဲ့'ဆိုသော ကာလအပိုင်းအခြားမှာ မည်မျှရှိပါသနည်း။ တစ်လလား၊ တစ်နှစ်လား၊



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်လား၊ ကျွန်မစိတ်ထဲတွင် အမေတခြားဘဝသို့ ကူးပြီးပြီဟု သာ ဖြေသိမ့်တွေးခဲ့ရသည်။

ထိုညက မီးခလုတ်ကို ဖွင့်ဖို့ သတိမရဘဲ မှောင်မည်းသော အခန်းထဲတွင် ခုတင်ပေါ်မှာ ငြိမ်သက်စွာလဲလျောင်းရင်းက အိပ်မက်ထဲမှာ အမေဝင်လာခဲ့သည်ဆိုသော ပြတင်းပေါက်ကို သတိလက်လွတ် ငေးမောနေခဲ့မိသည်။

ထိုအချိန်မှာပင် အံ့ဩစရာအဖြစ်အပျက်များ စခဲ့ခြင်းဖြစ်လေသည်။

(၂)

ကျွန်မ၏ မျက်စိသည် ကျွန်မကို မကြာခဏလှည့်စားတတ်သဖြင့် ယခုလည်း တစ်စုံတစ်ရာကို ကျွန်မမြင်နေရသည်မှာ တကယ်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိသည်။ သို့သော် ကျွန်မ မျက်စိအောက်တွင် တစ်စုံတစ်ခု ရွေ့လျားနေသည်မှာ အမှန်တကယ်ဖြစ်ခဲ့သည်။ ထိုအရာသည် ခုတင်အောက်ခြေမှာရှိသည်။ ခုတင်အောက်မှ စက္ကူစုတ်များကို ၎င်းနှင့်အတူ ဖြည်းညင်းစွာ ရွေ့လျားစေလျက် တီးတိုးသံတစ်မျိုးကို ဖြစ်ပေါ်စေလျက်ရှိသည်။ တိတ်ဆိတ်သောညတွင် ကြားနေကျအသံမျိုး မဟုတ်ပါ။ ထူးဆန်းသောအသံသည် ကြိုးတစ်ချောင်းကို တရွတ်ဆွဲလာသောအခါ ကြားရသည့် အသံမျိုးဖြစ်သည်။

အံ့ဩထိတ်လန့်စွာ ကြည့်နေရင်းမှာပင် နက်မှောင်သော ထိုအရာဆီမှ အလင်းရောင်အစက်အပြောက်ကလေးများကို လက်ခနဲ မြင်ရသည်။ ထို့နောက် အမှောင်ထဲ၌ ပြောင်လက်စွာ၊ ရှည်လျားစွာ ရွေ့လျားနေသော...





ဘုရားရေ...၊ မြွေတစ်ကောင်ပါလား။

အလင်းရောင် အစက်ကလေးများ လက်နေခြင်းမှာ ၎င်း၏ အကြေးခွံများကြောင့်ပင် ဖြစ်ရမည်။ မြွေသည် ကျွန်မခုတင်ဆီသို့ လျှောခနဲ တွားလာသည်။

အမယ်လေး...။ ယခုမှ ကျွန်မ ဝုန်းခနဲထထိုင်မိတော့၏။ မတ်ဆောက်သော အမြင့်မှ ပြုတ်ကျသွားသလို အသည်းအေးစက်ကာ နှလုံးခုန်သံ တဒိတ်ဒိတ်မြန်ဆန်လာလေသည်။ ကြောက်လန့်လွန်းသဖြင့် နှလုံးအိမ်သည် မြောက်ခနဲခုန်ကာ လည်ပင်းဆီ၌ ဆို့တက်ကျပ်ခဲလာသည်။ အော်လိုက်မိတော့မလိုရှိနေစဉ်မှာပင် မြွေသည် ကျွန်မခုတင်ခြေရင်းဆီသို့ ဝင်ရောက်လာ၏။ မြတ်စွာဘုရား... ကျွန်မမှာ ခုတင်အောက်သို့လည်း မဆင်းရဲ၊ ခုတင်ပေါ်မှာ ထိုင်နေရတာလည်း စိတ်မသိုးမသန့်ဖြစ်လာ၏။ မြွေ၏ကိုယ်လုံးမှာ ရှည်လုံးခန့်သာ ရှိပါလိမ့်မည်။ သို့သော် အလျားနှစ်ပေခွဲလောက်ရှည်နိုင်သည်။ ထိတ်လန့်ကြောက်ရွံ့သောအချိန်တွင် ဘာကိုမျှ တိတိကျကျမသိပါ။

အရေးအကြီးဆုံးမှာ ခုတင်ပေါ်သို့ မြွေတက်မလာဖို့ပင် ဖြစ်၏။ မီးဖွင့်ရမည်။

အားတင်း၍ငုံ့ကြည့်လိုက်သောအချိန်တွင် ခုတင်အောက်သို့ မြွေအမြီးပါ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ ကျွန်မ မလှုပ်ယှက် ငေးမောနေမိဆဲ ဖြစ်သည်။ ရုတ်တရက် ကျွန်မ ကြောက်သွားတာလား၊ အံ့ဩသွားတာလား ခွဲခြားနေမိသေးသည်။ နှစ်မျိုးလုံး ခံစားရတာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေတွေဟာ ခုတင်တိုင်မှတစ်ဆင့် ခုတင်ပေါ်သို့ တက်လာနိုင်ပါသလား။

ကြောက်မက်ဖွယ်ရာအတွေးကို ခေါင်းခါယမ်းဖယ်ထုတ်ပစ်လိုက်ပြီး အိပ်ရာဘေးနံရံမှာ တွဲလွဲချထားသော မီးခလုတ်ကို နှိပ်ဖွင့်လိုက်သည်။

ရုတ်တရက်လင်းထိန်သွားသော ဖန်ချောင်းမီးရောင်ကြောင့် ကျွန်မလည်ပင်းဆီမှာ ဆို့တက်နေသောအရာသည် နည်းနည်းပြန်ကျသွားသလို စိတ်သက်သာသွားခဲ့သည်။ သို့သော် အလင်းရောင်ကြောင့် စိတ်သက်သာမှုမှာ တာရှည်မခံပါ။

အကယ်၍ ခုတင်ပေါ်ထိ မြွေတက်လာနိုင်ခဲ့လျှင် ...

ကျွန်မသည် ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း လက်များခြေများ အေးစက်လျက် ကျောထဲက စိမ့်လာပြန်သည်။ ဘယ်ခုတင်တိုင်စွန်းဆီမှာများ မြွေဦးခေါင်းကို လှစ်ခနဲမြင်လိုက်ရလေမလဲ။ နေစမ်းပါဦး၊ ကျွန်မငယ်ငယ်တုန်းက မှတ်မိခဲ့သောအဖြစ်အပျက်တစ်ခု ရှိသည်။

ကျွန်မတို့အုတ်ရေကန်အဟောင်းထဲတွင် မြွေအရှင်တစ်ကောင်ကျနေသည်ကို မြင်ဖူးသည်။ ထိုမြွေသည် ရေစပ်စပ်သာရှိသော အုတ်ကန်အခြေမှ နံရံသို့ ခေါင်းထောင်လျက်သား တွယ်ကပ်ငြိမ်သက်နေသည်ကို မှတ်မိ၏။ ထိုမြွေကို တစ်ယောက်ယောက်က ပျဉ်ချပ်ရှည်ဖြင့် အုတ်ကန်ထဲမှ ဆယ်ယူရဖူးသည်။ ဤသို့ဆိုလျှင် မြွေများသည် ပြောင်ချောနေသော အုတ်နံရံကို တွယ်တက်နိုင်ခြင်း မရှိ၍သာ ဖြစ်မည်မဟုတ်လား။

သို့သော် ကျွန်မ၏ခုတင်တိုင်သည် တိုသောပျဉ်တိုင်ဖြစ်သည်။





ထိုပျဉ်တိုင်သည် မြွေအလျားထက်ပင် တိုလိမ့်မည်။ မည်သို့ဖြစ်စေ ပျဉ်တိုင်ကို ရစ်ခွေလိမ်ပတ်လျက် ကုပ်အားယူကာ တက်လာနိုင်မှာတော့ သေချာပါသည်။

ကျွန်မ ဘာလုပ်ရမည်နည်း။ သည်အတိုင်း နေ၍ လုံခြုံမည်မထင်ပါ။ ခုတင်ပေါ်မှ ထွက်ပြေးသင့်သည်။ သို့သော် ခုတင်အောက်သို့လည်း ခြေမချရဲပါ။ အကယ်၍ ကျွန်မခြေထောက်ကို မြွေလှမ်းပေါက်လိုက်လျှင် ...။

ကျွန်မ၏ ညာဘက်နံရံကို လက်ဖြင့်ပုတ်နှိုးလျှင် သူငယ်ချင်းနိုးလာပါ့မလား၊ နိုးလာလျှင်ရော သူက ဘာကူညီနိုင်မလဲ။ နောက်ပြီး ထိုအသံသည် ငြိမ်သက်နေပြီဖြစ်နိုင်သော မြွေကို လှုပ်ရှားလာအောင် ဖန်တီးလိုက်လေမလား၊ သို့မဟုတ် မြွေကို လန့်ဖျပ်သွားစေပြီး ထွက်ပြေးစေနိုင်မလား၊ သို့မဟုတ် ...။

တကယ်လက်တွေ့တွင် ကျွန်မ၏ သွေးရူးသွေးတန်းအတွေးများကို တစ်ခုမျှ မလုပ်ဖြစ်ပါ။ အဆိုးရွားဆုံးအခြေအနေအဖြစ် မြွေဦးခေါင်း ခုတင်ပေါ် ထောင်တက်လာမည့်အချိန်ကိုသာ ကျွန်မစောင့်နေရတော့မည်။ ထိုအချိန်ကျမှ ပြေးစရာရှိလျှင် ပြေးတော့မည်။

ကျွန်မသည် မျက်စိကိုအစွမ်းကုန်ဖွင့်လျက် ခုတင်ဘေး ထောင့်စွန်းများသို့ အလွတ်မပေးဘဲ စောင့်ကြည့်နေစဉ် အာခေါင်များခြောက်သွေ့လျက် ရှိသည်။ မြွေသည် ထောင့်စွန်းလေးခုလုံးမှ ကျွန်မဆီသို့ တက်လာနိုင်သည်။

မြွေတွေဟာ သိပ်လျင်မြန်တာပဲ။ ကျွန်မဆီ တက်လာပြီဟုသိလိုက်ချိန်မှာပင် ကျွန်မကို မြွေပေါက်သတ်ပြီးဖြစ်မှာ စိုးရိမ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မြွေ၏ ပြောင်လက်သော ဦးခေါင်းကိုလည်း မမြင်ရ၊ မြွေ၏ လျှပ်ရှားသံကိုပင်လျှင် မကြားရတော့ပါ။

ဘာမြွေပါလိမ့်၊ မြွေဆိုးလား၊ မြွေကောင်းလား။ အို…ဘာမြွေပဲ ဖြစ်ဖြစ် မြွေဆိုတာ သိပ်ကြောက်စရာကောင်းပါသည်။

မကွေးမြို့သည် မြန်မာနိုင်ငံတွင် မြွေအပေါဆုံး အရပ်ဒေသများလား။ ကျွန်မတို့ မကြာခဏ မြွေကိုတွေ့ဖူးသည်။ ရေချိုးခန်းအသွား၊ ထမင်းစားခန်းအသွား၊ အိမ်သာအသွား၊ လမ်းပေါ်မှာ၊ ချုံပုတ်နံဘေးမှာ။

သို့သော် ယခုကဲ့သို့ ညဥ့်နက်သန်းခေါင် အိပ်ခန်းထဲ ဝင်လာသော မြွေမျိုးကို ကျွန်မတစ်ကြိမ်မျှ မကြားဖူးပါ။ တွေးရင်း တွေးရင်း ကြက်သီး ဖြန်းခနဲထသွားသည်။

မြွေကိုက်ခံရပြီ ထားပါတော့။ ကျွန်မ အသက်ရှင်နိုင်ပါ့မလား။ ကျွန်မတို့အဆောင်သည် ဆေးရုံကြီးမှ သုံးဖာလုံလောက်ပဲဝေးမည်ဟု ကျွန်မထင်သည်။ မြွေကိုက်ခံရကြောင်း သိပြီးပြီးချင်း ဆေးရုံသို့ ပို့ပေးလျှင် ကျွန်မအသက်ရှင်နိုင်မှာပါ။ ဘုရားရေ…၊ ဆေးရုံမှာ မြွေဆိပ်ဖြေဆေးမှ အဆင်သင့်ရှိပါ့မလား။ အို…တိုင်းဆေးရုံကြီးပဲ၊ မြွေဆိပ်ဖြေဆေး များစွာ ရှိမှာပေါ့။ သို့သော် မြွေကိုက်ခံရပြီးချိန်မှ သတိလစ်မသွားမီအချိန်အတွင်း ဟိုဘက်ခန်းက သူငယ်ချင်းကို နှိုး၍ ရပါ့မလား။

ဟင့်အင်း၊ ကျွန်မ ဒါတွေ တွေးတောမနေသင့်ပါ။

ကျွန်မ စာအုပ်ဖွင့်ဖတ်ဖို့စဉ်းစားသေးသော်လည်း မဖြစ်နိုင်မှန်း သိ၏။ မိမိခုတင်အောက်တွင် မြွေတစ်ကောင် ရှိနေမှန်း သိသော မည်သူမဆို အေးအေးဆေးဆေးစာကြည့်နေနိုင်မည် မထင်ပါ။





နောက်ဆုံး မြွေအန္တရာယ်ကို ကာကွယ်ရန် အရိုးရှင်းဆုံးနည်းကို တွေးမိသည်။ ကျွန်မ ခြင်ထောင်ချရမည်။

ထိုစိတ်ကူးဖြင့် တတ်နိုင်သမျှ အသံမမြည်စေရဘဲ ဖြည်းညင်းစွာ ခြင်ထောင်ကို ဆွဲချသည်။ ထို့နောက် ခြင်ထောင်စကို ခုတင်ဘေးပတ်လည်တွင် သင်ဖြူးဖြင့် ပိပိရိရိဖိလိုက်သည်။ (ထိုသို့ ခြင်ထောင်ကို ဖိနေစဉ် ခုတင်စွန်းသို့ အချိန်မရွေးတက်လာနိုင်သော မြွေ၏ ဦးခေါင်းကို ကျွန်မစိတ်ထဲမှ အတတ်နိုင်ဆုံး မေ့ပျောက်ထားခဲ့ရပါသည်။) သင်ဖြူးဖြင့် ဖိပြီးသောအခါ မွေ့ရာစဖြင့် တစ်ကြိမ် ထပ်ဖိလိုက်ပြန်သည်။ ထို့နောက် ရှိသမျှ စောင်များကို အလျားလိုက် အထပ်ထပ်ခေါက်ပြီး ထိုရှည်လျားသော စောင်ခေါက်တို့ဖြင့် ခုတင်အနားလေးဖက်တစ်လျှောက် ခြင်ထောင်စပေါ်မှာ ဖိလိုက်သည်။

ကဲ… မြွေတစ်ကောင် ဝင်လာနိုင်စရာ နေရာလပ်ရှိနေသေးသလား။

ထို့နောက် ကျွန်မတတ်နိုင်သမျှ မွေ့ရာ၏ အလယ်ဗဟို ကျအောင် နေရာရွှေ့၍ လှဲအိပ်လိုက်သည်။ ကျွန်မ၏ ခြေလက်များကို ကိုယ်ခန္ဓာဘေးမှာ ကပ်နိုင်သမျှ စုစည်း၍ ကွေးအိပ်လိုက်ခြင်း ဖြစ်ပါသည်။

ကံကောင်းထောက်မစွာပင် ထိုညက ကျွန်မ၏ ခုတင်ပေါ်သို့ ရင်းသတ္တဝါ တက်မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



(သုံး)

သော့ဖွင့်ပြီးသောအခါ တံခါးရွက်နှစ်ခုကို ခပ်ဖြည်းဖြည်း ဆွဲဟလိုက်သည်။ ထို့နောက် ခြေဖွနင်း၍ အခန်းတွင်းသို့ ဝင်ခဲ့သည်။ စကြိဘက် နံရံနှင့်ကပ်လျက် ခုတင်လွတ်ကို ဖြတ်ကျော်ပြီးမှ ကျွန်မ၏ ခုတင်ရှိရာသို့ ရောက်ပါသည်။

မှောင်ပိတ်နေသောအခန်းသည် မွန်းကျပ်လျက် တိတ်ဆိတ်နေသည်။ ကျွန်မသည် သည်းထိတ်ရင်ဖိုရုပ်ရှင်ကားများ ကြည့်ရစဉ်ကလို တဒိတ်ဒိတ်ရင်ခုန်၍ လက်ဖျားများ အေးစက်လာ၏။ ကျွန်မခုတင်ဆီသို့ မသွားသေးဘဲ လွတ်နေသော ခုတင်ဘေးတွင် ရပ်၍ ကိုယ်ကိုကိုင်းညွတ်လျက် တစ်ခုတည်းသောပြတင်းပေါက်ကို ဖွင့်လိုက်ပါသည်။ တံခါးဆီမှ အလင်းနှင့် ပြတင်းပေါက်မှ အလင်းတို့ ပေါင်းစပ်လိုက်သောအခါ ကျွန်မခြင်ထောင်မှာတွဲလွဲကျနေသော ပင့်ကူလေးတစ်ကောင်ကို မြင်ရသည်အထိ အခန်းတွင်းမှာ လင်းသွားသည်။

ထို့နောက် ကျွန်မ၏ လွယ်အိတ်ကို ခုတင်လွတ် သင်ဖြူးပေါ်သို့ ချသည်၊ ဘယ်ဘက်လက်မှာပွေ့ထားသော စာအုပ်များကိုလည်း အသံမမြည်အောင် ချသည်။ တစ်အုပ်မှာ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၀) ဖြစ်၍ ကျန်တစ်အုပ်မှာ 'မြွေနှင့် တွားသွားသတ္တဝါများ' ဟူသော စာအုပ် ဖြစ်သည်။

ထို့နောက် ကျွန်မ၏ခုတင်ဆီသို့ ထုံးစံအတိုင်း အသည်းတအေးအေးဖြင့် လျှောက်လာခဲ့သည်။ ခုတင်ခေါင်းရင်းဗိုင်း၏ အောက်ခြေတွင် ထင်းရှူးသေတ္တာတစ်လုံး ရှိ၏။ ကျွန်မသည် ခုတင်ဘေးတွင် သတိဖြင့် ဒူးတုပ်ထိုင်ပြီး ထင်းရှူးသေတ္တာ၏



နောက်ဘက်ဆီသို့ ငုံ့ကိုင်း အကဲခတ်ကြည့်မိသည်။ ချိန်ကိုက်ဗုံးတစ်ခုကို တွေ့ရတော့မည်ဟု မျှော်လင့်ထားသော ခံစားမှုမျိုး ဖြစ်ပါသည်။

ခုတင်အောက်တွင် အနည်းငယ်မှောင်နေသော်လည်း ငွေမင်ရောင် ပြောင်လက်နေသော အနက်ရောင်အရာကို မြင်နေရ၏။ ခွေဝိုက်လျက် အိပ်နေသော မြွေတစ်ကောင်ဖြစ်ပါသည်။

ကျွန်မလက်က သေတ္တာပေါ်မှ နီ့မွန့်ဘူးခွံကို သွားထိမိသောအခါ တုန်ခါမှုကြောင့် သေးငယ်သော မြွေဦးခေါင်းကလေး ရုတ်ခနဲ ကြွလာသည်။ ကျွန်မသည် တဒိတ်ဒိတ်ရင်ခုန်မြန်ကာ မျက်နှာကို မြွေပေါက်လိုက်တော့မလား အထင်ဖြင့် နောက်သို့ အလန့်တကြား ဆုတ်မိ၏။ ဦးခေါင်းအကြေးခွံအကွက်များကြားမှ သေးငယ်သော မျက်လုံးနှစ်ပေါက်သည် မှုန်မှိုင်းစွာ ပြဒါးရောင် လက်နေသည်။ ပါးစပ်ဖွင့်လိုက်သောကြောင့် နီရဲသော အမြှင်လေးနှစ်ခွကို လျှပ်တစ်ပြက်မြင်လိုက်ရပြီး ချက်ချင်းပြန်ရုပ်သိမ်းသွား၏။ အမြီးကို ကျွန်မ မမြင်ရပါ။ ခွေဝိုက်နေသော ကိုယ်လုံး၏ အောက်တွင် ရှိပါလိမ့်မည်။ ထို့နောက် မြွေသည် ကျွန်မအား ယုံကြည်စိတ်ချသွားသလို ဦးခေါင်းတဖြည်းဖြည်းညွတ်ကျသွားပြီး ခွေနေသော ကိုယ်ပေါ်တွင် မေးတင်ကာ ပြန်လည်ငြိမ်သက်သွားလေသည်။ မြွေများတွင် မျက်ခွံမပါသောကြောင့် မျက်လုံးပိတ်၍ မရဟု ကြားဖူးပါသည်။ မြွေသည် ယခုလည်း မျက်လုံးပွင့်လျက် အိပ်ပျော်နေခြင်း ဖြစ်နိုင်သည်။

ကျွန်မအခန်းတွင်းသို့ ဤမြွေ ရောက်ရောက်လာတတ်သည်မှာ တစ်ပတ်ကျော်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအခန်းတွင်းသို့ စတင်ဝင်ရောက်သည့်ည၏ နောက်ပိုင်းတွင် ရက်ခြားဆိုသလို မကြာခဏရောက်ရောက်လာတတ်ပါသည်။ ခုတင်အောက် တစ်နေရာရာတွင် ခွေအိပ်နေသည်ကိုမကြာခဏ မျှော်လင့်သည့်အတိုင်း တွေ့နေရသော်လည်း ကျွန်မ၏ ထိတ်လန့်တုန်လှုပ်မှုက တစ်နေ့ထက်တစ်နေ့ ထူးခြားစွာ လျော့ပါးသွားသည်ဟူ၍ မရှိပါ။ ကျွန်မသည် ငယ်စဉ်ကတည်းက မိရိုးဖလာအစွဲ ခြောက်လှန့်မှုဖြင့် မြွေကို အလွန်ကြောက်လန့်ခဲ့သူဖြစ်သည်။ ထိတွေ့ကိုင်တွယ်ဖို့ မဆိုထားနှင့် တစ်ပေလောက်အကွာမှ ဖြတ်သွားလျှင်ပင် အူထဲက ယားလာသလို၊ ဒူးထဲက ယားလာသလိုခံစားမှုဖြင့် ရွံရှာကြောက်ရွံ့တတ်သူ ဖြစ်သည်။

ပင့်သက်တစ်ချက်ကို ထိတ်လန့်စွာ ရှိုက်လျက် ကျွန်မ နောက်ဆုတ် မတ်တတ်ရပ်ချိန်တွင် တစ်ဖက်ခန်းဆီမှ ဒုန်းခနဲ ကုလားထိုင် တွန်းသံကို ကြားရသည်။ ကျွန်မ၏ခြေသံကြောင့်ပဲလား၊ဟိုဘက်ခန်းက တုန်ခါမှုကြောင့်ပဲလား မသိ၊ ထင်းရှူးသေတ္တာ၏နောက်ဆီမှ စက္ကူစ လှုပ်ရှားသံသဲ့သဲ့ကြားရသည်။ မြွေသည် သူ့ကိုယ်လုံးကို ဖြေလိုက်ဟန်တူပါသည်။

"သီတာရေ...အသုပ်စုံ သွားစားမယ်ဟေ့"

စူးရှကျယ်လောင်သော အသံကြောင့် ကျွန်မပင် တုန်လှုပ်သွားမိသည်။

ဩော်...ဘာဖြစ်လို့များ ဒီလောက်အသံကျယ်ကြတာလဲမသိဟု မလိုတမာ အပြစ်တင်လိုက်မိ၏။ ထို့နောက် ကျွန်မ မျှော်လင့်ထားသည့်အတိုင်း ကြမ်းပြင်ကို လျှောတိုက်သံနှင့်အတူ သေတ္တာနှစ်ခုအကြား ကွက်လပ်မှ မြွေဦးခေါင်းကလေး ပြူထွက်လာ





သည်။ ကျွန်မ မလှုပ်မယှက် ငေးကြည့်နေစဉ်မှာပင် မြွေက ခြေရင်းသို့ လျှင်မြန်စွာ လျှောထွက်လာ၏။

သူ တစ်နေရာရာ သွားတော့မည်။

မြွေဦးခေါင်းသည် မြေပြင်မှလွတ်၍ ထောင်မတ်လာသည်။ တွယ်တက်စရာ အမြင့်တစ်နေရာရာကို ရှာဖွေနေသကဲ့သို့ သေးငယ်သော ပါးပျဉ်းခွက်ကို ယိမ်းယိုင်လှုပ်ယမ်းကာ ရှေ့သို့ ရွေ့လျားလျက်ရှိသည်။ ထို့နောက် ကျွန်မခုတင်ခြေရင်းဘက် နံရံဆီသို့ ဖြောင့်စင်းစွာ လျှောတိုက်သွားလေသည်။

"နုနု...နင့်ပီအက်စ်လက်ချာ ခဏလောက်"

အခန်းတွင်းသို့ ရိပ်ခနဲသဏ္ဍာန်တစ်ခု ဝင်လာသည်။ ကျွန်မသည် နံရံဆီသို့ စူးစိုက်ကြည့်နေရာမှ တော်တော်နှင့် မျက်စိမလွှဲနိုင်ဘဲ ရှိနေ၏။ မြွေသည် နံရံပေါ်သို့ ထောင်တက်တော့မလို ဦးခေါင်းက နံရံတစ်လျှောက် ထောင်မတ်စွာ ယမ်းနေသေးသည်။ သို့သော် နိုတွယ်စရာ သစ်သားပေါင်တစ်ခုသည် မြွေ၏ ကိုယ်အလျား တစ်ပြန်မကသော အမြင့်မှာရှိ၏။ ပြောင်ချောနေသော ပျဉ်နံရံကို သည်အတိုင်းတွယ်တက်နိုင်ဟန် မတူပါ။ နံရံအောက်ခြေ ပျဉ်ကျိုးပေါက်အကြားသို့ မြွေဦးခေါင်း ဝင်ရောက်သွားသည်။

"နင် ဘာလုပ်နေ..."

ကျွန်မ၏ သူငယ်ချင်းကို တားဆီးရန် နောက်ကျသွား၏။

"အမယ်လေး..."

အသံကုန်အော်ရင်း သူက ကျွန်မအား ယိမ်းခါသွားအောင် ဆွဲဖက်ပစ်လိုက်လေသည်။

"မြွေကြီး...မြွေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…နင်ကလဲ မအော်စမ်းပါနဲ့"

ကျွန်မ အဘယ်ကြောင့် တားဆီးမိမှန်း မသိပါ။ ထိုအချိန်တွင် မြွေသည် နံရံပေါက်ထဲသို့ ပြေပြစ်စွာ၊ ဖြည်းညင်းစွာ လျှောရှ၍ဝင်သွားလေပြီ။ မြွေ၏အမြီးကို ဖျတ်ခနဲသာ မြင်လိုက်ပြီး တစ်ဖက်ခန်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

"ဟယ်…အေးခိုင်တို့အခန်းထဲ ဝင်သွားပြီ၊ မိအေး…မိအေးရေ… နင်တို့အခန်းထဲ မြွေကြီးဝင်သွားပြီဟေ့၊ အေးခိုင်ဘက်က…"

ဟိုဘက်အခန်းဆီမှာ အလန့်တကြား အော်သံများနှင့်အတူ ကသောကမျောပြေးလွှားသံများ ကြားရသည်။ သွားပါပြီ၊ မြွေကို သည်ကောင်မတွေ သတ်ပစ်ကြတော့မည်။

ကျွန်မသည် သူငယ်ချင်းလက်မှ ရုန်းထွက်လျက် "ဖယ်စမ်း" ဟု တစ်ချက်ဆောင့်အော်ခဲ့ပြီး အပြင်ပြေးထွက်ခဲ့တော့သည်။ သူငယ်ချင်းက နောက်မှ တစ်ထပ်တည်းလိုလို ကပ်လိုက်လာသည်။ ဟိုဘက်ခန်းရှေ့ ကော်ရစ်ဒါတွင် ကျောင်းသူလေးငါးယောက် စုပြုံနေ၏။ ထိုလူစုသည် မြွေကို မဝံ့မရဲရှာဖွေရာက တစ်ယောက်တစ်ပေါက် ဆူညံစွာ ဆွေးနွေးနေကြ၏။ ကျွန်မတို့ကို မြင်တော့ အနီးသို့ ကပ်လာကြသည်။

"ငါမြင်လိုက်တယ်…ငါမြင်လိုက်တယ်"

"ဘာမြွေလဲ"

"မသိဘူး၊ တော်တော်ရှည်တယ်ဟ၊ မြွေဗွေးကြီးလား မသိဘူး"

"ပေါက်တတ်ကရ…လင်းမြွေပါဟာ"

ကျွန်မ မနေနိုင်၍ ဝင်ပြောမိပါသည်။





"နင့်ကလဲ…လင်းမြွေဆိုရင် အဝါရောင်ဖြစ်မှာပေါ့၊ ခုဟာက မည်းမည်းကြီး ဥစ္စာ၊ မြွေဆိုးပဲ ဖြစ်မှာ၊ သွားရအောင်…ဦးလေးအုန်း သွားခေါ်ပြီး ရှာရအောင်"

"အေး…ဟုတ်တယ်၊ မြွေဆိုရင် သတ်ပစ်တာ စိတ်ချရတယ်"

ကျွန်မ၏အခန်းနီးချင်းများ မြွေအကြောင်း ထိ ်လန့်စွာ ဆွေးနွေးနေကြစဉ် ကျွန်မ ချာခနဲလှည့်ထွက်လာခဲ့သည်။ ကျွန်မ မောပန်းစွာ ရင်ခုန်နေပါသည်။ အလိုး ဘျမှု၊ ထိတ်လန့်မှု၊ ကြင်နာသနားမှုတို့သည် ကျွန်မရင်တွင်းသို့ စုပြုံဝင်လာသည်။ ဤမြွေကို မသတ်စေချင်ပါ။ ဘာကြောင့် မသတ်စေလိုကြောင်းကိုလည်း ဘယ်သူ့ကိုမျှ မပြောပြနိုင်ပါ။

ကျွန်မ၏ အဆောင်နေ သူငယ်ချင်းများသည် မြွေတွေ့လျှင် သတ်ဖြတ်ဖို့အမြဲကြိုးစားတတ်ကြသည်။ ကျွန်မကြားဖူးသလောက်တော့ မြွေဆိုသည်မှာ မိမိ၏ရန်သူကို ကာကွယ်ရန် အဆင့် သုံးဆင့် ရှိသည်တဲ့။ ပထမဆုံး သူတို့ ပုန်းအောင်းနေကြမည်၊ ဒုတိယ သူတို့ ထွက်ပြေးတိမ်းရှောင်ကြမည်၊ နောက်ဆုံး ဤအဆင့်နှစ်ခုကို ကျော်ပြီးမှသာ ရန်သူကိုပြန်လည်တိုက်ခိုက်တတ်ကြသည်တဲ့။

ဘုရား သိကြား မ,လို့ မြွေကို သူတို့ရှာမတွေ့ကြပါစေနဲ့။

ဤမြွေသည် ကျွန်မ၏မိတ်ဆွေ ဖြစ်နေပြီ။ ကျွန်မအခန်းတွင်းမှာ တစ်ပတ်ကျော်ကျော်ကြာသည်အထိ နားခိုနေသော မြွေ ဖြစ်သည်။ မည်သည့်အန္တရာယ်မျှ မပြုသူလည်းဖြစ်သည်။ တစ်နေရာတည်းမှာ ခွေအိပ်တတ်သော အပြစ်ကင်းမဲ့သည့် သာမန်မြွေ တစ်ကောင်ကို သတ်ပစ်ဖို့ ကျွန်မ စိတ်မက ရက်ပါ။ အထူးသဖြင့်…။

ဘုရား ဘုရား…ဘယ်လို ကြမ္မာဆိုးတွေများ ဝင်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ခုတင်ပေါ်သို့ နွမ်းခွေကာ လှဲအိပ်ပစ်လိုက်မိသည်။

တစ်ခဏမျှ မျက်စိမှိတ်၍ ငြိမ်သက်စွာလဲလျောင်းနေပြီးနောက် ခပ်ဝေးဝေးမှ ဆူညံဆူညံအသံများကို ကြားရပြန်သည်။ ကျွန်မ တုန်လှုပ်သွား၏။ သူတို့ တွေ့သွားကြပြီလား။

တစ်ဖက်ခုတင်ဆီမှာ ကျွန်မထားရစ်ခဲ့သော လွယ်အိတ်နှင့် စာအုပ်များကို လှမ်းကြည့်မိသည်။ တစ်ပတ်တိတိ ဒုက္ခခံ၍ ရှာဖွေစုဆောင်းခဲ့ရသော စာအုပ်များ၊ ကူးယူခဲ့ရသော မှတ်စုများ။

ကျွန်မသည် ရုတ်ခနဲ ထထိုင်လိုက်မိ၏။ ထို့နောက် လေးကန်တွန့်ဆုတ်စွာ တစ်ဖက်ခုတင်ဆီသို့ လျှောက်သွားလိုက်၏။ ထို့နောက် စာအုပ်များကို စားပွဲဆီသို့ စုပြုံသယ်လာခဲ့မိ၏။

*'မြွေသည် လူသားတို့အား အကျိုးပြုသောသတ္တဝါဖြစ်သည်။ လူသားတို့၏ အဓိကရန်သူဖြစ်သော ကြွက်များကို ရှာဖွေ စားသောက်ခြင်းဖြင့် လူသားတို့၏အစားအစာများ အဖျက်အဆီး မခံရလေအောင် အစဉ်ကူညီနေသောသတ္တဝါ ဖြစ်၏။ ထို့ကြောင့် အဆိပ်မရှိသော မြွေများကို အကြောင်းမဲ့ မသတ်ဖြတ်သင့်ချေ။'*

*'၁၉၆၀ ပြည့်နှစ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ ဤကမ္ဘာ့[illegible] နှစ်စဉ် လူပေါင်း သုံးသောင်းမှ လေးသောင်းအထိ မြွေကြောင့် အသက်သေဆုံးကြရ၍ အရှေ့တောင်အာရှနှင့် တောင်ပိုင်း အာရှနိုင်ငံများတွင် အများဆုံးသေဆုံးရကြောင်း၊ မြွေကြောင့် အသက်သေဆုံးမှုအများဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံသည် ပထမ၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများသည် ဒုတိယဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် အောက်တိုဘာ၊ နိုဝင်ဘာနှင့်...'*





"ဘယ်ကို ပျောက်သွားမှန်းမသိဘူး နုနုရေ"

စေ့ထားသော အခန်းတံခါးကို အပြင်မှ ဆွဲဖွင့်ရင်း ကျွန်မ သူငယ်ချင်း ဝင်လာပြန်လေသည်။ ဖတ်လက်စ စာအုပ်ကို ကမန်းကတန်း ပိတ်ပစ်လိုက်ရ၏။

"မြွေထွက်ပြေးသွားပြီတော့"

တော်သေးရဲ့၊ ကျွန်မသည် ထူးဆန်းစွာ စိတ်သက်သာရာရမှုဖြင့် ပေါ့ပါးသွား၏။ သူငယ်ချင်းက ပိတ်ထားသော စာအုပ်ကို လှမ်းကြည့်သည်။

"ဟင်...ငါက နင်စာကျက်နေတာ အောက်မေ့လို့"

ကျွန်မ ဘာမှမဖြေပါ။

"နင်...ပီအက်စ်လက်ချာ လိုက်တယ်မဟုတ်လား"

"သြော်...အေး၊ ဟုတ်သားပဲ"

ကျွန်မက လွယ်အိတ်ထဲမှ နိုင်ငံရေးသိပ္ပံမှတ်စုစာအုပ် ထုတ်ပေးလိုက်သည်။ သို့သော် သူ ထွက်မသွားသေးဘဲ ကျွန်မအနီးတွင် ယောင်လည်လည်ဖြင့် ရပ်နေသေးသည်။

"အခန်းထဲမှာ နင်တစ်ယောက်တည်း နေရတာ နင်မကြောက်ဘူးလား"

ဤမေးခွန်းသည် ကျွန်မ၏ အခန်းဖော် မန္တလေးသို့ ပြောင်းရွှေ့သွားချိန်မှစ၍ မကြာခဏအမေးခံနေရသော မေးခွန်းတစ်ခု ဖြစ်သည်။ အခန်းထဲတွင် ကျွန်မတစ်ယောက်တည်း နေခြင်းသည် ကျွန်မအတွက်လည်းကောင်း၊ သူတို့အတွက်လည်းကောင်း အထူးအဆန်း မဟုတ်တော့သည်မှာ ကြာပြီ။ သို့သော် ယခုမေးခွန်းကတော့ ဆောတောက မြွေကြောင့် မေးခြင်းဖြစ်ဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်သူ မဟုတ်ပါ။ နောက်ပြီး ကျွန်မ၌ သူငယ်ချင်းများစွာ မလိုအပ်လှပါ။ ရေချိုးခန်းသွားချိန်၊ ထမင်းစားခန်းသွားချိန်၊ ရိုးလ်ကောလ် ထူးချိန်တို့တွင်လည်း ကျွန်မတစ်ယောက်တည်း သွားသည်က များသည်။ ညကြီးမင်းကြီး အိမ်သာဆီသို့ သွားလျှင်ပင် လက်နှိပ်ဓာတ်မီးဆွဲလျက် တစ်ယောက်တည်းသွားတတ်သူ ဖြစ်ပါသည်။

(ကျွန်မတို့အဆောင်၏ အိမ်သာများသည် အဆောင်နှင့်ဖာလုံဝက်ခန့် ဝေးသော ခြံတစ်ဖက်စွန်းရှိ တွင်းအိမ်သာများ ဖြစ်ကြသည်။)

ကျွန်မတို့အဆောင်နှင့် ခြံစည်းရိုးသာခြားသော စာသင်ဆောင်ဆီသို့ သွားရန်လည်း အဖော်မလိုပါ။ နောက်ပြီး ကျွန်မသည် တစ်ရုံတစ်ဝေး စကားဝိုင်းဖွဲ့ ပြောဆိုနေရခြင်းထက် တစ်ယောက်တည်းနေရခြင်းကို ပို၍နှစ်သက်သူလည်း ဖြစ်သည်။

မည်သို့ဆိုစေ ...

ကျွန်မ၏ အခန်းထဲတွင် ညစဉ်လိုလို အဖော်သတ္တဝါတစ်ဦး ရှိနေပြီဆိုသည့်အကြောင်း။

ထိုအဖော်သည် (တစ်ခါတစ်ရံ မမျှော်လင့်သည့်အချိန်တွင် မမျှော်လင့်သည့်နေရာမှ လျှောခနဲရောက်လာတတ်သောကြောင့် အသည်းအေးအေးသွားရသည်မှအပ) ကျွန်မကို မည်သို့မျှ အနှောင့်အယှက် မပေးတတ်ကြောင်း။

ထိုအကြောင်းတို့ကို ကျွန်မအတတ်နိုင်ဆုံး လျှို့ဝှက်ထားခဲ့ပါသည်။





(၄)

ထိုရက်များသည် မြွေနှင့်ပတ်သက်သမျှ သိမှတ်ဖွယ်ရာအချို့ကို အလောတကြီးလေ့လာနေဆဲကာလများ ဖြစ်ခဲ့သည်။

မြွေများသည် ပိုးကောင်များ၊ ငါး၊ ဖား၊ ငှက်နှင့် ဥများ၊ ကြွက်ဝမ်းဖြူနှင့် အခြားနို့တိုက်သတ္တဝါများကို စားသောက်ကြကြောင်း (လူမှာ သူတို့၏အစာမဟုတ်သဖြင့် သူတို့ကို ရန်မမူလျှင်၊ မထိလျှင် ပေါက်သတ်လိမ့်မည်မဟုတ်ဟု ယုံကြည်ရပါသည်။)

အခြားတိရစ္ဆာန်များကဲ့သို့ ခြေထောက်များ မရှိသဖြင့် နံရိုးများဖြင့်သာ သွားရကြောင်း၊ ထို့ကြောင့် လူနှင့်ယှဉ်လျှင် ကိုယ်အင်္ဂါမပြည့်စုံမှုကြောင့် သူတို့ တစ်ပန်းရှုံးကြောင်း။ (မြွေကိုများ ခြေထောက် တပ်ပေးလိုက်လျှင် သူတို့ မည်မျှအစွမ်းထက်လိုက်ကြမလဲ။)

အဆိပ်ပြင်းထန်သော မြွေမျိုး ရှိသကဲ့သို့ လုံးဝဘေးအန္တရာယ်မဖြစ်စေတတ်သော မြွေအချို့လည်း ရှိသေးကြောင်း၊ အချို့ဒေသများတွင် ကြွက်ဝမ်းဖြူနှင့် မြေကြွက်များကို ဖမ်းယူစေရန် အိမ်၌ချစ်စနိုးတိရစ္ဆာန်အဖြစ်ပင် မွေးမြူထားတတ်ကြောင်း။ (ကျွန်မတော့ အကောင်ရှည်ရှည် ချောကျိကျိအရာကို ချစ်စနိုးသတ္တဝါအဖြစ် သဘောမတူနိုင်ပါ။)

မြွေသည် အစာကို တစ်နှစ်၊ သို့မဟုတ် တစ်နှစ်မက မစားဘဲနေနိုင်သော်လည်း အချိန်မှန်မှန်နှင့် မကြာခဏ စားသောက်တတ်ကြကြောင်း။ (ကျွန်မ၏ မြွေသည် ကျွန်မအခန်းထဲမှ ကြွက်များကို စားသောက်ပစ်သလား မသိ။ ထိုကာလများတွင် ကျွန်မအခန်း၌ အခါတိုင်းလို တကျွီကျွီမြည်၍ ပြေးလွှားသော ကြွက်များအသံ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေခဲ့သည်။ ကျွန်မ၏အစားအသောက်များ၊ အဝတ်အထည်များကို ကိုက်ဖြတ်သော ထိုကြွက်တို့သည် မြွေအန္တရာယ်ကြောင့် အခြားအခန်းသို့ ကူးပြောင်းသွားလေသလား မသိပါ။)

မြွေသည် တစ်နှစ်အတွင်း ကြိမ်ဖန်များစွာ အရေခွံလဲကြောင်း၊ အရေခွံလဲချိန်တွင် အန္တရာယ်ကို ကာကွယ်နိုင်စွမ်းမရှိသဖြင့် ဘေးရန် ကင်းရှင်းမည့်နေရာ၊ ဥပမာ...သစ်ပင်ထိပ်ဖျား၊ အိမ်ခေါင်မိုး အကွယ်အောက် စသည့်အမြင့်များတွင် အရေခွံ[illegible]ကြောင်း။

အဆိပ်ရှိမြွေနှင့် အဆိပ်မဲ့မြွေကို ဦးခေါင်း ခြွေးခွံအကွက်များကိုကြည့်၍လည်းကောင်း၊ အမြီးကိုကြည့်၍ပြည်းကောင်း ခွဲခြားနိုင်ကြောင်း။

သို့သော် ကျွန်မသိလိုသမျှ အကြောင်းအရာတို့ကို စုံလင်စွာ သိခွင့်ရခဲ့သည်တော့ မဟုတ်ပေ။ တခြား သိချင်သည့်အကြောင်းများစွာ ရှိသေးသည်။

ဥပမာ...မြွေများသည် ကုပ်တွယ်အားမရှိသည့် ပြောင်ချောမျက်နှာပြင် မတ်မတ်ပေါ်သို့ တက်နိုင်ပါသလား။ (မတက်နိုင်ဟု ကျွန်မ ယုံကြည်သည်။) မြွေဆိုသည်မှာ လူတစ်ဦးကို ကြာရှည်စွာ ထိတွေ့နေရလျှင် ယဉ်ပါးလာတတ်ပါသလား။ (ယဉ်ပါးလိမ့်မည်ဟု ယုံကြည်သည်။ မြွေများသည် နားမကြားသော်လည်း အာရုံခံစားမှုအားကောင်းသူများဖြစ်ကြသည်။ မြေကြီး၏တုန်ခါနှုန်း၊ လေ၏တုန်ခါနှုန်းကို တွက်ချက်ရာတွင် ကျွမ်းကျင်ကြသူများဖြစ်ကြသည်။)

မည်သို့ဆိုစေ ကျွန်မ၏မြွေကို ကျွန်မအမြဲတစေ သဘာဝီရိယကြီးစွာ ချဉ်းကပ်ခဲ့ပါသည်။ ကျွန်မသည် မြွေတစ်ကောင်အပေါ်





တွင် ယုံကြည်စိတ်ချ၍မရပါ။ ဤမြွေသည် ကျွန်မကို အချိန်မရွေး ပေါက်သတ်နိုင်သည်။

ထို့ကြောင့် ဖြစ်နိုင်လျှင် ကျွန်မသည် ဤမြွေကို တခြားသို့သွားအောင် ခြောက်လှန့်၍ ထုတ်ပစ်လိုပါသည်။ သို့သော် အခြားသူငယ်ချင်းများ၏ အကူအညီယူဖို့လည်း မဖြစ်နိုင်။ သူတို့ကတော့ မြွေတွေ့လျှင် သတ်ပစ်ဖို့လောက်သာ စိတ်ကူးတတ်သူများ ဖြစ်သည်။ တုတ်ရှည်တစ်ချောင်းဖြင့် ခြောက်လှန့်ဖို့ စိတ်ကူးသေး၏။ သို့သော် ကျွန်မ ဤမျှသတ္တိမရှိပါ။ ထွက်ပြေးသွားလျှင် တော်ရဲ့၊ မထွက်ဘဲ ကျွန်မကို ရန်မူလျှင် ဘယ်နှယ်လုပ်မလဲ။

‘မြွေများသည် သတိဝီရိယကောင်းပြီး သတ္တိကြောင်သော သတ္တဝါများဖြစ်သည်’ဟု ပွန်စတိန်းဗက်၏ ဝတ္ထုတိုတစ်ပုဒ်ထဲမှာ ဖတ်ဖူးသော်လည်း ကျွန်မ၏မြွေကဖြင့် သူရဲဘောမနည်းလှပါ။ အခန်းထဲသို့ ကျွန်မဝင်လာသောခြေလှမ်း၏ တုန်ခါနှုန်းသည် သူ့ကို မည်သို့မျှ အနေအထားမပျက်စေပါ။

ထို့ကြောင့်ပင် ကျွန်မ၏မြွေသည် သာမန်ထက် လွန်ကဲသော ဆန်းကြယ်မှု တစ်စုံတစ်ရာဖြင့် ကျွန်မအခန်းထဲသို့ ဝင်ရောက်လာသလားဟု ကျွန်မတွေးတောစရာဖြစ်လာခဲ့သည်။ ကျွန်မ လက်မခံလိုသော ဝမ်းနည်းကြောက်လန့်ဖွယ်ရာ ထိုအတွေးကို မျက်စိမှိတ်၍ မကြာခဏခေါင်းယမ်းဖယ်ထုတ်ပစ်ခဲ့သည်။

ဗုဒ္ဓဘာသာတရားတော်များကို ကျွန်မ သိပ်ကြေညက်လှသည် မဟုတ်သော်လည်း ဘိုးဘွားမိဘ ဆိုဆုံးမစကားအရ ခန္တိသုတ်သည် မြွေကို နှိမ်နင်းနိုင်သည်ဟု ကြားဖူးပါသည်။

ခက်နေသည်မှာ ကျွန်မသည် ပရိတ်ကြီး ဆယ့်တစ်သုတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတလေကိုမျှ အလွတ်မရပါ။ ထိုအခါ ကျွန်မရှာဖွေရသော စာအုပ်စာတမ်းများတွင် ပရိတ်ကြီးစာအုပ်ပါ ပါဝင်ခဲ့သည်။

ဒုတိယည ကျွန်မအခန်းထဲတွင် မြွေထပ်မံတွေ့ရပြီးနောက် တတိယညမှစတင်ကာ ကျွန်မ၏ ညစဉ်ဝတ္တရားများတွင် ပရိတ်ရွတ်သော တာဝန်တစ်ခု ပိုလာလေသည်။ ပထမတော့ ခန္ဓသုတ်တစ်ခုတည်းကိုသာ ရွတ်မိသည်။

ပါဠိဘာသာကို ရွတ်ဖတ်ပြီးတိုင်း မြန်မာဘာသာအနက်ပြန်ဆိုထားသည်ကို ဖတ်ကြည့်မိပါသည်။ ထိုအခါ နောက်တစ်ကြိမ် ရွတ်ဆိုဖို့ ယုံကြည်ကိုးစားမှု ပိုများလာပါသည်။

"အပါဒကေဟိ-အခြေမရှိသောသတ္တဝါတို့နှင့်၊ သဒ္ဓိ- တကွ၊ မေ- ငါ၏၊ မေတ္တံ- ချစ်ခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း"

"မံ- ငါ့ကို၊ အပါဒကော- အခြေမရှိသော သတ္တဝါသည်၊ မာဟိံသိ - မညှဉ်းဆဲပါစေသတည်း"

ခန္ဓသုတ်သည် အခြေမရှိသော မြွေစသည့် တွားသွားသတ္တဝါတို့မှစ၍ ခြေနှစ်ချောင်းသတ္တဝါ၊ ခြေလေးချောင်းသတ္တဝါ၊ ခြေများစွာရှိသော သတ္တဝါတို့အထိ မေတ္တာပို့ခြင်းဖြစ်လေသည်။ ထိုသို့ မေတ္တာပို့ခြင်းဖြင့် ထိုသတ္တဝါတို့၏အဆိပ်ကိုပင်လျှင် ပယ်ဖျောက်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ နောက်ပြီး ခန္ဓသုတ်၏ အဆုံးပိုဒ်သည် ထိုသတ္တဝါတို့ကို မြတ်စွာဘုရား၏ ဘုန်းတန်ခိုး အာနုဘော်ဖြင့် နှင်ထုတ်ခြင်းလည်း ဖြစ်သည်။

"မေ - ငါသည်၊ ရက္ခာ - အစောင့်အရှောက်ကို၊ ကတာ- ပြုအပ်၏၊ မေ - ငါသည်၊ ပရိတ္တံ - အရံအတားကို၊ ကတံ - ပြုအပ်ပြီ၊ ဘူတာနိ - သတ္တဝါတို့သည်၊ ပဋိက္ကမန္တု - ဖဲလေကုန်လော့"





သို့ရာတွင် ယခုမှ အလောတကြီးရွတ်ဖတ်၍လား မသိ၊ ကျွန်မ၏ မြွေသည် အခန်းထဲမှ ပျောက်သွားလျှင်လည်း ခဏသာဖြစ်ပြီးနောက် တစ်ရက်နှစ်ရက်ကြာလျှင် မမျှော်လင့်ဘဲ ပြန်တွေ့ရသည်သာဖြစ်၏။ တစ်ခုတော့ရှိသည်။ ကျွန်မ ခုတင်ပေါ်တော့ ဘယ်တော့မှ တက်မလာဖူးပါ။ မြွေသည် နှစ်ပေကျော် ရှည်လျားပြီး ကျွန်မ၏ ခုတင်တိုင်သည် အုတ်ခဲသုံးဆင့် မပါဘဲဆိုလျှင် နှစ်ပေခန့်သာ မြင့်၏။ လိမ်ပတ်လျက်တက်မည်ဆိုလျှင် မြွေအဖို့ မဖြစ်နိုင်စရာ မရှိချေ။

ထိုအတောအတွင်း အမေ့ကို အိပ်မက် မက်ပြန်သောအခါ ဟိုတုန်းကလို ညအိပ်မက်မဟုတ်ဘဲ နေ့လယ်အိပ်မက် ဖြစ်နေ၏။ ယခင်အကြိမ်လို ပြတ်ပြတ်သားသားကြီးလည်း မဟုတ်။ အမေ ဘာဝတ်စုံ ဝတ်ထားမှန်းပင် မသိပါ။

အမေ ဝေဒနာခံစားနေရသော နောက်ဆုံးနေ့ရက်များထဲက တစ်ရက်၏ ပုံတူတစ်ခုမှန်း သိရသည်။

အမေ့ဆံပင်များ ဖရိုဖရဲကျနေသည်။ အမေသည် ခေါင်းအုံးသုံးလုံး ဆင့်ထားသော အမြင့်ပေါ်မှ မျက်နှာမှောက်ချလျက် မောပန်းစွာ ကြိုးစားအသက်ရှူနေပြီး ကျွန်မက အမေ့ဘေးမှာ ထိုင်လျက် အမေမသိအောင် တိတ်တိတ်လေး ငိုနေခဲ့သည်။

"မောလွန်းလို့ပါ သမီးရယ်" ...တဲ့။

အမေ၏ ဝေဒနာခံစားနေရသော မျက်နှာ၊ ပြာနှမ်းနေသော နှုတ်ခမ်းများ၊ ပိန်ကပ်သော ရင်အုပ်၏ ဖိုလှိုက်ဖိုလှိုက် အသက်ရှူနေရသော မချိတင်ကဲ ခံစားမှု၊ ပါးစပ်နှင့် နှာခေါင်းအတွင်းမှ စိမ့်စိမ့် စီးယိုကျလာသော အရည်များ...၊ ဘုရား ဘုရား...ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



မချိမဆန့် ခံစားနေရသော အမေ့ဝေဒနာများ သက်သာအောင် ကျွန်မ ဘယ်လိုမျှ မတတ်နိုင်ခဲ့ပါလား။

ကျွန်မက အမေ့ပါးစပ်နှင့် နှာခေါင်းမှ သွားရည်များ၊ နှာရည်များကို လက်ကိုင်ပဝါဖြင့် သုတ်ပေးသောအခါ အမေက ဒေါသတကြီး လက်ဖြင့်ပုတ်ချခဲ့၏။ မောလွန်းလို့ဟု အသက်မဝတဝ ရှူရှိုက်ရင်း ညည်းခဲ့သည်။ ကျွန်မကို အားကိုးသလို မော့မော့ကြည့်သည့် အမေ့မျက်လုံးများကို ကျွန်မ ရင်မဆိုင်ရက်စွာ ငေးကြည့်နေခဲ့ရ၏။

အမေ့ကို သနားလိုက်တာ...။

ကျွန်မသည် အာခေါင်ကို ခြစ်၍ တအားအော်ငိုပစ်လိုက်ချင်စိတ်ဖြင့် လန့်နိုးလာသောအခါ လက်သီးနှစ်ဖက် တင်းကျပ်စွာ ဆုပ်ထားမိကြောင်း သိလိုက်ရသည်။ ကျွန်မ၏မျက်လုံးမှာ မျက်ရည်များ စိမ့်အိုင်လာလေသည်။

အိပ်ရာမှ ချက်ချင်းထထိုင်လိုက်သော်လည်း မျက်ရည်များကို မည်သို့မျှ ထိန်းချုပ်နိုင်စွမ်း မရှိတော့ချေ။

အတန်းတင်စာမေးပွဲ ဖြေဆိုခါနီးတွင် ဝမ်းနည်းကြောက်လန့်ဖွယ်ရာများကို အတတ်နိုင်ဆုံးမေ့ထားချင်သည်။ အိပ်မက်ဆိုးများ မမက်အောင် ကျွန်မ ဘယ်လိုတတ်နိုင်မှာပါလိမ့်။

ထိုအခါ ခန္ဓသုတ်နှင့်တစ်ဆက်တည်း မေတ္တာသုတ်ကိုပါ ရွတ်ဖတ်မိပါသည်။

မေတ္တာသုတ်၏ အာနုဘော်ကြောင့် စိတ်ချမ်းသာစွာ အိပ်ရ၏။ အိပ်ပျော်သော်လည်း တစ်စုံတစ်ခုသော မကောင်းသောအိပ်မက်ကို မမြင်မက်ဟု အဆိုရှိပါသည်။ ထို့ကြောင့်...





"သုခံ သုပတိ သုတ္တောစ၊ ပါပံ ကိဉ္စိ နပဿတိ"

ဟူသော ပါဠိတော်ကို ကျွန်မယုံကြည်အားကိုးပါသည်။

"ဒိဋ္ဌာဝါယေဝ အဒိဋ္ဌာ၊ ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ၊ ဘူတာဝ သမ္ဘာဝေသီဝ။ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"

ဟု ကျွန်မတို့၏ မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့အား အလုံးစုံမကျန်အောင် မေတ္တာထားနိုင်တော်မူလေသည်။

"မြင်အပ်ကုန်သော အကြင်သတ္တဝါတို့သည်လည်းကောင်း၊ မမြင်အပ်ကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အဝေး၌ နေကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ မနီးမဝေး၌ နေကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ဖြစ်ပြီးသော သတ္တဝါတို့သည်လည်းကောင်း၊ နောင်ဖြစ်လတ္တံ့သော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ် ရှိကြသည်ဖြစ်ပါစေသတည်း။"

ဤမေတ္တာသုတ်ဖြင့် ကျွန်မ၏အိပ်မက်များအတွင်းမှ အမေ့ကို ရက်စက်စွာ ပစ်ပယ်နှင်ထုတ်ရာ ကျနေပြီလားဟု ယခုတိုင် တအံ့နွေးနွေး စိတ်ဆင်းရဲလျက် ရှိသော်လည်း ထိုရက်များကတော့ ကျွန်မသည် အိပ်မက်မက်ဖို့ကိုလည်းကောင်း၊ အိပ်ပျော်သွားမှာကိုလည်းကောင်း အလွန်တုန်လှုပ်ကြောက်လန့်ခဲ့သည်ကို မကွယ်မဝှက် ဝန်ခံရပါမည်။

(ငါး)

သည်လိုနှင့် ကျွန်မတစ်သက်တွင် ဘယ်တော့မှ မေ့မရနိုင်သော နေ့တစ်နေ့သို့ ရောက်ခဲ့တော့သည်။ ထိုနေ့သည် စာမေးပွဲဖြေရန် နှစ်ရက်သာ လိုတော့သော နေ့တစ်နေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များဆီက ထမင်းစားခန်းသွားလျှင်သော်လည်းကောင်း၊ ရေချိုးခန်းသွားလျှင်သော်လည်းကောင်း ကျွန်မ၏ အခန်းတံခါးကို သော့ချိတ်ရုံ ချိတ်ပြီးမှ သွားလေ့ရှိပါသည်။ သော့ချိတ်ထားသော အခန်းတံခါးကို အသိမပေးဘဲ ဖွင့်ဝင်ရလောက်အောင် ရင်းနှီးသည့် သူငယ်ချင်းမျိုး ကျွန်မ၌ မရှိပါ။ ကျွန်မအခန်းထဲမှ တစ်စုံတစ်ခု သူတို့ လိုချင်လျှင်လည်း ကျွန်မကို စောင့်ပြီးမှ တောင့်ယူလေ့ ရှိပါသည်။

ထိုနေ့ကတော့ ကျွန်မ အတွက် တယ်လီဖုန်း လာကြောင်း အဆောင်မှူး အခန်း ဘေးမှ သူငယ်ချင်းက လာပြောသည်။ အဆောင်ကျောင်းသူများအတွက် သံကြိုးစာ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးကိရိယာများသည် မလိုလားအပ်သော ထိတ်လန့်ချောက်ချားဖွယ်ရာများ ဖြစ်ကြသည်။ အထူးသဖြင့် ကျွန်မအတွက် နှလုံးသွေးပျက်လုမတတ် ကြောက်လန့်စရာဖြစ်ခဲ့သည်။ (အမေ အသည်းအသန်ဖြစ်နေသော သတင်းကို ကျွန်မသည် တယ်လီဖုန်းမှတစ်ဆင့် နားထောင်ရခြင်း ဖြစ်ပါသည်။)

တယ်လီဖုန်း ဟူသောအသံကြောင့် တုန်လှုပ်ချောက်ချားစွာ ဘုရားတလွှတ်လျက် အဆောင်မှူးအခန်းကို သွားခဲ့ရသည်။ စကားပြောခွက်ကို ကိုင်လိုက်သော ကျွန်မ၏ လက်မှာ တဆတ်ဆတ် တုန်နေသည်ကိုပင် ကျွန်မ မှတ်မိသည်။

ကျွန်မထင်သလို ကျွန်မအတွက် သတင်းဆိုးမဟုတ်ခဲ့ပါ။

ကျွန်မထံသို့ အိမ်မှပို့လိုက်သော ငွေကို ကားဂိတ်တွင် မှတ်ပုံတင် ပြ၍ လာထုတ်ရန် အကြောင်းကြားခြင်းသာ ဖြစ်သည်။ ကျွန်မ အခန်းထဲမှ ထွက်သွားချိန်မှ အဆောင်မှူးအခန်းထဲ၌ တယ်လီဖုန်း





ပြောပြီး ပြန်လာချိန်အထိမှာ ခန့်မှန်းခြေ ဆယ်မိနစ်သာ ကြာပါလိမ့်မည်။

ထိုမျှလောက်သော အချိန်ကာလအတွင်းမှာ အဖြစ်အပျက်တို့ လျင်မြန်စွာ ဖြစ်သွားခဲ့သည်။

အဆောင်မှူးအခန်းရှိရာ အပေါ်ထပ်လှေကားမှ ဆင်းလာပြီးနောက် ကျွန်မတို့အခန်းများဘက်သို့ သွားသော စကြံ့ထောင့်ချိုးသို့ ကျွန်မရောက်ချိန်တွင်ပင် စကြံတစ်လျှောက် အော်ဟစ် ပြေးလွှားသံများကို စ၍ ကြားရပါသည်။ ကျောင်းသူတစ်ယောက် မှတ်စုစာအုပ်တစ်အုပ်ကို ကိုင်လျက်သား တခြားသူများနှင့် ဆန့်ကျင်စွာ ကျွန်မရှိရာသို့ ပြေးလာ၏။

“နုနုရေ…နုနု”

ထိုသူငယ်ချင်းမှာ ကျွန်မ၏ သည်ဘက် ကပ်လျက် အခန်းမှ အေးအေးခိုင် ဖြစ်သည်။

“မလာနဲ့ဦး…အဲဒီမှာနေ၊ နင့်အခန်းထဲမှာ မြွေကြီးတဲ့”

ဘုရား…ဘုရား။

ကျွန်မသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဆွံ့အသွားလေသည်။ ကျွန်မ၏ မြွေ…ဟုတ်သားပဲ။ ကျွန်မ သော့မချိတ်နိုင်ဘဲ ကမန်းကတန်းထွက်လာခဲ့ခြင်းပါလား။ မြွေကို တစ်ယောက်ယောက် တွေ့သွားပေပြီ။

“စန်းရီ…အဲဒီဘက် မသွားနဲ့ဦး၊ မြွေတွေ့နေလို့”

ကျွန်မအနီးမှ ဖြတ်သွားမည့် တစ်ယောက်ကိုလည်း အေးအေးခိုင်က လှမ်းဆွဲ၏။

“ဟယ်…ဘယ်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ရုတ်တရက် သူတို့အနားမှ ပြေးထွက်ခဲ့သည်။ ကျွန်မအခန်းသည် အဆောင်၏ ဟိုဘက်စွန်း ထောင့်ချိုးတွင် ရှိပါသည်။ အခန်းဆီသို့ အလောတကြီးပြေးသွားစဉ် ကျွန်မ လှမ်းမြင်ရသမျှမှာ အခန်းဘေး၌ စုပြုံရပ်နေကြသော ကျောင်းသူ လေးငါးယောက်ခန့်၊ နောက်ပြီး အခန်းထဲသို့ သတိအနေအထားဖြင့် ဝင်သွားသော အဆောင်စောင့် ဦးလေးကြီး။

ဘုရားရေ…ဦးလေးအုန်းလက်ထဲက ဘာပစ္စည်းပါလိမ့်။

ကျွန်မ၏ အခန်းဆီသို့ ဘယ်လိုခြေလှမ်းမျိုးဖြင့် ရောက်လာမှန်းပင် မသိလိုက်တော့ပါ။

"ခဏနေကြပါဦး၊ ခဏလေး…"

ကျွန်မ၏ တားမြစ်သံမှာ အခန်းထဲမှ အာမေဋိတ်သံမျိုးစုံအောက်တွင် နစ်မြုပ်သွားသည်။ အပေါက်ဝမှာ စုပြုံနေသော မိန်းကလေး တချို့ ဝေါခနဲ အပြင်ပြန်ပြေးထွက်လာ၏။ အလန့်တကြား ပြန်ထွက်လာသော ကျောင်းသူတစ်ယောက်လက်ထဲမှာ အုတ်ခဲကျိုး တစ်ခု ကိုင်ထားသည်။

အခန်းထဲမှာ ဘာတွေဖြစ်ကုန်ကြပြီလဲ။

အခန်းထဲသို့ ကျွန်မ ချက်ချင်းဝင်၍မရပါ။ တံခါးဝတွင် အပြင်ပြန်ထွက်လာသော ကျောင်းသူနှစ်ယောက်နှင့် ရင်ဆိုင်တိုးနေသောကြောင့် ဖြစ်ပါသည်။

"ဟဲ့…မဝင်နဲ့လေ နုနုရဲ့၊ မြွေကြီးက ပါးပျဉ်းကြီး ထောင်လို့ မသေသေးဘူး"

မြတ်စွာဘုရား…။ လက်ကို လာဆွဲသော တစ်ယောက်ယောက်ကို ကျွန်မ တွန်းလွှတ်ပစ်လိုက်၏။





အမယ်လေး…ကျွန်မတစ်ကိုယ်လုံးရှိ သွေးကြောများ တစ်ပြိုင်တည်း ဆူပွက်သွားသလို ပြင်းပြသော ပူလောင်မှုကို ခံစားလိုက်ရသည်။ ဦးလေးအုန်းကဲ အခန်းအလယ်တွင် မတ်တတ်ရပ်လျက်၊ ကျန်သော မိန်းမများက ခုတင်နှစ်ခုပေါ်တွင် သတိအနေအထားဖြင့် မတ်တတ်ရပ်ရင်း စောင့်ကြည့်လျက်၊ သမံတလင်းပေါ်တွင်တော့ ကျွန်မ၏ မြွေသည် တွန့်လိမ်လျက်ရှိသည်။ ဦးလေးအုန်းက လက်ထဲမှ သံတူရွင်းဖြင့် ရိုက်ချရန် လက်အမြှောက်…

"မလုပ်နဲ့…"

ရှိသမျှအသံကို စုစည်းခြစ်ခြုတ်လျက် ကျွန်မအော်ဟစ်လိုက်ပါသည်။ ကျွန်မအသံကို လန့်သွားသလို အဘိုးကြီးလက်က တန့်သွားသည်။

ထို့နောက် ကျွန်မကို တအံ့တဩလှမ်းကြည့်၏။

"ဘာဖြစ်လို့လဲ မိန်းကလေးရဲ့၊ ဒါ အဆိပ်ရှိတဲ့ မြွေ"

"ဟင့်အင်း…မသတ်ရဘူး"

ဘာဖြစ်လို့လဲဆိုတာ ဘယ်သူ့ကိုမှ ကျွန်မဖွင့်မပြောနိုင်ပါ။

ဦးလေးအုန်းက တအံ့တဩလှမ်းကြည့်ရာမှ နောက်ဆုတ်သွားသည်။ မြှောက်ထားသော လက်ကို (မချချင် ချချင်) ပြန်ချလိုက်သည်။ ကျွန်မသည် ဆောက်တည်ရာမဲ့ တဆတ်ဆတ်ယိမ်းယိုင်နေသော ခြေအစုံဖြင့် မြွေရှိရာသို့ မရဲတရဲ တစ်လှမ်းတိုးသွားမိပါသည်။ တစ်ကိုယ်လုံးရှိ အားအင်များ ရုတ်ခြည်းဆုတ်ယုတ်သွား၏။

မြေခေါင်းတစ်ဝိုက်တွင် သွေးစသွေးနများ ပေကျံနေပြီး ယေးငယ်သော ပါးပျဉ်းကိုပင် ကြီးစားထောင်မတ်၍ မရတော့ပါ။ မြွေ



www.burmeseclassic.com

www.burmeseclassic.com



သည် ပက်လက်လန်သွားလိုက်၊ မှောက်သွားလိုက်၊ ဟိုဘက် သည်ဘက် လူးလွန့်၍ တွန့်လိမ့်နေသည်။ မသေမရှင် ဖျပ်ဖျပ်လူး ဝေဒနာ ခံစားနေရသော မြွေတစ်ကောင်ကို ကျ ပထမဆုံးအကြိမ် စောင့်ကြည့်ဖူးခြင်း ဖြစ်ပါသည်။

"နင်ကလဲ မကြောင်စမ်းပါနဲ့၊ အခုအတိုင်းထားမှ မြွေက နာနေတော့ ပိုပြီး အန္တရာယ်ပေးမှာ"

"အေးလေ…နုနုကလဲ"

မဟုတ်ဘူး။ ကျွန်မ၏ မြွေသည် မည်သူ့ကိုမျှ အန္တရာယ်ပေးနိုင်တော့မှာ မဟုတ်။ ယခုပင် ဆန့်ငင်ဆန့်ငင် တွန့်လိမ်နေပြီ မဟုတ်လား။ လူသည်လည်းကောင်း၊ မြွေသည်လည်းကောင်း ဝေဒနာကို ခံစားရာတွင် အတူတူနာကျင်ကြသည်သာဖြစ်ကြောင်း ကျွန်မ မေ့လျော့ထား၍ မရပါ။ အထူးသဖြင့်…

ကျွန်မ မြွေကို မကြည့်ရက်လွန်း၍ မျက်နှာလွှဲမည်ပြုစဉ် မြွေက ဆတ်ခနဲ တစ်ချက်တွန့်လိမ်ပြီး ကျွန်မရှိရာ အခန်းပေါက်ဝဆီသို့ တွားစင်း၍ လျှောတိုးလာသည်။ သံတူရွှင်း၏ အန္တရာယ်မှ ကာကွယ်ပေးရန် ကျွန်မဆီသို့ အားကိုးတကြီး ကြိုးစားလာနေခြင်း များလားဟုပင် ကျွန်မထင်သွားပါသည်။

"ဟဲ့…မိန်းကလေး၊ ဖယ်…ဖယ်"

ကျွန်မသည် မိုက်မဲစွာပင် နေရာမှ မရွေ့ဘဲ ပေကတ်နေလိုက်သည်။ ကျွန်မ၏ မျက်လုံးအစုံတွင် မြွေကို ထင်ရှားစွာ မမြင်ရတော့ပါ။ မျက်ရည်များဖြင့် ဝေဝါးလာသောကြောင့် ဖြစ်ပါသည်။

"ကဲ…နုနု၊ မထူးတော့ပါဘူးဟယ်၊ သေမှာအတူတူ တစ်ချက်





တည်း ရိုက်သတ်ပစ်လိုက်တာ မကောင်းဘူးလား၊ နင် အဲလိုသွေးကြောင်မနေနဲ့၊ ထွက်…ထွက်၊ အပြင်ထွက်"

ဘယ်သူမှန်း မသိ တစ်စုံတစ်ယောက်က အခန်းအပြင်မှ ဆွဲခေါ်သောအခါ ကျွန်မအကြောက်အကန် မရုန်းမိတော့ပါ။ ဆိတ်ဆိတ်နေ ဝန်ခံခြင်း သဘောတရားဖြင့် သူတို့ ကျွန်မထံမှ ခွင့်ပြုသော သတ်မိန့်ကို ရပြီဟု ထင်ကြဟန်တူပါသည်။

ကျွန်မအခန်းပြင် ရောက်ရောက်ချင်း အခန်းထဲမှ အမာခံချင်း ရိုက်ခတ်မိသံ ခွပ်ခနဲတစ်ချက်သာ ကြားလိုက်ရပါသည်။ ထိုအသံသည် ချွန်မြသော လက်နက်တစ်ခုသဖွယ် ကျွန်မ၏ ရင်ညွန့်ဆီသို့ နာကျင်စွာ စူးစူးရှားရှား ဝင်ရောက်သွားလေသည်။ ထို့နောက် ပတ်ဝန်းကျင်သည် စကားပြောသံတစ်ခုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ကျွန်မ၏ ဝမ်းဗိုက်ဆီမှ တစ်ချက်ထိုးဆောင့်၍ နာကျင်မှုသည် တဖြည်းဖြည်း လိပ်၍တက်လာသည်။ ထိုနာကျင်မှုသည် ကျပ်ခဲသော အော်ဂလီဆန်မှုအဖြစ် လည်ချောင်းဆီသို့ ချက်ချင်းဆို့တက်လာသည်။ တစ်ချိန်တည်းမှာပင် နားအစုံမှ လေများ တဝီဝီအပြင်ထွက်နေ၏။ မျက်လုံးများ မှုန်မိုက်ပြာဝေသွားရာမှ မှောင်ကျသွားတော့သည်။

သို့သော် ကျွန်မ သတိလစ်မသွားပါ။

ကျွန်မအနီးမှ လူများ အဝေးသို့ ရှဲသွားသည်ကိုလည်းကောင်း၊ ဦးလေးအုန်း၏ သစ်သားခုံဖိနပ်သံ ကခွပ်ခွပ် အခန်းတွင်းမှ ထွက်သွားသည်ကိုလည်းကောင်း ကြားနေရပါသည်။

ထို့နောက် ကျွန်မသည် ဗိုက်ကို လက်ဖြင့် တအားဖိနှိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရင်း ကော်ရစ်ဒါသမံတလင်းအစွန်းသို့ မမြင်မကန်း စမ်းလျှောက်သွားပြီး အဝတ်ကြိုးတန်းကို ထိန်းကိုင်လိုက်ရ၏။ ထို့နောက် မူးဝေစွာ တစ်ချက်အန်လိုက်ရလေသည်။

ကျွန်မအနားသို့ သူငယ်ချင်းများ ဝိုင်းအုံလာကြ၏။

ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား...မေးခွန်းများကို အန်နေရင်းဆဲဆဲမှ ခေါင်းယမ်း၍ ငြင်းလိုက်ရပါသည်။ ထို့နောက် သစ်သားတိုင်ကို မှီလျက် နှာရည်များ၊ မျက်ရည်များ စီးကျလာသည်ကို အင်္ကျီလက်ဖြင့် စုသုတ်ပစ်လိုက်သည်။

ခပ်ဝေးဝေးဆီမှာ ခုံဖိနပ်သံ တခွပ်ခွပ်ကို သဲ့သဲ့ကြားနေရသေးသည်။ အဘိုးကြီးသည် ကျွန်မ၏ မြွေကို တန်းလန်းဆွဲလျက် သူ့တဲအိမ်ကလေးရှိရာသို့ လျှောက်သွားနေပါလိမ့်မည်။

ထို့နောက်...။

ကျွန်မအခန်းသမံတလင်းပေါ်မှ သွေးကွက်နှစ်ကွက်သည်သာ ကျွန်မကို ညပေါင်းများစွာ ခြောက်လှန့်ဖို့သက်သက် စွန်းထင်းကျန်ရစ်ခဲ့တော့သည်။

ထိုအချိန်မှစ၍ ကျွန်မ၏ အိပ်မက်ထဲတွင် အမေမပါတော့သည်ကိုလည်းကောင်း၊ ကျွန်မအခန်းထဲသို့ မည်သည့်မြွေအမျိုးအစားမှ ဝင်မလာတော့သည်ကိုလည်းကောင်း ဝမ်းနည်းစွာအသိအမှတ်ပြုလိုက်ရပါသည်။

[၁၉၈၈ ခု၊ မတ်လ၊ ပေဖူးလွှာမဂ္ဂဇင်း]

○



## မီးလျှံညက်

အောက်ဆုံးလှေကားထစ်ကို စတင်တက်မိချိန်မှစ၍ သူမရင်ထဲတွင် ကြီးစွာသော အမှားတစ်ရပ် ကျူးလွန်ပြီးသူသဖွယ် လေးပင်စွာ နာကျင်သွားသည်။ အမှန်မှာ သူမသည် အမှားတစ်ရပ်ကိုကျူးလွန်ပြီးသူ မဟုတ်ဘဲ ကျူးလွန်ခါနီးဆဲဆဲ အခြေအနေတွင်သာ ရှိသေးသည်။ နောက်ပြန်ဆုတ်၍ ရနိုင်သေးသည်။ အတင်းအဓမ္မခေါ်ဆောင်မည့်သူ မရှိပါဘဲလျက် သူမသည် လှေကားကို တစ်ထစ်ချင်း ရေတွက်၍ လာခဲ့သည်။ အပေါ်မှာ သူရှိသည်။

လှေကားထစ်ပေါင်း ဆယ့်သုံးထစ်ရှိနေသည်မှာ အံ့ဩဖို့မလိုအပ်ပါ။ သူမသည် အပေါ်ဆုံး လှေကားထစ်ကို ရောက်သောအခါ တုံ့ခနဲ ရပ်ပစ်လိုက်၏။ ဤနေရာမှ လက်ယာဘက်သို့ ကွေ့၍ ခြေလှမ်းများကို ရေတွက်သော် နှစ်ဆယ့်ကိုးလှမ်း အကွာအဝေးသည် သူ့အခန်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ညမွေးပန်းများနှင့် ယုဇနပန်းများ ထူးကဲစွာ ရနံ့မွှေးပျံ့လာချိန် ဖြစ်သည်။ အပြင်တွင် လ သာမနေပါ။ မိုးသားအုံ့ဆိုင်းသော လဆုတ်ရက် ဖြစ်သောကြောင့် မှောင်မိုက်နေသည်. မသွားနဲ့ဟု တစ်စုံတစ်ယောက်က တားမြစ်လိုက်ဖို့ကောင်းသည်။ သူမ စဉ်းစားနေ၏။ ယခုအချိန်တွင် သူမကို ချုပ်ကိုင်ထားရန် တစ်စုံတစ်ယောက် အမှန်တကယ် လိုအပ်ပါသည်။ ယခုတော့ သူမသည် ပဝါစလေးတစ်ခုကဲ့သို့ သူ့ဆီ လွင့်လာ၏။ သူအခန်းထဲမှာ ရှိနေမည်။

သူ့အကြောင်း တွေးရုံမျှဖြင့် သည်မျှ ရင်မှာ ထိခတ်သွားဖို့ မကောင်းပါ။ သူမခြေဖျားများပင် တုန်ယင်နေကြပြီး ရင်တလှပ်လှပ် ခုန်လာသည်။ သူမ ခွာမြင့်ဖိနပ်သည် ပျဉ်ခင်းကြမ်းပြင်တွင် အသံကျယ်လောင်လွန်းလှသဖြင့် သူမ ငုံ့၍ချွတ်လိုက်သည်။ ထို့နောက် ဖိနပ်ကို လက်က စုပြုံကိုင်လျက် ခြေဖျားအသာထောက်ကာ တိတ်တဆိတ်လျှောက်လာခဲ့၏။ သူမ ခြေလှမ်းများ ယိမ်းယိုင်နေပါသည်။ ဤကဲ့သို့ပင် ဖြစ်ရပေမည်။

အခန်းတံခါးကို စေ့ရုံစေ့ထားမှာပါ။ သူမသည် အခန်းရှေ့တွင် မောလျစွာ မတ်မတ်ရပ်သည်။ တံခါးခေါက်ရမှာလား။ တကယ်ဆို သူတံခါးဖွင့်၍ကြိုနေသင့်သည်ဟု စိတ်ကတွေးဆဲ လက်က တံခါးကို သတိကြီးစွာထား၍ တွန်းဖွင့်ဝင်သွားသည်။ ပက်လက်ကုလားထိုင်မှာ လဲလျောင်းနေသော သူ့ကို သူမ စိုက်စိုက်ကြည့်နေမိသည်။ သူသည် စောင့်မှန်းမသိစေရသော ပြင်ဆင်မှုဖြင့် စောင့်နေခဲ့လေသည်။ သူ သူမကို ပြုံးမပြပါ။ (သူမတို့နှစ်ဦးကြားတွင် လောကဝတ်များဖြစ်သော ပြုံးပြခြင်းမျိုး မလိုအပ်တော့ပါ။) သူ





သူမကို စူးစိုက်ကြည့်နေသည်။ သူမသည် စိတ်ထဲတွင် မတင်မကျဖြစ်၍ အခန်းဝတွင် ကျောက်ရုပ်တစ်ခုလို မတ်မတ်ရပ်နေမိသည်။ ဘာလဲ... သူ့လာပြီး ကြိုဆိုရမှာပေါ့။ သူ့အခန်းကို သူမ လာခဲ့ရသည် မဟုတ်လား။

သူမ ယခုအချိန်မှာ ပြန်သွားသင့်သည်။ သူ့ကို ခပ်စူးစူး ကြည့်၍ ပေကတ်ကတ်ရပ်နေသောအခါ သူ မနေသာတော့၊ ကုလားထိုင်မှ ထလာခဲ့သည်။ ပြီး သူမထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ထို့နောက် သူမရှေ့တွင် မတ်မတ်ရပ်လိုက်၏။ သူမ ကိုင်ထားသော ခွာမြင့်ဖိနပ်ကလေးအောက်သို့ အသံကျယ်လောင်စွာ မြည်လျက် လွတ်ကျသွားသည်။ သူမ ရင်တုန်သွား၏။ ယခင်နေ့ရက်များက သူမသည် သူ့ကို ရွယ်တူလူငယ်ကလေး တစ်ယောက်အဖြစ်သာ မြင်ခဲ့သည်။ ယခုတော့ သူသည် သူမအတွက် ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပြီ။ သူမ ဘာလုပ်ရမှန်းမသိသော အချိန်တွင် ပြုလုပ်လေ့ရှိသော လက်ဖျားအချင်းချင်း စုကိုင်ဆုပ်ထွေးခြင်းကို ယခု သူမပြုလုပ်မိပြန်သည်။ သူမ ရှက်နေတာ ဖြစ်နိုင်၏။ အမှန်က တယ်လီဖုန်းကလေးနှင့် လှမ်းဆက်ပြီး သူမကို လာခေါ်ခိုင်းဖို့ကောင်းသည်ဟု စဉ်းစားမိပြန်သည်။ ကံဆိုးသည်မှာ ယခုအချိန်အထိ သူ သူမကို ပြုံးမကြည့်သေးခြင်းပင်ဖြစ်သည်။ သူကများ ပြုံးကြည့်လိုက်လျှင် သူမ ချက်ချင်း ပြန်ထွက်ပြေးရန် အဆင်သင့်ရှိသည်။

"လာလေ...ကိုယ် အခုပဲ မင်းအကြောင်း တွေးနေတယ်"

သူမ၏ လက်တစ်ဖက်ကို အသာအယာဆွဲကိုင်ရင်း ခပ်တည်တည် ပြောသောအခါ ယခင် သူမ ချစ်ခဲ့ဖူးသော လူငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘဲ ပြည့်စုံစွာ အရွယ်ရောက်ပြီးသော ယောကျ်ားတစ်ယောက် ဖြစ်သွားပြန်သည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ"

သူမ မောနေသည်။ တော်တော်နှင့် အသံမထွက်လာ။

"ဆိုင်မှာ လူမပြတ်လို့"

နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရမှာ ခက်နေသလို ရှိသည်။ သူက သူမလက်မှာ ဝတ်ထားသော လက်စွပ်ကလေးကို မလိုတမာကြည့်နေစဉ်တွင် သူမက နံရံတွင် ချိတ်ထားသော သူ့အင်္ကျီများကို လှမ်းရေတွက်နေမိသည်။ အပြာရင့်ရောင် စပို့ရှပ်လက်တိုကို မြင်သောအခါ သူမ ရုတ်ခြည်း မျက်နှာလွှဲပစ်လိုက်သည်။ ဤအင်္ကျီသည် သူ၏ များပြားလှစွာသော ရည်းစားများထဲမှ တစ်ယောက်က လက်ဆောင်ပေးခဲ့သောအင်္ကျီ ဖြစ်သည်။ သူဤအင်္ကျီကို ဝတ်တိုင်း သို့မဟုတ် မြင်ရတိုင်း သူ့ရည်းစားဟောင်းကို သတိရလေသလား။

ဤကိစ္စသည် သိပ်အရေးမကြီးပါ။ အရေးကြီးသည်မှာ ဤအခြေအနေကို အောင်မြင်စွာလွန်မြောက်သွားဖို့ပဲ ဖြစ်သည်။ သူမ ခဏသာ နေမည်၊ ပြီးတော့ ပြန်လိုက်ပို့ခိုင်းသည်။ အပြန်မှာ ဆီချက်ခေါက်ဆွဲ ဝင်စားမည်။ အချိန်သိပ်မရဘူး။ ပြန်ပို့နော်။ လမ်းကျမှ စက်ဘီးနင်းရင်း စကားပြောရအောင်ဟု သူ့ကို ချော့ရမည်။ သူကများ စိတ်ဆိုးဦးမလား။ တကယ်တော့ သူမတို့နှစ်ဦး ပြန်လည် ဆုံတွေ့သည်မှာ လပိုင်းသာ ရှိသေးသည်။

"လာဦး...မင်းကို ကိုယ်ပြစရာတစ်ခု ရှိတယ်"





သူက လက်ကိုဆွဲခေါ်သောအခါ သူမ အနည်းငယ်ရှန်းကြည့်သည်။ သူ ဖျတ်ခနဲ လှည့်ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်သောကြောင့် သူမ ဘာမှမစဉ်းစားတော့ဘဲ သူခေါ်ရာသို့ လိုက်သွားတော့သည်။

သူ့ခုတင်သည် အိပ်ရာဖုံးအပြည့်နှင့် ဖြစ်သည်။ သူဟာ အပြာရောင်ကို သိပ်ကြိုက်တာပါပဲဟု ကျောင်းနေစဉ်ကတည်းက သိထားခဲ့ဖူးသည်။ ယခု အိပ်ရာဖုံးမှာ အစိမ်းနုရောင် ပန်းပွင့်ဒီဇိုင်း ဖြစ်၏။ အင်းလေ...ငါးနှစ်ဆိုတာ လူငယ်တစ်ယောက်ကိုလူကြီးဖြစ်လာဖို့၊ နောက်ပြီး အများကြီး ပြောင်းလဲလာဖို့ လုံလောက်တဲ့ အချိန်တွေပဲ။ သူ့ခုတင်သည် သူ့ခုတင်နှင့်မတူစွာ သန့်ရှင်းနေသည်။ သူမ ဟိုတုန်းက သိခဲ့သောသူသည် အင်မတန်ညစ်ပတ်သည်၊ သူ့အိပ်ရာ ခြင်ထောင်တို့ကို ဘယ်တော့မျှ မခေါက်သိမ်းပါ။ သူနှင့် တစ်ခန်းတည်းနေ သူငယ်ချင်းသည် သူမ၏သူငယ်ချင်းဖြစ်သောကြောင့် သူ့အကြောင်းကို အကုန်ပြန်ပြောပြသည်။

"သူ့အတွင်းခံဘောင်းဘီက ခေါင်းအုံးအောက် ရောက်ချင်ရောက်နေတာ၊ ပုဆိုးဆို ဘယ်တော့မှ မခေါက်ဘူး၊ ခြင်ထောင်မိုးပေါ် ပစ်တင်ထားတာ၊ ခြင်ထောင်ကိုလဲ အမြဲတမ်း ချထားတာ၊ အဲဒီခြင်ထောင်ထဲမှာ ဘာတွေရှိလဲ မမေးနဲ့၊ ကျောင်းစာအုပ်လဲ ရှိတယ်၊ ဟိုစာအုပ် ဒီစာအုပ်လဲ ရှိတယ်၊ လုံးထွေးနေတဲ့ စောင်တွေ၊ အင်္ကျီတွေလဲ ရှိတယ်"

"ဘုရားရေ...ဒီလောက် ညစ်ပတ်တဲ့လူကို ငါယူလို့ဖြစ်ပါ့မလားဟယ်"ဟု သူမက မနောက်သာ နောက်သာ နောက်ပြောင်ခဲ့မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲ သူ့ဦးနှောက်ကလေးကို ကြိုက်တာပါဆို၊ ကျန်တာတွေ မေ့ထားပေါ့၊ သူ့ခေါင်းကလေးကိုပဲ ချစ်နေပေါ့"

"နင် သူနဲ့ ရရင် နင်တို့အခန်းကို ငါလာမလည်ဘူး၊ နင်ကလဲ ညစ်ပတ်ပတ်နဲ့ နှစ်ယောက်သား ဖြစ်ချင်တိုင်းဖြစ်နေမှာ"

ကဲ…အခုတော့ ကြည့်စမ်းပါဦး။ သူမတို့ တွက်ဆထားသလို ဘာမျှဖြစ်မလာပါလား။ သူနှင့်သူမလည်း တကယ့်သူစိမ်းပြင်ပြင် ဖြစ်နေဆဲ။ ငါးနှစ်ခန့် ကွဲကွာစဉ် သူမဘက်မှ တံတိုင်းတစ်ခု ခြားခဲ့ပြီ။ ထိုတံတိုင်းကို နှစ်ယောက်လုံး ဖြိုဖျက်ဖို့ ကြိုးစားမိလေ သလား။

"ဘာသောက်မလဲ"

သူ့အသံသည် ပုံမှန်အတိုင်းပဲ ဖြစ်သည်။ သူ ဟန်ဆောင်ကောင်းမှန်း သူမ လွန်ခဲ့သောကျောင်းသူဘဝကတည်းက သိထားသည်။

"ဘာရှိလို့လဲ"

"ဘီယာ"

"သွား…ဒါလောက် နံစော်ခါးသက်တာကြီး"

"မွှေးတာပါ"

ထိုခဏ၌ သူမ၏ တင်းကျပ်နေသော နှောင်တများ လျော့ပြေသွားသည်။ ဘာဖြစ်လဲ…ဘာဖြစ်လဲ။ သူ့ကို ငါသိပ်ချစ်တယ်လေ။ ဒါဟာ လုံလောက်တဲ့ အကြောင်းပဲပေါ့။ ခုတင်ပေါ်တွင် ထိုင်ချလိုက်စဉ် သူ့ဆံပင်တို့ မီးရောင်တစ်စွန်းတစ်စဖြင့် လက်ပနေသည်ကို မြတ်နိုးအားကြီးစွာ ငေးမောနေမိသည်။

"ပြန်မှ အဏ္ဏဝါမှာ အအေးဝင်သောက်ရအောင်လေ"





"ဟင်…မရောက်သေးဘူး၊ ပြန်စကားပြောပြီလား၊ မရဘူး၊ မပြန်ရဘူး၊ ကိုယ် မင်းကို လွမ်းနေတုန်း မင်းရောက်လာတာ မပြန်နဲ့တော့နော်"

"အို…ဘယ်ဖြစ်မှာလဲ"

သူ သူမကို လွမ်းသည်ဟု တစ်ခါမှမပြောခဲ့ဖူးပါ။ သူမ ရင်ထဲတွင် လှိုက်ခနဲ ဟာသွားသည်။ ဤခံစားချက်သည် တော်တော်ကလေး နူးညံ့ပါသည်။

သူက ဘာမျှပြန်မပြောဘဲ သူမမျက်နှာကို မှတ်မိအောင် ကျက်နေသလို အကြာကြီးစူးစိုက်ကြည့်နေသည်။ သူမမျက်လုံး၊ ပါးပြင်၊ နှာခေါင်း၊ ထို့နောက် နှုတ်ခမ်းကို ကြာမြင့်စွာ စိုက်ကြည့်နေ၏။

ဘာဖြစ်လို့ ဟိုတုန်းက ဒီလိုမကြည့်ခဲ့တာလဲ။

သူမရင်ထဲတွင် နှောင်တတို့ တင်းကျပ်လာပြန်သည်။ သူမ ထပြန်မှဖြစ်မည်။ အချိန်သည် ငါးနှစ်တောင် နောက်ကျသွားခဲ့ပြီ။ သူမ ထဟန်ပြင်လိုက်စဉ်တွင် သူက သူမအတွေးကို ရိပ်မိသလို ပခုံးနှစ်ဖက်မှ ဖိတွန်းထား၏။ သူမ ဆတ်ခနဲတုန်သွားသည်။

ကြည့်စမ်း…ဒါဟာ သေချာသူတစ်ယောက်၏ မျက်လုံးများပါလား။ သူမ ရောက်လာမည်ကို သူကြိုသိနေသည်။ သူမမှာ ရှိသည့် ဆန္ဒတို့ကို သူရိပ်မိနေပြီ။ သူမ မျက်နှာတစ်ခုလုံး ဖြန်းခနဲ နွေးပူသွားသည်။ ပြန်မှပဲ။ ဒီအတိုင်းဆိုရင်တော့ သူမတို့နှစ်ယောက်လုံး ဒုက္ခရောက်ကြတော့မှာပဲ။ နောက်ပြီး သူဟာ ယောကျ်ားလေးဖြစ်လျက်နဲ့ သူမဆီ မလာဘဲ သူမအလာကို စောင့်နေခဲ့တာ ဘယ်လောက် နာကြည်းဖို့ကောင်းသလဲ။ သူမသည် ကိုယ်ကို နောက်သို့ ရုန်းထွက်ရန် စဉ်းစား၏။ သို့သော် နောက်ကျသွားသည်။ လွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက သူမ တမ်းမက်ခဲ့ရသော သူ့နှုတ်ခမ်းသည် နှောင်တများစွာကိုလည်းကောင်း၊ နာကြည်းမှုများစွာကိုလည်းကောင်း၊ ရှက်ရွံ့မှုများစွာကိုလည်းကောင်း အရည်ပျော် ကုန်ဆုံးသွားစေသည်။

ထိုအခိုက်အချိန်တွင် သူမ ဘာကိုမျှ သတိမရတော့ပါ။ သူမအနီးတွင် လိပ်ပြာငယ်ကလေးပေါင်းများစွာ တောင်ပံခတ်နေသလို၊ တိမ်လိပ်များ တရိပ်ရိပ်ပြေးလွှားနေသလို နူးညံ့စွာ မူးယစ်မှုသည် တစ်ကိုယ်လုံးသို့ လျှင်မြန်စွာ ပျံ့နှံ့စိမ့်ဝင်သွားသည်။ သူ့နှုတ်ခမ်းပေါ်မှာပင် သူမ မေ့မျောသွားမတတ်ရှိသည်။ ဘယ်တော့မှ ပြန်မနိုးအောင် အိပ်ပစ်လိုက်ချင်သည်။ သူမ၏ အကြာကြီးနှစ်မျောမှုသည် တစ်စုံတစ်ခုသော အနှောင့်အယှက်ကြောင့် ပြန်လည်လွတ်မြောက်လာ၏။ အသံတစ်ခုဖြစ်သည်။ အခန်းအပြင်ဘက်က ဖြစ်နိုင်၏။ ပထမတွင် ခပ်တိုးတိုး၊ နောက် တဖြည်းဖြည်းကျယ်လောင်စွာ နီးကပ်လာသည်။

အို...သူမ ကြားနေကျအသံဖြစ်၏။ ဘီးတစ်ခုသည် ဝင်ရိုးပေါ်တွင် လည်ပတ်၍ ပျဉ်ခင်းကြမ်းပြင်ကို ပွတ်တိုက်ရွေ့လျားသံ၊ ဘီးလိမ့်သံ၊ ဝင်ရိုးမြည်သံ။ သူမနှုတ်ခမ်းများ အေးစက်တင်းခဲပြီးမှ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူမဦးနှောက်များကတော့ ဆွံ့ဆွက်သွား၏။ အလောတကြီး ရုန်းဖယ်လိုက်သည်။ သူက ဖွေ့ဖော်ထားရာမှ မလွှတ်သောကြောင့် တအားရုန်းထွက်လိုက်ရသည်။ သူ အံ့ဩသွားသည်။

"ဖယ်စမ်းပါ"





သူ နောက်တစ်ကြိမ် မပွေ့ဖက်မီ သူမ ခုတင်ပေါ်မှ ကမန်းကတန်း ဆင်းရပ်လိုက်သည်။

"အပြင်မှာ..."

သူ ဘာမျှ နားမလည်သလို မျက်နှာမျိုး ဖြစ်သည်။

"ဘာလဲ...ဘာလဲ"

"အပြင်မှာ တစ်ယောက်ယောက်..."

သူ 'ဝုန်း'ခနဲ ထရပ်သည်။ သူမ ပြေးထွက်မည့်ဟန် လုပ်တော့သူက ဖမ်းဆွဲထားသည်။

"နေ...၊ ကိုယ်သွားမယ်"

သူ အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့မှပင် ကြားရသော အသံကို မဖြစ်နိုင်ဘူးဟု ယုံကြည်သွား၏။ သူမရင်ထဲဝယ် မောကျပ်တစ်ဆို့သွားသည်။ သူမ ဘာလုပ်ရပါမလဲ။

"ဘာမှမရှိဘူး"

သူ ပြန်လှည့်လာသည်။ သူ့မျက်နှာသည် ဘာမျှနားမလည်သူ တစ်ဦးမျိုး ဖြစ်သည်။ အကျီရင်ဘတ်ကြယ်သီးများ ပြုတ်နေသော သူ့ကို ငေးမော၍ သူမ ကြောင်ရပ်နေ၏။

"ဘာကြားရလို့လဲ"

"မဖြစ်ဘူး၊ တို့ပြန်မှဖြစ်မယ်"

သူမအသံသည် ခြောက်သွေ့စွာ တိုးဝင်သွားသည်။ သူ စိတ်မရှည်စွာ ထပ်မေးပြန်သည်။

"ဘာကြားရလို့လဲ"

"ဘာမှ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘီးတပ်ကုလားထိုင်သံဟု မည်သို့ ပြောထွက်ပါမည်နည်း။

"ပြောလေ"

သူအတင်းဆုပ်ညှစ်ပစ်သောကြောင့် သူမလက်ကောက်ဝတ်ဝင် နာကျင်သွားသည်။

"ကိုကိုလားလို့"

"ဘာ..."

သူမ မှားသွားသည်။ သူ့ရှေ့၌ သည်နာမည်ကို သူမ မဖွင့်ဟမပြောသင့်ပါ။

"ဟိုဟာ...စိတ်ထင်တာပါ၊ တကယ် ဘာမှမကြားပါဘူး"

"ပြော...ဘာကြားသလဲလို့ မေးနေတယ်"

ဤခဏ၌ သူမ သူ့ကို တအားကြောက်သွားသည်။

"သူလေ...ကိုစိုးဦး၊ သူ့ကုလားထိုင်ရဲ့အသံကို ကြား...ကြားရသလားလို့"

သူသည် ကျယ်လောင်စွာ တက်ခေါက်ပစ်လိုက်သည်။ သူမ ရုတ်တရက် တုန်ခါသွား၏။ ပြန်မှဖြစ်မယ်ဟု နောက်တစ်ကြိမ် ပြောလိုသော်လည်း သူမ မပြောရဲပါ။

"ဒီလောက်တောင် မင်းယောကျ်ားကို တမ်းတနေရင် ဘာဖြစ်လို့ ငါ့ဆီ လာသေးလဲ"

"မဟုတ်ဘူး၊ မဟုတ်ပါဘူး"

"သွား... ပြန်"

သူအနည်းငယ်အင်အားသုံး၍ တွန်းဖယ်ပစ်လိုက်သောကြောင့် သူမ ခုတင်ဆောင်းသို့ ပြိုလဲသွားသည်။ ဝမ်းနည်းကြောက်လန့်၍





သူမ မျက်ရည်များ လျှံကျလာလေသည်။ ကိုကိုအိမ်မှာ ဘာဖြစ်လို့ပါလိမ့်ဟု သူမ စိုးရိမ်သလို၊ သူခံစားလိုက်ရမည့် ဒေါသနှင့်နောင်တကိုလည်း တွေးပူ၍ စိတ်မကောင်းဖြစ်သွားသည်။ ချက်ချင်း ပြန်ထ၍ သူ့ကို မော့ကြည့်သောအခါ သူ့မျက်ဝန်းများ လက်ပနေသည်။ မျက်ရည်ကြောင့်များလား။ သူမသည် ဘယ်အရာကိုမျှ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ခဲ့။ ယခုလည်း သူမ အလွန်အမင်းပြန်ချင်သည်ဟု ထင်သော်လည်း သူ့အနီးမှ ခြေလှမ်းတစ်လှမ်းမျှ မရွှေ့နိုင်ချေ။

ယခုအချိန်၌ ကိုကို့ကုလားထိုင်မှ ဘီးလိမ့်တွန်းရွှေ့သံကို သူမ မကြားယောင်တော့ပါ။ သူ့အနီးသို့ တစ်လှမ်းပိုတိုးလိုက်သောအခါ သူမသွေးကြောများ ပူရှိန်းသွားသည်။ သူက ရှပ်အင်္ကျီကြယ်သီးတို့ကို အလျှင်အမြန် ပြန်တပ်နေ၏။ ထို့နောက် အခန်းတံခါးဆီသို့ လျှောက်သွားကာ သူမ ထွက်သွားစေချင်သည့် ဟန်ဖြင့် အကျယ်ကြီး ဆွဲဖွင့်ပေးသည်။ သူမကို လှမ်းကြည့်သောအခါ သူမ မျက်ရည်တို့ကိုမြင်သွားသည်။ သူ့မျက်နှာ၏ တင်းမာမှုသည်မဆို စလောက်ကလေးသာ လျော့ပြေ၏။

"စက်ဘီး ဘယ်သွားထားခဲ့လဲ"

"ကွမ်းယာဆိုင်မှာ"

သူမ အသံများ လှုပ်ခတ်နေသည်။ သူ လိုက်ပို့ပေးပါ့မလား။ ပြန်ပို့ပေးပါဟု နောက်တစ်ဆင့်တက် တောင်းဆိုရမှာကို အားနာနေရ၏။

"ကဲ...လာ၊ ကိုယ်ပြန်ပို့မယ်"

သည်အတိုင်းဆိုလျှင်တော့ သူ ခွင့်လွှတ်ဟန်ရှိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှ ခွင့်လွှတ်သည့် အရိပ်အယောင်ကို သူမ ပျော့ညံ့စွာ ရှာဖွေမိပြန်သည်။ မတွေ့ရပါ။ သူမ လေးလံနှေးကွေးစွာ တံခါးပေါက်သို့ ရောက်လာသည်။ ခွာမြင့်ဖိနပ်ကလေးကို သူက လက်ညှိုး ထိုးပြမှ သတိရသည်။ အသာအယာကောက်ကိုင်လိုက်ပြီး တံခါးပေါက်မှ ထွက်လိုက်သည်။ ရင်ထဲမှာ တမ်းတယစ်မူးစိတ်များ ပြည့်ကျပ်လွှမ်းတနေလျက်က ဤအခန်းသို့လည်းကောင်း၊ သူ့ကိုလည်းကောင်း၊ လုံးဝမေ့ပျောက်ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအခါ သူမ အနည်းငယ်ပေါ့ပါးသွားသလို ရှိသည်။

အပြင်စင်္ကြံမီးသည် သူ့အခန်းနှင့် အနည်းငယ်ဝေးသောကြောင့် သူမအပေါ်မှာ သိပ်လင်းလက်ခြင်းမရှိပါ။ သူနှင့် မျက်နှာချင်းဆိုင်အခန်းတံခါး ဖျတ်ခနဲပွင့်လာပြီး ချက်ချင်းပြန်ပိတ်သွားသည်ကို မြင်လိုက်ရသည်။

ဘုရားရေ...သူတို့ ဘယ်လိုတွေးကုန်ကြမှာပါလိမ့်။

သို့သော် သူမ ဤအခန်းကို လာခဲ့ပြီးမှ ဤမျက်လုံးများကို ကြောက်ရွံ့နေဖို့ မလိုတော့ပါ။ ရုန်းထွက်နိုင်သည့် အခြေအနေကျိုင်း သူမ ကျေးဇူးတင်ရပေဦးမည်။ ဒါဖြင့် ကိုကို့ကိုပဲ ကျေးဇူးတင်ရမလား။ သူ အခန်းတံခါးကို သော့ပိတ်ခတ်ရင်း ကျန်ခဲ့သည်။ သူမသည် လှေကားထိပ်ရောက်မှ ဖိနပ်ကို ချစီး၏။ ထို့နောက် အသံမပြည်အောင် ဖွဖွကလေး လှေကားမှ ဆင်းသည်။ အင်္ဂတေနှင့် လုပ်ထားသော သမံတလင်းလှေကားဖြစ်၍ အပေါ်ထပ်မှာ လမ်းလျှောက်သကဲ့သို့ အသံမမြည်ပါ။

သူကတော့ ဘာမျှမမှုသလို လှေကားမှ ခပ်သွက်သွက် ပြေး





ဆင်းသည်။ သူသည် စိတ်ဆိုးလျှင်၊ စိတ်လှုပ်ရှားလျှင် လှေကားကို အပြေးဆင်း အပြေးတက် လုပ်တတ်သည်။

"ဘီး မယူတော့ဘူးလား"

သူ ခေါင်းယမ်းပြသည်။ ပါးစပ်မှ မဖြေပါ။ ဒါဖြင့် သူအပြန်ကျရင် အဝေးကြီးကို လျှောက်ပြန်ရတော့မှာပဲ။ သူမ၏ စက်ဘီးကို လမ်းထောင့်က ကွမ်းယာဆိုင်မှာ ဝင်ယူသောအခါ သူမမျက်နှာမှာ ပူရှိန်းလျက်ရှိသည်။ စက်ဘီးကို သူနင်းလျက် သူမက နောက်မှ ထိုင်လိုက်လာသည်။ သူ့နောက်ကျောကို သူမ မှီတွယ်လိုသည့် စိတ်များ လျှံဖိတ်လာသည်။ သူမသည် ဆံပင်များကို ဝေ့လွင့်သွားအောင် ယမ်းခါပစ်လိုက်၏။ အတွေးတစ်ခုခုကို ရှက်သွားလျှင်၊ ဤကဲ့သို့ သူမပြုလုပ်လေ့ရှိပါသည်။ သူမ ဘာကြောင့်များ ကိုကို့ကို လက်ထပ်ခဲ့ပါလိမ့်။

သူမကို သူက တွေဝေယိမ်းယိုင်သူဟု မကြာခဏစွပ်စွဲတတ်ပါသည်။ သူမသည် လင်ယောက်ျားကို အချစ်ဖြင့် လက်ထပ်ခြင်း မဟုတ်မှန်း အများက သိကြ၏။ ကိုကိုသည် သူ့အသက်ထက် နှစ်ဆခန့်ကြီးပြီး ငွေကြေးချမ်းသာသော ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ယောက် ဖြစ်သည်။ သူမသည် မျက်စိကို မှိတ်၍ အိမ်ထောင်ပြုပစ်လိုက်ခြင်း ဖြစ်ပါသည်။ သူမ၏ လင်ယောက်ျားကို သူမ မချစ်ပါ။ လင်ယောက်ျားနှင့်အတူ နေထိုင်သည့်အခါတိုင်း သူ့အနီးမှာ ကပ်ရပ်နေရသလို ရင်ခုန်လှိုက်လှဲမှုမရှိဖူးခဲ့။ သူမသည် သူနှင့်ပတ်သက်လျှင် သွေးပူနွေးသမျှ လင်ယောက်ျားနှင့်ပတ်သက်လျှင် ဘာကြောင့် အေးစက်ရပါလိမ့်။

"အပြန် ဘယ်လိုပြန်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ မဖြေပါ။ စက်ဘီးကိုသာ အမြန်နင်းလျက်ရှိသည်။ ညရှစ်နာရီသာ ရှိသေးသောကြောင့် ယာဉ်အသွားအလာ ထူထပ်နေသေးသည်။ သူမသည် တစ်စုံတစ်ခုနှင့် တိုက်မိမည်ကို အလွန် စိုးရိမ်၏။ သို့သော် ဖြည်းဖြည်းနင်းပါဟု ဆိုလျှင် သူ ပိုမြန်မည်စိုး၍ ထိုင်ခုံကို လက်ဖြင့်တင်းတင်းဆုပ်ကိုင်ရင်း ဘာမျှမဖြစ်သလိုလိုက်ပါသွားရသည်။

"နောက် ဘယ်တော့မှ မလာခဲ့နဲ့"ဟု သူပြောလေမလား။ သူ မပြောပါ။ သူသည် သူမကို ဘယ်တုန်းကမျှ သွေးဆောင် ဖြားယောင်းခြင်း မပြုသလို ဘယ်တုန်းကမျှ တားဆီးပိတ်ပင်ခြင်းလည်း မပြုခဲ့ပါ။

သူမ လက်ထပ်မည်ဟု သူ့ကို တိုင်ပင်တုန်းက သူတစ်ချက်မျှ မျက်နှာမပျက်ဘဲ နေပြခဲ့ဖူးသည်။ 'မင်း ပျော်မယ်ထင်ရင် လုပ်ကြည့်ပေါ့'ဟုသာ ပြောခဲ့သည်။ သူမသည် မိုးကောင်းကင်သို့ ခဏခဏ မော့ကြည့်ရင်း၊ သူ့နောက်ကျောကို မသိမသာ ပါးနှင့်အပ်ရင်း၊ သူ့နောက်ကျောကို ဖွဖွလေး နမ်းရှိုက်ရင်း မိုးတိမ်လိပ် တစ်ဝက် တစ်ပျက်ကြားမှ မှိတ်လိုက် လင်းလိုက်လုပ်နေသော ကြယ်ကလေးများကို မြင်ရသောအခါ အနည်းငယ် ပြုံးမိမလို ဖြစ်သွားသည်။ ကြယ်များအကြောင်း ပြောကြလျှင် သူမက အိုမာခိုင်ယမ်ကို သတိရတတ်သော်လည်း သူကတော့ ကော်ပါးနီကပ်စ်ကိုသာ အမြဲသတိရတတ်သည်။ ဘာမဟုတ်သည့် အကြောင်းအရာလေးများကအစ သူမတို့နှစ်ဦး သဘောကွဲလွဲလေ့ရှိပါသည်။

လွန်ခဲ့သည့်လကလည်း သူမ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ညည်းညူမိခဲ့သည်။ သူက ဘာမျှဖြေသိမ့်မပေးပါ။ 'မင်း လျှောက်





မယ်လို့ ဆုံးဖြတ်ခဲ့တဲ့ လမ်းပဲလေ' ဟုသာ မှတ်ချက်ချခဲ့သည်။ 'ဟိုလ်ဒါလင်က ပြောတယ်၊ မင်းမှာ ဦးနှောက်နဲ့ အသည်းနှလုံး နှစ်မျိုးလုံး ရှိခဲ့ရင် အဲဒီအထဲက တစ်ခုကိုပဲ ထုတ်ပြပါတဲ့၊ နှစ်ခုလုံးကို တစ်ပြိုင်တည်းထုတ်ပြရင် နှစ်ခုလုံး အသုံးမဝင်ဘဲ မှားယွင်းသွားလိမ့်မယ်တဲ့ သိလား' သူက သူမစကားကို ၄ ဘ်ခမ်းမဲ့၍ ငြင်းဆိုသည်။ 'ဆယ့်ရှစ်ရာစုက အတွေးအခေါ်တွေ တို့ကို လာပြောပြမနေနဲ့'တဲ့။

"ကဲ ... ကိုယ် အိမ်ရှေ့ထိတော့ ပို့လို့မကောင်းဘူးထင်တယ်"

သူ ခြေတစ်ဖက်ထောက်၍ စက်ဘီးကို ရပ်လိုက်သောအခါ သူမအိမ်အသွား လမ်းဆုံသို့ ရောက်နေမှန်း သတိထားမိသည်။ စက်ဘီးပေါ်မှ လေးကန်စွာ ဆင်းလိုက်သည်။ သူ့ထံမှ စက်ဘီး လက်ကိုင်ကို စိတ်မပါစွာ လှမ်းကိုင်လိုက်သောအခါ သူက ဘေးမှာ ရပ်ကြည့်နေသည်။

သူမ ရပ်တန့်နေသည်။ သူတို့နှစ်ယောက်ဘေးမှ မြင်းလှည်း တစ်စီး ကျယ်လောင်စွာဖြတ်မောင်းသွား၏။ သူ တစ်ခုခုပြောဦးမလား။ သူမ စောင့်နေသည်။ သူက အတန်ကြာ ငြိမ်သက်နေသောအခါ သူမ အားမလိုအားမရဖြစ်လာသည်။ သူမကရော ဘာများပြောရမည်နည်း။ ကောင်းသောညပါဟု အင်္ဂလိပ်လို နှုတ်ဆက်ရမည်လား။ ကံအကြောင်းမလှစွာ သူမတို့လမ်းထိပ်က မာကျူရီမီး တိုင်သည် မီးမလင်းသည်မှာ ကြာပြီ။ သူမတို့နှစ်ဦးသည် အမှောင်ရိပ်တွင် ရပ်လျက်၊ တစ်ယောက်၏ခြေဖျားကို တစ်ယောက် စိုက်ကြည့်နေသလို ရှိသည်။ သူ တစ်ခုခုတော့ ပြောလိုက်ဖို့ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ဖြစ် တစ်ခွန်းလောက် ပြောလိုက်ဖို့ကောင်းသည်။ သူ့နှုတ်ခမ်းများမှ အတန်ကြာသည်အထိ ဘာစကားမျှ ထွက်မလာခဲ့။ အတော်ကြာအောင် ရပ်နေပြီးမှ သူမ လက်လျှော့လိုက်သည်။ သူ့နှုတ်ခမ်းဖျားမှ အမာရွတ်သေးသေးကလေးကို မမြင်ရဘဲ မှန်းဆကြည့်နေပြီးမှ မျက်နှာလွှဲ၍ တစ်ခါတည်း ကျွေ့ပြန်လာခဲ့သည်။

ဒါ တစ်သက်စာပါပဲကွယ်...။

သူ နောက်မှာ ကျန်ရစ်ခဲ့သည်။ သူ့ခြေသံ မကြားရသေးပါ။ သူမသည် စက်ဘီးကို လေးကန်စွာတွန်းလျက် ဖြည်းညင်းစွာ လျှောက်လာသည်။

သူမတို့ ခြံတံခါးသည် ပိတ်ထားလျက်ရှိ၏။ သူမ ဘဲလ်ကို အဆက်မပြတ် တီးသည်။ ခြံတံခါးကို ကိုကို့တပည့်တစ်ဦးက လာဖွင့်သည်။ သူမသည် စက်ဘီးကို တစ်ခါတည်း ပေးပစ်ခဲ့သည်။ ပြီး တိုက်အိမ်ဆီသို့ လျှောက်လာသည်။ ယခုအချိန်ဆိုလျှင် သူနာပြုဆရာမ ပြန်လောက်ပြီ။ ကိုကို ဘာလုပ်နေပါလိမ့်။ ထုံးစံအတိုင်း ဘီးတပ်ကုလားထိုင်မှာ သီချင်းနားထောင်နေမလား။ သူမသည် ဖိနပ်ကို ချွတ်ပြီး ဘေးသို့ ကန်ပစ်လိုက်သည်။ လှေကားပေါ် ခပ်သွက်သွက်ပြေးတက်သွားသည်။

ဧည့်ခန်းမှာ ဘီးတပ်ကုလားထိုင်သည် ထိုင်မည့်သူ မရှိဘဲ လွတ်ဟာလျက်ရှိသည်။ အခန်းတံခါးကို ဆွဲဖွင့်လိုက်သောအခါ ခုတင်ပေါ်မှာ ပက်လက်အိပ်နေသော သူမ၏ယောက်ျားကို တွေ့လိုက်ရသည်။ ခေါင်းကို ဖြည်းညင်းစွာစောင်း၍ လှည့်ကြည့်ပြီး သူမကို မြင်သောအခါ စိတ်ပူပန်မှု လျော့သွားသလို ပင့်သက်ရှိုက်လိုက်၏။





"ကိုယ်ဖြင့် ချိုမလာသေးလို့ စိတ်ပူတာနဲ့ မြအောင်ကို စက်ဘီးနဲ့ လိုက်ခိုင်းသေးတယ်"

သူမရင်ထဲ ပူလောင်ဆို့နင့်သွား၏။

"ကျွန်မ ညဈေးဝင်နေတာ"

ကြိုတင်ပြင်ဆင်မှုမရှိဘဲ ပြောမိပြောရာ ပြောလိုက်သည်။

"ဟုတ်မှာပေါ့၊ ဆိုင်ကလဲ ပိတ်နေပြီ"တဲ့။

"လူက ပြန်မလာသေးတော့ ကိုယ် စိုးရိမ်နေတာ၊ နောက်တစ်ခါ ဒေါ်ချစ်ကို အဖော်ခေါ်သွားဖို့ကောင်းတယ်၊ မိန်းကလေးတစ်ယောက်တည်း ညခုနစ်နာရီ ရှစ်နာရီမှ ပြန်လာရတာ မကောင်းဘူး"

"ကိုကို ထမင်းစားပြီးပြီလား"

ဤသို့မျှ သိသိသာသာစကားမဖြတ်လျှင် ရှေ့ဆက်၍ ပြောမည့်စကားတွေ ကျန်သေးသည်။ တစ်နေ့ကုန် လုပ်ရသည့်အလုပ် ပြင်ဆိုင်အလုပ် ပင်ပန်းကြောင်း၊ လူငှားနှင့်ပဲ လွှဲထားသင့်ကြောင်း၊ ညနေ ငါးနာရီဆိုလျှင် မဖြစ်ဖြစ်အောင် ပြန်လာသင့်ကြောင်း။

"မစားတော့ဘူး၊ စောစောကမှ နွားနို့နဲ့ ကြက်ဥ သောက်ထားတယ်"

သူမသည် ခုတင်ခြေရင်းတွင် ချထားသော ဆီးပုလင်းမှ တစ်ဆင့် ဆီးချူပိုက်ဆီသို့ မျက်လုံးရောက်သွားသည်။ ဖန်ချောင်းမီးရောင်အောက်တွင် သူ့ဆီးများသည် ဝါလွန်း၍ နီနေ၏။ တစ်ညလုံးအတွက် ဆရာမက ကြိုတင်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ကိုကိုသည် လွန်ခဲ့သည့် ခြောက်လမှစ၍ လေဖြတ်ကာ ကိုယ်အောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး သေ၍ မလှုပ်ရှားနိုင်တော့ပါ။ ဝမ်းသွားခြင်း၊ ဆီးသွားခြင်းတို့သည် ဘယ်လိုမျှ ကိုယ်တိုင်မသိသောကိစ္စများ ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် ဘာမျှမပြောကြသော်လည်း ဤဝေဒနာအတွက် ယောကျ်ားလုပ်သူက သူမကို အားနာသလို မိန်းမလုပ်သူက ယောကျ်ားကို သနားနေသည်။ သူမမှာ သနားသည့်စိတ်တစ်ခုသာ ကျန်နေသည့်အတွက်ပင် သူမက အားနာရပြန်သည်။

ဟိုးတုန်းက ကြီးကျယ်ခမ်းနားခဲ့သည့် ဦးစိုးဦးသည် ယခုအခါ သူ အင်မတန်နှစ်သက်သည့် ရွှေရောင်လက်ပတ်နာရီလည်း မလိုတော့။ နိုင်ငံခြားဖြစ် ခုံမြင့်ရာဘာဖိနပ်လည်း မလို။ ရေကူးခြင်းလည်း မလို။ ဦးစိုးဦးအတွက် အရာရာသည် မလိုအပ်တော့ပါ။ ဆေးကုသခအဖြစ် ကားကို ရောင်းလိုက်ရသောအခါ ပို၍ အခြေအနေ ဆိုးဝါးလာခဲ့သည်။ ဟိုစဉ်တုန်းက အရေးတကြီး မက်မက်မောမော လိုအပ်ခဲ့သော ဇနီးသည်လည်း ယခုတော့ အပိုပစ္စည်းတစ်ခုသာဖြစ်ခဲ့ပြီ။ ထိုစဉ်ကထက် ပို၍လိုအပ်လာသည့်အရာမှာ တစ်ခုတည်းသာဖြစ်၍ ထိုအရာမှာ အရက်ဖြစ်သည်။

"ချို...မင်းကိုတော့ ကိုယ်ကွာရှင်းပေးချင်ပါရဲ့၊ ဒါပေမဲ့ကိုယ့်အသက်အာမခံငွေကလဲ သိပ်မနည်းလို့ မကွာပေးသေးဘူး၊ ကိုယ်သေရင် ပေးနိုင်စရာ အမွေဆိုလို့ ဒီခြံနဲ့ ဒီငွေပဲ ကျန်ရစ်မှာ" သူ့စီးပွားရေးလုပ်ငန်းလည်း ကျဆင်းသွားပြီဖြစ်၍ သူမ မျှော်လင့်ထားသလို သူမအတွက် ဘာမျှ ကျန်မည်မဟုတ်ပါ။ သူမ ငွေအတွက် လက်ထပ်ခဲ့ကြောင်း ယောကျ်ားလုပ်သူက သိနေသောကြောင့်လည်း သူမ ပို၍အားနာရပြန်သည်။ သူ့ကို ပြောပြန်လျှင်





'မင်းကိုယ်တိုင် ရွေးပြီး လျှောက်ခဲ့တဲ့လမ်းပဲလေ' ဟု ခနဲ့လိမ့်ဦးမည်။

ဤအခန်းသည် အိမ်ထောင်ပရိဘောဂပစ္စည်း ဘာမျှမရှိသောကြောင့် ရှင်းလင်းလျက်ရှိသည်။ ခုတင်တစ်လုံးသာ ချထားသော သူ့အခန်းမှာ ရှိသင့်သည်ထက် ပို၍ကျယ်ဝန်းနေ၏။ ခုတင်ပေါ်မှာ မွေ့ရာအပြင် ခွတုံးရှည်လေးခုကို ကန့်လန့်ခပ်ကျဲကျဲခြား၍ ခင်းထားသည်။ လူနာသည် ခွတုံးလေးခုပေါ်မှာ လဲလျောင်းနေသည်။ ဤရှည်မျောမျော ခွတုံးများ၏ နေရာနှင့် အကျယ်အဝန်းကို နှစ်နာရီတစ်ခါ ပြောင်းလဲပေးခြင်းသည် သူနာပြုဆရာမနှင့် ကိုမြအောင်၏ တာဝန် ဖြစ်၏။ ညညတွင် ခန္ဓာကိုယ်ကို ကရင်းမ်ဖြင့် ပွတ်တိုက်လိမ်းကျံပေးရန်မှာတော့ သူမ၏ တာဝန်ဖြစ်သည်။

သူမ၏ယောကျ်ားသည် ယခင်က သာမန်ရုပ်ရည်ထက် အနည်းငယ် ချောမောသော်လည်း ယခုအခါတွင် သာမန်ရုပ်ရည်မှ အများကြီး ကင်းကွာလျက်ရှိသည်။ နားထင်ရိုးများ ပိန်ချိုင့်မဲ့ခွက်လျက်ပါးရိုး မေးရိုးများ ငေါထွက်နေသည့် မျက်နှာသည် သူမ ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဖူးသောမျက်နှာ ဖြစ်သည်။ မျက်လုံးအိမ်များချိုင့်ဝင်လျက် မျက်လုံးပြူးထွက်လာသလိုထင်ရသော မျက်နှာသည် သူစိမ်းအဘိုးကြီးတစ်ဦး၏ မျက်နှာဖြစ်သည်။ တကယ်တော့ သူ့အသက်သည် လေးဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ အသက်ခုနစ်ဆယ်ဟု ထင်ရလောက်အောင် အိုစာနေသည်။ ယခု အခြေအနေတွင် ကိုကိုသေဆုံးသွားပါက သူမ အနည်းငယ်မျှပင် ပူဆွေးမိလိမ့်မည်မဟုတ်ပါ။ လူအများမြင်ကောင်းအောင် မုဆိုးမအဖြစ် ဟန်ပြနေဖို့ အနည်းငယ်ခက်ခဲပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ အိမ်ထောင်ကျသည့် သုံးနှစ်တာကာလအတွင်း မယားဝတ္တရားမကျေပွန်ဟု မည်သူကမျှ အပြစ်ဆိုဖွယ်ရာ မရှိအောင် သူမ လိုက်လျောတုံ့ပြန်ခဲ့ပြီးပြီ။ သူမသည် အချစ်မှတစ်ပါး အားလုံးသော အရာများကို လင်ယောကျ်ားအား ပေးခဲ့ပြီးပြီ။ သူမချစ်မိသူကိုတော့ အချစ်မှတစ်ပါး တခြားသောအရာများ မပေးစွမ်းနိုင်ခဲ့ချေ။ သူကလည်း ဘယ်တုန်းကမျှ ဖွင့်ဟမတောင်းခံခဲ့ချေ။ လင်ယောကျ်ားဖြစ်သူ၏ စည်းစိမ်ပေါ်တွင်ရှိသော မှဆိုးမ တစ်ယောက်ထံသို့ သူဘယ်တော့မျှ လာရောက်မည်မဟုတ်မှန်း သူမ သိထားသည်။

သူမတို့နှစ်ဦး စပြန်လည်တွေ့စဉ်တုန်းက 'ကိုယ် လက်ထပ်သင့်ပြီလို့ မင်းမထင်သေးဘူးလား' ဟု ရယ်သလို မောသလို မေးခဲ့သည်။ သူ့အမေးဖြင့်ပင် သူမနှလုံးများ နာကျင်သွားခဲ့သည်။ ဤခံစားချက်ကို သူ မသိအောင် ထိန်းကွယ်ခဲ့သေးသော်လည်း သူမ မအောင်မြင်ခဲ့ပါ။ 'ဘာလဲ၊ သူကတော့ ယောကျ်ားယူပြီး ကိုယ်မိန်းမယူမှာကျတော့ မနာလိုဘူးလား' သူမ ပြုံးရယ်ရန် ကြိုးစားလျက် မပြုံးနိုင်ခဲ့ချေ။ သူ၏စိတ်တွင် သူ့ကို လူလွတ်တစ်ဦး အဖြစ်သာ မြင်ချင်သည်။ ထို့ပြင် သူမက ယောကျ်ားယူလိုက်ပေမယ့် သူ့ကို တမ်းတလွမ်းဆွတ်နေသကဲ့သို့ သူက မိန်းမကို ဆောင်မှာထား၍ သူမကို တမ်းတလိမ့်မည်မဟုတ်မှန်းလည်း သေချာပေါက် သိနေသောကြောင့် ဖြစ်သည်။

ယောကျ်ားတစ်ယောက်ကို မယူနိုင်ဘဲနှင့် ထိုယောကျ်ား၏ ခွဲလမ်းတမ်းတမှုကို အမြဲရယူချင်နေသော မကောင်းသည့် အတ္တစိတ်သည် သူမမှာ အံ့ဩဖွယ်ရာဖြစ်ပေါ်နေသည်။





ယခုတော့ အိပ်မက်များပြယ်လွင့်ခဲ့ပြီ။ သူမအနေနှင့် ယောကျ်ားမသေမီ အတတ်နိုင်ဆုံး ပြုစုသွားရုံသာရှိသည်။ ယနေ့ မှားယွင်းခဲ့သည့် ပုံစံမျိုး ဘယ်တော့မှ မမှားယွင်းစေရပါ။

"ချို့ ထမင်းစားချည်လေ၊ ဆာရောပေါ့၊ ချိုတစ်ယောက်တည်း စားရမှာ ပျင်းနေရင် ဒီအခန်းထဲ လာစား၊ ကိုယ် ဆေးက ထိုင် စကားပြောမယ်"

သူမသည် ကျူးလွန်မိမလိုဖြစ်သွားသော အမှုကိစ္စကြီးအတွက် အလွန်အမင်း မျက်နှာပူသွားသည်။

"အို ...ကျွန်မ မပျင်းပါဘူး၊ ရပါတယ်၊ ပြီးရင် ကိုကိုနဲ့ သတ်သတ် စကားလာပြောမှာပေါ့၊ ကျွန်မ ထမင်းသွားစားမယ်နော်"

ကိုကိုက အားယူ၍ ပြုံးလေသည်။

သူမအခန်းသည် ကိုကိုယခုနေသောအခန်း၏ ခြေရင်းမှာ ရှိသည်။ အင်္ကျီကိုလဲရန် ချွတ်လိုက်သောအခါ သူသုံးနေကျ ကိုယ်လိမ်း ပေါင်ဒါနံ့က သင်းမွှေးလာသည်။ သူမအင်္ကျီကို နမ်းရှိုက်ကြည့်သည်။ သူ့အင်္ကျီကို နမ်းရှိုက်ရသလိုပင် ရင်ထဲမှာ ခုန်လာသည်။ သွေးကြောများ တဆတ်ဆတ်တုန်၍ ပူရှိန်းလာသည်။

"ဘုရားရေ...ငါ ဘယ်လိုဖြစ်နေပါလိမ့်"

အဝတ်အစားလဲပြီး ခုတင်ပေါ် ပစ်လှဲလိုက်သည်။ ထမင်းစားရမယ်ဟု စိတ်ထဲက သိနေသော်လည်း သူမသည် သူ့မျက်နှာကိုသာ တွေးမြင်နေချင်သည်။ ရင်းနှီးမှုဒဏ်ကို သူမ အလူးအလဲ ခံနေရပြီလား။ သူမမှာ ထိန်းချုပ်စွမ်းအား မရှိတော့ဘူးလား။ သူမသည် အောက်နှုတ်ခမ်းကို ပေါက်လုမတတ် ကိုက်ထားမိသည်။ လွန်ခဲ့သော ငါးနှစ်က သူ့ကို ပစ်ပယ်ဆိုင်းချုပ်ခဲ့ပြင် သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ကို မျက်စိစုံမှိတ်၍ လက်ထပ်ခဲ့သေးတာပဲ။ ဟိုစဉ်ကလည်း သူမတို့နှစ်ဦး ကျောင်းတက်ဖော်၊ စာသင်ဖော်၊ စကားပြောဖော်။ သစ်စိမ်းချိုး ချိုးမိခဲ့ပြီးမှ ယခုအချိန်တွင် ဘာကြောင့် အမျှင်တန်းနေရပါလိမ့်။

သူမရင်ထဲတွင် ပူလောင်လိုက်မောလာသည်။ နှင်းဆီပွင့်ဖတ်ကလေး တစ်ခုလို မယုံကြည်နိုင်လောက်အောင် နူးညံ့သည့် သူ့နှုတ်ခမ်းတို့ကို သူမပြန်လည်တမ်းတနေမိသည်။ မိန်းမတစ်ဦး၏ ထိန်းချုပ်ရသော သစ္စာတရားဆိုတာ ခါးသီးလွန်းလှပါကလား။

"ပြောစမ်းပါဦး၊ အခုအချိန်ကျမှ ကိုယ်ဘာလို့ မင်းကို ချစ်မိနေမှန်း မသိတော့ဘူး"

သူမ မသိလိုက်မိခင် အသံအနည်းငယ် ထွက်သွားသည်။ ကမန်းကတန်း ခေါင်းအုံးနှင့်မျက်နှာကိုအပ်ပစ်လိုက်သည်။ ကျွန်မတကယ် ယုတ်ညံ့တဲ့မိန်းမ ဖြစ်နေပြီလား ကိုကိုရယ်။ ကျွန်မဟာ ကိုကို သေဆုံးမယ့်ရက်ကို စောင့်နေမိသလား။

"ကိုယ့်ယောက်ျားက ကိုယ့်အတွက် ငွေတွေရော၊ တိုက်အိမ်ရော ထားပစ်ခဲ့မှာ သိလား၊ စိတ်ကူးမလွဲနဲ့"ဟု သူမ ရယ်မောနောက်ပြောင်ခဲ့စဉ်က သူ တအားဒေါသထွက်သွားခဲ့သည်။

"ဘယ်ယောက်ျားမဆို မိန်းမတစ်ယောက်ကို မငတ်အောင် ကျွေးထားနိုင်တယ်၊ ကိုယ်က မင်းပစ္စည်းလဲ ခိုမစားဘူး၊ မင်းယောက်ျား ပစ္စည်းလဲ ခိုမစားဘူး၊ ကိုယ် ငါးပိနဲ့ စားရရင် မင်းလဲ ငါးပိနဲ့ စားရမှာပဲ၊ မင်း အဲလို ပစ္စည်းမက်နေရင် ကိုယ့်ဆီ မလာနဲ့၊ ကိုယ့်ဆီ လာချင်ရင် အဲဒီပစ္စည်းတွေ ထားခဲ့"

သူ သူမအပေါ်မှာ ပေါက်ကွဲလျက် အော်ဟစ်ပြောတော့မှ သူ့





စိတ်ဓာတ်ကိုအနည်းငယ်နားလည်သလိုရှိသည်။ သူမသည် ချစ်သူက ဘာကို လိုချင်မှန်းမသိအောင် ထုံအ,သော မိန်းမတစ်ဦး ဖြစ်ခဲ့သည်။

အခုမှတော့ အားလုံးဒုက္ခရောက်ခဲ့ပြီ။ သူမ ဘာမျှမတတ်နိုင်တော့သော အခြေအနေသို့ ရောက်လာခဲ့ပြီဖြစ်သည်။

ဒီကမ္ဘာလောကမှာ ချစ်သူတွေ ဘာကြောင့်ကွဲကွာသွားကြရတာလဲ။ သူနှင့် နောက်တစ်ကြိမ်မတွေ့တော့ဟု ဆုံးဖြတ်ခါမှ သူ့ကို သူမ အရေးတကြီးလိုအပ်နေမှန်း သိရတော့သည်။

ငါ ပြေးမှဖြစ်မယ်။ သူနဲ့ ဝေးရာကို ပြေးမှဖြစ်မယ်။ ဘာကြောင့်များ တို့နှစ်ယောက်ကို တစ်မြို့တည်းမှာ ပြန်လည်ဆုံစည်းစေခဲ့ပါလိမ့်။

ဒီအတိုင်း ဆက်နေရင်တော့ အကြီးမားဆုံးသော စည်းဖောက်မှု ဖြစ်သွားတော့မယ်။

သူမသည် 'ဝုန်း'ခနဲ ထ၍ စားပွဲတွင် ဗေလီယမ်ဆေးပုလင်းကလေးကို လိုက်ရှာသည်။ ကိုကို့အခန်းမှာများ ရောက်နေသလား။ သူမသည် ကိုကို့ကို အိပ်ဆေး၊ ဘာစိတ်ငြိမ်ဆေးမှ ပုလင်းလိုက် ပေးမထားပါ၊ ညှော်ခန်းက စင်မြင့်ကလေးပေါ်မှာ ရှိနိုင်သည်။

"ကဲ...ကိုရွှေအောင်ရေး ကျွန်မတော့ ဆေးသောက်အိပ်မှ ဖြစ်တော့မယ်"

သူမစိတ်ရှုပ်သည့်အခါ သူ့ကို ကိုရွှေအောင်ဟု ခေါ်ရတာစိတ်သက်သာပါသည်။ ညှော်ခန်းသို့ ထွက်လိုက်တော့ တယ်လီဖုန်းစင်ကလေးပေါ်မှာ ဗေလီယမ်ပုလင်းကလေးကို လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းများ ဘောက်၍ ပျောက်သွားရင်း စေ့ထားသော ကိုကို့
အနမ်းတစ်ခါကို လှမ်းကြည့်၏။ အရာရာသည် ငြိမ်သက်နေ၏။ သူမ ကမ္ဘာကြီးသည်သာ လှုပ်ခတ်နေသည်။

သူ ပါသည်ပြောသွားပြီလား။ သူ အိပ်ရာပေါ်မှာ ရောက်နေပြီလား။ သူ့ဘေးနားမှာ တခြားမိန်းမတစ်ယောက် ရောက်နေလေသလား (ဤအတွေးဖြင့် သူမရင်မှာ ပိုမိုပူလောင်လာပြန်သည်။) သို့မဟုတ် သူမကို တမ်းတနေသလား။

သူ ဘယ်သီဖုန်းကလေးဖြစ်ဖြစ် လှမ်းဆက်ဖို့ကောင်းသည်။ သူဟာ သိပ်မာနကြီးတာပါပဲလေ။ သူမ မှတ်မိသမျှ အမြဲတမ်း မိမိကသာ အလျှော့ပေးခဲ့ရသည်။ လက်ထပ်သည့်ကိစ္စမှ လွဲ၍ပေါ့။

သူမ ဘာလုပ်ရမည်နည်း။ သူဟာ တယ်လီဖုန်းစကားပြောချက်ကို ပြောမှ တယ်လီဖုန်းဆက်ဖို့မသင့်ဟု ထင်လေသလား။ သူမဆီမှ ဆက်သွယ်မှုကို စောင့်နေသလား။ တည်ငြိမ်စပြုနေသော ခေါင်းကို ပြန်လှုပ်လိုက်မိသလို သူမက စခဲ့မိပြီ။ သည်အတွက် တောင်းပန်စကား မဆိုသင့်ပေဘူးလား။

သူသည် လျှင်မြန်စွာပင် စကားပြောခွက်ကို မ,လိုက်၏။ အနီရောင် တယ်လီဖုန်းကလေးသည် ချစ်သူနှင့် စကားပြောရခါနီး အချိန်တွင် လှပနေတတ်သည်။ အမြဲအလွတ်ရနေသော နံပါတ်ငါးလုံးကို မြည်းညင်းစွာ လှည့်ယူသည်။ အကြာကြီး စောင့်နေစဉ် ရင်အရှက်ရှက်ခုန်လျက်ရှိသည်။ တစ်ဖက်မှ စကားပြောခွက်သည် ကိုင်မည့်သူမရှိဘဲ အကြာကြီး မြည်နေလိမ့်မည် ထင်သည်။ သူပြန်မရောက်သေးဘူးလား။ အရက်ဆိုင်တစ်ခုခုမှာ ရောက်နေ





သလား။ သို့မဟုတ် သူ့ဘေးမှာ မိန်းမတစ်ယောက် ရှိနေမှန်း သူမ သိသွားမှာစိုး၍လား။

အကြိမ်ကြိမ် ဒိုင်ခွက်ကို လှည့်၍ နားထောင်သော်လည်း အချည်းနှီးပင်ဖြစ်၏။ လိုင်းမအားခြင်းမဟုတ်ပါ။ ဖုန်းလာကိုင်မည့်သူ မရှိခြင်းသာ ဖြစ်နိုင်၏။

အားလျော့စိတ်ပျက်စွာ အနီရောင်ဖုန်းကလေးကို ငေးမော ကြည့်နေမိသည်။ ထို့နောက် ဆံပင်များကို ဖွေ့ယမ်းသွားအောင် လှုပ်ခါပစ်လိုက်၏။ ပူပင်သောကတို့သည် မီးကဲ့သို့ တရိပ်ရိပ် လောင်ကျွမ်းနေသည်။

သူ ဘယ်မှာပါလိမ့်...။

[၁၉၈၈ ဇွန်လ၊ စဝ်စံထွန်းဆေးရုံကြီး ငွေရတုမဂ္ဂဇင်း]

○



www.burmeseclassic.com

www.burmeseclassic.com

## သစ်တောထမ်း

သူသည် အခြားမြို့များမှ စာပို့လုလင်များ ထုံးစံအတိုင်း လက်မောင်းတွင် စာပို့တံဆိပ်ပါသော အရောင်ဖျော့မှိန်နေပြီဖြစ်သော ဇင်ပြာဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ ပခုံးတွင် စစ်ရောင်ကျောပိုးအိတ်အနွမ်းကို လွယ်လျက်၊ ဇင်ပြာဦးထုပ်ပျော့၏ လျှာကို နဖူးပေါ် အနည်းငယ်ဆွဲချလျက် လမ်းကြားများမကျန် လျှောက်ရင်း ရပ်ကွက်များအတွင်း မသိသူမရှိသလောက် နှုတ်ဆက်ဖော်ရွေတတ်သူ ဖြစ်သည်။ အဖြူတာစ်ဝက်ရောနေပြီဖြစ်သော မွဲပြာပြာဆံပင်များကို ခေါင်းတုံးဆံတောက်ညှပ်ထားသည်။ နှာခေါင်းသိပ်ရှည်သော်လည်း မျက်နှာကျပုံသွယ်သောကြောင့် သိပ်မဆိုးပေသော မျက်ခုံးမျက်လုံးနှင့် ပေါင်းစပ်လိုက်သောအခါ ငယ်စဉ်က 'သနားကမား ရုပ်ကလေး' ဟု အများက ထင်မြင်ချက်ပေးခံရသူ ဖြစ်သည်။ ယခုလောလောဆယ်တွင်တော့ အသက်လေးဆယ်သာ ရှိသေးလျက် အသက်ငါးဆယ်ဟု အထင်ခံရလောက်အောင် ပင်ပန်းနွမ်းနယ်ခြင်းဒဏ်က ဖိစီးခဲ့လေပြီ။ နေပူလျှင်သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာလျှင်သော်လည်းကောင်း အရောင်လွင့်ပြယ်နေသော ကြက်ဆင် တံဆိပ် ထီးကောက်ကြီးကို ဆောင်းလျက် တစ်အိမ် တက်ဆင်း စာဝေငှခြင်းအလုပ်ကို မပျက်မကွက်ဆောင်ရွက်ဆဲသာ ဖြစ်သည်။

တောင်ကုန်းအတက်အဆင်း ထူထပ်လှသော မြို့တစ်မြို့တွင် စာပို့လုလင်တစ်ယောက် ဖြစ်နေရခြင်းမှာ အနည်းငယ် ကသိကအောက်နိုင်လှသော်လည်း ယခုအချိန်အထိ ဤအလုပ်ကို သူစွဲမြဲစွာ လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ဆက်သွယ်ရေးဌာနတွင် သူ စတင်အလုပ်လုပ်ခဲ့စဉ်ကတော့ လက်လှမ်းမီရာအလုပ်ကို ဖမ်းဆွဲလုပ်ကိုင်သည့် သဘောမျှသာ ဖြစ်သည်။ ရုံးအကူလုလင်ဘဝမှ ရုံဖန်ရံခါ စာပို့ခြင်းအလုပ်ကို ခေတ္တလွှဲယူ ဆောင်ရွက်ခွင့်ရလာသောအခါ စာပို့လုလင်ဘဝကို စိတ်ဝင်စားလာခဲ့သေး၏။ သို့သော် စာပို့လုလင်အလုပ်ဖြင့် လုပ်သက် နည်းနည်းရလာသောအခါတွင်ကား ဤအလုပ်ကို သူ စိတ်ပျက်ငြီးငွေ့လာခဲ့ပြန်သည်။ သို့သော် ထိုအချိန်မှာတော့ အလုပ်လွှဲပြောင်းလုပ်ကိုင်ဖို့ မဖြစ်နိုင်တော့ပါ။ သူသည် စာပို့သမား အလုပ်က လွဲ၍ တခြား ဘာမျှလုပ်ကိုင်တတ်သူ မဟုတ်ပါ။

သူသည် လူမှုဆက်ဆံရေးကျွမ်းကျင်လာရန် အမြဲကြိုးစားခဲ့ရသည်။ သူတာဝန်ကျသည့် ရပ်ကွက်များ၌ ဘယ်နေရာမှာ ဘာရှိသည် ဆိုတာ အကုန်သိဖို့ သိပ်မခက်လှပါ။ လူတွေနှင့် ဆက်ဆံရာမှာ 'အလိုက်အထိုက်' ဟူသော ဝေါဟာရ အထူးလိုအပ်ကြောင်း သူသိခဲ့သည်။ အိမ်တစ်အိမ်သို့ မှတ်ပုံတင်ချောစာဝေရာတွင် မုန့်၊ သစ်သီး စသည့် အစားအစာများကို လောကွတ်ပျူငှာ ကျွေးမွေး





သော အိမ်ရှင်များစွာ သူတွေ့ဖူးပြီ။ ပထမတွင် တတ်နိုင်သမျှ ယဉ်ကျေးဖွယ်ရာစွာ ငြင်းဆိုလေ့ရှိသော်လည်း ခင်မင်ရင်းနှီးလာသောအခါ ထန်းလျက်တစ်လုံးတလေ ယူစားဖို့ လေ့ကျင့်ပြီးသား ဖြစ်သွားသည်။ စာပို့ခ ဆယ့်ငါးပြား တာဝန်မကျသော စာများ အတွက် ဒဏ်ကြေး ပြားသုံးဆယ်ကျခံရသည်ဖြစ်သော်လည်း အချို့က တစ်ကျပ်၊ သို့မဟုတ် နှစ်ကျပ် ပေးတတ်ကြပါသည်။ အကြွေပေါ်များစဉ်ကတည်းက ကျပ်တန်အတွက် သူပြန်အမ်းလျှင် ရယ်မောလျက် ငြင်းပယ်ခဲ့ကြသူက များပါသည်။ အချို့ကတော့ အကြောင်းမဲ့ သက်သက် လက်ဖက်ရည်ဖိုးပေးကြသူများ ဖြစ်သည်။ ကရုဏာတရားထက်သန်သူ တချို့ဈေးသည်များက ဟင်းလျာအဖြစ် အသီးအရွက်များ ထည့်ပေးလိုက်လျှင်လည်း ကျေးဇူးစကားအထပ်ထပ်ဆိုလျက် လက်ခံယူရလေ့ရှိပါသည်။ ဤကိစ္စမျိုးကို ခါးခါးသီးသီး ငြင်းပယ်ရလောက်အောင် သူခေါင်းမာသူ မဟုတ်ပါ။ သူ့လစာရင်း ကျပ်တစ်ရာ့ငါးဆယ်တွင် ရှားပါးစရိတ်နှင့် ပေါင်းမှ နှစ်ရာနှစ်ဆယ့်ငါးကျပ်သာ ရ၏။ ဟိုမှ သည်မှ ရသော ဖြစ်စလောက် သဒ္ဓါကြေးကလေးနှင့် နှစ်တိုး ပေါင်းပါမှ သုံးရာ၊ သုံးရာ့ငါးဆယ် ဆိုသည်မှာ အနိုင်နိုင်သာ ဖြစ်ပါသည်။

သူ့မိတ်ဆွေများက ရိုးအ,လွန်းသော သူ့ကို အားမလို အားမရ ကရုဏာဒေါသောဖြင့် အလုပ်ပြောင်း၊ သို့မဟုတ် ထွက်ခိုင်းကြသော်လည်း သူကတော့ ဤအလုပ်ကို နေသားကျနေပြီဖြစ်သည်။

ငယ်စဉ်ကတော့ 'တို့အလုပ်က လူတွေ ပျော်ရွှင်တက်ကြွစေတဲ့ အလုပ်ကွ' ဟု ကြေးနန်းရုံးမှ စာရေးလေးကို ကြွားဝါခဲ့ဖူးသည်။

"မင်း စဉ်းစားကြည့်၊ ကြေးနန်းစာဆိုရင် လူတွေက အနိဋ္ဌာရုံ



www.burmeseclassic.com

www.burmeseclassic.com



သတင်းက စမြိုးတွေးတာ၊ မင်းရဲ့ ကြေးနန်းစာကို လူတွေက ထိတ်လန့်ခြင်းနဲ့ စိုးရိမ်သောကနဲ့ ဖတ်ကြမှာ၊ စိတ်မချမ်းမြေ့စရာ ကြေးနန်း ဆိုရင် သူတို့ကို ဝမ်းနည်းစကား ပြောရဦးမှာ၊ ငါတို့ကျတော့ အဲဒီလို မဟုတ်ဘူးကွ၊ စာပါတယ်လို့ ပြောလိုက်ရင် မျှော်လင့်ချက်တွေ အားတက်မှုတွေနဲ့ ရောနေတဲ့ စူးစူးစမ်းစမ်း မျက်နှာမျိုးနဲ့ လာယူကြတာ၊ တချို့ဆို စာဝေချိန်ရောက်ရင် စာပို့တဲ့လူကို မျှော်တောင် မျှော်နေကြသေး။

"...လူတွေကလဲ အသည်းအသန်ဖြစ်နေတဲ့ သတင်းတို့ ဘာတို့ ဆိုရင် ကြေးနန်းရိုက်ကြတာ များတယ်လေကွာ၊ စာထဲမှာတော့ မာကြောင်းသာကြောင်းတွေ၊ မင်္ဂလာဖိတ်စာတွေ၊ ခွဲခွာနေရသူချင်း သတိရတဲ့အကြောင်းတွေ၊ အတွေ့အကြုံနှီးနှောဖလှယ်တာတွေ"

ဟိုစဉ်တုန်းကတော့ သူ့မျက်ဝန်းမှာ မိမိ၏ အလုပ်အပေါ် စိတ်ဝင်စားခြင်း၊ ကျေနပ်ခြင်းတို့ဖြင့် တောက်ပနေခဲ့သည်။ ယခုတော့ ဤကဲ့သို့ တက်ကြွသော ကြွားဝါစကားမျိုး မပြောခဲ့မိသည်မှာ ကြာပြီ။

နေ့စဉ် မြင်တွေ့နေကျ သမားရိုးကျမျက်နှာများ၊ လမ်းများ၊ နေအိမ်များ၊ လိပ်စာများကို ကြာလာသောအခါ လူတိုင်း ငြီးငွေ့တတ်သလို သူလည်း ငြီးငွေ့လာခြင်း ဖြစ်တန်ရာသည်။ စာပို့သမား သက်တမ်း ဆယ့်ငါးနှစ်အတွင်း သူ့ခြေသလုံးတွင် ခွေးနှစ်ကြိမ်ကိုက်ခံခဲ့ရသည်ကလည်း တစ်ကြောင်းဖြစ်နိုင်သည်။ ယခုအချိန်အထိ စာပို့ကြပ်ရာထူးကို မတက်နိုင်သေးသည်ကလည်း တစ်ကြောင်း ဖြစ်နိုင်သည်။

ထို့ပြင် ငြီးငွေ့စိတ်ပျက်ရခြင်း၏ အကြောင်းအကြောင်း များ





စွာထဲမှ သူ ဘယ်တော့မျှ မေ့နိုင်မည်မဟုတ်သော အကြောင်းတစ်ခု ရှိသေးသည်။

*

ထိုကုန်းမြင့်သို့ ပထမဆုံးအကြိမ် သူရောက်ဖူးစဉ်တုန်းက သူသည် စာပို့လုလင်တစ်ဦးပင် မဟုတ်သေးပါ။ ငယ်ရွယ်သေးသော ရုံးအကူလုလင်တစ်ဦးမျှသာ ဖြစ်သည်။ အချိန်မှာ ဇူလိုင်လ၏ မိုးသည်းထန်သော သောကြာနေ့ နေ့လယ်ခင်းတစ်ခု ဖြစ်သည်။

သူ့စိတ်ကို ယခုအချိန်တိုင်အောင် ဒုက္ခပေးလျက်ရှိသော ထိုလိပ်စာကို ယခုအချိန်အထိ သူ သတိရနေသေးသည်။

ခင်မေစီ၊ အမှတ် ၄၇၀၊ သစ်တောလမ်း၊ ဆောက်လုပ်ရေး ကုန်းမြင့်။

ဆောက်လုပ်ရေးကုန်းမြင့်ကို သူသိသော်လည်း သစ်တောလမ်းကို သူ မသိပါ။ သစ်တောလမ်းကို လိုက်ရှာရင်း ချာလည်ချာလည် ဖြစ်နေခိုက် မိုးက ပိုမိုသည်းထန်လာခဲ့သည်။ သူဝတ်ထားသော မိုးကာအင်္ကျီမှာ ကြယ်သီးများ ပြုတ်ထွက်နေသဖြင့် လေတစ်ချက် သဲ့ပက်လိုက်တိုင်း အင်္ကျီအနားစများ လန်၍ မိုးစိုရွှဲသွားတတ်သည်။ နောက်ဆုံးတွင် လမ်းထောင့်ချိုးတစ်ခုမှ ထွက်လာသော လူတစ်ယောက်ကို မေးကြည့်လိုက်မှ သူလွန်လာခဲ့သော လင့်တစ်ခုသို့ ပြန်လှည့်ရသည်။ လမ်းနာမည်ကို တိုင်စိုက်၍ သော်လည်းကောင်း၊ ပင်စည်တစ်ခုတွင် တပ်လျက် သံရိုက်ရသော်လည်းကောင်း ဆိုင်းဘုတ်ဖြင့် ပြမထားလျှင် သူ့လိုလက်သင်စာပို့သမားများ အလွန်ဒုက္ခရောက်ရတတ်ပါသည်။

သစ်တောလမ်းသည် ကျောက်စရစ်ခဲ အနည်းငယ်မျှသာ ပြန့်



www.burmeseclassic.com

www.burmeseclassic.com



ကျဲနေသော မြေနီလမ်းအတက်တစ်ခုဖြစ်သည်။ ပြေလျောသော တောင်ကုန်းတစ်လျှောက် နီကြင်သော ရွံ့စေးရည်မှ ‌ ‌စီးကျနေအောင်၊ ကျောက်စရစ်ခဲများ တစ်စွန်းတစ်စပေါ်လာအောင် မိုးက ဝေါခနဲ သွန်းချလာသောအခါ သူ၏မိုးကာအင်္ကျီ ရင်ဘတ်စကို စ ဆွဲပိတ်၍ ပြတ်တော့မလိုဖြစ်နေသော သားရေဖိနပ်တစ်ဖက်ကို ညာဘက် တရွတ်ဆွဲလျက် လျှောက်ခဲ့ရသည်ကို သူမှတ်မိသည်။ လမ်းတစ်လျှောက် ခြံဝင်းကျယ်များကိုသာ တွေ့ရ၏။ အိမ်နှင့်ခြံတံခါး ဝေးလံပြီး သစ်ပင်များအုပ်ဆိုင်းလျက် လူရိပ်လူခြည်ပင် လုံးဝမတွေ့ရသောလမ်း ဖြစ်သည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် မြင့်မားသောသစ်ပင်များ၏ အောက်ခြေရှိ အပွင့်သေးသေး ရောင်စုံများ ပွင့်သော စိန်နားပန်ချုံပုတ်များဆီမှ စိမ်းရွှေရွှေပန်းရနံ့ကို သစ်ကိုင်းစိုနံ့၊ ရွံ့ရည်နံ့နှင့်အတူ ရှူရှိုက်ရသောအခါ ထိုနေ့ လယ်ခင်းသည် အလွန်မနှစ်မြို့စရာကောင်းသွား၏။

သည်လိုနှင့်ပင် တောင်ကုန်းထိပ်သာ ရောက်လျက် ခြံအမှတ် ၄၇၀ ကိုမတွေ့ရ။ အနီးအနားမှာလည်း စုံစမ်းစရာ ကွမ်းယာဆိုင်စသည့် လမ်းဘေးဆိုင်များ မဖွင့်ပါ။ ခြံအမှတ် ၄၆၈ နှင့် ၄၆၇ ဟု ထင်ရသော ခြံများမှာ ကုန်းထိပ်မရောက်မီ ဖာလုံဝက်ခန့် ဝေး၍ ကျန်ခဲ့ပြီး လိပ်စာမှားလေသလားဟူသော အတွေးက ပထမဆုံး ဝင်လာသည်။ သူ အလွန်စိတ်မောသွားပါသည်။ ထိုစာသည် ထို နေ့အတွက် သူဝေရမည့် နောက်ဆုံးစာလည်း ဖြစ်၏။

ဆောက်လုပ်ရေးကုန်းမြင့်ထိပ်တွင် မိုးသည်းသည်း၌ ခဏရပ် နေပြီးနောက် သူပြန်ဆင်းလာခဲ့သည်။ အဆင်းတွင် သူခြေချော် ၍ လဲလုမတတ်ဖြစ်ခဲ့သေး၏။ ကံကောင်းထောက်မစွာ အဲသည်





တုန်းက ဖိနပ်သည်းကြိုး မပြတ်ခဲ့ပါ။ ခြံအမှတ် ၄၆၈ ရှေ့ရောက်တော့ မိုး‌‌ ‌ ထဲတွင် မြေဖို့နေဟန်တူသော ပေါက်တူးကိုင် လူကြီးတစ်ယောက်ကိုတွေ့ရသည်။ တက်ကြွမှုကင်းစွာဖြင့် သူမေးကြည့်သောအခါ အဘိုးကြီးက မျက်မှောင်ကြုတ်၍ စဉ်းစား၏။

"ကုန်းထိပ် ဟိုဘက်အဆင်းမှာတော့ ခြံတစ်ခုနှစ်ခု ရှိသေးတယ်ကွ၊ အရင်က သစ်တောဝန်ထောက်ကြီး နေသွားတဲ့အိမ်တွေ၊ ခြံနံပါတ်တော့ မသိဘူး၊ နာမည် ဘယ်သူတဲ့လဲ"

"ခင်မေစီတဲ့"

"ဟေ ...သူ့အဖေနာမည်ကော"

"မပါဘူးဗျ"

"ဒီနားတော့ အဲဒီနာမည် ငါမသိပါဘူး၊ မင်း ကုန်းထိပ်အဆင်းက အိမ်တွေ မေးကြည့်ကွ"

အဘိုးကြီးက ပြောပြောဆိုဆို တစ်ဖက်ခြံတွင်းသို့ ဝင်သွားသည်။ ဤတွင် ပထမဆုံး သူစဉ်းစားရသည်မှာ ပြတ်လုတဲတဲ ဖိနပ်အတွက် ဖြစ်သည်။ ခေါင်မှပြတ်လျှင် သူမည်သို့မျှ စီး၍ဖြစ်နိုင်တော့မည် မဟုတ်ပါ။ သူ့တွင် တွယ်ချိတ်၊ ပင်အပ် စသည့် ပစ္စည်းများလည်း မပါပါ။ နောက်ပြီး မိုးသည်းသည်းတွင် ဖိနပ်ပြတ်ခံပြီး လိပ်စာ ‌ ‌လိုက်ရှာ၍ တွေ့သည်ထားဦး၊ မည်သူကမျှ စံပြလုပ်သားဆု ပေးမည်မဟုတ်ပါ။

ထိုစာကို အိတ်ထဲမှာ အသေအချာထည့်သိမ်းပြီးမှ သူပြန်လာခဲ့သည်။

တနင်္လာနေ့ နေ့ခင်းပိုင်းတွင် သစ်တောလမ်းသို့ သူတစ်ခေါက် ပြန်လာသောအခါ နေသာသောနေ့တစ်နေ့ ဖြစ်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဘိုးကြီးပြောသလိုပင် ခြံအမှတ် ၄၇၀ သည် ၄၆၉ နှင့်အတူ ဆောက်လုပ်ရေးကုန်းမြင့်၏ တစ်ဖက်အဆင်းတွင် ရှိနေသည်။ ထိုလမ်းသည် သစ်တောလမ်းနှင့် တစ်ဆက်တည်းဖြစ်သော်လည်း ကုန်းမြင့်ထိပ်ရှိ ဆောက်လုပ်ရေးရုံးပိုင် အဆောက်အအုံများက ခြားထားသောအခါ သီးခြားလမ်းတစ်ခုဟု ထင်ရသည်။

ခြံအမှတ်ကို ခြံရှေ့တံခါးဝတွင် ချိတ်ဆွဲထားရမည့်အစား ဟိုးအဝေးကြီးက တိုက်နံရံတွင် သေးသေးကလေး ရေးထားသောကြောင့် ၄၇၀ ဟူသော ဂဏန်းကို တော်တော်ကြာအောင် ရှာယူရသည်။ ခြံရှေ့တွင် မြင့်မားသော ပင်လယ်ကဗွီးပင်ကြီး ရှိသည်။ ခြံဝင်းကျယ်သောအိမ် ဖြစ်ပါလျက် အိမ်ရှေ့မှာ စာတိုက်ပုံးအသေးသီးသန့် တပ်မထားပါ။ ခြံတံခါးတစ်ဖက်တစ်ချက် အုတ်နံရံတွင် လူခေါ်ခေါင်းလောင်း ရှာကြည့်သေးသော်လည်း မတွေ့ရ။ လျှပ်စစ် ခေါင်းလောင်း မတပ်လျှင်လည်း ကြိုးတပ်ခေါင်းလောင်း တစ်ခုလောက်တော့ ထားဖို့ကောင်းသည်။

သူသည် စာဝေငှခြင်းအလုပ်တွင် နည်းနည်းပါးပါး လေ့ကျင့်ပြီးဖြစ်သောကြောင့် ကြိုဆိုမည့်သူ မရှိသော အိမ်တစ်ခုအတွင်းသို့ အသံပြုပြီး ဝင်ရောက်သွားရန် ဝန်မလေးပါ။ သို့သော် ဤဖြစ်ရပ်တွင်တော့ အိမ်ဝိုင်းထဲဝင်ရန် တွန့်ဆုတ်လျက်ရှိသည်။ ရှုပ်ထွေးကျယ်ဝန်းသော ခြံကြီးထဲတွင် ခွေးဆိုးတစ်ကောင်မျှမရှိဟု မည်သူက အာမခံနိုင်မည်နည်း။ 'ခွေးကိုက်တတ်သည်' ဟူသော သတိပေးဆိုင်းဘုတ် ချိတ်မထားသည့် အိမ်များစွာတွင် ကိုက်တတ်သောခွေးများ ရှိနေတတ်သည်မဟုတ်လား။ မည်သို့ဆိုစေ ခြံတံခါး ဖွင့်ထားသော၊ လူရိပ်လူခြည် မမြင်ရသော၊ ခွေး ရှိမည် မရှိမည် မသေချာသော၊ တစ်ခါမျှမရောက်ဖူးသော အိမ်ထဲသို့ အရဲစွန့်၍ ဝင်သွားခဲ့သည်။

ခြံထဲတွင် မြက်ပင်များသည် အံ့သြဖွယ်ရာ ရှည်မြင့်လှ၏။ လူသွား လမ်းသည် ကျဉ်းမြောင်း၍ မှိန်ဖျော့နေသည်။ လူသွားလမ်း တစ်ဖက်တစ်ချက်တွင် တစ်ချိန်က စီရီကာရံထားခဲ့ဟန်တူသော အုတ်ခဲကျိုး အပိုင်းအစတို့ကို တွေ့ရ၏။ အပင်မျိုးစုံ ရှုပ်ထွေးလျက်ရှိသည်။ လေပြင်းဒဏ်ကြောင့် ကျိုးပြတ်လွင့်ခဲ့ဟန်ရှိသော သစ်ကိုင်းခြောက် အပြတ်စတို့သည် ချုံပုတ်များပေါ်တွင် ဟိုတစ်ခု သည်တစ်ခု တင်ကျန်ရစ်သည်။ တိုက်အိမ်ကို ကွယ်ထားလုနီးပါး မြင့်မားသော သရက်ပင်တစ်ပင်သည် တိုက်ဆင်ဝင်တည့်တည့်တွင် အရုပ်ဆိုးစွာ တည်ရှိနေ၏။

သူသည် အဝါရောင်ပန်းများ ပွင့်နေသော မြေကပ်ချုံပင်ကလေးများကို တတ်နိုင်သမျှ မနင်းမိအောင် ကျော်လွှား၍ ဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းတို့ကို တတ်နိုင်သမျှ မကြည့်မိအောင် သတိထား၍ ခွေးဟောင်သံကို နားစွင့်၍ တိုက်အိမ်ဆင်ဝင်အောက်သို့ ရောက်ခဲ့သည်။ သံဆွဲတံခါးသည် လူတစ်ကိုယ် ဝင်နိုင်အောင် ဟ,ထားသည်။ ဧည့်ခန်းတွင် လူမရှိပါ။ သူသည် သံဆွဲတံခါးကို အသံမြည်အောင် လှုပ်ယမ်းပစ်လိုက်၏။

ခွေး ဟောင်သံ မကြားရ။ လူ တစ်စုံ တစ်ဦး ၏ အသံ ကိုမျှ မကြားရ။

မြင်ရသမျှမှာ ခေါင်းရင်းနံရံသို့ကပ်လျက် ပုံးကပ်စွာခင်းကျင်းထားသော အိမ်မင်းခိုင်ခံ့သည့် ဧည့်ခန်းဆက်တီကုလားထိုင်များ၊




www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းအလယ်ကောင်မှာမူ သင်ဖြူးများ အပြည့်ခင်းထားလျက် နေရာကျယ်ပြန့်စွာ ဟာလာဟင်းလင်းဖြစ်နေသည်။ ကုလားထိုင်များကို အဖြူရောင် ကုလားထိုင်ဖုံး စွပ်ထားသည်ဖြစ်ရာ ဦးခေါင်းမှိသည့်နေရာတွင် ညစ်ထေးလျက်ရှိကြသည်။ အိမ်ရှေ့တံခါးပေါက်နှင့် တည့်တည့် နောက်ဘက်က အုတ်နံရံတွင် ရောမစာလုံး ဂဏန်းကွက် တပ်ထားသည့် အိုဟောင်းသော တိုင်ကပ်နာရီတစ်လုံး၏ ချိန်သီးမှာ လေးပင်စွာ လွှဲယမ်းနေ၏။ တစ်ပိုင်းတစ်စ မြင်ရသော ကျွန်းသားလှေကားသည် ချောမွတ်သော ပွတ်လုံးများ ခြယ်သထားသည့် လက်ရန်းဖြင့် သေသပ်စွာ လှပလျက်ရှိ၏။

"မ ခင် မေ စီ..."

သူ ခပ်ကျယ်ကျယ် အော်ခေါ်လိုက်ပြီးနောက် အိမ်တွင်း တစ်နေရာဆီမှ တစ်စုံတစ်ခု လွှတ်ကျသံကို ကြားလိုက်ရသည်။ ကြွေထည်ပစ္စည်း တစ်ခုခု လွှတ်ကျကွဲသံဖြစ်ပါသည်။ ခဏအကြာတွင် မျက်နှာချင်းဆိုင် နံရံဘေးရှိ တံခါးမှ အဝါရောင်ပွင့်ရိုက် ခန်းဆီးစ လှုပ်ယမ်းသွား၏။ ခန်းဆီးစကို ဖယ်လျက် အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက် ဝင်လာသည်။

ခင်မေစီဆိုတာ သူမ မဟုတ်နိုင်ပါ။ စာအိတ်ပေါ်က လက်ရေးသည် လှငယ်လက်ရေးဖြစ်ပြီး ပေးပို့သူ လိပ်စာမှာလည်း လှငယ်နာမည်ဖြစ်သည်။ ထိုနာမည်ကို သူ မမှတ်မိတော့ပါ။ နာမည် သုံးလုံး ဖြစ်၏။

"မှတ်ပုံတင် ချောစာ... မခင်မေစီ လက်မှတ်ထိုးယူပါ"

ပိန်လှီသော်လည်း သန်မာပုံရသော ထိုမိန်းမကြီးသည် သူ့ကို ငေးမောရင်း နေ့ကြွေးသော ခြေလှမ်းများဖြင့် သူရှိရာ ညှော်ခန်းဝ





သို့ လျှောက်လာနေခဲ့သည်။ သူမ၏ မျက်လုံးများမှာ စာပို့လုလင်တစ်ယောက်ကို ကြည့်သော မျက်လုံးများမဟုတ်။ ထိတ်လန့်တုန်လှုပ်သော မျက်လုံးများထက် ပိုသည်ဟု သူထင်ခဲ့သည်။ ထိုမျက်လုံးများကို ယခုထိ သူ မမေ့ပါ။

"ခင်မေစီအတွက်...ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘုရား...ဘုရား"

သူက စာလှမ်းပေးသော်လည်း မိန်းမကြီးက စာကို လှမ်းမယူပါ။

သူမသည် ရုတ်ခြည်းအင်အားဆုတ်ယုတ်သွားသလို သင်ဖြူးခင်းထားသော သမံတလင်းပေါ်သို့ ယိုင်နဲ့စွာ ထိုင်ချလိုက်လေသည်။ ထိုခဏမှာပင် သူမမျက်လုံးမှ မျက်ရည်များ တစ်လိမ့်ချင်း ကျလာခဲ့တော့သည်။ သူ တော်တော်အံ့အားသင့်သွားပြီး ဘာဆက်ပြောရမှန်း မသိအောင် ကြောင်သွားခဲ့သည်။

သူမသည် ဒူးတစ်ဖက်ထောင်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ခြင်း ဖြစ်သည်။ ထောက်ထားသော ဒူးပေါ်သို့ တံတောင်ဆစ်ကွေးတင်လျက် မျက်နှာကို ထိုလက်ပေါ်သို့ မှောက်ချလျက်ရှိသည်။ ထိုပုံစံမှာ စာပို့သမားများ မြင်နေကျ အိမ်ရှင်ပုံစံမျိုး မဟုတ်ပါ။ သူသည် ယူကျုံးမရစိတ်ဒုက္ခရောက်နေသူ အဒေါ်ကြီးကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိဘဲ ဖြစ်နေသည်။ ဤကဲ့သို့ စိတ်ကျဉ်းကျပ်မှုမျိုးကို ကြေးနန်းစာပို့သူများပင်လျှင် ကြုံရမှုဟန် မတူပါ။

"အန်တီ...နေမကောင်းဘူးလား"

အတန်ကြာအောင် ငြိမ်သက်စွာငိုကြွေးပြီးနောက် သူ့အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ မိန်းမကြီးက မော့ကြည့်သည်။ သူ ယခုတိုင် ရပ်နေဆဲဖြစ်သည်ကို သူမ သတိရသွားဟန် တူ၏။ မျက်နှာကို ချက်ချင်း အားတင်းပြင်ဆင်လျက် ရုတ်တရက်မတ်တတ်ရပ်လိုက်လေသည်။ သူ့အမေးကို သူမ ပြန်မဖြေပါ။ ဘာမေးလိုက်မှန်းပင် သိဟန်မတူပါ။

"ခင်မေစီမှ မရှိတော့တာကွယ်"

ဟု ကိုယ့်ကိုယ်ကိုပြောသလို ရေရွတ်၏။ ထို့နောက် စိုစွတ်သော မျက်လုံးများကို မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်ခြင်းဖြင့် မျက်ရည်မကျရန် ထိန်းသိမ်းလိုက်သည်ကို သူတွေ့ရသည်။

"တစ်နေ့က ရုတ်တရက်ဆုံးသွားတာပဲကွဲ့၊ မနေ့ကမှ သင်္ဂြိုဟ်ရတာ၊ သမီးက အခုမှ အသက်နှစ်ဆယ်ပဲရှိသေးတာပေါ့ လူလေးရယ်"

မြတ်စွာဘုရား ...။

ထိုအချိန်ကျမှ ခြေရင်းနံရံဆီမှာ ယောင်ထားသော လက်တောက်ခုံ တစ်ခုရှိရာသို့ သူ့မျက်စိ ရောက်သွား၏။

"ကျွန်တော်စိတ်မကောင်းပါဘူးခင်ဗျာ" သူတကယ်ပြောခြင်းဖြစ်ပါသည်။

"သူ့ယောက်ျားဆီကစာ ဖြစ်မှာပါပဲ"

အဘွားကြီးနှင့် စကားပြောရတာ အစီအစဉ်ကျနမှု မရှိပါ။

သူက စာအိတ်ကို လှမ်းပေးလိုက်ပြန်သည်။ သို့သော် သူမက စာအိတ်ကို မယူပါ။ အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကို ကြည့်သော အကြည့်မျိုးဖြင့် ခဏသာကြည့်ပြီး ရုတ်တရက်မျက်နှာလွှဲပစ်လိုက်၏။ အန်တီလက်မှတ်ထိုးယူချင်သလားဟု မေးဖို့ သူဝန်လေးနေခဲ့သည်။





"ဘာရောဂါနဲ့ ဆုံးသွားတာလဲ အန်တီ"

ဟိုတုန်းကတော့ လောကဝတ်စကားကို လူတစ်ဖက်သား ခံသာအောင် ဘယ်လိုပြောရမှန်း မသိသေးပါ။ အဒေါ်ကြီးကတော့ မေးခွန်းကို ဖြေသည့်ပုံစံမျိုးမဟုတ်ဘဲ သူတစ်ယောက်တည်း ပြောသလို ပုံစံဖြင့် ညည်းညည်းညူညူရေရွတ်နေလေသည်။

"ခါတိုင်းလဲ ဒီချိုင်းထောက်နဲ့ပဲ သူ့အပေါ်တက်လိုက် အောက်ဆင်းလိုက် လုပ်နေတာပါပဲကွယ်၊ အဲဒီနေ့ကျမှ ဟောဟိုလှေကားရင်းအထိ အပေါ်ထပ်ကနေ တလိမ့်ခေါက်ကွေးကျသွားတော့တာပဲ၊ ဟောဟိုနားမှာပေါ့"

သူမက လှေကားရင်း ထောင့်ချိုးတစ်နေရာဆီသို့ သေးကွေးသော လက်ဖြင့် ညွှန်ပြလျက်ရှိသည်။

"ဒီချိုင်းထောက်နဲ့ သူနဲ့ အသားကျပြီးသားပါကွယ်၊ အခုနောက်ပိုင်းများ ငါ့ကို တွဲစရာမလိုတော့ဘူး၊ လက်တစ်ဖက်က လက်ရန်းကိုင်၊ တစ်ဖက်က ချိုင်းထောက်ကိုကိုင်၊ ဒီလိုပဲ ဆင်းနေကျ၊ ဆရာဝန် ရောက်လာတော့ အသက်မရှိတော့ဘူး" တဲ့။

"မေစီမှ မရှိတဲ့နောက်တော့ သင်းစာကို ငါက ဘာကိစ္စ ယူထားမလဲ"

ထို့နောက် စာပို့သမားတစ်ဦး၏ ဘောင်ကို ကျော်ကာ မမေးသင့်သော လောကဝတ်မေးခွန်းတစ်ခု မေးလိုက်မိ၏။

"မခင်မေစီ၊ အဲ ...ဆုံးသွားတာ သူ့ခင်ပွန်းကို အကြောင်းကြားသေးလား အန်တီ"

"မင်းနှယ်ကွယ် ...သူဘယ်ရောက်နေမှန်း ဘယ်သူမှ မသိဘူး၊ လင်မယား စိတ်ဆိုးပြီးထွက်သွားကတည်းကပဲ၊ ကြာ ကြာပြီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်က သမီးကဖြင့် စာမျှော် လူမျှော်၊ ဘုရား…ဘုရား…ငါ့သမီး လေး အဖြစ်ဆိုးရှာတယ်၊ သမီးလေး…သမီးလေး…"

မှုန်ဝါးသွပ်မတတ် ဒေါသရိပ်နှင့်အတူ အံကြိတ်ရင်း တစ်ချက်ရှိုက် ငင်လိုက်သောအခါကျမှ သူ မေးမိသည်ကို အားနာသွားခဲ့သည်။ ထို့ကြောင့်လည်း ဘာဖြစ်လို့ ချိုင်းထောက်နဲ့ လမ်းသွားရတာလဲ ဟု ဆက်လက်မစပ်စုဖြစ်တော့ပါ။

သို့သော် သူသိပ်သိချင်နေသော မေးခွန်းတစ်ခုကိုတော့ မေး ဖြစ်အောင် မေးလိုက်မိသေး၏။

"ဟို…အန်တီ့သမီး ဆုံးတာ သောကြာနေ့လားဟင်" ဟု

သူမက သူ့ကို ဖျတ်ခနဲကြည့်လျက် တိုးတိတ်စွာ၊ ပြတ်တောက် စွာ ဖြေခဲ့လေသည်။

"စနေနေ့"

မြတ်စွာဘုရား…။

မိုးသည်းထန်သော သောကြာနေ့က ခြံအမှတ် ၄၇၀ ကိုမတွေ့ ရ၍ ဤတနင်္လာနေ့မှ လာပေးရကြောင်း အဒေါ်ကြီးကို မပြောပြ ခဲ့ပါ။ ထို့ပြင် ဤအကြောင်းကို မည်သူ့ကိုမျှလည်း မပြောဖြစ်ပါ။

*

သစ်တောလမ်းသို့ သူရောက်တိုင်းလိုလို ဤအဖြစ်အပျက်ကို သတိရနေဆဲ ဖြစ်သည်။ ဆယ့်ငါးနှစ်နီးပါးကြာအောင် မျိုသိပ် ထားခဲ့ရသော ဤအကြောင်းကြောင့်ပင် စာပို့လုလင်ဘဝကို သူ ပိုမိုစိတ်ဝင်စားခဲ့သည်။ သို့သော် ဤအကြောင်းကြောင့်ပင် ဤ အလုပ်ကို လျှင်မြန်စွာငြီးငွေ့စိတ်ပျက်လွယ်ဟန် တူပါသည်။

မည်သို့ဆိုစေ၊ သူ့စာပို့သမားသက်တမ်းတစ်လျှောက် လိပ်စာ





မသိ၍ဖြစ်စေ၊ မိုးရွာ၍ဖြစ်စေ၊ ဖိနပ်သည်းကြိုးကြောင့်ဖြစ်စေ စာ ဝေ နောက်ကျခြင်းမျိုး မဖြစ်စေရအောင် သူအတတ်နိုင်ဆုံး ကြိုး စားခြင်းဖြင့် သူ့ကိုယ်သူ လိပ်ပြာသန့်အောင် အမြဲနှစ်သိမ့်နေခဲ့ သည်။ ကံအားလျော်စွာ ဤတစ်ကြိမ်သည် ပထမဆုံးအကြိမ် လည်း ဖြစ်၍ နောက်ဆုံးအကြိမ်လည်း ဖြစ်ပါသည်။

နှစ်များစွာကြာလာသောအခါ သူ့မှာအလေ့အကျင့်နှစ်ခု ရလာ ခဲ့၏။

တစ်ခုမှာ တာဝန်ချိန်တွင် ဘယ်တော့မျှ သားရေဖိနပ်မစီးဘဲ ရာဘာဖိနပ်ကိုသာ စွဲမြဲစွာ စီးခဲ့ခြင်းဖြစ်သည်။ နောက်တစ်ခုမှာ နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ သူ့တွင် တွယ်ချိတ် သို့မဟုတ် ပင်အပ် စသည့် အရေးပေါ်ပစ္စည်းများ ရာဘာဖိနပ်အတွက် အမြဲ ဆောင်ထားတတ်သည့် အလေ့အကျင့် ရလာခဲ့ခြင်းပင် ဖြစ်လေ သည်။

[၁၉၈၈ ခု၊ ဇူလိုင်လ၊ ရှုမဝ ရုပ်စုံမဂ္ဂဇင်း]

○



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်မပါသောည

(တစ်)

အနက်ရောင် ဆိတ်ငြိမ်ခြင်းသည် အမြင့်တစ်နေရာဆီမှ လျှင်မြန်စွာ နိမ့်ဆင်းပြိုကျလာတော့မည်။

သေမင်းသည် ဝတ်ရုံတစ်ခုလွှမ်းခြုံထားသည်ဆိုလျှင် ထိုဝတ်ရုံသည် အနက်ရောင်ပဲဖြစ်ရမည်။ သေမင်းသည် စိတ်ရှည်၏။ နွဲနှပဲကြီး၏။ ထို့အပြင် ကျီစယ်တတ်သေး၏။ နောက်မှာ တစ်စုံတစ်ရာက လိုက်လံချောင်းမြောင်းနေသလို စိတ်ကထင်လာသည့်အခါ နောက်လှည့်ကြည့်လိုက်၊ ထိုတစ်စုံတစ်ရာကို ဘယ်တော့မှ တွေ့ရမှာ မဟုတ်။ ၎င်းသည် လျင်မြန်ပါးနပ်သည်။ ခြေသံလုံသည်။ တရှုတ်ဆွဲသံပင် မကြားရ။ လိပ်ပြာမသန့်သောင်သာ ထိုအရာက တိုးတိတ်စွာ ခြောက်လှန့်လျက်ရှိမည်။ မိမိ လာရာလမ်း တစ်လျှောက် အလွန်သတိကြီးစွာ၊ ဉာဏ်ပညာကြီးစွာဖြင့် ထောင်ချောက်များ၊ ခလုတ်များ တပ်ဆင်ထားခဲ့ပါ။ ဤနည်းဖြင့် ထိုအရာသည် မိမိနောက်မှာ နှစ်ပေါင်းများစွာ ကျန်နေခဲ့မည်ဟု စိတ်ချလက်ချ မယုံကြည်လိုက်လေနှင့်။ ထိုအရာသည် နောက်နား



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကျကျမှ ထက်ကြပ်မကွာ လိုက်ပါလာမှာပါပဲ။ တစ်ခါမှာတော့ (သူ့ဝတ်ရုံစဟု ထင်ရသည်) စိုစွတ်ထိုင်းမှိုင်းသောအဝတ်အထည် တစ်ခုခုက ဆံစပ် သို့မဟုတ် လည်ကုပ်ကို လာထိသည်ကိုပင် ခံစားရလိမ့်မည်။ ထိုအခါ ကြက်သီးဖြန်းခနဲ ထသွားလျှင် ကြောက်ရွံ့မှုကြောင့် ဖြစ်မည်။

ကျွန်မကြောက်ရွံ့စွာ တွေဝေနေခဲ့သည်။

ကြောက်ရွံ့မှုတွင် အချိန်ကာလ ရှိ၏။ အနီးအဝေးလည်း ရှိ၏။ ကျွန်မတို့သည် ကြောက်ရွံ့ခြင်းကို ဘယ်တုန်းကမျှ စာတစ်စောင်ပေတစ်ဖွဲ့ ရေးစပ်ဖို့ စိတ်မကူးခဲ့ကြပေ။ သို့သော် လောကတွင် အရေးကြီးသည်ဟု ထင်ရသော အရာမှန်သမျှ ကြောက်ရွံ့မှုဖြင့် အခြေခံသည်။

အိပ်(က်)(စ်) ရောင်ခြည်ဖြင့် ဓာတ်မှန်ရိုက်ခြင်းသည်လည်း ကြောက်ရွံ့မှုကြောင့် ဖြစ်သည်။ လျှပ်စစ်ဖြင့် နှလုံးတိုင်းထွာ၍ ဂရပ်ဖ်ဆွဲခြင်းသည်လည်း ကြောက်ရွံ့မှုကြောင့်ဖြစ်သည်။ ပဋ္ဌာန်းဒေသနာတော်သည်လည်းကောင်း၊ ပရိတ်တရားတော်သည်လည်းကောင်း၊ ကြယ်တာရာစစ်ပွဲသည်လည်းကောင်း၊ ရေကျော်ဗစ် ဆွေးနွေးပွဲသည်လည်းကောင်း၊ တာလတ်ပစ် နျူကလီးယားဒုံးပျံများ ဖျက်သိမ်းရေးစာချုပ်သည်လည်းကောင်း ကြောက်ရွံ့မှုနှင့် သက်ဆိုင်သည်။ ကြောက်ရွံ့မှုကြောင့်ပင် သေမင်းနှင့် ဝေးခဲ့ကြသည်။ ကြောက်ရွံ့မှုကြောင့်ပင် သေမင်းနှင့် နီးခဲ့ကြသည်။

ကျွန်မတို့သည် ယခုချက်ချင်း မိမိအပေါ် ကျရောက်လာနိုင်သော သေမင်းအန္တရာယ်များအကြား ဖန်တီးထားသော ကြေကွဲမှုများအကြား လုပ်ကြံရယူထားသော ပဋိသန္ဓာရစကားများအကြား





တွင် တစ်စုံတစ်ခုကို အမြဲမျှော်လင့်နေခဲ့သည်။ ဤအရာကို မရမီက ကျွန်မသည် ဤအရာကို မျှော်လင့်ခြင်းဖြင့် အသက်ရှင်နေသည်ဟု ထင်ယောင်ထင်မှားဖြစ်ခဲ့သည်။ သို့သော် ဤအရာကို ရပြီးသည့်နောက်တွင် ကျွန်မသည် ထိုအရာကို ထပ်မံမျှော်လင့်ပြန်သည်။ ကမ္ဘာပေါ်တွင် လူသည် အလွန်လောဘကြီးပါသည်။

ကျွန်မတို့အားလုံး လောဘတကြီး ဖက်တွယ်ဆုပ်ကိုင်ထားသော ဤနေရာတွင်တော့ ညည်းတွားသံများ၊ အော်ဟစ်သံများ၊ စိတ်ပျက်အားလျော့ခြင်းများ၊ သည်းမခံနိုင်သော ဒုက္ခဆင်းရဲများသာ ရှိသည်။

ဤဒုက္ခများအကြားတွင် ရွှေရောင်လက်သော ဦးနှောက်၏ ဘာမျှအသုံးမဝင်ခြင်းအဖြစ်ကိုလည်း ကျွန်မသိခဲ့ပြီ။ နုနယ်ပျိုမျစ်ခြင်းနှင့် အိုမင်းရင့်ရော်ခြင်းအကြားက ခြားနားမှု ပါးပါးလွှာလွှာကလေးကိုလည်း ကျွန်မဖြတ်ကျော်ခဲ့ပြီးပြီ။ မြစ်သည် မြောက်မှ တောင်သို့ စီးဆင်း၏ဟု ပထဝီမှာ သင်ရသော်လည်း ပြောင်းပြန်စီးသော မြစ်များအကြောင်း ကြားဖူးပြီ။ ရက်ရောမှုသည် နောက်ဆုံးတွင် မနိုင်မနင်းဖြစ်မှုနှင့် အဆုံးသတ်လေ့ရှိကြောင်း ကျွန်မသိခဲ့ပြီ။ ဦးနှောက်ကို ဖောက်စားရုံမျှမက ဦးခေါင်းခွံထဲမှာ အုံကျင်းဖွဲ့၍ နေတတ်သေးသော ပင့်ကူများအကြောင်းကိုလည်း ကျွန်မသိခဲ့ပြီ။ ကျွန်မ လက်တွေကပဲ တိုလွန်းနေလို့လား၊ မမီမကမ်း ဖြစ်ခဲ့ရသော ချစ်ခြင်းမေတ္တာနှင့်လည်း လွဲခဲ့ရဖူးပြီ။ ကျွန်မမျက်နှာသို့ လာ၍စဉ်သော မနာလိုစကား အပိုင်းအစများကိုလည်း ထုံထိုင်းစွာ ခံစားသိရှိခဲ့ရပြီးပြီ။ ယခုအချိန်တွင် မနက်ဖြန်ဆိုသော စကားလုံး၏ အရသာကိုပင် ကျွန်မ မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သွားတော့မည်။

ဖြစ်သမျှဖြစ်စေတော့ဟု သတိရလိုက်သောအချိန်တွင် မပြတ်သောအမှုများစွာတို့ဖြင့် လေးလံပိကျနေသော ခန္ဓာကိုယ်မှာ လှုပ်ရှားရန် မလွယ်ကူတော့ချေ။ တွေဝေခြင်းသည် ကြောက်မက်ဖွယ်ရာ ချိုမြိန်လှသည်။

ကျွန်မ သွားမှဖြစ်မည်။

တောင်အရပ်သို့ သွားသည်ဖြစ်စေ၊ မြောက်အရပ်သို့ သွားသည်ဖြစ်စေ အရေးကြီးသည်မှာ ဤနေရာတွင် ကျွန်မ မရှိဖို့သာ ဖြစ်သည်။

(နှစ်)

မှိုင်းသည်းသော ည မဟုတ်။ နှင်းဝေသော ညမဟုတ်။ ရင်ခုန်နေသော ညလည်း မဟုတ်။ လဝန်းမရှိ။ ကြယ်တာရာများ မရှိ။ နေရောင်ခြည် လရောင်ခြည်များ၊ လောက၏ ချိုဆိမ့်မှုများ၊ မိန်းမူးဖွယ်ရာ အောင်မြင်မှုများကို ရနိုင်သလောက် ညှစ်နုတ်၊ ခြစ်ထုတ်ယူပြီးသော အခွံချည်းသက်သက် ည၊ မှောင်မည်းတိတ်ဆိတ်နေသော သွေးအေးအေးနှင့်ညသာ ဖြစ်သည်။

စမ်းရေစီးသံ မကြားရ။ နာရီစက်သံ မကြားရ။ ညငှက်တို့၏ အတောင်ပံခတ်သံ မကြားရ။ သစ်ရွက်သစ်ခက်တို့၏ တီးတိုးသံ ဝင်းလွှင် မကြားရ။

ခုလိုညမျိုးသည် တစ်ခုခုကို ဆုံးဖြတ်ဖို့၊ အဆုံးသတ်ဖို့ အသင့်တော်ဆုံးည ဖြစ်သည်။

ကျွန်မ ဘာကိုစိုးရိမ်ကြောင့်ကြနေသနည်း။





ကန္တာရပင် အကိုင်းဖျားမှာ ကြာမြင့်စွာ တွဲလွဲချိတ်ထားခံရသောကြောင့် အရောင်မှိန်ပျက်လျက်ရှိသော သစ္စာစကားများ၊ မဖွပ်လျှော်ဘဲ အဖန်တလဲလဲ သုံးခံရသဖြင့် ညစ်နွမ်းပျော့ဖတ်နေသော လောကဝတ္တရားများ၊ ရောဂါပိုးများ၊ ပြင်းပြလိုက်မောနေသော အသက်ရှူသံများ၊ ဘယ်တော့မျှ လိုအင်ဆန္ဒ မပြေပျောက်နိုင်တော့သော ငတ်မွတ်မှုများ။

အားလုံးအပေါ်တွင် နောက်ဆံတင်းဖို့ မလိုပါ။

ဘယ်လိုအရာမျိုးကြောင့်မှ ပျော်ရွှင်မှုကိုမရခဲ့သူ ကျွန်မအတွက် လောကကြီး၏ ဟာဒယရွှင်ဆေးများက မတိုးတော့ပါ။ လူ တစ်ယောက်အတွက် အရေးအကြီးဆုံးသောပညာမှာ ရယ်မောတတ်ဖို့ မဟုတ်။ မေတ္တာထားတတ်ဖို့လည်း မဟုတ်။ သေတတ်ဖို့သာ ဖြစ်ပါသည်။

ကျွန်မ ဘယ်လိုသေသွားမလဲ။

ဟိုစဉ်တုန်းကတော့ သေမင်းက ကျွန်မမသိအောင် တိုးတိတ်စွာ ချဉ်းကပ်လာပြီး ဝါးခနဲ ခြောက်လှန့်ဆွဲခေါ်သွားလိမ့်မည်ဟု ထင်ခဲ့သည်။ ယခုလို ကျွန်မဆီ လာနေမှန်း သိသိကြီးနှင့် ရှောင်တိမ်း ပုန်းအောင်းရင်း သူ့ခြေသံကို နားစွင့်နေရလိမ့်မည်ဟု မထင်ခဲ့ပေ။

ကျွန်မနှင့် သေမင်းအကြားတွင် ပိတ်ထားသော တံခါးတစ်ချပ်သာ ခြားလျက်ရှိတော့သည်။

ခုမှတော့ လပြည့်ဝန်းလည်း မလာနိုင်တော့။

စကားနည်းနည်းပြောပြီး အများများများလုပ်တတ်သူ၊ ရက်ရောလှယ်သော်လည်း မက်မောရန် နှလုံးသား ဆိတ်သုဉ်းသူ ချက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ကို နှမြောတွန့်တိုသူ၊ အလုပ်နှင့်ငွေအကြား ဆက်သွယ်မှု၊ ဝင်ငွေနှင့် ထွက်ငွေအကြား ကိန်းဂဏန်း အပေါင်းအနုတ်များကို မနိုင်နင်း မကျွမ်းကျင်သူ၊ ငယ်စဉ်က ပထဝီဘာသာ သင်ရစဉ် မြန်မာနိုင်ငံ မြေပုံကို ဆွဲတိုင်း ဧရာဝတီမြစ်ကို ဘင်္ဂလားပင်လယ်အော်ထဲ ဝင်သည့်အဆုံးပိုင်းမှ မေခ၊ မလိခ မြစ်နှစ်သွယ်ဆုံရာ အစအထိ အောက်မှ အထက် ပြောင်းပြန်ဆွဲလေ့ရှိသူ၊ ပုံပန်းသဏ္ဌာန်ကြည့်တော့ ပါးလှစ်မလိုလိုနှင့် ထူအ,လှသူ၊ အသံထွက် မှန်အောင်ပင် နာမည်မခေါ်တတ်သော ပြင်သစ်ရုပ်ရှင်မင်းသား၏ ဓာတ်ပုံကို ညစဉ် နမ်းပြီးမှ အိပ်ပျော်လေ့ရှိသူ၊ ချစ်ခြင်းမေတ္တာကို လောင်းကစားတစ်ခုအဖြစ် သဘောထားကာ ရှိသမျှ စည်းစိမ် အကုန်လောင်းကြေးတင်ရင်း ရှုံးခဲ့သူ။

အဲသည်လို ခပ်အူအူမိန်းမမျိုးအဖြစ် လူနေမှုဘဝဗေဒထဲသို့ အံစာတုံးတစ်ခုလိုကြဲချခံလိုက်ရသောအခါ ကံကြမ္မာဆိုတာ ဘက်လိုက်တတ်သော ဒိုင်လူကြီးတစ်ဦးပဲ ဖြစ်ခဲ့သည်။

(သုံး)

ကိုယ့်သေမင်းကိုယ် မမြင်ဖူးလိုက်ဘဲနှင့် ကျွန်မ မသေချင်ပါ။ သေမင်းသည် ဘယ်လိုရုပ်ရည်မျိုး၊ ဘယ်လိုပုံစံမျိုး ရှိပါသနည်း။

ငယ်စဉ်တုန်းက ကျန်းမာရေးဆေးပေးခန်းသို့ မကြာခဏ သွားရဖူးသည်။ ဆေးပေးခန်းနံရံမှာ ချိတ်ထားသော ပိုစတာတစ်ခုသည် ကျွန်မ၏ အိပ်မက်ထဲအထိ လိုက်ပါခြောက်လှန့်ခဲ့သည်။ ကျောက်ရောဂါဖြစ်ပွားနေသော ကလေးငယ်တစ်ဦး (ထိုစဉ်က ကျွန်မအရွယ်ခန့်) ကို သူ့မိခင်၏လက်ထဲမှ ဖွတ်အတင်း လုယူ





ဆွဲခေါ်သွားသော သေမင်း၏ပုံ ဖြစ်လေသည်။ ကလေးသည် လက်ပိန်ပိန်၊ ခြေထောက်ပိန်ပိန်နှင့် ဗိုက်ပူကလေးဖြစ်ပြီး သူ့တစ်ကိုယ်လုံး ကျောက်အနာဖုများဖြင့် ပြည့်လျှက်ရှိ၏။ သေမင်းသည် ဝတ်ရုံမည်းမည်းကြီးကို တရွတ်ဆွဲ ဝတ်ထားပြီး အရိုးချည်းသက်သက် လက်ထဲမှာ လက်ကိုင်တုတ်လိုလို နှင်တံလိုလို တုတ်ချောင်းတစ်ခုပါ၏။ သေမင်း၏မျက်နှာမှာတော့ အရိုးခြောက်မျက်နှာဖြစ်ပြီး ခေါင်းထက်မှာ အရုပ်ဆိုးလှသော ဝတ်ရုံမည်းကြီးက ဖုံးလွှမ်းထားခဲ့သည်။ သေမင်း၏နောက် ခပ်ဝေးဝေးမှာတော့ သင်္ချိုင်းကုန်းတစ်ခုကို မှုန်ပျပျမြင်နေခဲ့ရသည်။

နှောင်နှစ်ပေါင်းများစွာအထိ ထိုသေမင်း၏ ရုပ်ပုံသည် ကျွန်မအာရုံတွင် စွဲထင်နေခဲ့သည်။

ကုသိုလ်ဇနကကံ၊ အကုသိုလ်ဇနကကံ၊ ကုသိုလ်ကမ္မနိမိတ်၊ အကုသိုလ်ကမ္မနိမိတ်၊ ကုသိုလ်ဂတိနိမိတ်၊ အကုသိုလ်ဂတိနိမိတ် မည်သည့်ကံဖြင့် မည်သည့်နိမိတ်ထင်၍ သေသည်ဖြစ်စေ သေသည်၏ အခြားမဲ့၌ ဘာတွေဖြစ်နိုင်သနည်းဟု ကျွန်မ စိတ်မဝင်စားပါ။ မရဏာသန္နဇောဝင်နေချိန်၌ ကျွန်မ၏အာရုံတွင် ဘာတွေထင်မြင်လာနိုင်သည်ဟု ကျွန်မဘယ့်နှယ်လုပ် ကြိုတင်သိနိုင်မည်နည်း။ နှင်းဆီဥယျာဉ်များ၊ ပိတောက်ပန်းများ၊ ကြည်လင်စိမ်းမြသော်လည်း နက်ရှိုင်းသော ရေအိုင် စသည်တို့ကို သေအံ့မူးမူး မြင်မိလျှင်တော့ ကောင်းရာသုဂတိလားရမည့် နိမိတ်ပဲ။ မီးတောက် မီးလျှံများ၊ မီးခိုးများ၊ ကျွဲနက်ကြီးများ၊ ဆင်မည်းကြီးများ နောက်ကလိုက်ပါနေသဖြင့် ပြေးလွှားနေရသည်ဟု သွေးရူးသွေးတန်း ထင်မြင်စွာ မောပန်းတုန်လှုပ်ရလျှင်တော့ မကောင်းသော အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဂတိနိမိတ်ပဲ။ ဘာပဲဖြစ်ဖြစ် မရဏာသန္တရေးအတွင် တစ်ဝီထိမျှ လောက်သော အသက်ကြွင်းကျန်နေသည့်အချိန်သို့ ရောက်လျှင် သေခြင်းက အလွန်နီးကပ်လျက်ရှိပြီ။ ထို့နောက် သာမန်လူများ တွင် တစ်ဝီထိလျှင် ဇောခုနစ်ကြိမ် ရှိသော်လည်း ကျွန်မမှာတော့ ဇောငါးကြိမ်သာ ရှိတော့မည်။ ထို့နောက် ကျွန်မ သေမည်။ အလွန် ရှင်းလင်းပြတ်သားသော သေခြင်းတရားဖြစ်ပါသည်။

ခက်နေသည်မှာ ကျွန်မအလွန်စိတ်ရှည်တတ်သူ ဖြစ်ပါလျက် ယခုအချိန်တွင် အလွန်စိတ်မရှည်နိုင်တော့ခြင်းပင်ဖြစ်၏။ ခပ် ဝေးဝေးမှာ ဝတ်ရုံစ တရွတ်ဆွဲသံနှင့်အတူ တိုးတိတ်သော ခြေသံ ဖွဖွကို ကျွန်မကြားနေရပါလျက် သူဘာဖြစ်လို့ ကျွန်မ၏တံခါး ကို ချိုးဖျက်၍ဝင်မလာသေးသလဲ။

အေးစက်နေသောည၏ မျက်နှာပြင်ပေါ်မှာ ယခုအချိန်အထိ ကျွန်မ မတ်မတ်ရပ်နေခြင်းသည် လောကကိုပြစ်တင်မောင်းမဲရန် မဟုတ်၊ မျက်ရည်ခံထိုး တောင်းပန်ရန်လည်း မဟုတ်၊ မျက်နှာချို သွေး နှစ်သိမ့်ရန်လည်း မဟုတ်။ လောကကို လောင်းကစားတစ်ခု ကဲ့သို့ အနိုင်နှင့်ပိုင်းသွားရအောင်ကလည်း ကျွန်မမှာ အောင်နိုင် ခြင်းဆိုတာ မရှိခဲ့ပါ။

သို့သော် ယခုအချိန်အထိ မည်သူ့ကိုမျှ မပြရသေးသော ဝှက်ဖဲ တစ်ချပ် ကျွန်မမှာရှိသေးသည်။

ကျွန်မ၏စာများကို ဝေဖန်ရေးဆရာများ၊ မတောက်တခေါက် ဝေဖန်သူများ သူတို့အားလုံး ကော်ဖီနှင့်စိမ်သောက်ရန် ရေးခဲ့ခြင်း လည်း မဟုတ်၊ အနုပညာလောက မြင့်မားတိုးတက်ဖို့ ဘာညာ ကျွန်မ မရည်ရွယ်ခဲ့ပါ။ ထို့ကြောင့် 'ဘာရည်ရွယ်ချက်နဲ့ စာရေး





တာလဲ' ဟု မေးလာသောအခါ ကျွန်မ အိုးနင်းခွက်နင်း ဖြစ်သွား ခဲ့ရဖူးသည်။ ကျွန်မသည် စာမရေးဘဲ မနေနိုင်၍ ရေးခြင်းသာဖြစ် ကြောင်း၊ ကျွန်မ၏ဦးနှောက်နှင့် နှလုံးအိမ်ကို အလိုလိုက်သော လက်၏ ဖန်တီးမှုသက်သက်သာဖြစ်ကြောင်း ကျွန်မ မည်သူ့ကိုမျှ ဖွင့်မပြောခဲ့ပါ။

(လေး)

ည၏ထောင့်ချိုးများတွင် ကောင်းကင်ဆီမှဖြာကျလာသော အလင်း ရောင်ဖြင့် တစ်ခါတစ်ရံ ပြိုးပြက်ဝင်းလက်သွားတတ်သော်လည်း ဘဝဆိုသည်မှာ ကြယ်ရောင်လက်သော ညတစ်ည မဟုတ်ခဲ့ပါ။

[၁၉၈၉၊ ဇန်နဝါရီလ၊ ချယ်ရီမဂ္ဂဇင်း]

○



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခဲ့ဖူးသော

ဘယ်လိုစိတ်ဆန္ဒမျိုးက စေ့ဆော်လို့ အဲဒီလမ်းကလေးကို ကျွန်တော်လျှောက်မိတယ်ဆိုတာ မသိပါဘူး။ အဲဒီလမ်းဟာ ကျွန်တော့်အတွက် အန္တရာယ်လမ်းလည်း ဖြစ်တယ်၊ ဝေဒနာလမ်းလည်း ဖြစ်ခဲ့တာပါပဲ။

မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုဖြစ်သွားဖို့အတွက် ပတ်ဝန်းကျင် အခြေအနေရယ်၊ အချိန်ကာလ ဆိုတာရယ် အဲဒီအကြောင်းတရားတွေ အများကြီးလိုအပ်ပါတယ်၊ ဒါကို ခင်ဗျား လက်ခံတယ် မဟုတ်လား။

အဲဒီအဖြစ်အပျက်ကို ကျွန်တော်ဘယ်တုန်းကမှ ကြိုတင် ကြံရွယ်မထားခဲ့ဘူးဆိုတာ ဘုရားကတော့ သိနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

*

အဲဒီလမ်းဟာ ကျွန်တော်တို့မြို့ရဲ့ အလှဆုံးလမ်းတစ်ခုတော့ မဟုတ်သေးဘူး၊ အဲဒီလမ်းမှာ မွှေးကြိုင်တဲ့ ပန်းတွေ ပွင့်ဝေ့ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေလည်း မရှိဘူး၊ လှပတဲ့ပန်းပင်တွေလည်း မရှိဘူး။ ဒါပေမဲ့ လမ်းတစ်ဖက်မှာ အရွက်ချင်း အခက်ချင်း ယှက်နေအောင် တစ်ပင်နဲ့တစ်ပင် နီးကပ်နေတဲ့ ကုက္ကိုပင်ကြီးတွေတော့ ရှိတယ်။ လမ်းတစ်ဖက်ကတော့ ကျွန်တော်တို့မြို့ရဲ့ နာမည်အကြီးဆုံး ကန်တော်ကြီးပေါ့ဗျာ။ ကန်ထဲက ရေတွေဟာ အမြဲစိမ်းကြည်နေတာ မဟုတ်ပါဘူး။ ရေတွေလည်း အမြဲပြည့်နေတာမဟုတ်ပါဘူး။ ဒါပေမဲ့ ကန်အမြင့်တစ်ဝက်လောက်အထိတော့ ရေပြည့်နေတတ်တယ်။ ချိုးရေအတွက် အများအားဖြင့် ကန်ရေကိုပဲ ခပ်ကြလေ့ရှိပါတယ်။ ညနေစောင်းအချိန်ဆိုရင် ကန်တော်ကြီးမှာ ရေခပ်တဲ့ လူငယ်တွေ လူကြီးတွေ ပြည့်နေတာပဲ။ ဒါကြောင့်လည်း ညနေအချိန်တွေမှာ အဲဒီလမ်းဟာ လူစည်ကားလေ့ရှိပါတယ်။ နေ့ခင်းအချိန်ဆိုရင် အဲဒီလမ်းဟာ လူပြတ်သလောက် နည်းပါးတတ်ပါတယ်။

အဲဒီလမ်းဟာ နေ့ခင်းတွေမှာ ကျွန်တော်နဲ့သူ ခဏခဏ ချိန်းတွေ့နေကျလမ်း ဖြစ်တယ်။ အဲဒီလမ်းဟာ တစ်ခါတုန်းက သူ့တခြားရည်းစားတစ်ယောက်လို့ ကျွန်တော်မသိရသေးတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပူးပူးကပ်ကပ် ယှဉ်လျှောက်ပြီး ရယ်မောပြုံးရွှင်နေကြတာကို ဗြုန်းခနဲ ကျွန်တော်မျက်နှာချင်းဆိုင်တွေ့လိုက်ရဖူးတဲ့ လမ်းလည်း ဖြစ်တယ်။ အဲဒီလမ်းဟာ ကျွန်တော်နဲ့သူ လမ်းခွဲဖို့ ကျွန်တော် စတင်အရေးဆိုတော့ သူ့မျက်နှာကို လက်ဖဝါးနဲ့ အုပ်ပြီး ရှိုက်ကြီးတငင် ငိုပြခဲ့တဲ့လမ်းလည်း ဖြစ်တယ်။ အဲဒီလမ်းဟာ...

ထားပါတော့လေ၊ ကျွန်တော်ပြောချင်တာက အဲဒီလမ်း အ





ကြောင်း မဟုတ်ပါဘူး။ အဲဒီလမ်းမှာ နောက်ဆုံးဖြစ်ပျက်သွားတဲ့ ကျွန်တော်နဲ့ ပတ်သက်သမျှ အခြင်းအရာတစ်ခုကို ပြောချင်တာပါ။

နောက်ပြီး ကျွန်တော်ပြောပြမယ့် အချိန်ကာလကလည်း ညနေခင်းတို့၊ နေ့လယ်တို့ မဟုတ်ဘူး၊ ညအကြောင်း ပြောမှာပါ။

ကျွန်တော်တို့မြို့ရဲ့ ညဟာ တခြားမြို့တွေရဲ့ ညထက် ပိုမှောင်လေ့ရှိပါတယ်။ လျှပ်စစ်အား အရမ်းကျတဲ့ ညခုနစ်နာရီနဲ့ ဆယ်နာရီကြားအချိန်တွေမှာပေါ့လေ။ ကျွန်တော်တို့မြို့ရဲ့ တခြားလမ်းတွေထက် အဲဒီ ကန်တော်ကြီးလမ်းက ပိုမှောင်နေလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းမီးတိုင်တွေဟာ အဲဒီလမ်းမှာ ပိုကျဲနေလို့ပါပဲ။

ဘာပဲဖြစ်ဖြစ် ကန်တော်ကြီးလမ်းဟာ နေ့ခင်းမှာလိုပဲ ညမှာလည်း လူခြေတိတ်ဆိတ်လေ့ရှိတာပဲ။

အဲဒီညကတော့ စကြဝဠာမှာရှိသမျှ ကြယ်တွေအကုန်လင်းတဲ့ ညပဲနဲ့ တူပါတယ်၊ လကတော့ မသာဘူး၊ ဒါပေမဲ့ ကန်ရေပြင်မှာ ကြယ်ရောင်တွေ လက်ပြီး ရေလှိုင်းကြက်ခွပ်ကလေးတွေ တဖျတ်ဖျတ် တောက်ပလှုပ်ရှားနေတဲ့ ချစ်စရာညလေးတစ်ခုပါ။ အဲဒီညမျိုးဟာ လူတစ်ယောက်အတွက် ဩကာသလောကကြီးတစ်ခုလုံး ချစ်စရာကောင်းနေအောင် ဆွဲဆောင်လေ့ရှိပါတယ်။ အဲဒီလိုညမျိုးဟာ လူငယ်တစ်ယောက်အတွက် သစ်ရွက်ကြွေလေးတွေ လေမှာလွင့်သွားတာတောင် ဝမ်းနည်းမိန်းမောလာအောင် ဆွဲဆောင်လေ့ရှိပါတယ်။ အဲဒီလိုညမျိုးဟာ လူငယ်တစ်ယောက်အတွက် တွေ့သမျှမြင်သမျှ မိန်းမလှကလေးတွေကို စိတ်ကူးယဉ်ကြည့်လို့



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ဆွဲဆောင်တတ်လေ့ရှိပါတယ်။ နောက်ပြီး အဲဒီညမျိုးဟာ လူငယ်တစ်ယောက်အတွက် ချစ်သူဟောင်းတစ်ယောက်ကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်တဲ့အခါ ရင်ခုန်လှုပ်ရှားပြီး အာခေါင်တွေ နှုတ်ခမ်းတွေ ခြောက်သွေ့သွားလောက်အောင် ခံစားချက်ဖြစ်ပေါ်လာစေနိုင်တယ်လို့ လက်ခံကြမယ် ထင်ပါတယ်။

ကျွန်တော်သူ့ကိုချစ်ခဲ့တယ်။ အဲဒါ အမှန်တရားပါ။ ကျွန်တော် အဲဒီအချိန်မှာ သူ့ကို မချစ်တော့ဘူး၊ ဒါလည်း အမှန်တရားပဲ။ မိန်းမတစ်ယောက်ကို တစ်ချိန်မှာ သိပ်ချစ်မြတ်နိုးဖို့ လိုအပ်ပေမယ့် တစ်ချိန်မှာ ချစ်ဖို့မလိုအပ်တော့တာမျိုး ခင်ဗျား ကြုံဖူးရင် ကျွန်တော့်ကို ကိုယ်ချင်းစာတတ်လိမ့်မယ် ထင်တာပဲ။ အချစ်မှာ အတက်နဲ့အကျဆိုတာ ရှိတယ်လို့ ခင်ဗျား လက်ခံသလား။

သူ့ရဲ့ ပိုးမျှင်တွေလို နုအိပျော့ပျောင်းတဲ့ အနက်ရောင်ဆံပင် ရှည်ရှည်ကလေးတွေကို ကျွန်တော် တကယ်ချစ်ခဲ့တာပါ။ လုံးဝ မကော့ဘဲ စင်းကျနေတဲ့ သူ့မျက်တောင်ရှည်ရှည်တွေကိုလည်း ကျွန်တော်တကယ်ချစ်ခဲ့တာပါ။ ဘယ်ယောက်ျားမှ မြတ်နိုးဖို့ စိတ်ကူးမှာမဟုတ်တဲ့ မဆိုစလောက် သေးကွေးနေတဲ့ သူ့နှာခေါင်း ချွန်ချွန်ကလေးရယ်၊ အချိုင့်ကလေး ပျောက်သွားအောင်အထိ အပေါ်ကို ဝိုက်ကွေးနေအောင် လန်တဲ့ အပေါ်နှုတ်ခမ်း လန်လန်ကလေးရယ်၊ မေးစေ့အောက်ခြေက အနာရွတ်ရှည်ရှည်ကလေးရယ်ကိုလည်း ကျွန်တော် တကယ်ချစ်ခဲ့တာပါ။

ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြတုန်းက ကျွန်တော့်လောက် ပျော်စရာကောင်းတဲ့လူ လောကမှာ ရှိတော့မှာ မဟုတ်ဘူးလို့တောင် ထင်ခဲ့ပါတယ်။





အဲဒီအချိန်တွေတုန်းကတော့ ကျွန်တော်ကလည်း တကယ့်ကို သိမ်မွေ့နူးညံ့တဲ့ ကောင်လေးတစ်ယောက်ဘဝကို ရခဲ့ဖူးတယ်လေ၊ ခင်ဗျားတို့ ယုံကြမယ်မထင်ဘူး။ တခြားယောက်ျားတွေ သူ့ရဲ့ လှပတဲ့ ကိုယ်ခန္ဓာကို ရေရေလည်လည် ပြစ်မှားနေတဲ့အချိန်မှာ ကျွန်တော်လေ သူ့ကို လက်ဖျားနဲ့တောင် မထိဘဲ နှစ်နှစ်တိတိ ချစ်သူသက်တမ်း ကြာခဲ့တာပါ။

သူက ကျွန်တော့်ထက် အရပ်တော်တော်လေး နိမ့်တယ်။ ကိုး လက်မလောက်ကို နိမ့်ပါတယ်။ ဒီတော့ ကျွန်တော့်ကို အမြဲတမ်း မော့ကြည့်ပြီး စကားပြောရလေ့ရှိတယ်။ ကျွန်တော်ကလည်း သူနဲ့ လမ်းလျှောက်ပြီဆိုရင် သူ့ကို ငုံ့ကြည့် ငုံ့ကြည့်ရလွန်းလို့ အကျင့်ပါနေပြီး သူမပါဘဲ လမ်းလျှောက်ရင်တောင် ကျွန်တော့်ညာဘက်ကို အမြဲခေါင်းငုံ့ပြီး လမ်းလျှောက်မိလေ့ရှိပါတယ်။ ကျွန်တော်က သူနဲ့ မလိုက်အောင် ကလန်ကလားဖြစ်နေပေမယ့် သူ့လို အရပ်ခပ်နိမ့်နိမ့်ကောင်မလေးနဲ့တွဲလျှောက်ရတာကို ပိုတောင်ပျော်သေးတယ်။ သူ့ကို ငုံ့ကြည့်ငုံ့ကြည့် လမ်းလျှောက်ရတာ၊ သူ့ငယ်ထိပ်က ပိုးမျှင်လိုဆံပင်ပျော့ကလေးတွေကို လေနဲ့မှုတ်ပြီး ဆော့ကစားရင်း လမ်းလျှောက်ရတာတွေကို ကျွန်တော် အရမ်းရင်ခုန်ခဲ့တာပဲ။

သူ့ကို ဖိနပ်ပါးပါးကလေးပဲ စီးဖို့ ကျွန်တော်အမြဲတောင်းဆိုလေ့ရှိတယ်။ ခက်တာက သူက ကျွန်တော်နဲ့ အရပ်ကွာလို့ ဆိုပြီး ကျွန်တော်နဲ့ယှဉ်ရတာကို ရှက်သတဲ့။ တစ်နေ့တော့ သူ ဒေါက်မြင့်ဖိနပ်ကြီး စီးလာပါလေရော။ တစ်လက်မခွဲ နှစ်လက်မလောက်ရှိမလား မသိပါဘူး၊ ဖိနပ်အရောင်ကတော့ လှပါရဲ့၊ အသားရောင်နဲ့ အညိုရောင် စပ်ကြားလေး။ ဒါပေမဲ့ ဒေါက်မြင့်ဖိနပ်ကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အရမ်းမုန်းတာ သူသိလျက်သားနဲ့ စီးတယ်လို့ ကျွန်တော် စိတ်တိုသွားမိတယ်။ ဒါပေမဲ့ ကျွန်တော်အပြစ်မတင်ပါဘူး။ ဒီလောက်တောင် ဖိနပ်အမြင့် စီးချင်လှတာ နေနှင့်ဦးဆိုပြီး သူ့ကို ကျွန်တော် မီးရထားသံလမ်းတစ်လျှောက်ကနေ ခေါ်သွားလိုက်တာပေါ့။

ကျွန်တော်တို့မြို့က မီးရထားသံလမ်းရဲ့ဘေးမှာ လူသွားစရာ လမ်းရယ်လို့ မရှိဘူး။ ဖုန်တွေ သဲတွေနဲ့ ရောနေတဲ့ ဆူးစူးတဲ့ ချုံပင်ကလေးတွေပဲ တစ်ဖက်တစ်ချက်မှာ ရှိတယ်။ ဒီတော့ ရထားလမ်းတစ်လျှောက် လမ်းလျှောက်သွားတဲ့လူတွေဟာ သံလမ်းပေါ်ကနေပဲ လမ်းလျှောက်ရလေ့ရှိပါတယ်။ ဇလီဖားတုံး တစ်ခုနဲ့တစ်ခုကြားမှာ တစ်ပေခွဲလောက် ခြားပြီး အဲဒီကြားက မြေပြင်ကလည်း ကျောက်ချွန် ကျောက်ပဲ့ အတုံးတွေမဟုတ်လား။ သူ ဘယ်လိုလုပ်ပြီး လမ်းလျှောက်မလဲ မဟုတ်ဘူးလား။ သူ အလဲလဲ အပြိုပြိုနဲ့ လမ်းလျှောက်လာတဲ့ တစ်ချိန်လုံး ကျွန်တော်သူ့ကိုကြည့်ပြီး ရယ်ခဲ့မိပါတယ်။ အင်းလေ...ပထမတော့ ရယ်ခဲ့မိတာပေါ့။ ဒါပေမဲ့ နောက်ပိုင်း သူခြေလှမ်းမမှန်တော့ဘဲ ကျွန်တော့်နောက်မှာ အပြတ်ကျန်နေတော့မှ သူ့အပေါ် သနားကရုဏာစိတ် ဝင်လာပါတယ်။ တော်တော် ဖွဲ့ကြီးတဲ့ ကောင်မလေး။ ကျွန်တော့်ကို 'စောင့်ပါဦး' လို့ တစ်ခွန်းမှ မတောင်းဆိုဘူး။ အံကြိတ်ပြီး လျှောက်လိုက်လာတယ်။ နောက်ဆုံးတော့ ကျွန်တော်ရပ်စောင့်နေလိုက်ပါတယ်။ ကျွန်တော့် အနားလည်း ရောက်ရော နှုတ်ခမ်းတင်းတင်းစေ့ပြီး အားတင်းထားရတဲ့ အမူအရာကလေးနဲ့ ကျွန်တော့်ကို မော့ကြည့်တယ်။ မျက်ရည်လည်နေတဲ့ မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့လေ...။





အဲဒီမှာ ကျွန်တော် အရည်ပျော်ကျသွားတော့တာပဲ။ တော်ပြီ၊ နောက်တစ်ခါ ငါသူ့ကို မနှိပ်စက်တော့ဘူး။ သူ့ဟာသူ ဘာဖိနပ်ကြီးပဲ စီးလာ စီးလာလို့ ဆုံးဖြတ်ချက်ချလိုက်မိပါတယ်။ သူကလည်း နောက်ကို ဘယ်တော့မှ ခွာမြင့်ဖိနပ်မစီးတော့ဘူးလို့ ဆုံးဖြတ်လိုက်သလား မသိဘူး။ အဲဒီရဲ့နောက်မှာ ကျွန်တော်နဲ့ ချိန်းတိုင်း ညှပ်ဖိနပ်ပါးပါးကလေးပဲ စီးလာတာ သတိထားမိတယ်။

ဘာပဲဖြစ်ဖြစ် ဖိနပ်ပါးကလေးစီးတော့ သူ့ကိုယ်လုံးက ပိန့်သွားတယ်။ ကောက်ကြောင်းကလေးတွေ ပိုပြီး ထင်ရှားလာတယ်။ သူ့ကိုယ်လုံးကလေး ပိုလှသွားတာပဲ။ ဒေါက်မြင့်ဖိနပ်ကြီးနဲ့ဆို သူလမ်းလျှောက်တာ တောင့်တောင့်ကြီး။ အရုပ်တစ်ခု သံပတ်ပေးထားလို့ လမ်းသွားသလိုကြီးပါပဲ။

"နှင်က ဖိနပ်ပါးကလေးနဲ့ပဲ လှတာဟ၊ အရုပ်ပုပုကလေးကလဲ ဖိနပ်ပါးလေးနဲ့မှ ပိုချစ်စရာကောင်းသွားတာ သိလား၊ နှင် ဘယ်တော့မှ ခွာမြင့်ဖိနပ်တွေ မစီးနဲ့၊ နှင်နဲ့ မလိုက်ဘူး"

အဲဒီနေ့က ကျွန်တော်နှင့်သူ လမ်းခွဲခါနီးမှာ ကျွန်တော် အဲလို ပြောတော့ သူ့မျက်လုံးကလေးတွေ ရွှန်းလက်တောက်ပသွားတာပဲ။

"တကယ်လားဟင်"

စဉ်းစားကြည့်စမ်းပါ။ အဲဒီလို အပြစ်ကင်းတဲ့ မျက်လုံး ရွှန်းရွှန်းလေးတွေနဲ့ ကလေးလို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားကလေးနှစ်ယောက်ကို တစ်ပြိုင်တည်း ရည်းစားအဖြစ် လက်ခံတယ်လို့ ဘယ်သူယုံမှာလဲဗျာ။

ကျွန်တော်ဟာ သူ့ရဲ့ ပထမဆုံးရည်းစားမဟုတ်ခဲ့ဘူး။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ ကျွန်တော်ဟာ သူ့နောက်ဆုံးရည်းစားလည်းဖြစ်မှာမဟုတ်ဘူးဆိုတာ တစ်စတစ်စ ကျွန်တော်ရိပ်မိလာပါတယ်။ ရည်းစားသက်တမ်း နှစ်နှစ်လုံးလုံးမှာ ကျွန်တော့်ကို သူစိတ်ကောက်ရတာဆိုလို့ ဆေးလိပ်အရမ်းသောက်တဲ့ ပြစ်မှုတစ်ခုပဲ ရှိခဲ့ပေမယ့် ကျွန်တော် သူ့ကိုစိတ်ဆိုးရတာကတော့ ခဏခဏပဲ။ စိတ်ဆိုးရသမျှကလည်း သူနဲ့ တခြားကောင်တွေနဲ့ သဝန်တိုရတာတွေချည်းပါပဲ၊ သူ့လောက် အချော့ကောင်းတဲ့ မိန်းကလေးလည်း ရှိမယ်မထင်ပါဘူး။ စိတ်ရှည်လက်ရှည် ချော့တတ်တယ်။ ကျွန်တော်ကလည်း ဘယ်လောက်တုံးလိုက်သလဲဆို သူချော့လိုက်ရင် ကျွန်တော့်ကိုယ်ကျွန်တော်ပဲ သစ်ပင်နဲ့ ခေါင်းနဲ့ ဆောင့်တိုက်အပြစ်ပေးယူရတော့မလား ထင်အောင် စိတ်ဆိုးမိတဲ့ကိစ္စအပေါ် နောင်တရလေ့ ရှိပါတယ်။

အင်းလေ...အဲဒီအဖြစ်တွေကလည်း ဒီလမ်းကလေးမှာ ကျွန်တော်နဲ့ သူ့ရဲ့တခြားကောင်တစ်ယောက်နဲ့ အတူတွဲလာတာနဲ့ မျက်နှာချင်းဆိုင်လိုက်မိတဲ့နေ့အထိပဲ ဆိုပါတော့။ အဲဒီလို သူတို့နှစ်ယောက်လုံးနဲ့ တွေ့လိုက်ရလို့ ကျွန်တော့်တစ်ကိုယ်လုံး ထောင်းခနဲ ပူရှိန်းဆူပွက်သွားတဲ့နေ့ကိုတော့ ကျွန်တော် ဘယ်တော့မှ ပြန်မစဉ်းစားပါဘူး။ သူတို့နှစ်ယောက်ရဲ့မျက်နှာတွေ ချက်ချင်းမှုပျက်သွားသလို ကျွန်တော့်မျက်နှာလည်း တော်တော်ဆိုးဆိုးရွားရွားပြောင်းလဲသွားမယ်လို့ ထင်တာပဲ။ အခုပြန်တွေးရတာတောင် ရင်ထဲမှာ ကျင်နေအောင် နာမိပါရဲ့ဗျာ။ ထားလိုက်ပါတော့ အဲဒီအကြောင်း။ အဲဒီအဖြစ်အပျက် ဖြစ်ခဲ့ရဖူးတယ်လို့ပဲ ခင်ဗျားလက်ခံထားလိုက်...ဟုတ်ပြီလား။





ထာဝရခိုတဲ့စကားနဲ့ ထိုက်တန်တဲ့ မိန်းမ တစ်ယောက်မှ ရှိတာ မဟုတ်ပါဘူး။ အဲဒါကို ယုံကြစမ်းပါ။

ဒီမိန်းမကို ငါချစ်မြတ်နိုးဖို့ မလိုတော့ဘူးလို့ ကိုယ့်ကိုယ်ကို သိလိုက်ပြီးတဲ့နောက်မှာတောင် ကျွန်တော် အဲဒီအသိရဲ့ ဒဏ်ကို ဖျပ်ဖျပ်လူးအောင် ခံစားခဲ့ရပါတယ်။ ကျွန်တော် သူ့ကို ဘယ်လောက် အရိပ်တကြည့်ကြည့် ချစ်မြတ်နိုးခဲ့ရတယ်ဆိုတာတော့ ကျွန်တော်ပဲ သိတာကိုး။

အဲဒီလမ်းကို နောက်တစ်ကြိမ် လျှောက်သွားတဲ့နေ့ဟာ သူတို့နှစ်ယောက်နဲ့ မျက်နှာချင်းဆိုင်တွေ့ရတဲ့နေ့ရဲ့ နောက်ကိုးလတိတိကြာခဲ့ပါတယ်။ အဲဒီ ကိုးလလုံးလုံးဟာ ကျွန်တော် သူ့ကို အရူးအမူးချစ်တဲ့စိတ်ကို ပုံမှန်ဖြစ်သွားအောင် ဘယ်လိုဆောက်တည်ယူခဲ့ရတယ်ဆိုတာ ပြန်မပြောချင်လောက်တဲ့ ဝေဒနာရက်တွေဖြစ်ခဲ့တယ်။

ကျွန်တော်နဲ့ သူရဲ့ နောက်ဆုံးနေ့က သူဝတ်ထားတဲ့အင်္ကျီဟာ ကျွန်တော်တွေ့ဖူးသမျှမှာ သူနဲ့အလိုက်ဖက်ဆုံးအင်္ကျီပါပဲ။ သူ့အသားက ဝါဝါဝင်းနေတာ မဟုတ်လား။ သူဝတ်ထားတဲ့ အင်္ကျီက အလွန်လှတဲ့ စထရော်ဗယ်ရီသီးအရောင် ရဲရဲလေး။ လည်ပင်းမှာ အတွန့်အခေါက်ကလေးတွေ တပ်ထားပြီး အင်္ကျီလက်က တံတောင်ဆစ်အောက်မှာ ကြိုးရှုံ့နဲ့ ပြန်စည်းထားတဲ့ လက်ပွပွကလေး။ နောက်ဆုံးနေ့ဆိုတာ သူလည်း ရိပ်မိပြီး စိုးရိမ်ပုံ ရပါတယ်။ နောက်ဆုံးနေ့မဖြစ်ရအောင် သူအတတ်နိုင်ဆုံး ကျွန်တော့်ကို ဆွဲဆောင်ဖို့ ဆုံးဖြတ်ထားသလား မသိပါဘူး။ ဖြန့်ချထားတဲ့ ပိုးချည်မျှင် အနက်ရောင်တွေလို နူးညံ့ပျော့ပျောင်းတဲ့ဆံပင်ရှည်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေဟာလည်း အဲဒီနေ့က အလှဆုံးပဲ။ အရောင်လက်နေအောင် နက်မှောင်တဲ့ ပိုးချည်မျှင်တွေလိုလေ။ လေတိုက်လိုက်တော့ ကျွန်တော့်ဘက်ကို ဝဲလွင့်လာတဲ့ ဆံမျှင်စတွေက လတ်ဆတ်တဲ့ အနံ့ ချိုချိုကလေးတစ်ခု မွှေးနေခဲ့တယ်။ ဘာရနံ့လဲဆိုတာ ကျွန်တော် ခုထိ မသိပါဘူး။

သူနဲ့ အတွေ့မခံဘဲ ကိုးလလုံးလုံး ရှောင်တိမ်းပြီး အားယူလာခဲ့ရတဲ့ ကျွန်တော့်ဘက်က အခြေအနေအရ ဒီပွဲမှာ ကျွန်တော် အပြတ်အသတ်ရှုံးရမယ်လို့ သူတွက်ဟန်တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'နင့်နှုတ်ခမ်းနဲ့ အဲဒီအရောင်နဲ့ သိပ်လိုက်တာပဲ' လို့ ကျွန်တော်ပြောဖူးလို့ သူ ခဏခဏဆိုးလေ့ရှိတဲ့ စထရော်ဗယ်ရီသီးရောင် နှုတ်ခမ်းဆိုးဆေးကို ဆိုးလာခဲ့တယ်လေ။ သူ့မျက်လုံးမှာလည်း ရှုံးရမှာကို ကြောက်တဲ့အရိပ်အယောင် ဘာမှမရှိ၊ ပကတိအပြစ်ကင်းစင်တဲ့ ချစ်စဖွယ်မိန်းကလေးတစ်ယောက်ရဲ့ ကြည်လင်မှုမျိုးကိုသာ တွေ့ရတယ်။

ကျွန်တော့်အင်္ကျီလက်မောင်းပေါ်က တစ်စုံတစ်ခုကို (ပုရွက်ဆိတ်တစ်ကောင် ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သစ်ရွက်အမှိုက်စလေးတစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဘာမှမရှိဘဲလည်း ဖြစ်ချင်ဖြစ်မယ်) သူ့လက်ကလေးနဲ့ အသာတောက်ပေးပြီးတော့...

"နင့်ကို ငါလွမ်းနေရတာ အတော်ကြာပြီနော်" လို့ စကား စပြောတယ်။

အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲမှာ ဗလာပဲ။ ဘာဆို ဘာမှမရှိဘူး။ ကျွန်တော် သူ့ကိုချစ်ခဲ့တာတွေ၊ သူ့အတွက် ခံစားခဲ့ရတာတွေ၊ နာကျင်ခဲ့ရတာတွေ၊ သောကတွေ အားလုံးကွယ်ပျောက်သွား





ပြီဆိုတာကို သူ့ရဲ့အဲဒီစကားပြောအပြီးမှာ သေချာသွားတော့တာပဲ။ ဒါနဲ့ပဲ ကျွန်တော်လည်း ဘာမှနိဒါန်းပျိုးမနေတော့ဘဲ တုံးတိတိ သူ့ကို ပြောပစ်လိုက်တော့တယ်။

"နင်နဲ့ငါ ရေ့ဆက်ပြီး တွဲဖို့ ငါ့ဘက်ကတော့ ဘယ်လိုမှမဖြစ်တော့ဘူး"

သူ ကျွန်တော့်ကို မော့ကြည့်နေတဲ့ မျက်လုံးမှာ တောင်းပန်တိုးလျှိုးတဲ့ အရိပ်အယောင်တွေ ရီဝေနေတာကို ကျွန်တော် တအံ့တဩ တွေ့လိုက်ရပါတယ်။ ပိုအံ့ဩစရာကောင်းတာက အဲဒီ မျက်ရည်လည်နေတဲ့ မျက်ဝန်းတစ်စုံဟာ ကျွန်တော့်ရင်ကို ဘာခံစားမှုမှ မပေးတော့တာဘဲ။ ဟိုအရင်တုန်းကတော့ ဘယ်ဟုတ်မလဲ၊ အဲဒီလို မျက်ဝန်းမျိုးအောက်မှာ ဒီကကောင် ပျော့ခွေညွတ်ကျရတာပေါ့။

"စိုး...စိုးရယ်...မငိုပါနဲ့၊ နင် ဘာဖြစ်ချင်လဲ၊ ငါအကုန် လုပ်ပေးမယ်၊ အဲဒီကောင်နဲ့ နင်နဲ့ ဘာမှမပတ်သက်ဘူးဆိုရင် ပြီးရောပေါ့ စိုးရယ်၊ ငါ နောက် ဒီအကြောင်း မပြောတော့ဘူး၊ သိလားနော်...စိုး"

ဒီစကားလေးမျိုး အခွန်းပေါင်းဘယ်လောက်နဲ့ ကျွန်တော်သူ့ကို နှစ်သိမ့်ခဲ့ရတယ်ဆိုတာ ဘုရားမှ သိမှာပဲ။

အခုတော့ ဒီအဖြစ်တွေ ကျွန်တော်နဲ့ သူ့ကြားမှာ လုံးဝမရှိတော့သလိုပါပဲ။

ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းမှုလည်း မရှိ၊ နာကြည်းမှုလည်း မရှိ၊ နောင်တရမှုလည်း မရှိဘူး။ ဒီနေရာကနေ မြန်မြန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တစ်ခွက်လောက် သွားသောက်ချင်စိတ်တွေသာ ပေါ်နေပါတော့တယ်။

"ပြောရက်လိုက်တာ ကိုလေးရယ်၊ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နည်းနည်းလေးမှ ထည့်မတွက်တော့ဘူးလား"

ယူကျုံးမရသလို တုန်ခိုက်လှုပ်ခတ်နေတဲ့ သူ့အသံကတော့ ဒါသူ့ရင်ထဲက စကားအမှန်ပဲလို့ ယုံကြည်ရပါတယ်။ အဲဒါကိုပိုပြီး အံ့ဩတာပဲ။ သူ ကျွန်တော့်ကို ဘာဖြစ်လို့ လွတ်ရာကျွတ်ရာကို ကြိုးဖြေမလွှတ်ချင်ရတာလဲ။ သူ့မှာ ကျွန်တော့်အပြင် ရည်းစားလည်း ရှိနေတာပဲ။ အဲဒီကောင်ဆို ကျွန်တော့်ထက် မိဘဂုဏ်အဆင့်အတန်းရော၊ ရုပ်ရည်ရော သာပါတယ်။ ကျွန်တော့်ကို သူဘာဖြစ်လို့ ချည်တိုင်မှာ ချည်ထားချင်ရသေးတာလဲ။ ဒါတွေကို ကျွန်တော် ဖွင့်မေးရင် စကားတွေရှည်ကုန်တော့မယ်။ ကျွန်တော် နားလည်စပြုလာပြီဖြစ်တဲ့ မိန်းမတွေရဲ့သဘာဝလို့ တွေးလိုက်မိပါတယ်။

ကျွန်တော် ဘာမှမပြောဘဲ မတုန်မလှုပ်ဆက်ထိုင်နေတော့ သူ ကျွန်တော့်ပခုံးကို လာမှီပါတယ်။ ညွတ်ခနဲ ကျွန်တော့်ပခုံးကို သူ့ခေါင်း ရောက်လာပေမယ့် ကျွန်တော့်ရင်ထဲက ဘောလုံးပွဲတစ်ခုဆောင့်ကြည့်ရသလောက်တောင် မတက်ကြွတော့ပါဘူး။ စိတ်ညစ်သွားနေတာ တစ်ခုပါပဲ။

"ဒီး...ဖယ်စမ်းပါ၊ ငါ ပြန်တော့မယ်"

လေသံခပ်မာမာနဲ့ပြောပြီး ဝုန်းခနဲထတော့ သူယိုင်လဲသွားတယ်။ သစ်တုံးပေါ်မှာ ထိုင်ရာကနေ ကျွန်တော့်ကိုမော့ကြည့်ရင်း သူ့မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတာ သိပ်မြန်တာပဲ။





ဘယ်အချိန်က ကျလိုက်သလဲမသိဘူး။ ကျွန်တော်ငုံ့ကြည့်လိုက်တဲ့အချိန်မှာ မျက်ရည်စိုရွှဲနေပြီ။ ဒါ တကယ့်မျက်ရည်အစစ်တွေ၊ ခင်ဗျား ယုံရဲ့လား။ နောက်ပြီး ဘာဆက်ပြောတယ် ထင်လဲ။

"ကိုလေး..." လို့ သူတစ်ခွန်းတည်းခေါ်ပြီး မျက်နှာကို လက်ဖဝါးနဲ့အုပ်ပြီး ရှိုက်ကြီးတငင် ငိုချပါလေရော။ ဘာဖြစ်လို့ငိုတယ်လို့ ခင်ဗျားထင်သလဲ။ သူ့မျက်ဝန်းတွေဟာ အရင်လို ကျွန်တော့်ကို ညှို့ယူနိုင်စွမ်း မရှိတော့ဘူးဆိုတာ သေချာသွားလို့ သူ့အရှုံးအတွက် ဝမ်းနည်းပြီး ငိုတာဗျ။ ကျွန်တော်သိတယ်။ ဒါနဲ့ပဲ သူ့ရဲ့အဲဒီအသိကလေး သေချာသထက် သေချာပါစေတော့ဆိုပြီး ကျွန်တော် ချာခနဲလှည့်ထွက်လာခဲ့တယ်။ သူဘယ်လိုကျန်ရစ်ခဲ့သလဲ ကျွန်တော် မတွေးတော့ဘူး။ ပြန်လည်း လှည့်မကြည့်တော့ဘူး။

ဘယ်လောက်များ အံ့ဩဖို့ကောင်းလိုက်သလဲဆိုရင် အဲဒီလို သူနဲ့ အပြီးအပိုင် ဝေးခဲ့ရပြီဆိုတဲ့အသိဟာ ကျွန်တော့်ကို အရမ်းပျော်ရွှင်လွတ်လပ်သွားစေခဲ့ပါတယ်။ အဲဒီနေ့လယ်ခင်းကတော့ ကျွန်တော်ဟာ စာမေးပွဲတစ်ခုကို အဆင့်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့တဲ့ ကျောင်းသားတစ်ယောက်လို ခြေလှမ်း မြောက်ကြွမြောက်ကြွ ဖြစ်နေခဲ့တယ်။ ဒါဟာ မိန်းမတစ်ယောက်ဆီက ပထမဆုံး ရတဲ့ လွတ်လပ်ရေးပါပဲ။

အဲသလိုနဲ့ ကျွန်တော်နဲ့သူ ကွဲခဲ့ကြပါတယ်။

*

အခု ကျွန်တော်ပြောမယ့် အဖြစ်အပျက်ကလည်း အဲဒီနေ့လယ်ခင်းရဲ့ နောက်နှစ်နှစ်ကြာတဲ့အချိန်မှာ အဲဒီလမ်းကလေးရဲ့ညချမ်းတစ်ခုမှာ တကယ်ဖြစ်သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ဘယ်လောက်အထိ တိတ်ဆိတ်လိုက်သလဲဆိုရင် ကြားနေကျ ပုရစ်အော်သံတွေ၊ ဖားအော်သံတွေ လုံးဝမကြားရဘူး၊ ကန်ရေပြင်မှာ ကြယ်ရောင်တွေ တဖျတ်ဖျတ်လက်နေပြီး လူတစ်ယောက်ရဲ့ စိတ်ကို ညှတ်နူးသွားအောင် ဖန်ဆင်းပေးတတ်တဲ့ ညမျိုးပါ။

ဘယ်လိုစိတ်မျိုးက စေ့ဆော်လို့ အဲဒီလမ်းကို ကျွန်တော် လျှောက်ဖြစ်တယ်ဆိုတာ မသိပါဘူး။ ဘုရားဘက်က သူငယ်ချင်းတစ်ယောက်ဆီကနေ အပြန်မှာ ဖြတ်လမ်းအဖြစ် အဲဒီလမ်းကို ရွေးခဲ့မိတယ်။ ဖြစ်ချင်တော့ ကျွန်တော့်လက်ထဲမှာ စီးကရက်လည်း ပါမလာခဲ့ဘူး။ စီးကရက်သောက်လာဖြစ်ခဲ့ရင်လည်း အဲဒီအဖြစ်အပျက် ဖြစ်သွားမှာမဟုတ်ဘူးလို့ ကျွန်တော်မျှော်လင့်ရတာပဲ။

အဲဒီလမ်းကိုနှစ်နှစ်အတွင်း သုံးလေးခါပဲ ဖြတ်လျှောက်မိတာပါ။ အဲဒီလိုဖြတ်လျှောက်တိုင်း ကျွန်တော့်ရင်ထဲမှာ တစ်ခုခု ညှိနေသလို ခံစားရတယ်။ တစ်စုံတစ်ယောက်ကို လွမ်းဆွတ်တဲ့ ဝေဒနာမျိုး မဟုတ်တာ သေချာပါတယ်။ ဒီလိုလေ တာဝန်ဝတ္တရားတစ်ခုကို မကျေပွန်ဘဲ ရှောင်လွှဲနေခဲ့ရတဲ့ ခံစားချက်မျိုး၊ ဥပမာ ကျွန်တော် အတန်းလစ်ခဲ့မိတာမျိုး၊ အမေသွားခိုင်းတဲ့နေရာတစ်ခုကို မသွားဘဲ နေလိုက်မိတာမျိုးပေါ့။ တခြားအချိန်တွေမှာ မဖြစ်ဘူးဗျာ။ အဲဒီလမ်းကို လျှောက်မိပြီဆိုရင် အဲဒီခံစားချက်ကြီး ပေါ်လာတော့တာပဲ။ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲ ရှောင်ဖယ်ထားခဲ့မိတဲ့ ခံစားချက်မျိုးပါ။

အဲ...အဲဒီည၊ အဲဒီညကလည်း အဲဒီလို ခပ်ဟာဟာခံစားချက်





မျိုးနဲ့ အဲဒီလမ်းကို ဖြတ်လျှောက်လာရင်း ကန်ရေပြင်ကို အမှတ်မထင် ငုံ့ကြည့်မိတယ်။ နောက်တော့ ကန်ပေါင်ရိုးအစွန်းအထိ တက်သွားပြီး ကန်ဘက်ကို လှည့်ရပ်ပြီး တော်တော်ကြာကြာ ငေးမောနေဖြစ်ခဲ့ပါတယ်။ ကန်က အကျယ်ကြီး ဟိုဘက်ကန်ပေါင်အစွန်းဟာ ဘယ်တော့မှ ရောက်မသွားနိုင်တော့သလို ဝေးလံလှတယ်လို့ စိတ်ထဲမှာ ထင်လာတယ်။ ကျွန်တော့်နောက်မှာ ဖြတ်သွားတဲ့ စက်ဘီးတချို့နဲ့ ခြေသံတချို့ကို ပြတ်တောင်းပြတ်တောင်း ကြားနေရပေမယ့် ကျွန်တော် အဲဒီအတိုင်း ကန်ဟိုဘက်စွန်းကို ငေးမောရပ်နေခဲ့ပါတယ်။

ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲ။ နှစ်နှစ်တိတိ အဆက်အသွယ်ပြတ်တောက်ပြီးဖြစ်တဲ့၊ နှစ်နှစ်တိတိ ချစ်သူသက်တမ်းကြာခဲ့တဲ့ ချစ်သူဟောင်းတစ်ယောက်ရဲ့ ခြေသံကို မျှော်လင့်မထားတဲ့အချိန်မှာတောင် နောက်ကျောပေးထားရင်းကနေ မှတ်မိတဲ့အဖြစ်လေ။ သူက လမ်းလျှောက်ရင် ရှပ်တိုက်ပြီး လျှောက်တတ်တယ်။ ခြေလှမ်းစိပ်စိပ်ကလေးနဲ့ ခပ်ဖြည်းဖြည်းလျှောက်တတ်တယ်။ ထဘီရှည်ရှည်ဝတ်တတ်လို့ သူလမ်းလျှောက်ရင် တခြားမိန်းကလေးတွေထက် ထဘီခတ်သံ ပိုကျယ်လောင်လေ့ရှိတယ်။

ကျွန်တော်သိလိုက်တယ်။ ဒါ...သူပဲ။ သူ့ခြေသံပဲ။ တွက်ပြီးသား သင်္ချာတစ်ပုဒ်ကို ပြန်တွက်ရင်တောင် အဖြေမှားချင် မှားသွားမယ်၊ ဒါကတော့ လုံးဝမမှားနိုင်ဘူး။ မှားသွားရင် ဘာလုပ်မလဲ။ ကဲကွာ...မှားသွားရင် ငါတစ်သက်လုံး ဆေးလိပ်မသောက်တော့ဘူး။ ဆေးလိပ်ဖြတ်လိုက်တော့မယ်။ မှန်သွားရင်ကော...

ကျွန်တော် ဖျတ်ခနဲနောက်လှည့်ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းလည်း ရပ်သွားတယ်။ ပြုံးပြတယ်။

လမ်းမီးတိုင် အလင်းရောင်မှုန်မှုန်နဲ့ ကြယ်ရောင်မှိန်မှိန်အောက်မှာ သူပြုံးလိုက်တာ သိပ်သေချာတယ်။ ကျွန်တော် မအံ့သြတော့ပါဘူး။ သူ့ဆီမှာ အပြုံးအမျိုးမျိုး အဆင်သင့်ရှိနေတတ်တာ ကျွန်တော် သိသားပဲ။ သူတစ်ယောက်တည်း လျှောက်လာတာ တွေ့တော့ ကျွန်တော့်နှမတစ်ယောက်အတွက် စိတ်ပူသလို သူ့အတွက် စိတ်ပူလိုက်မိပါတယ်။

"နင်တစ်ယောက်တည်း ဘယ်က ပြန်လာတာတုံး"

"ဘူးသီးကြော် သွားဝယ်တာလေ"

သူ့အသံမှာ ကျွန်တော်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မပေါ်လွင်တော့ပါဘူး။

"ဟိုထောင့်နားက ဘူးသီးကြော်ဆိုင်ပေါ့၊ စောင့်လိုက်ရတာ ဟယ် အကြာကြီးပဲ၊ ငါသွားတုန်းက ဒီလောက်မမှောင်သေးပါဘူး"

တကယ့်ကို သူ့အသံက ပုံမှန်အတိုင်းပဲ။ ကျွန်တော်ကို ရှိုက်ကြီး တငင် ငိုပြခဲ့ဖူးတယ်လို့ မယုံချင်စရာပဲ။ ကျွန်တော် သူ့မျက်နှာကို စိုက်ကြည့်ရင်း မမျှော်လင့်ဘဲ အာခေါင်တွေ ခြောက်သွေ့လာတာကို ကျွန်တော့်ဟာကျွန်တော် ပြန်ပြီးအံ့သြနေပါတယ်။

"သွားမယ်နော် ကိုလေး"

"မသွားနဲ့ဦး"

ကျွန်တော် ဘာဖြစ်လို့ သူ့ကိုတားမြစ်လိုက်မှန်း မသိတော့ပါဘူး။ သူလည်း အံ့သြသွားပုံရပါတယ်။ ခြေလှမ်း တုံ့ခနဲရပ်ပြီး ကျွန်တော့်ကို မော့ကြည့်နေတယ်။ သူ့မျက်ဝန်းတွေဟာ အရင်လို





ကျွန်တော့်ကို ညှို့ငင်ယူဖို့ ကြိုးစားမနေကြပါဘူး။ အင်းလေ ... ဒီလောက် မှောင်နေတဲ့အချိန်မှာ အရာရာဟာ အထင်နဲ့အမြင် ကွာခြားချင် ကွားခြားနေမှာပေါ့။

"နင်အခု ဘယ်သူနဲ့ တွဲနေသလဲဟင်"

ရယ်ရွှန်းဖတ်ရွှန်း ကျွန်တော်မေးလိုက်မိပါတယ်။ သူတကယ် အသံထွက် ရယ်လိုက်တယ်၊ သိလား။

"ဖြစ်မှဖြစ်ရလေ ကိုလေးရယ် ... နင် ဘယ်သွားအိပ်ပျော်နေလဲ၊ ငါအိမ်ထောင်ကျနေပြီလေဟယ်"

သူ့စကားက ကျွန်တော့်နားထဲမှာ မုံးပေါက်ကွဲသလိုပြင်းပြင်းထန် ထန် စူး ဝင် သွား ပါ တယ်။ ဒီပွဲမှာ ကျွန် တော် ရှုံး သွား ပြီ။ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို နိုင်လှပြီထင်ပြီး ရင်ကော့ ခေါင်းမော့နေချိန်မှာ ပက်ပက်စက်စက်ကြီးကို ရှုံးတတ်တာ ပါလား။

"နင်ရော ဘာလဲ ... ကျောင်းပိတ်လို့ ပြန်လာတာ ဟုတ်လား"

သူ့အမေးကိုလည်း ကျွန်တော်မကြားတစ်ချက်ကြားတစ်ချက်ပါပဲ။ သူ့ဆံပင်တွေကို အခုမှ သတိထားမိတယ်။ အရင်လိုဖြန့်ချမထားတော့ဘဲနဲ့ ခေါင်းမှာ ကလစ်နဲ့ ခေါက်တင်ပြီး ညှပ်ထားတာပဲ။ ဘယ်လောက်နမြောစရာကောင်းလိုက်သလဲနော်။

"စိုး ..."

ကျွန်တော် တိုးတိုးကလေး ခေါ်လိုက်တယ်။

"ဟင် ..."

သူ မော့ကြည့်ရင်းကနေ ကျွန်တော့်မျက်လုံးထဲက ဘာကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်မသိဘူး၊ သူ့အသံ တိမ်ဝင်သွားပြီး နောက်ကိုတစ်လှမ်း ဆုတ်လိုက်ပါတယ်။

"ငါ နှင့်ကို တအားချစ်ခဲ့တာ နှင်သိရဲ့လား စိုး"

ဒီစကားဟာ ကျွန်တော်ရည်ရွယ်ထားတဲ့ စကားတစ်ခုမဟုတ်ပါဘူး။ ကျွန်တော့်နှုတ်ခမ်းကို တစ်စုံတစ်ယောက်က ဝင်ပူးပြီး ပြောနေသလိုပဲ။ အဲဒီနောက်တော့ ကျွန်တော်ပြောဖို့ မရည်ရွယ်တဲ့ စကားတွေ ကျွန်တော်တတွတ်တွတ်ရေရွတ်နေမိတာပါပဲ။ ဘာတွေ ပြောမိတယ်လို့ ကျွန်တော်ဘယ်သိလိုက်မလဲ။

"မဖြစ်နိုင်တာ ကိုလေးရယ်၊ ငါ့မှာ အိမ်ထောင်နဲ့ ဖြစ်နေပြီ၊ နှင် အခုအချိန်ကျမှ မရူးစမ်းပါနဲ့"

သူက ကျွန်တော့်ကို ယူကျုံးမရတဲ့လေသံမျိုးနဲ့ ပြောတဲ့အခါမှာတော့ ကျွန်တော် ဘာကိုတောင်းဆိုမိသလဲဆိုတာ ကိုယ့်ကိုယ်ကို သိသွားပြီ။ ဟုတ်တယ်၊ သူ့အနေနဲ့လည်း အံ့သြမှာ အမှန်ပဲ။ ကျွန်တော်ဟာ သူ့ကို ရည်းစားသက်တမ်း နှစ်နှစ်မှာ လက်ကိုကိုင်ရင်းတောင် စကားမပြောခဲ့ဖူးဘဲနဲ့။ အခုလိုအချိန်မှာ သူ့ကို ကျွန်တော် နမ်းကြည့်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ယုံကြည်စရာကောင်းမှာလဲ မဟုတ်ဘူးလား။

သူငြင်းတော့ ကျွန်တော်က ပိုပြီးလိုချင်လာတယ်။ သူ့ဆီမှာ အဲဒီအကြွေး တင်နေခဲ့တာ လေးနှစ်ရှိပြီလို့ ကျွန်တော်ယူဆပါတယ်။ ဒီအကြွေးကို ကျွန်တော်ရမှဖြစ်မယ်။ ခင်ဗျား စဉ်းစားကြည့်လေ။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး မြတ်နိုးစွာချစ်ခဲ့မိတဲ့ မိန်းကလေးတစ်ယောက်ကို တစ်ခါမှ မနမ်းခဲ့မိဖူးဘူးဆိုတာ ဘယ်သူ့





ပြောပြော မယုံချင်စရာ ဟာသကြီးတစ်ခုပါပဲ။ ဒါပေမဲ့ ဒါဟာ တကယ်ဖြစ်ခဲ့တာဗျ။ အဲဒီအချိန်မှာ ကျွန်တော် သူ့ကို နမ်းခွင့်ရခဲ့ရင်လည်း အဲဒီအနမ်းဟာ သူ့အတွက် ပထမဦးဆုံးအနမ်း မဟုတ်တော့တာလည်း ကျွန်တော်အသိ၊ ကျွန်တော့်အတွက်လည်း ပထမဦးဆုံးအနမ်း မဟုတ်တော့မှာလည်း ကျွန်တော်အသိပဲ (အဲဒီအချိန်မှာ ကျွန်တော်ဟာ တက္ကသိုလ်မှာ သိပ်ချစ်တဲ့ရည်းစားတစ်ယောက် ရခဲ့ပြီးပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်လည်း ပဝါတစ်ကမ်းပုံပြင်ထဲကနေ နိုးလာခဲ့ပြီးပြီဆိုတာ ခင်ဗျား ရိပ်မိပါလိမ့်မယ်။)

ထားပါတော့လေ။

ကျွန်တော်နဲ့ ပတ်သက်ပြီး သူ့မှာ ခံစားချက်လုံးဝမရှိတော့ဘူးဆိုတဲ့ အသိလောက် ကျွန်တော့်ကို သွေးပျက်စေတာ ဘာများ ရှိဦးမှာလဲ။ ကျွန်တော် သူ့ကိုစည်းရုံးယူရမယ်။ သူ့ပါးကလေး တစ်ဖက်ကို အနမ်းခံပါမယ့်အကြောင်း၊ ဒါဟာ အရင်အကြွေးကို ဆပ်ရတာဖြစ်တဲ့အကြောင်း၊ သူ့ကို ကျွန်တော်မနမ်းရရင် ကျွန်တော့် ဘဝတစ်ခုလုံး ကွက်လပ်တစ်ခု အမြဲ ရှိနေတော့မှာဖြစ်ကြောင်း တဖွဖွပြောပြ အသနားခံရတာပေါ့လေ။

"စိုးရယ်...အခုဟာကို နှင်နဲ့ငါနဲ့ ဟိုလွန်ခဲ့တဲ့ သုံးနှစ်ကာလမှာ ပြန်ရောက်နေတာလို့ နှင်ဘာဖြစ်လို့ မယူဆနိုင်ရတာလဲ"

"ဟ...ကိုလေး၊ အခုဟာက ၈၀ ခုနှစ်ဟ၊ ၇၇ ခုနှစ် မဟုတ်တော့ဘူး၊ အချိန်တွေလဲ ပြောင်းကုန်ပြီ၊ ဘဝတွေလဲ ပြောင်းကုန်ပြီ"

သူ့စကားသံမှာတော့ တုန်လှုပ်မှုလေး နည်းနည်းပါလာပြီ။ ကျွန်တော်သိတယ်။ နောက်ပြီး သူ့မျက်ဝန်းတွေ အရင်ထက် ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စိုလက်လာတာကို ကြယ်ရောင်မှိန်မှိန်အလင်းရောင်အောက်မှာ ကျွန်တော် သတိထားမိတယ်။

"နှင်ငါ့ကို တကယ်ချစ်ခဲ့တာမှ ဟုတ်ရဲ့လား စိုးရယ်"

"ကိုလေး… နှင်ဒါတွေပြောဖို့ နှစ်နှစ်လောက် နောက်ကျသွားပြီဟာ"

ပြောပြီး သူ ကြိုးစားပမ်းစားရယ်ပါတယ်။ ကျွန်တော် ဘာမှ မတောင်းဆိုတော့ဘဲ သူ့ကို ငိုင်ပြီး ရပ်ကြည့်နေတာ ငါးမိနစ်လောက် ကြာသွားတယ်။ အဲဒီ ငါးမိနစ်အတွင်း ကျွန်တော် သက်ပြင်း ဘယ်နှခါချမိသလဲ မသိတော့ဘူး။ သူ့ပါးဖွေးဖွေးကလေးနဲ့ နှုတ်ခမ်းပါးပါးကလေးကို စိတ်ထဲကနေ ဘယ်နှခါ ပြစ်မှားမိလဲ မသိတော့ပါဘူး။

"ကိုလေး…"

နောက်ဆုံးတော့ သူက စပြီး ကျွန်တော့်ကို ခေါ်တယ်။ ကျွန်တော် သူ့ကိုငုံ့စိုက်ကြည့်နေရင်း ကျွန်တော့်အမြင်တွေ ဝေဝါးလာတယ်။ ကျွန်တော် သိလိုက်ပါပြီ။ ဒီတစ်ကြိမ်လည်း ကျွန်တော် ရှုံးပြန်ပြီလို့၊ ကျွန်တော် စိတ်ကုန်ခန်းခဲ့ပြီလို့ ကျွန်တော်ထင်တဲ့ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ ကျွန်တော်မျက်ရည်ဝဲမိပြီ မဟုတ်လား။ ကျွန်တော့်မျက်လုံးက မျက်ရည်စတွေကို သူမမြင်အောင် တဖျတ်ဖျတ်ခတ်ပစ်လိုက်ပေမယ့် ကျွန်တော် နောက်ကျသွားခဲ့ပါတယ်။ သူ မြင်သွားတယ်၊ သူ မော့ကြည့်နေတဲ့ ပုံစံကလေးဟာ ကျွန်တော် တွေ့ဖူးသမျှ သူ့ရုပ်ပုံလွှာတွေထဲမှာ ကျွန်တော့်ရင်ကို အထိခိုက်စေဆုံးပါပဲ။ လည်တိုင်ဖွေးဖွေးကလေးက ဆန့်ပြီး မော့နေတော့ ဆွဲကြိုးမျှင်မျှင်လေးရဲ့ အလင်းရောင်က ကြယ်ရောင်





အောက်မှာ လက်ခနဲ လက်ခနဲ။ လည်တိုင်အောက သွေးကြောစိမ်းကလေးက တလှုပ်လှုပ်ခုန်နေတယ်လို့တောင် ကျွန်တော်သိလိုက်ပါတယ်။ ဒီလောက် မှုန်နေတဲ့ကြယ်ရောင်နဲ့ လမ်းမီးရောင်အောက်မှာ ဒီလောက်ထိ မြင်ရပါ့မလားလို့ ခင်ဗျား စောဒကမတက်နဲ့။ ကျွန်တော် သိကို သိတယ်ဗျာ။

ဒီနောက်တော့ သူ မျက်ရည်ကျတော့တာပါပဲ။

မိန်းမတစ်ယောက် မျက်ရည်ကျတာကို ခင်ဗျားစောင့်ကြည့်ဖူးရဲ့လား။

ပထမ… သူ့မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာတယ်။ နောက် တဖြည်းဖြည်းစိမ့်အိုင်လာပြီး မျက်တောင်ဖျားမှာ စုဝန်းခိုတွဲလာတယ်။ အဲဒီနောက်တော့သူ့ညာဘက်မျက်လုံးအိမ်အစွန်းကနေ မျက်ရည်ဥကလေး လိမ့်လာပြီး ပါးပေါ်ကိုစီးကျသွားတော့တာပဲ။ ခဏကြာတော့ ဘယ်ဘက်မျက်လုံးက မျက်ရည်စက်ကလေး လိမ့်ကျသွားတယ်။ ကျွန်တော်က မျက်ရည်ဆိုတာ မျက်လုံး နှစ်ဖက်ကနေ တစ်ပြိုင်တည်းကျတယ် အောက်မေ့ထားတာ၊ တကယ်တော့ ဘယ်မှာ ဟုတ်လို့လဲဗျ။ ညာဘက်မျက်ဝန်းက မျက်ရည်စ ပါးပေါ်ရောက်မှ ဘယ်ဘက်မျက်ဝန်းထဲက မျက်ရည်စ လိမ့်ဆင်းကျလာတာပဲ။

ကျွန်တော် အမှားတစ်ရပ် ကျူးလွန်မိပြီဆိုတာ သိသိချင်း နောက်ပြန်လှည့်ဖို့ ကြိုးစားခဲ့မိပါတယ်။ ဒါပေမဲ့ မရတော့ဘူး။ သူ ကျွန်တော့်ရှေ့ကနေ ပိတ်ရပ်လိုက်တယ်။ ရှိုက်သံ တစ်ဝက် တစ်ပျက် ရောနေတဲ့ အသံကလေးနဲ့ 'နေဦးလေ…'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ...

အဲဒီနောက်တော့ သူ့ခြေဖျားထောက်ပြီး သူမီရာ ကျွန်တော့် နဖူးပြင်ကို သူ့နှာခေါင်းသေးသေးကလေးနဲ့ ဖိကပ်ပြီး ဖျတ်ခနဲ နမ်းလိုက်တော့တာပါပဲ။

ကျွန်တော့်တစ်ကိုယ်လုံးမှာ ရှိသမျှအားအင်တွေ အကုန်လုံးကို ဆွဲရုပ်ယူသွားတဲ့ အနမ်းကလေးပါပဲ။ ကျွန်တော်တောင်းဆိုခဲ့တာ က ကျွန်တော်သူ့ကို နမ်းခွင့်ရဖို့ပါ။ တကယ်တမ်းကျတော့ သူက ကျွန်တော့်ကို နမ်းလိုက်တာပဲ။ မိန်းမတွေကို ကျွန်တော်နားလည် ပြီထင်ထားတာ၊ အခုမှ ရေရေလည်လည်မှားမှန်း သိတော့တယ်။ ကျွန်တော် သူ့ကို ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်တော့ပါ ဘူး။ ကျွန်တော်သူ့ကို ဖက်ပွေ့မိမှာစိုးလို့ အံတင်းတင်းကြိတ်ပြီး လက်သီးနှစ်ဖက်ကို တင်းနေအောင် ဆုပ်ထားခဲ့တာ လက်ချောင်း တွေ နာကျင်ကုန်ပါတယ်။ ဒီနောက်တော့ ကျွန်တော်တို့ နှစ် ယောက် ဘာစကားမှ မပြောမိကြတော့ဘဲ စိတ်ကြေကွဲနေမိကြ တယ်လို့ ထင်တယ်။ နောက်တော့ သူကအရင် ချာခနဲလှည့်ထွက် သွားခဲ့ပါတယ်။

*

ကြာတော့ ကြာခဲ့ပါပြီ။ ဒီအဖြစ်အပျက်ဟာ အခုဆိုရင် ကိုးနှစ် တောင် ရှိပါပြီ။ သူလည်း သမီးသုံးယောက် ရနေပြီ။ ကျွန်တော် လည်း အိမ်ထောင်ကျပြီး သားနှစ်ယောက်တောင် ရနေပြီ။

ဒီကိုးနှစ်အတွင်းမှာ ကျွန်တော်တို့ တစ်ခါတစ်ခါ တွေ့ကြသား ပဲ။ တွေ့တိုင်းလည်း တကယ့်မိတ်ဆွေတွေလို စိတ်ထဲမှာ ရှင်း





သန့်ပြီး ကြည်လင်နေခဲ့ပါတယ်။ တစ်ခါတစ်ခါ လမ်းမှာ ရပ်ပြီး နှုတ်ဆက်ကြရင်းက သမီးငယ်လေး နေမကောင်းလို့ ဆေးခန်း ခဏခဏသွားရတဲ့အကြောင်း၊ သမီးက သိပ်ချော သိပ်လှ သိပ် ချစ်စရာကောင်းပြီး သိပ်လည်းဆိုးတဲ့အကြောင်း သူပြောနေတဲ့ အချိန်မှာ တကယ့်မိခင်တစ်ယောက်ရဲ့ အားမာန်မျိုး၊ မျက်လုံးမျိုး ကို ကျွန်တော်မြင်တွေ့ရပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ရဲ့ ဘဝတွေ အနည်ထိုင်ခဲ့ပြီ၊ အခြေကျခဲ့ပြီလို့ ပြောရမှာပေါ့။

ဒါပေမဲ့ တစ်ခုဝန်ခံစရာရှိတာက သူ့အိမ်နဲ့နီးတဲ့ အဲဒီလမ်းကို ကိုးနှစ်အတွင်း ကျွန်တော်တစ်ခေါက်မှ မရောက်ခဲ့တော့ပါဘူး။ သွားလည်း မသွားချင်တော့ပါဘူး။ ကျွန်တော့်အိမ်ကို ဘုရားထဲ ကနေ ပြန်တော့မယ်ဆိုရင် လမ်းရှည်ဘက်ကနေ တကူးတက ကွေ့ ပြီး ပြန်ခဲ့လေ့ရှိပါတယ်။

အဲဒီလမ်းဟာ ကျွန်တော့်အတွက် အန္တရာယ်လမ်းလည်း ဖြစ် တယ်။ ဝေဒနာလမ်းလည်း ဖြစ်တယ်။ မှော်လမ်းလည်း ဖြစ်တယ်။

အဲဒီလမ်းကို လျှောက်မိရင် ကျွန်တော့်ကို တစ်ခုခုပူးဝင်ခံရ သလိုဖြစ်သွားမှာ ကျွန်တော်ကြောက်တယ်။ ကျွန်တော် သူ့ဆီက ရစရာရှိတယ်လို့ ထင်တဲ့ကြွေးဟာ နောက်ဆုံးတော့ ကျွန်တော် သူ့ကို ပေးစရာရှိတဲ့အကြွေး ဖြစ်သွားခဲ့ပြီလေ။ အဲဒီအကြွေးကို ကျွန်တော် ဘယ်တော့မှ ပြန်ဆပ်ဖြစ်မှာမဟုတ်ပါဘူးလို့ ကိုယ့် ကိုယ်ကို မသေချာဘူး မဟုတ်လား။

ဒီလိုနဲ့ အဲဒီလမ်းဟာ ကျွန်တော်ရှောင်ခဲ့ရတဲ့လမ်း ဖြစ်ခဲ့တယ်။

အဲဒီလိုနဲ့ပဲ ကျွန်တော်ဟာ ချစ်ဦးသူကို တစ်ခါမှမနမ်းလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ မအူမလည်ကောင်လေးဘဝကနေ ကိုယ့်ကိုယ်ကို မကျေ
မနပ်ဖြစ်ရင်း အချိန်တွေ ကုန်ဆုံးသွားခဲ့ပါတော့တယ်။

[၁၉၉၀ ခု၊ ဇန်နဝါရီလ ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် ၁၀၀ ပြည့်]

○



## မီးရထားဆိုတာ

မရောက်တာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ဇာတိမြို့ကလေးသို့ ကျွန်တော်ပြန်ရောက်ရောက်ချင်း ပထမဦးဆုံး ပြုလုပ်မိသည့်အလုပ်မှာ အဘိုးကြီး၏သတင်းကို လိုက်လံစုံစမ်းခြင်းပင် ဖြစ်သည်။

မီးရထားများကို အလွန်သဘောကျတတ်သူတစ်ယောက်အဖြစ်က လွဲ၍ အဘိုးကြီးအကြောင်း ဘာမှရေရေရာရာမသိခဲ့ကြောင်း ကျွန်တော် ဝန်ခံရပါမည်။ သေချာတာတစ်ခုကတော့ သူ့အရက်မူးလာလျှင် မီးရထားများအကြောင်း အားရပါးရပြောတတ်ခြင်းသာ ဖြစ်၏။

ကျွန်တော်တို့မြို့မှာ မီးရထားမရှိ။ ရထားလမ်း မရှိ။ သို့တိုင်အောင် သူပြောပြသော ရထားများအကြောင်းမှာ စုံလင်လှသည်။ တောင်ကြားတစ်ခုထဲသို့ ကွေ့ဝင်ခုတ်မောင်းသွားသော ရထားတစ်စီး၏ မြင်ကွင်းကို မြင်ယောင်လာရမည်။ တောင်ပေါ်ဒေသသို့ တက်သော ရထားဆိုလျှင် လွှန်းထိုးအဆင့်ဆင့်ကို ရှေ့တိုး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ် ခုတ်မောင်းနေသော မြင်ကွင်းကိုမြင်ယောင်လာရသည်။ သို့သော် ထိုစဉ်က ကျွန်တော်စိတ်ဝင်စားသည်မှာ မီးရထားများ မဟုတ်။ ရထားနှင့်ပတ်သက်လျှင် ကျွန်တော်စိတ်ဝင်စားမှုနည်းပါးခဲ့ပါသည်။ ရထားတွဲတစ်ခုထဲသို့ ဝင်ထိုင်မိပြီ ဆိုလျှင်လည်း ဘယ်ဟာက ခေါင်းပိုင်း၊ ဘယ်ဟာက နောက်ပိုင်းမှန်းပင်မသိခဲ့ချေ။ ရထားတွဲကိုယ်ထည်တွင် တွေ့ရလေ့ရှိသော အင်္ဂလိပ်အက္ခရာများနှင့် ဂဏန်းများကိုလည်း စိတ်ဝင်တစားကြည့်မိသည်မဟုတ်ချေ။ ကျွန်တော်စိတ်ဝင်တစား မေးမြန်းမိသည်မှာ အဘိုးကြီး၏ အလုပ်သာ ဖြစ်သည်။

"အဘိုးကြီး ကျွန်တော့်ကို အလောင်းတွေအကြောင်း ပြောစမ်းပါ"

ထိုသို့ ကျွန်တော်တောင်းဆိုတိုင်း သူ့စကားများ တိခနဲ ရပ်သွားပြီး ကျွန်တော့်ကို မျက်ထောင့်နီကြီးဖြင့် ကြည့်လေ့ရှိ၏။

"အလောင်းတွေ...ဟုတ်လား၊ အလောင်းဆိုတာ ဘာဆန်းလို့တုံးကွ၊ လူသေရင် အလောင်းဖြစ်တာပဲ"

ခက်နေသည်မှာ ကျွန်တော်ကလည်း လူသေအလောင်းများကိုသာ ကြောက်ရွံ့စိတ်ဖြင့် စိတ်ဝင်စားခဲ့သည်။

"လူသေတွေကို ခွဲတဲ့အခါ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ"

"ကြောက်တာပေါ့ကွ"

ကျွန်တော် မယုံကြည်နိုင်စွာ ရယ်မောခဲ့လေသည်။

*





လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကတော့ ကျွန်တော့်အသက်မှာ ဆယ့်ရှစ်နှစ်သာ ရှိသေး၏။ ကျောင်းသားအရွယ်ကို ကျောင်းပြေးခြင်းဖြင့် ကုန်လွန်စေခဲ့သော ကျွန်တော်သည် အသက်ဆယ့်ရှစ်နှစ်အရွယ် ပုံကျအလုပ်သမားတစ်ယောက်ဖြစ်ခဲ့သည်မှာ မထူးဆန်းပါ။ ထူးဆန်းသည်က ထိုဘဝတွင် ကျွန်တော် အစွမ်းကုန်ပျော်ရွှင်ခဲ့ခြင်းသာ ဖြစ်သည်။ ပျော်ရွှင်စွာ အနာဂတ်မဲ့နေသော လူလေလူလွင့်များထဲမှာ ကျွန်တော်ပါဝင်ခဲ့ဖူးသည်။

ကျွန်တော်တို့ ရပ်ကွက်စွန်းက သုသာန်ဇရပ်တစ်ခုတွင် အဘိုးကြီးနှင့် ကျွန်တော် စတင်တွေ့ဆုံခဲ့၏။ ညကိုးနာရီဆယ်နာရီပတ်ဝန်းကျင် ဖြစ်ပြီး သုသာန်တစ်ဝိုက်တွင် ညဉ့်ငှက်အော်သံပင် မကြားရဘဲ တိတ်ဆိတ်နေခဲ့သော ထိုအချိန်မှာ ကျွန်တော်လူမှန်း မသိလောက်အောင် မူးနေခဲ့သည်။ မြို့ထဲမှ ကျွန်တော်တို့ရပ်ကွက်ရှိရာသို့ အမြန်ဖြတ်လမ်း (မြို့စွန်လမ်း) တွင် ထိုဇရပ်ရှိနေခြင်းအတွက် ပထမဦးဆုံးအကြိမ် စိတ်သက်သာသွားခဲ့သည်။ ဘယ်လောက်ပဲမူးနေနေ၊ ခြေလှမ်းယိုင်နေပါစေ ကျွန်တော့်အိမ်သို့ မှန်မှန်ကန်ကန်ပြန်ရောက်အောင် သွားနိုင်သော အစွမ်းသတ္တိ ကျွန်တော့်မှာ ရှိပါသည်။ အရက်သမားအများစုမှာ ထိုအစွမ်းသတ္တိမျိုး ရှိနေတတ်သည်။

ထိုညက လသာနေသလား၊ လမိုက်ရက်လား ကျွန်တော်မသိ။ အုတ်မြေသမံတလင်းခင်းထားသော သွပ်မိုးနှင့် သချိုင်းဇရပ် လှေကား နှစ်ထစ်ကို နှစ်ကြိမ်တိတိ ကြိုးစားတက်ပြီးသောအခါ ကျမှ ဇရပ်ပေါ်တွင် ကျွန်တော့်ထက်ဦးသူ ရှိနေမှန်း ကျွန်တော်သိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲခနဲနီသွားသော ဆေးလိပ်မီးကို အရင်မြင်ရ၏။ ထို့နောက်မှ မှောင်မည်းသော အရိပ်သဏ္ဌာန်ဖြင့် ထိုင်နေသောလူတစ်ယောက်ကိုမြင်ရ၏။ ပထမတော့ ကျွန်တော်ပြန်ထွက်သွားဖို့ စိတ်ကူးသေးသည်။ ငယ်ရွယ်ပြီး ပေတေသော်လည်း ကျွန်တော်သည် ရပ်ကွက်ထဲမှာ သူရဲဘောနည်းသူဟု နာမည်ကြီး၏။ ကျွန်တော်တို့ရပ်ကွက်က လူအများစုမှာ လူရိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ အရက်မူးပြီး ဆဲရေးမှုတို့ဖြင့် အချုပ်ခန်းသို့ ခဏခဏရောက်ဖူးသော လူများသာဖြစ်သည်။ ကျွန်တော်လူတစ်ယောက်ကို တစ်ခါမှ မရိုက်ဖူးပါ။ မူးပြီးလည်း တစ်ခါမှ ရန်မဖြစ်ဖူးပါ။ ထိုနေ့က ကျွန်တော် ပြန်လှည့်ထွက်ဖို့ စိတ်ကူးနေဆဲမှာပင် ကျွန်တော့်ကိုယ်ခန္ဓာက ယိုင်လဲပြီး ဖြစ်နေသောကြောင့် ဇရပ်ပေါ်မှာ ကျွန်းတိုင်တစ်ခုကိုမှီလျက် ကျွန်တော် ထိုင်ချလိုက်ရ၏။

သူ့ဆေးလိပ်နံ့ကို ရှူရင်းက ကျွန်တော် အလွန်ဆေးလိပ်သောက်ချင်လာသည်။ ကျွန်တော့်အင်္ကျီအိတ်ထဲမှာ ဆေးပေါ့လိပ်ကို လိုက်စမ်းရှာကြည့်သော်လည်း မတွေ့ရပါ။ ကျွန်တော့်အပေါင်းအသင်း တစ်ယောက်ယောက်က ကျွန်တော်မူးနေတုန်း နှိုက်ယူထားလိုက်လေသလား၊ သို့မဟုတ် လမ်းမှာ သစ်ပင်ရိပ်တစ်ခုအောက်၌ ထိုင်ခဲ့စဉ်က ထွက်ကျခဲ့သလားမသိ။ ကျွန်တော်ခံတွင်းချဉ်လျက် ဟိုဟိုသည်သည် လိုက်စမ်းရှာဖွေနေသည်ကို အမှောင်ထဲမှ အဘိုးကြီးက မြင်သွားဟန်တူ၏။

"မင်း ဆေးလိပ်သောက်တတ်လားကွ"

"အင်း၊ ဒါပေမဲ့ အခု ကျွန်တော့်ဆေးလိပ် ပျောက်နေတယ်ဗျ"

အဘိုးကြီးက ရေချိန်မှန်နေသောအသံဖြင့် ခပ်ဟားဟား ရယ်





လျက် ကျွန်တော့်ကို ဆေးပေါ့လိပ်တစ်လိပ် ပေးပါသည်။ ထိုဆေးလိပ် မကုန်ခင်မှာပင် ကျွန်တော်သမံတလင်းပေါ် ခေါင်းချလှဲပြီး အိပ်ပျော်သွားခဲ့သည်။ ထိုရက်က ဆောင်းဝင်ခါစဖြစ်သော်လည်း အမိုးသာရှိလျက် အကာမရှိသော သချိုင်းဇရပ်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ဖူးကြောင်း ကျွန်တော့်အမေသာ သိလျှင်တော့ အံ့ဩထိတ်လန့်ကာ သေသွားမလား မသိ။

ကျွန်တော် တစ်ရေးနိုးချိန်တွင် ညသန်းခေါင်လွန်ခါစ ဖြစ်ပြီး ကျွန်တော့်တစ်ကိုယ်လုံး အေးစိမ့်တောင့်တင်းလျက် ရှိသည်။ ကျွန်တော့်ကိုယ်ပေါ်မှာ ညဦးပိုင်းက မရှိခဲ့သော ချော်ချွတ်ချွတ်မိုးကာလို အစမျိုးဖြင့် ခြုံလျက်သား ရှိနေကြောင်း သတိပြုလိုက်မိ၏။ ထိုအရာသည် အဘိုးကြီး၏ ပစ္စည်းဖြစ်ကြောင်း နံနက်မိုးလင်းချိန်မှာ ကျွန်တော်သိရသည်။

"ခင်ဗျားမိုးကာအင်္ကျီအရောင်ကြီးက ထူးဆန်းလှချည်လားဗျ၊ နီညိုရောင်ကြီးနော်"

ကျွန်တော်တို့ ကိုယ့်နေရပ်သို့ ပြန်ရန် လမ်းခွဲကြစဉ် ကျွန်တော် နှုတ်ဆက်စကားဖြင့် ဤတစ်ခွန်းပြောဖြစ်ခဲ့၏။ သူက ညိုပြောင်သော ပါးများကို တွန့်ခေါက်ရှုံ့ပြုံးလျက် ...

"အေးကွ၊ ဒါ သူတို့ပေးတဲ့ ငါ့အလုပ်ခွင်ဝတ်စုံပေါ့ကွာ၊ သွေးတွေ ဘာတွေ အပေခံအောင်လို့ပေါ့" ဟု မထူးဆန်းသလို ပြော၏။ ထို့နောက် တစ်ဖက်သို့ လှည့်ထွက်သည်။

"ဘာ ... သွေး ... ဟုတ်လား၊ ဘာသွေးလဲဗျ"

သူက ကျွန်တော့်ဘက်သို့ ပြန်လှည့်ပြီး မပြုံးမရယ် တည်တည်ကြီး ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူသေးလေ..."

ကျွန်တော် ကျောထဲက စိမ့်သွားခဲ့သည်။

ကျွန်တော်သည် ငယ်စဉ်တုန်းက အလွန်သူရဲဘောကြောင်သူ ဖြစ်၏။

ကျွန်တော့်ဇာတိမြို့မှာ မြို့နယ်ဆေးရုံရှိသည်။ ဆေးရုံဝင်း၏ ထောင့်တစ်နေရာတွင် အုတ်တိုက်ငယ်ကလေး ရှိပြီး ၎င်းကို ရေခဲတိုက်ဟု လူအများက သတ်မှတ်ခေါ်ဝေါ်ကြသည်။ ၎င်းမှာ လူသေများကို ခွဲသော ရင်ခွဲရုံ။ တတ်နိုင်သမျှ ဝေးဝေးက ရှောင်သွားရမည့်နေရာဟု ကျွန်တော်၏ မူလတန်းအသိဉာဏ်ကတည်းက မှတ်သားခဲ့ဖူးသည်။ မူလတန်းအောင်၍ အလယ်တန်းကျောင်း ပြောင်းရသောအခါ မလွှဲမရှောင်သာဘဲ ဆေးရုံရှေ့ကလမ်းကို တစ်နေ့နှစ်ခေါက် ဖြတ်ရ၏။ ရင်ခွဲရုံရှေ့ရောက်တိုင်း ကျွန်တော့်သူငယ်ချင်းများက ကြောက်တတ်သော ကျွန်တော့်ကို နောက်ချန်ထား၍ ထွက်ပြေးလေ့ရှိသည်။ ထို့ကြောင့်လည်း ရင်ခွဲရုံရှေ့ရောက်လျှင် ဆေးရုံခြံစည်းရိုးနှင့် ဝေးရာ လမ်းတစ်ဖက်စွန်းမှ လျှောက်မြဲ ဖြစ်သည်။ သို့တိုင်အောင် စိတ်ထင်လို့ပဲလား မသိ၊ ပုပ်အဲ့သည့် အနံ့ကို နံစော်လာသလို ရှိသေးသည်။

ဆေးရုံရှိရာရပ်ကွက်တွင် ဆေးရုံနားနီးစွာ နေထိုင်သော သူငယ်ချင်း တစ်ယောက်ကတော့ ကျွန်တော့်ကို မဆုံးနိုင်အောင် ခြောက်လှန့်လို့ ကောင်းနေတော့သည်။

သူတို့အိမ်အနီးတွင် ရင်ခွဲရုံမှာ လူသေခွဲသော လူကြီး တစ်ယောက် နေထိုင်လျက်ရှိသည်...တဲ့။ ထိုလူကြီး၏ မျက်နှာမှာ အမြဲ အဆီပြန်နေပြီး သူ့ကိုယ်က လူသေကောင်ပုပ်နံ့ အမြဲ နံစော်နေ





သည်...တဲ့။ သွေးရောင်နှင့်ဆင်တူသော နီညိုရောင်ပလတ်စတစ် ဝတ်စုံကြီး တဖားဖားနှင့် ညဉ့်နက်သန်းခေါင် လူခြေတိတ်လျှင် ရပ်ကွက်ထဲမှာ ဖြတ်ဖြတ်သွားလေ့ရှိသည်...တဲ့။ သူဖြတ်သွားလျှင် အနီးပတ်ဝန်းကျင်က ခွေးများ တစီစီဟောင်ရာက သံရှည်ဆွဲ၍ လေးလေးပင်ပင်အူတော့သည်...တဲ့။

ရင်ခွဲရုံမှာ လူသေခွဲသော အဘိုးကြီးဆိုသူကို မမြင်ဖူးခင်က သူသည် အသားမည်းမည်း၊ ဝဖိုင့်ဖိုင့်၊ ရက်စက်ကြမ်းကြုတ်သော ကြောက်မက်ဖွယ် မျက်နှာထားမျိုးနှင့် အာဏာပါးကွက်သားပုံစံမျိုးအဖြစ် စိတ်ကူး၍ ကြောက်ခဲ့ဖူးသည်။

တကယ်တမ်း ကျွန်တော်နှင့် ဇရပ်မှာ အတူတွေ့ခဲ့ရသော ရင်ခွဲရုံ အလုပ်သမားကြီးမှာ ကျွန်တော့်စိတ်ကူးထဲကနှင့် မတူပါ၊ အသားကတော့ ညိုညစ်၏။ ပိန်ရှည်သော ခန္ဓာကိုယ်ကို ကိုင်းလျက် လေးလေးတွဲ့တွဲ့ လမ်းလျှောက်တတ်၏။ ကွမ်းစားဖန်များ၍ ကွမ်းသွေးရောင် ညစ်နေသော သွားများမှာ အနည်းငယ် ခေါသဖြင့် မပြုံးရယ်ဘဲနှင့် သွားဖြဲပြနေသလို ထင်ရ၏။

နောက်ပိုင်းတွင် ကျွန်တော်နှင့်သူ အရက်ဖြူဆိုင်မှာ မကြာခဏ ဆုံရလေ့ရှိပါသည်။ အဲသည်တုန်းက အရက်ဖြူ တစ်ပက်ပြားခြောက်ဆယ်သာ ပေးရသည်။ ကျွန်တော်က သူ့ကို အရက်ဝယ်တိုက်လေ့ရှိပြီး သူက ကျွန်တော့်ကို ရင်ခွဲရုံမြင်ကွင်းများကို ပြောပြလေ့ရှိသည်။

ရင်ခွဲရုံအလုပ်သမားကဲ့သို့ ရာထူးမျိုးကို ဘယ်သူတွေကများ အလုပ်လျှောက်ထားကြပါလိမ့်ဟု ကျွန်တော်တအံ့တသြ မေးမိသောအခါ သူ ခပ်မြန်မြန်ခေါင်းယမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်မျိုးကို ဘယ်သူမှ လုပ်ချင်မှာမဟုတ်ပါဘူးကွာ၊ ငါကတော့ ရုတ်တရက်ဖြစ်လာတဲ့အကြောင်းကိစ္စတစ်ခုကြောင့်ပဲ၊ သည့်အရင်ကတော့ ငါ ဆေးရုံမှာ ပြာတာပေါ့ကွာ၊ ဗာဟီရအလုပ်သမား ခေါ်တာပေါ့၊ လက်တွန်းလှည်း တွန်းရတယ်၊ အဲဒီနေ့က လူသေခွဲတဲ့ ကုလားကြီးက အရက်မူးလွန်ပြီး လဲနေတယ်၊ အဲဒီတုန်းက ငါကလဲ ငယ်သေးတယ်၊ သန်လဲ သန်မာတယ်ပေါ့ကွာ၊ ဒါနဲ့ပဲ အရေးကြီးတယ်၊ မင်းငါ့ကိုကူစမ်းဆိုပြီး မှူခင်းဆရာဝန်က ခိုင်းတော့တာပဲ၊ ငါမှတ်မိသလောက်တော့ အဲဒါ လူသတ်မှုတစ်ခုပဲကွ၊ ဓားထိုးခံရတာ ထင်ပါရဲ့၊ ဟုတ်တယ်ကွ ဓားထိုးခံရတာ၊ ဒဏ်ရာကလဲ အများကြီးပဲ၊ လေးငါးချက်လောက် ရှိတယ်၊ ဘယ်လောက်များ ရယ်စရာကောင်းသလဲဆိုရင် ဘယ်ဓားချက်ကြောင့် အသက်သေသွားတယ်ဆိုတာ ရှာရသတဲ့ကွာ၊ သေပြီးမှ ထပ်ထိုးတာလား၊ မသေခင် ထိုးတာလားတဲ့၊ ဘာထူးခြားမှာလဲကွာ၊ သေတဲ့လူကတော့ သေပြီပဲ ဥစ္စာ"

"အဲဒီနေ့က ဗိုက်ဖွင့်ပေးရင်းတန်းလန်းက ငါအပြင်ထွက်ပြီး အန်ပစ်လိုက်ရသေးတယ်"

အဘိုးကြီးက ပြောရင်း ဆိုရင်းပင် အော်ဂလီဆန်လာသော အမူအရာ ရှိသည်။

"အဲဒီနေ့က စပြီး ဟိုကုလားကြီး ဘာဖြစ်လို့ နေ့တိုင်း အမူးသောက်တယ်ဆိုတာ ငါနားလည်သွားတယ်"

ထို့နောက် တစ်ပိုင်းတစ်စ ရင်ခွဲရုံမြင်ကွင်းများကို တတ်နိုင်သလောက် သူ ပြောပြခဲ့ပါသည်။

*





ရင်ခွဲရုံအလုပ်သမားအဖြစ် ကုလားကြီး၏နေရာတွင် သူစတင်လုပ်ကိုင်ခဲ့စဉ်က မန္တလေးပြည်သူ့ဆေးရုံကြီးမှာ ဖြစ်သည်။ ထိုစဉ်က သူ့အသက်မှာ သုံးဆယ်အောက်သာ ရှိသေး၏။

လူနာဆောင်အလုပ်သမားဖြစ်ခါစ ရင်ခွဲရုံသို့ လူသေပို့ခြင်းတာဝန်ကို ရံဖန်ရံခါ ယူခဲ့စဉ်က ရင်ခွဲရုံနှင့် ပတ်သက်သော ထူးဆန်းအံ့သြဖွယ်ရာပုံပြင်တစ်ခုကို ကြားခဲ့ရဖူးသည်။ အလုပ်သမားအချင်းချင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရခြင်းဖြစ်၍ မည်သူ့ထံမှ စတင်ကြားရသည်ကို မသိရ၊ မည်သည့်မြို့မှာ ဖြစ်ပျက်ခဲ့သည်ကိုလည်း မသိရ၊ မည်သည့်ခုနှစ်အပိုင်းအခြားက ဖြစ်ခဲ့သည်ကိုလည်း မသိရ၊ ဆေးရုံကြီးတစ်ခု၏ ရင်ခွဲရုံဟုသာ ပြောကြသည်။

တစ်ည...

ဆေးရုံမှာ လူနာအမျိုးသမီးတစ်ဦး သေသွားသည်။ တချို့က တော့ မွေးလူနာဟုပင် သေချာပေါက်ပြောကြသည်။ မွေးပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထို သေသူအမျိုးသမီးကို ရင်ခွဲရုံသို့ ပို့လိုက်ကြသည်။ ထိုနေ့ညက နောက်ထပ်အလောင်းလည်း မရှိသဖြင့် ရင်ခွဲရုံတံခါးပိတ်ပြီး နံနက်မိုးလင်းမှ ထိုတံခါးကို ဖွင့်သည်။ ထိုအခါ ရင်ခွဲရုံအတွင်းတွင် တံခါးအနီး၌ တံခါးရွက်ကို ကုတ်ခြစ်ထားဟန် လက်ချောင်းများဖြင့် ထိုင်တစ်ဝက် လဲတစ်ဝက် အေးစက်တောင့်တင်းစွာ သေဆုံးနေသော အမျိုးသမီးအလောင်းကို တွေ့လိုက်ကြရတော့သည်။

ထိုပုံပြင်မှာ သူ မကြာခဏ ကြားဖူးပြီးဖြစ်ပါလျက် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ထပ်ကြားတိုင်း စကားအမျိုးမျိုးဖြင့် မရိုးနိုင်အောင် ရှိတော့သည်။

ရင်ခွဲရုံထဲမှာ ဖြစ်ပျက်ခဲ့သည်ဆိုသော ကိစ္စအဝဝကိုတော့စိတ်ချဖြင့်သာ မှန်းဆကြည့်ရတော့မည်။

ဖြစ်နိုင်ခြေရှိသည်မှာ ထိုမိန်းမသည် သေသည်ဟုထင်ရလောက်အောင် မေ့မျောနေရာမှ ရင်ခွဲရုံရောက်ပြီးမှ ပြန်လည်သတိဝင်လာချေမည်။ ထိုအခါ မိန်းမသည် ဆောက်တည်ရာမရ ကြောက်လန့်ချောက်ချားမှုက တွန်းပို့သော အသစ်ဖြစ်ပေါ်လာသော ခွန်အားဖြင့် အပြင်ထွက်ရန် တံခါးဆီသို့ သွေးရူးသွေးတန်း တရွတ်ဆွဲ၍ ပြေးလိမ့်မည်။ ထို့နောက် မည်သို့မျှ မအော်နိုင်တော့သည့်အဆုံး (နဂိုက သေလုမျောပါး ဝေဒနာကြောင့်ဖြစ်စေ၊ ထိတ်လန့် သွေးဆုတ်ခြင်းကြောင့်ဖြစ်စေ) ထိုအချိန်ကျမှ သေဆုံးသွားရတော့သည် ဖြစ်ပေမည်။

တစ်ဖက်က တွေးကြည့်ပြန်သောအခါ ယုတ္တိမရှိပြန်ချေ။ ကိုင်း...အဲဒီဆေးရုံကြီးက၊ ထိုလူနာဆောင်က တာဝန်ရှိ ဆရာဆရာမတွေ ထုချေလွှာမတောင်းခံရဘူးလားဟု တွေးစရာရှိသည်။

ဆင်ခြေဟက်စရာတစ်ခုတော့ ရှိပါသည်။ ထိုမိန်းမကို မူလကတည်းက သေသည်ဟု စာရင်းသွင်းထားပြီးဖြစ်သောကြောင့် တာဝန်ရှိ ဝန်ထမ်းများကသာ ထိန်းသိမ်းလျှို့ဝှက်ထားနိုင်လျှင် ထိုသတင်း ပေါက်ကြားဖွယ်မရှိ။ ထိုအခါ မည်သူမျှ တိုင်ကြားခြင်း၊ အရေးယူခြင်း၊ ထုချေလွှာတောင်းခံရခြင်း မရှိနိုင်ဟူ၍ ဖြစ်သည်။ သို့သော် ထိုအဖြစ်အပျက်သည် မလိုသူများက သမားဂုဏ် ပျက်အောင် သတင်းလွှင့်ခြင်းမျှသာဟု ယူဆဖွယ်ရာ ရှိပေသည်။





ထိုဇာတ်လမ်းမျိုး ဆင်တူစွာ အရပ်ထဲမှာ မကြာခဏ ကောလာဟလ သတင်းအဖြစ် ကြားဖူးသေး၏။ သချိုင်းနှင့်ပတ်သက်သော ဇာတ်လမ်းများ ဖြစ်သည်။ သရဏဂုံတင်ပြီးခါမှ အလောင်းက ထထိုင်တာတို့၊ မြေကြီးထဲသို့ အခေါင်းကို ချတော့မှ ညည်းသံသဲ့သဲ့ကြား၍ အခေါင်းဖွင့်ကြည့်ပြီး အိမ်ပြန်သယ်ရတာတို့ ဘာညာဘာညာ ဟိုစကား သည်စကားများသည် စိတ်ပူပန်တတ်သူများအဖို့ အသေမဖြောင့်စရာပင်ဖြစ်၏။ အကောင်းဆုံးကတော့ သေပြီးပြီးချင်းချက်ချင်း မသင်္ဂြိုဟ်ဘဲ ရက်အနည်းငယ်ထားဖို့ပင်ဖြစ်သည်။

မြန်မာလူမျိုးများသည် ဆွေမျိုးသားချင်းကို အလွန် အရေးပေးတတ်သူများ ဖြစ်၏။ လူသေကို ဆွေမျိုးများ အလောင်းမီရန်၊ သင်္ဂြိုဟ်မီရန် နှစ်ရက်တန်သည် သုံးရက်တန်သည် ထားပြီးမှ မြေချလေ့ ရှိပါသည်။ ကြည့်ရင်းကြည့်ရင်းနှင့်ပင် အလောင်းသည် အေးစက်တောင့်တင်းကာ ညိုပြာလာသည်အထိ အလောင်းစင်ကို ပြင်ထားလေ့ရှိသည်။

ရှေးတုန်းကဆိုလျှင် အလောင်းမပုပ်သိုးရန် ဖော်မလင် ထိုး ထည့်တာတို့၊ အရက်ပြန် လောင်းထည့်တာတို့ပင် မရှိ။ ကျောက်ဖရုံသီးတစ်လုံးကိုသာ လူသေအလောင်း ခုတင်အောက် ထိုးထည့်ထားလိုက် မပုပ်တော့ဘူးဟု အယူရှိသည်။ ဘာပဲဖြစ်ဖြစ် သေဆုံးပြီဟု အတည်ပြုပြီးသည့်နောက် နှစ်ရက် သုံးရက် စောင့်ပြီးမှ သင်္ဂြိုဟ်ခြင်းသည် အလွန်နည်းလမ်းကျ၏။ လူသေ အနံ့ နံလာသည်အထိ၊ တစ်ကိုယ်လုံး ညိုပုပ်တောင့်တင်းလာသည်အထိ အလောင်းစင် ပြင်ထားခြင်းဖြင့် 'သူ' တကယ် အသက်မရှိတော့ဟု စိတ်ချလက်ချသင်္ဂြိုဟ်နိုင်ပေလိမ့်မည်။ အနည်းဆုံး ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အရို စိတ်သက်သာစေလိမ့်မည်။ တချို့များ ကကာယ်မသေသေဘဲနှင့် မိမိကို မြေမြှုပ်သဂြိုဟ်ရက်လေခြင်းဟု ညအခါတွင် အိပ်မက်ဖြင့် လာ၍သတိပေးသေးသည် ဟူ၏။

အေးခဲနံ့စော်သော ရင်ခွဲရုံထဲမှာ၊ အလောင်းတွေနံ့ဘေးမှာ၊ သို့မဟုတ် အလောင်းထည့်သည့် အံဆွဲအပိတ်ထဲမှာ၊ သို့မဟုတ် မြေမြုပ်ပြီးသော အခေါင်းထဲမှာမှ နိုး ကျပ်ပိတ်ဆို့လျက် သေဆုံးရခြင်းမျိုးကို စိတ်ကူးဖြင့်ပင် မှန်းဆမကြည့်သင့်ပေ။

ရင်ခွဲရုံဟု လူအများ ခေါ်ကြသော အဆောက်အအုံကို သူကတော့ အလောင်းသိပ်ခန်းဟု ယဉ်ကျေးသိမ်မွေ့စွာ ခေါ်သည်။

သူ စတင်အလုပ်ဝင်ခဲ့ရာ ပြည်သူ့ဆေးရုံကြီး၏ အလောင်းသိပ်ခန်းသည် နှစ်ထပ်အုတ်တိုက်ငယ်တစ်ခု၏ အောက်ထပ်တွင်ရှိသည်။ အပေါ်ထပ်မှာ သေမှုသေခင်းရုံးခန်း ရှိသည်။ ထုထည်အတန်အသင့်ကြီးသော အုတ်နံ့ရံများဖြင့် တည်ဆောက်ထားပြီး အပြင်က အဝါရောင်ဆေး သုတ်ထားသော်လည်း အတွင်းမှာ(နဂိုကတော့)ဖြူဖွေးသော အုတ်နံရံများဖြစ်၏။ နံရံအားလုံး၏ အောက်ခြေတွင် အခြေမှ အထက်သို့ သုံးပေခန့်အမြင့်အထိ နီညိုရောင်ဆေးသုတ်ထားသည်။

အဝင်ဝတံခါးမှာ ပျဉ်ထူထူတံခါးချပ်ကြီးဖြစ်သည်။ ၎င်းတံခါးမှဝင်ဝင်ချင်း တွေ့ရသည့် အခန်း(၁)မှာ ဘာပစ္စည်းကိုရိယာမှ မရှိသော တလာဟင်းလင်းအခန်းတစ်ခုဖြစ်၏။ အသုဘ အခမ်းအနားပြင်ဆင်၍လည်း ရသည်။ အသုဘခရီးအတွက် အလောင်းသယ်ယူရန် ပြင်ဆင်ညွှန်ကြားရာဌာနလည်း ဖြစ်သည်။ တစ်ခါတစ်ရံ ဆရာဝန်လောင်းကျောင်းသားများကို ထိုအခန်း(၁)မှာပင်





စာသင်တတ်ကြသည်။ စားပွဲမရှိ၊ ကုလားထိုင် မရှိ။ အလောင်းကို သမံတလင်းပေါ်မှာ ချထားလျက်သား ဘေးမှာ ဆရာနှင့် ကျောင်းသား ကျောင်းသူများ မတ်တတ်ရပ်လျက် စာသင်တတ်သေး၏။

အခန်း(၁)၏ ဟိုဘက်မှာတော့ အခန်း(၂)ရှိသည်။ ထိုအခန်း(၂)ကို အေးစက်၍ လေးပင်သော သံတံခါးအထူကြီးက ခြားနားထားသည်။ ၎င်းသံတံခါးသည် ဆွဲဖွင့်လိုက်လျှင် ကျွီခနဲ မြည်သွားလေ့ရှိသည်။

ထို အခန်း(၂)မှာ တကယ့် ရင်ခွဲရုံစစ်စစ် ဖြစ်၏။ ထိုအခန်းသည် လူသေအလောင်းများကို ခွဲစိတ်သောအခန်း ဖြစ်သည်။ အခန်းအလယ်တွင် လူ၏ခါးလောက်မြင့်သော ကျောက်စားပွဲရှည်တစ်လုံး ရှိ၏။ တောင် မြောက် ခုနစ်ပေ၊ အရှေ့အနောက် အနံ့သုံးပေခန့် ရှိမည်ထင်သည်။ ထိုကျောက်စားပွဲမျက်နှာပြင်၏ ဘေးအနားလေးဖက်တစ်လျှောက်တွင် ကျောက်ပျဉ်၏ ရေမြောင်းကဲ့သို့ ရေ၊ သွေး စသည်တို့ စီးဆင်းရန် မြောင်းကလေးများ ပါ၏။ ကျောက်စားပွဲရှည်၏ တစ်ဖက်ခပ်လှမ်းလှမ်းက နံရံတွင် ကျောင်းသားများ စာသင်ရာ၌ အသုံးပြုသည့် ကျောက်သင်ပုန်းရှည်ကြီး ကပ်ရိုက်ထားသည်။ သင်ပုန်းနှင့် မျက်နှာချင်းဆိုင်ဆီတွင် ကျောင်းသားများ ထိုင်ရန် စာသင်ခုံတန်းရှည်များကို ပစောက်သဏ္ဍာန် ကွေးဝိုက်လျက် ချထားသည်။ အခန်းမျက်နှာကြက်တွင် လေးပေ ဖန်ချောင်းနှစ်ခုကို တောင်မြောက် တစ်တန်းတည်း တပ်ဆင်ထား၏။ မြောက်ဘက်နံရံဆီတွင်တော့ အုတ်ခုံ ခပ်သေးသေးတစ်ခု ရှိပြီး ၎င်းအုတ်ခုံပေါ်တွင် ဖော်မလင်ထည့်ထားသော ဖန်ဘူးများ၊ ပုလင်းများ တင်ထားတတ်၏။ အလောင်းမှ ခွဲစိတ်ဖြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူလိုက်သော ရောဂါစံပြ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထည့်၍ ဆေးစိမ်ထားရန်ဖြစ်သည်။

ထိုအခန်းနှင့် တံခါးတစ်ချပ်ခြားထားသော တစ်ဖက်ခန်း အခန်း (၃)သည် တကယ့်အလောင်းသိပ်ခန်း ဖြစ်၏။ အအေးခန်းလည်း ဖြစ်၏။ ထိုအခန်းထဲတွင် ‘ပစ္စည်း’ဟု သူတို့ သိမ်မွေ့စွာခေါ်သော လူသေအလောင်းများကို တစ်ဆင့်ချင်း အံဆွဲများဖြင့် ထည့်ထားလေ့ရှိသည်။

အကြမ်းထည်အတိုင်း ဖြတ်တောက်ခွဲစိတ်သော အလုပ်ကို ဆရာဝန်များ လုပ်ကိုင်လေ့မရှိ။ သူတို့သာ တကယ့်အမဲဖျက်သမားသဖွယ် ကြမ်းတမ်းပြီး မြန်ဆန်စွာ လုပ်ကိုင်ရလေ့ရှိသည်။ ဤအလုပ်ကို စတင်လုပ်ကိုင်စတုန်းကဆိုလျှင် သူသည်အလောင်းကို လူတစ်ယောက်အဖြစ်သာ မြင်ခဲ့၏။ ထိုလူ၏ ရင်ဘတ်ကို ခွဲစိတ်ရန်၊ ရင်ညွန့်ရိုးကို ထက်ခြမ်းခွဲဖြတ်တောက် ဆွဲဖြဲရန် အတော်အားတင်းကြိုးစားခဲ့ရ၏။ ထိုလူ၏ ခေါင်းခွံကို အုန်းသီးထက်ခြမ်းခွဲသကဲ့သို့ ညီညာစွာ လွှတိုက်ဖြတ်ထုတ်ရန် ပို၍ကြိုးစား အားတင်းခဲ့ရ၏။ တစ်ခါတုန်းကတော့ ဆရာဝန်က သေဆုံးခြင်းအကြောင်းရှာရန် ဟူသော ရည်ရွယ်ချက်ဖြင့် သူ့ကို လူသေအလောင်း၏ ဦးနှောက်အား တစ်လွှာချင်း ပါးပါးလှီးချခိုင်း၍ ရှာဖွေခဲ့ဖူး၏။ ထိုအချိန် ရောက်သောအခါ ရှေ့က ရှေ့ဆုံးခုံတန်းမှာထိုင်၍ စာသင်နေသော ကျောင်းသူ၀၂စ်ယောက် မူးဝေကာ လဲကျသွားခဲ့ဖူး၏။ ထိုအချိန်မှာ သူ့အလုပ်ကို သူစိတ်အကုန်ဆုံးအချိန်ဖြစ်၏။ သူ့အပေါ် ကျောင်းသားကျောင်းသူတို့၏ အကြည့်သည်လည်း ရှုံရှာထိတ်လန့်ဟန် စွက်နေလိမ့်မည်ဟု ထင်သည်။





လူ့အဖြစ်၏ တန်ဖိုးမဲ့မှုကို သူ့လောက် ဘယ်သူမှ ကြည်ကြည်လင်လင် မြင်နိုင်စွမ်းမည်မဟုတ်ချေ။ လူသည် လောဘများ၊ အာဃာတများ၊ မနာလိုမှုများ၊ မုန်းတီးမှုများကို သေရာပါမည့်ပစ္စည်းများဟု ထင်မြင်နေခဲ့ကြသည်။ တကယ်တမ်း သူတို့ သေဆုံးသည့်အခါတွင်တော့ လက်ချည်းသက်သက်ဖြစ်သည့်အပြင် သူညဖြစ်မှု တန်ဖိုးချင်းလည်း အတူတူသာဖြစ်၏။ ရင်ခွဲရုံသို့ ရောက်လာသောအခါတွင် လူသည် အသက်ရှင်စဉ်က ရှိခဲ့ဖူးသော ရာထူး ဂုဏ်သိန်များ၊ သိန်းပေါင်းများစွာသော ငွေကြေးများနှင့် သီးခြားဖြစ်တည်သွားပြီးပစ္စည်းတစ်ခုသာ ဖြစ်သွားသည်။ ထိုပစ္စည်းကို လိုအပ်သလို ခွဲစိတ်ဖြတ်တောက်ပေးဖို့က သူတို့တာဝန်ဖြစ်သည်။ လူသေများကို ခွဲစိတ်ဖြတ်တောက်ပေးရသော ဤအလုပ်မှာလည်း အလွန် အော်ဂလီဆန်ဖွယ်ကောင်းလှ၏။ ကာလများစွာကြာလာသောအခါ နေ့စဉ်ပြုမှုနေကျဝတ္တရားအဖြစ် ပစ္စည်းများကို ခွဲစိတ်လှီးဖြတ်နေစဉ် ထိုပစ္စည်း၏ မျက်နှာကိုလည်း မကြည့်မိတော့။ တစ်ချိန်က လူအဖြစ်ကိုလည်း အာရုံမစိုက်မိတော့ဘဲ ဟိုး ရှေးကာလကတည်းက ဖြစ်တည်ပြီးဖြစ်သော သက်မဲ့ပစ္စည်းပမာသာ စိတ်က ထင်လာခဲ့သည်။

တစ်ခါတစ်ရံကျမှ မိမိခွဲစိတ်နေသောပစ္စည်းအား ‘ဩော်… ဒါဟာ လူသားတစ်ယောက်ပါလား’ဟု မြင်ယောင်လာသည်။ သာမန် သွေးရိုးသားရိုး နာတာရှည်ရောဂါကြောင့်၊ သို့မဟုတ် ရှောင်တခင် ဖြစ်ပွားသောရောဂါကြောင့် သေဆုံးသူများမှာ မဆန်းလှသော်လည်း ဥပဒ္ဒေဒကကံဖြင့် သေဆုံးသူများကို ကိုင်တွယ်ရတိုင်း သူသည် ရခဲလှစွာသော လူ့ဘဝကို အလွန်ကြောက်ရွံ့လာတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတစ်ရံ ရထားကြိတ်မိ၍ ကိုယ်တစ်ပိုင်းပြတ်သွားသော ခေါင်းပြတ်သွားသော၊ ခန္ဓာကိုယ်ကို ရှိသမျှအဝတ်ဖြင့် တစ်ခြမ်းစီ ထုပ်တောင်ထည့်လာသည်ကို ကိုင်တွယ်ရဖူးသည်။ ဘယ်အကောင်များ ဝေဒနာခံစားလိုက်ရမလဲဟု တွေးကြည့်ဖူးသည်။ ဒါပေမဲ့သော...လူတွေမှာ ထိတ်လန့်သွေးဆုတ်ခြင်း၊ သတိလစ်မေ့မျောခြင်း ဟူသောအခြင်းအရာများသည် ဝေဒနာမခံစားလိုက်ရအောင် သေမီမှာပင်လျှင် ဖြစ်ပေါ်တတ်သော သဘာဝရှိသည်ဟု ကြားဖူးသည်။ ဖြစ်နိုင်ခဲ့ ထိတ်လန့်ကာ သတိလစ်ပြီးသောသူအား နာခဲကျင်မှု ဝေဒနာသည် အဆုံးစွန်ထိ စွဲကပ်ခွင့်ရလိုက်မည်မဟုတ်ဟု ဖြေသွား တွေးမိသည်။

အသက်မွေးမှုဖြစ် လူတကာကလည်း အထင်သေးပြီး မိမိကိုယ်တိုင်လည်း ဘယ်တော့မှ နှစ်မြို့နိုင်မည်မဟုတ်သော ထိုအလုပ်ကို လုပ်ကိုင်နေရသော်လည်း သူအလွန်စက်ဆုပ်ပါသည်။

*

“ဒါဖြင့်လဲ ခင်ဗျား ဘာဖြစ်လို့ အလုပ်မပြောင်းတာလဲ၊ ခင်ဗျား မီးရထားတွေကို သဘောကျတယ်ဆို”

ထိုသို့ ကျွန်တော် ခပ်ပေါ့ပေါ့ပြောလျှင် သူတကယ် စိတ်ပါဝင်စားမှုဖြင့် မျက်လုံးများ တောက်ပြောင်လာတတ်သည်။

“ပြောင်းမှာပေါ့ကွ၊ အခုလောလောဆယ်တော့ ငါ့ဒီအလုပ်အစ်ရှုပ် ကျွမ်းကျင်တာကိုး၊ မီးရထားတွေကတော့ကွာ တကယ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ မင်း စက်ခေါင်းတွဲထဲ ဝင်ဖူးလား၊ အိုကွာ...ရထားတွဲကြီးတစ်ခုလုံးကို ကိုယ့်လက်အောက်မှာ ထိန်းချုပ်ထားရတဲ့ခံစားချက်မျိုးနဲ့ နေကြည့်စမ်းပါ၊ ငါ့ညီတစ်ယောက်





က မီးရထားစက်ခေါင်းမောင်းသမားကွ၊ ငါ သူ့ခေါင်းတွဲထဲ လိုက်သွားဖူးတယ်၊ မင်းမြင်စေချင်တယ်မောင်... ဒီကောင်ကြီးကို သူဘယ်လို ထိန်းချုပ်သွားတယ်ဆိုတာ...”

“အိုဗျာ... ကားမောင်းရတဲ့အလုပ်နဲ့ ဘာမှထူးခြားမှာ မဟုတ်ပါဘူး”

“ဟ... ဘယ်တူမှာတုံးကွ၊ ကားဆိုတာက တစ်စီးတည်း၊ ဒီကားတစ်ခုလုံးရဲ့ တန်ချိန်က ဘယ်လောက်ရှိဦးမှာလဲ၊ နောက်ပြီး မီးရထားဆိုတာ...”

ဤသို့ဖြင့် နောက်ဆုံးတွင် မီးရထားအကြောင်းသာ ရောက်သွားလေ့ရှိပါသည်။

အဘိုးကြီးကို ကျွန်တော့်လောက် မည်သူမျှလည်း အရောဝင်ဟန်မတူချေ။ အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်မိလျှင် ခပ်လှမ်းလှမ်းမှ ရှောင်သွားတတ်သူက များသည်။ ရပ်ထဲ ရွာထဲ လူသေတော့မှ၊ ထိုလူသေကို ခွဲစိတ်ရန် လိုတော့မှ၊ သို့မဟုတ် တတ်နိုင်သရွေ့ မပုပ်သိုးဘဲ ရက်ကြာရှည်ခံအောင် ပြုလုပ်လိုတော့မှ သူ့ကို ချဉ်းကပ်ကြတာ များပါသည်။ အများအားဖြင့်တော့ သူ့ကို ‘ရင်ခွဲရုံက လူကြီး’ အဖြစ် မိခင်များက သူတို့ကလေးများ မငိုအောင် ခြောက်လှန့်ရာတွင် အသုံးပြုလေ့ရှိပါသည်။ သူ့ပုံစံကလည်း ကလေးများ ကြောက်လန့်ဖွယ်ရာအမှန်ဖြစ်သည်။ သွေးမဲ့ခဲသော နီညိုရောင် ပလတ်စတစ် မိုးကာပုံဝတ်ရုံကြီး တဖားဖားနှင့် ခါးကိုင်းကာ လေးတွဲ့စွာ လမ်းလျှောက်တတ်သော ဆံပင်စုတ်တီးစုတ်ဖွားနှင့် လူကြီးတစ်ယောက်ကို ဘယ်ကလေးက မကြောက်ဘဲ ရှိမည်နည်း။

သူ့ကို မိန်းမဖြစ်သူက ကလေးတစ်ယောက် ရပြီးခါမှ ကွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို) စွန့်ပစ်ပြီး နောက်ယောက်ျား ယူသွားသည်ဟု အရက်မူးမနေသည့် သာမန်အချိန်များတွင် ခပ်ပြုံးပြုံး ပြောတတ်ပါသည်။

"ဒါဖြင့် အဲဒီကလေးရော"ဟု ကျွန်တော်တစ်ခါတုန်းက မေးခဲ့ဖူးသည်။

"အဲဒါမျိုး ဘယ်တော့မှ မမေးရဘူးကွ"

သူ ဒေါသတကြီး အော်ငေါက်ပစ်ခဲ့ဖူးသည်။

"အဲဒီနောက်တော့ ငါလဲ ဒီမြို့ကလေးကို လွင့်စဉ်လာခဲ့တော့တာပဲကွ"

ဤစကားမျိုးဖြင့် သူ အဆုံးသတ်လေ့ရှိသည်။

တစ်ခါတုန်းက သူနှင့် ကျွန်တော် အသုဘအိမ်တစ်အိမ်မှာ ဆုံဖူးသည်။ ကျွန်တော်က သေဆုံးသူ၏သားနှင့် ရင်းနှီးသူဖြစ်၍ အသုဘမေး သွားခြင်းဖြစ်ပြီး သူကတော့ အလောင်း၏ ကိုယ်တွင်း အင်္ဂါများ ဖွင့်ပေးဖို့ သွားရခြင်းဖြစ်သည်။

ထိုအိမ်၏ ရှေ့သမံတလင်းပြင်ပေါ်တွင် ထိုအိမ်မှ ကလေးငယ်တစ်ယောက် ကစားနေခဲ့သည်။ သံပတ်ပေးလျှင် သံလမ်းအတိုင်း တစ်ပတ် မောင်းသွားသော မီးရထားသေးသေးကလေးကို ကိုင်တွယ်၍ ကစားနေခြင်းဖြစ်၏။ အဘိုးကြီးက အပြန်တွင် ထိုကလေးရှေ့မှ လျှောက်ဖြစ်အောင် လျှောက်လျက် မီးရထားနှင့် ကလေးကို အကြာကြီး ရပ်ကြည့်နေခဲ့တာ ကျွန်တော်မှတ်မိသည်။ သူထွက်သွားပြီးပြီးချင်း ကျွန်တော် သူ့ကို မီအောင်လိုက်၍ အရက်တိုက်ရန် ကြိုးစားခဲ့မိသည်ဟု ထင်ပါသည်။

"အဘိုးကြီး ... ပြောစမ်းပါဦးဗျ၊ စောစောက မီးရထားလေးနဲ့ ကလေးကို ဘယ်လိုထင်သလဲဆိုတာ"





"နေစမ်းပါဦး၊ ငါ မီးရထားကို စိတ်ဝင်စားတာ မင်းအတွက် ရယ်စရာကြီးတစ်ခုများ ဖြစ်နေသလားကွ၊ ဟေ ..."

သူ စိတ်တိုတိုဖြင့် အော်ဟစ်သော်လည်း ကျွန်တော် သူ့ကို အရက်တိုက်ခဲ့ပါသည်။ သူအရက်မူးသောအခါတွင်တော့ ပြောနေကျ ပုံစံမျိုးအတိုင်း တောက်လျှောက်ဆက်ပြောလေတော့၏။

"မီးရထားဆိုတာ ..."

*

မရောက်တာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ဇာတိမြို့ကလေးသို့ ကျွန်တော်ပြန်ရောက်သောအခါ ကျွန်တော်တို့ရပ်ကွက် သုသာန်တွင် သစ်ပင်ကြီးကြီးများ ပြွန်းတီးနေပြီ။ ကျွန်တော်တို့ မကြာခဏအရက်မူးပြီး အိပ်ပျော်လေ့ရှိသော သချိုင်းဇရပ်သည်လည်း သွပ်မိုးများ လန်၍ အုတ်မြေသမံတလင်းတချို့ပင် ပဲ့ရွဲ့နေပြီ။ မီးရထားများကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သော ကျွန်တော်သည်လည်း မီးရထားလက်မှတ်စစ်တစ်ယောက် ဖြစ်နေခဲ့ပြီ။ ကျွန်တော့်မှာ သက်ဆုံးတိုင် ပေါင်းသင်းမည့် ဇနီးမယားနှင့် မီးရထား ကစားစရာများကို သဘောကျသော သားတစ်ယောက်လည်း ရခဲ့ပြီ။

သည်တစ်ခါ အဘိုးကြီးနှင့်တွေ့လျှင် မီးရထားများအကြောင်းကို သူပြောနိုင်သလောက် ကျွန်တော်က ပြောနိုင်တော့မည်။ သို့မဟုတ် ကျွန်တော်ကပင် ပို၍ပြောပြနိုင်တော့မည်။

ပထမဆုံး ကျွန်တော်တို့ မြို့နယ်ဆေးရုံ၏ ရင်ခွဲရုံမှာ စုံစမ်းကြည့်သည်။

ယခုလက်ရှိ အလုပ်သမားမှာ ကျွန်တော်နှင့် ရွယ်တူလောက်



www.burmeseclassic.com

www.burmeseclassic.com



သာ ရှိမည်။ သူက ဆံပင်လိမ်ကောက်ကောက်၊ မျက်နှာကလည်း ကောက်ကြောင်းများများ၊ အသားခပ်မည်းမည်း၊ ခပ်ပုပု၊ ဂင်တိုတို လူတစ်ယောက်ဖြစ်ပြီး စကားပြောလျှင်လည်း ဗလုံးဗထွေး မြန်မြန် ပြောတတ်သည်။ အဘိုးကြီး၏ နေရာကို ဆက်ခံသူမှာ သူ မဟုတ်၊ သူနှင့် အဘိုးကြီးအကြားတွင် နောက်ထပ် အလုပ်သမား တစ်ယောက် ရှိခဲ့ဖူးသေးသည်ဟု သိရသည်။

ကျွန်တော် ထိုအလုပ်သမားဟောင်းကြီးကို လိုက်လံရှာဖွေရာ နှစ်ရက်ကြာမှ အရက်ဖြူဆိုင်ဘေးမှ ကွမ်းယာဆိုင်တစ်ဆိုင်မှာ သွားတွေ့သည်။ ပိန်ပိန်ညှော်ညှော် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မရှိသော ကျိုးလန့်စာစား မျက်လုံးမျိုးဖြင့် ဆံပင်ဖြူကြောင်ကြောင်နှင့် လူဖလံလေးတစ်ယောက် ဖြစ်၏။ ဘိုးထိန်ဟု အများက ခေါ်သော ရင်ခွဲရုံအလုပ်သမားကြီးအကြောင်း ကျွန်တော်မေးသော အခါ သူကပင် ဇဝေဇဝါဖြစ်နေသေးသည်။

"ဘိုးထိန်...ဟုတ်လား"

သူ့မှတ်ဉာဏ်များမှာ အရက်ကြောင့် အတော်များများ ချို့ယွင်းသွားခဲ့ပြီဟု ထင်ရပါသည်။

"ဦးထိန်...ဟုတ်ပါတယ်၊ သူ့နာမည် ဦးထိန်ပါ၊ ခင်ဗျားရဲ့ အရင် ဒီဆေးရုံရင်ခွဲရုံမှာ လုပ်တဲ့ လူကြီးဗျာ"

"ရေခဲတိုက်လို့ ပြောစမ်းပါကွာ"

အရေးထဲမှာ သူက စကားလုံးပြင်ဆင်ပေးနေပြန်သေး၏။

"ငါ ဘယ်သိမလဲကွ၊ သူ့အိမ်သွားမေးပေါ့"

"သူ့မှာ အိမ်မရှိဘူးဗျ၊ ရှိလို့လား၊ သူဘယ်မှာနေခဲ့သလဲ၊ ခင်ဗျား သိလား"





"မသိဘူးကွ"

"ခင်ဗျား သူ့ကိုတော့ သိခဲ့တယ် မဟုတ်လား"

"ဘယ်သူ့ကိုတုံး"

"ဟာ...ဒုက္ခပါလား ဦးထိန်ကိုပေါ့၊ ဘိုးထိန်...ဘိုးထိန်၊ မီးရထားတွေကို သိပ်သဘောကျတဲ့ လူကြီးဗျာ"

"မီးရထား...ဟုတ်လား"

သေလိုက်စမ်းပါကွာ၊ ကျွန်တော်ဒုက္ခရောက်နေသည်ကို ထိုလူက ဟက်ဟက်ပက်ပက် လက်ညှိုးထိုး၍ ရယ်မောနေခဲ့သည်။

"မီးရထားဆိုတာ..." ဟု တစ်သီတစ်တန်းကြီး စကားရှည်ပစ်လိုက်ဖို့ စိတ်အချဉ်ပေါက်ပေါက်ဖြင့် စဉ်းစားမိသေး၏။ သို့သော် ဤကိစ္စမှာ ဟာသတစ်ခု မဟုတ်ခဲ့ပါ။

ထို့နောက် ကျွန်တော့်အရင်က လူပျောက်စုံစမ်းသူများ ထုံးစံအတိုင်း တစ်မြို့လုံး ကျွန်တော်လက်လှမ်းမီသလောက် မေးမြန်းစုံစမ်းကြည့်မိသည်။

အံ့သြဖို့ကောင်းသည်မှာ အဘိုးကြီးအား ကျွန်တော့်လောက် ဘယ်သူမှ ရင်းရင်းနှီးနှီးမသိခဲ့ခြင်းဖြစ်ပြီး ထိုထက်ပို၍ ထူးဆန်းနေသည်မှာ အဘိုးကြီးအား မီးရထားများကို သဘောကျတတ်သူ တစ်ယောက်အဖြစ်လည်း ဘယ်သူမှ မသိခြင်းပင်တည်း။

အဘိုးကြီးသည် တစ်နေရာရာမှာ၊ ဇရပ်တစ်ခုခုပေါ်မှာ လူမသိ သူမသိ သေချင်လည်း သေသွားခဲ့မည်။ တစ်ယောက်ယောက်က အမြင်မတော်၍ မြေမြှုပ်သင်္ဂြိုဟ်ပစ်ချင်လည်း ပစ်လိမ့်မည်။ သို့ မဟုတ် မီးရထားစက်ခေါင်းမောင်းသမားဟု သူပြောပြခဲ့ဖူးသော သူ့ညီရှိရာ (ဘယ်နေရာမှန်း မပြောပြခဲ့ဖူးသော) ဒေသသို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားချင်လည်း သွားလိမ့်မည်။ သို့မဟုတ် ‘ဒါမျိုး ဘယ်တော့မှ မမေးရဘူးကွ’ ဟု ကျွန်တော့်ကိုပင်လျှင် သူအော်ငေါက်ပစ်ခဲ့ရသော သူ့ကလေး(သားလား၊ သမီးလား ကျွန်တော်မသိ)နှင့် ဝတ္ထုတွေထဲကလို ပြန်တွေ့သွားတာမျိုးလည်း ဖြစ်နိုင်ပြန်သည်။

သူနှင့် ပတ်သက်သမျှ ဘာမဆိုဖြစ်နိုင်၏။

ကျွန်တော့်ခွင့်ရက်များမှာတော့ ကျွန်တော့်ဇာတိမြို့ကလေးတွင် ဘာမှ ရေရေရာရာမရှိလိုက်ဘဲ ဤကဲ့သို့ပင် ကုန်ဆုံးသွားခဲ့လေသည်။

[၁၉၉၀ ခု၊ ဇန်နဝါရီလ၊ ကလျာ မဂ္ဂဇင်း]

○



## ကော်ရုပ်တစ်ရုပ်နှင့် ချစ်ခင်ခြင်း

လောလောဆယ် ကျွန်မမှာ ချစ်သူတစ်ယောက်ရှိသည်။ သူက ဆရာဝန်လူတန်းစားကို အရမ်းမုန်းတီးသည်။ ကျွန်မက မိမိကောင်းကျိုးအတွက် နိုင်ငံရပ်ခြားသို့ အလုပ်သွားလုပ်ကိုင်မည့် လူတန်းစားကို အရမ်းမုန်းတီးသည်။ သို့သော် ကျွန်မတို့ နှစ်ယောက် ထူးဆန်းစွာပင် ချစ်သူတွေဖြစ်ခဲ့ကြပါသည်။

ဆန့်ကျင်ဘက်စိတ်ဓာတ်ရှိသူအချင်းချင်း ပေါင်းစပ်၍ ရမရ ကျွန်မ စဉ်းစားနေဆဲမှာပင် ကျွန်မတို့နှစ်ယောက် ပေါင်းစပ်ခြင်းဖြင့် ပြင်းထန်သောအချစ်တစ်ခု ဖြစ်ပေါ်လာခဲ့ပြီးနေပြီ။ ကျွန်မတို့နှစ်ယောက် ချစ်သူတွေ ဖြစ်လာကြသည့် အချိန်မှစ၍ ကိုယ်စီနောင်တတွေနှင့် နောက်ဆုတ်ထွက်ပြေးဖို့ နေ့စဉ်နေ့တိုင်း စဉ်းစားမိကြသည်။ သို့သော် နောက်ဆုတ်ဖျက်သိမ်းဖို့ကြိုးစားရင်းနှင့်ပင် ကျွန်မတို့နှစ်ဦးအကြားတွင် ကြိုးစတွေ တစ်ရစ်ပြီးတစ်ရစ် တိုး၍ ချည်နှောင်ပြီးသား ဖြစ်နေပြီ။ ကျွန်မလိုချင်သော ချစ်သူ၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဖက်အမျိုးအစားထဲတွင် သူမပါဝင်ခဲ့သလို သူတစ်ခါတစ်ရံ စိတ်ကူးတတ်သော ချစ်သူအမျိုးအစားထဲတွင် ကျွန်မလိုမိန်းမမျိုး မပါဝင်ဘူးဟု သူ အတိအလင်းထုတ်ဖော်ပြောလေသည်။ ဤစကားမျိုး အပြန်အလှန်ပြောမိတိုင်း တစ်ယောက်ကို တစ်ယောက် ရန်လိုစွာ ခေတ္တစိုက်ကြည့်မိကြမြဲ။ သို့သော် ခဏအတွင်း စိတ်ကို လျှော့ကာ အဖြစ်အပျက်ကို ရယ်မောဖို့ ကြိုးစားကြမြဲဖြစ်သည်။

တစ်ယောက်၏အကျင့်စရိုက်ကို တစ်ယောက်က မနှစ်မြို့နိုင်ပါဘဲနှင့် ဘာဖြစ်လို့များ ကျွန်မတို့နှစ်ဦး ချစ်သူတွေ ဖြစ်ခဲ့ကြပါလိမ့်။ ဤကဲ့သို့ ကျွန်မစဉ်းစားကြည့်တိုင်း ဘယ်တော့မျှ အဖြေမရနိုင်သည့် ပုစ္ဆာတစ်ပုဒ်ကို တွက်နေရသလို ခံစားရလေသည်။

ကျွန်မက လွတ်လပ်ပွင့်လင်းမှုကို သဘောကျသူ၊ သူက ထိန်းချုပ် လျှို့ဝှက်မှုကို သဘောကျသူ။ ကျွန်မ၏ မိသားစုမွေးချင်းတစ်ဦးစီ၏ စိတ်နေသဘောထား၊ အလုပ်အကိုင်ကအစ သူ့ကို တစ်လုံးမကျန် ပွင့်လင်းစွာ ကျွန်မပြောခဲ့ပြီးဖြစ်ပါလျက် သူ့မှာ မွေးချင်းဘယ်နှယောက်ရှိမှန်းပင် ကျွန်မ မသိခဲ့ပါ။ သူကလည်း စကားစပ်ပြီး မပြောပြခဲ့ပါ။ ကျွန်မကလည်း စပ်စုစွာ မေးကြည့်ဖို့ စိတ်မကူးခဲ့ပါ။ ကျွန်မနှင့်သူ ခင်မင်သိကျွမ်းသည့်ရက်မှစ၍ ချစ်သူတွေ ဖြစ်သွားကြသည့်အချိန်အထိ သုံးနှစ်ကျော်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ သူ့ဖခင် ဘာကြောင့် သေဆုံးသွားသည်ဆိုတာ ကျွန်မ မသိခဲ့ပါ။ သူကလည်း ပြောမပြခဲ့ပါ။

ကျွန်မက ကိုယ့်အတွက်နှင့် သူတစ်ပါး စိတ်ဆင်းရဲဆုံးရှုံးရမည်ကို အလွန်စိုးရိမ်တတ်ပြီး တစ်ဖက်သားကို အမြဲငဲ့ညှာလေ့





ရှိသူဖြစ်သည်။ သူကတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် လူစားမျိုးဖြစ်သည်။ သူ့ကို အတ္တကြီးသည်၊ တစ်ကိုယ်ကောင်း ဆန်သည်ဟု ကျွန်မ ပြင်းထန်စွာစွပ်စွဲတိုင်း သူက ပန်းနှင့်ပေါက်ခံရသလိုပင် ပြုံးပြုံးကလေး ဝန်ခံမြဲဖြစ်သည်။

တစ်ခါတုန်းကတော့ ကျွန်မနှင့်သူ 'အောင်မြင်မှု' နှင့်ပတ်သက်၍ အချီအချ စကားများကြဖူးသည်။ လောကမှာ အောင်မြင် ကြီးပွားမှုကိုတော့ လူသားတိုင်း လိုချင်တပ်မက်ကြတာ သဘာဝပဲ မဟုတ်လား။ သို့သော် စာနာမှုဆိုတာလည်း လူသားတွေမှာ ရှိသင့်သည်ဟု ကျွန်မ ထင်သည်။

"ကိုယ့်ဘဝခရီးလမ်းမှာ အောင်မြင်မှုတစ်ခုကို ရဖို့ တစ်ယောက်ယောက်ကို ဖြတ်ကျော်နင်းပြီးမှ ရမယ်ဆိုရင် ကိုယ်ကတော့ အဲဒီနေရာမှာပဲ ရပ်နေလိုက်မယ်၊ ရှေ့ဆက်မသွားသေးဘူး" ဟုသူ့ကို ပြောသောအခါ သူက ပြုံးရယ်လေသည်။ သူ့အပြုံးကို ကျွန်မ သိသည်။ ခေါင်းမာသူတစ်ယောက်၏ အပြုံးမျိုးလေ။

"မင်းကတော့ အဲဒီလိုမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်" ဟု ကျွန်မ ခပ်တည်တည်စွပ်စွဲတော့ သူက ပြုံး၍ ထောက်ခံသည်။ "သိပ်သေချာတာပေါ့" တဲ့။ ထို့နောက် သူ့အတ္တကို သူကိုယ်တိုင် ဖော်ထုတ် ဝန်ခံခဲ့၏။

"ကိုယ်ကတော့ ကိုယ့်ရှေ့မှာ ဘာကြီးပဲ ရှိနေပါစေ၊ ကိုယ်သွားချင်တဲ့လမ်းကို ရောက်အောင်သွားရမှာပဲ၊ ကိုယ့်ရှေ့မှာရောက်လာတဲ့ ဘယ်လိုလူမျိုးကိုမှ မညှာတာနိုင်ဘူး၊ အရေးကြီးတာ ပန်းတိုင် ရောက်ဖို့ပဲ" တဲ့။

တစ်ခါတစ်ခါကျတော့ သူ့မှာ နှလုံးသားမှ ရှိရဲ့လားဟု ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ သံသယဝင်ခဲ့ရလောက်အောင် သူက ပြတ်သားတိကျသည်။ "မင်းမှာ နှလုံးသားမရှိဘူး"ဟု ကျွန်မ ညည်းညူတိုင်း...

"ကိုယ့်မှာ နှလုံးသားမရှိရင် မ,ကို ဘယ်လိုလုပ်ပြီး ချစ်မလဲ မ,ရဲ့"ဟု ခပ်ပြုံးပြုံးပြောလေ့ရှိပါသည်။

*

'ကွိ' စာအုပ်ကို ဖတ်အပြီးတွင် မြန်မာနိုင်ငံမှာ ကွိလိုလူမျိုးတော့ ရှိမှာမဟုတ်ပါဘူးဟု ကျွန်မတွေးခဲ့ဖူးသည်။ သူနှင့် ခင်မင်သိကျွမ်းသောအခါ သူသည် ကွိနှင့် ထပ်တူမဟုတ်ပေမယ့် ကွိလောက်နီးပါး လှုမှုရေးညံ့ဖျင်းသူဟု တစ်စတစ်စ သိမြင်လာခဲ့သည်။

သူ၏ အလုပ်ချိန်တိကျမှု၊ အချိန်စာရင်းကို လေးစားမှု၊ လောကဝတ္တရားကို လျစ်လျူရှုရလောက်အောင် ကိုယ်ကျိုးရှာ အတ္တကြီးမှုတို့ကို ရှုတ်ချရင်း ရှုတ်ချရင်း သူ့ကိုကျွန်မ တစ်စတစ်စ သံယောဇဉ် တွယ်၍ ချစ်ခင်လာခဲ့သည်။ သူ့မာနနှင့် အတ္တကို မနှစ်မြို့စွာပင် ကျွန်မသူ့ကို ချစ်မြတ်နိုးခဲ့ပါသည်။ အလွန်စကားနည်းသူလည်း ဖြစ်သော၊ အရှက်ကြီးသူလည်းဖြစ်သော၊ ထိန်းချုပ်လျှို့ဝှက်တတ်သူလည်းဖြစ်သော သူ့ထံမှ ကျွန်မ ဘာကိုမျှ မျှော်လင့်မထားခဲ့သည်မှာ အမှန်ဖြစ်သည်။ သူ ကျွန်မကို ချစ်မြတ်နိုးကောင်း ချစ်မြတ်နိုးလိမ့်မည်ဟု တစ်ခါတစ်ခါ ထင်ခဲ့ဖူးသော်လည်း နိုင်ငံရပ်ခြားသို့ အလုပ်သွားလုပ်ရန် စိတ်ရောကိုယ်ပါ ကြိုးစားနေသူ တစ်ယောက်အဖြစ်လည်းကောင်း၊ အသွေးအသားထဲမှာကိုက မြန်မာစိတ် လုံးဝမရှိသူတစ်ယောက်အဖြစ်လည်းကောင်း သိထားပြီးသော





ကျွန်မအနေနှင့် သူ့ထံမှ ဖွင့်ဟဝန်ခံမည့် အချစ်ဆိုတာကို လုံးဝမျှော်လင့်မထားခဲ့ပါ။

နောက်ပြီး သူနှင့်ကျွန်မက တစ်မြို့တည်းနေကြသူများလည်း မဟုတ်။ (ကျွန်မနှင့် သူ ၃၆၅ မိုင် ဝေးပါသည်။) တစ်ခါတစ်ခါမှ တွေ့ကြသူများဖြစ်၍ သူကလည်း သူ့အလုပ်တာဝန်နှင့်သင်တန်းများအကြားတွင် ကျွန်မကို မေ့နေနိုင်ရမည်။ ကျွန်မကလည်း ကျွန်မလူနာများနှင့် မိသားစုအတွယ်အတာများအကြားတွင် သူ့ကို မေ့နေနိုင်ရမည်။ ဤကဲ့သို့ပင် ကျွန်မယုံကြည်ထားခဲ့၏။

သို့သော် သူ ကျွန်မကို အလွန်ချစ်မြတ်နိုးသည့်အကြောင်း ကျွန်မထံ စာရေးလာခဲ့ပါသည်။

ထိုနေ့က ကျွန်မအလွန်ကျေနပ်နှစ်သိမ့်နေခဲ့သည်။

ယောက်ျားငါးယောက်အပေါ် စိတ်ကစားခဲ့ဖူးသူ၊ ရည်းစားလေးယောက် ရှိခဲ့ဖူးသူ မိန်းမတစ်ယောက်အနေနှင့် ပထမဦးဆုံးအကြိမ်အဖြစ် ပျော်ရွှင်ရင်ခုန်ရသည့် ရည်းစားစာမှာ သူ့စာသာဖြစ်လေသည်။

ဒါတောင်မှ ထိုရည်းစားစာသည် မြန်မာဘာသာဖြင့် မဟုတ်ပါ။ ကျွန်မညံ့ဖျင်းသော အင်္ဂလိပ်ဘာသာဖြင့် ရေးထားခြင်း ဖြစ်သည်။ သူက တောင်းပန်ထားပါသည်။ "အင်္ဂလိပ်ဘာသာနဲ့ ရေးလိုက်တာကို စိတ်မရှိပါနဲ့၊ မြန်မာလို ရေးရမှာ ရှက်နေလို့"တဲ့လေ။ လဲသေလိုက်ပါလားဟု ကျွန်မ ကျိတ်ဆဲရေးလိုက်မိသေး၏။ ဘယ်မိန်းမ မဆို မြန်မာမိန်းမ မှန်ရင် ကိုယ့်ချစ်သူက မြန်မာလို ချစ်ခွင့်တောင်းသည့်စာကိုသာ နှစ်သက်စွာ ဖတ်ချင်ကြပါလိမ့်မည်။ ကျွန်မကလည်း စိတ်ဓာတ်အားဖြင့် အလွန်မြန်မာဆန်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပီပီ ချစ်သူ၏ မြန်မာလက်ရေးဖြင့် အချစ်အကြောင်း ပြောပြသည့် စာကိုသာ ဖတ်လိုပါသည်။ အံမာ...သူက ကျွန်မအင်္ဂလိပ်စာသိ မကျွမ်းကျင်မှန်းသိ၍ အတတ်နိုင်ဆုံး လွယ်ကူရှင်းလင်းစွာ ရေး လိုက်ပါသတဲ့လေ။ မောင်မင်းကြီးသားကို ကျေးဇူးတင်ရပါသည် သို့သော် ထိုစာထဲမှာပင် ကျွန်မဘာသာပြန်၍ မတတ်သော စာ ကြောင်း သုံးကြောင်း ပါဝင်နေသေး၏။

သူနှင့်ကျွန်မ စာသုံးစောင် အပြန်အလှန်ရေးသည်အထိ သူ အရှက်ကြီးဆဲ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးဆဲ။ (အင်္ဂလိပ်ဘာသာ အပိုဘာသာအဖြစ် ကျွန်မတို့ မသင်ရဘူးဆိုလျှင်ဖြင့် ကျွန်မနှင့်သူ ရည်းစားဖြစ်ဖို့ ဝေးပါသေးသည်။) ကျွန်မ သည်းမခံနိုင်တော့သော အခါ သူ့ကို ရာဇသံပေးရတော့သည်။

"မင်း ကိုယ့်ဆီကို မြန်မာလို မရေးရဲသေးဘူးဆိုရင်လဲ မင်း ကိုယ့်ဆီ စာမရေးနဲ့ဦး၊ အင်္ဂလိပ်လိုတော့ ကိုယ်မဖတ်ချင်ဘူး"

ထိုအခါ သူက အလွန်သဘောကောင်းစွာ မြန်မာလို ရေး သည်။

သူ့လက်ရေးက အင်္ဂလိပ်လက်ရေးလိုလည်း မလှ။ ဝါကျ ကလည်း ကမောက်ကမ။ သည့်ကြားထဲ လက်ရေးက သော့လို သေး၏။ အသုံးအနှုန်းတွေကလည်း တစ်ခုနှင့်တစ်ခု ထပ်နေ လူငယ်အသုံးအနှုန်းမျိုးလည်း မဟုတ်။ လွန်ခဲ့သည့် နှစ်ပေါင်း လေးငါးဆယ်လောက်က စကားအသုံးအနှုန်းမျိုးတွေ ပါတ သေးသည်။ ကျွန်မသည် အင်္ဂလိပ်ဘာသာဖြင့် စာများကိုသုံး ခေါက် ပြန်ပြန်ဖတ်ပြီး ရင်ခုန်ကျေနပ်လေ့ရှိသော်လည်း သူ့မြန်မာ ဘာသာဖြင့် စာများကိုတော့ တစ်ခေါက်ထက်ပိုပြီး မဖတ်





ပါ။ ကျွန်မက ဆရာဝန်သာဖြစ်သော်လည်း မြန်မာဘာသာကို ကျွမ်းကျင်စွာ၊ လှပစွာ ရေးဖွဲ့တတ်၏။ သူကတော့ မြန်မာစာ အဓိက ဂုဏ်ထူးတန်းအောင်မြင်ခဲ့သူဖြစ်ပါလျက် ဝါကျလှလှက လေးများ မရေးဖွဲ့တတ်သူဖြစ်လေသည်။ နောက်ဆုံးတော့ကျွန်မ ကပဲ အလျှော့ပေးလိုက်ပါသည်။

"မင်းရဲ့ မြန်မာဘာသာစကားက ကိုယ်ရေးတဲ့ အင်္ဂလိပ်ဘာ သာစကားလိုပဲ သိပ်ညံ့တယ်၊ ဒီတော့မင်းကလဲ အင်္ဂလိပ်လိုပဲ ရေး၊ ကိုယ်ကလဲ မြန်မာလိုပဲ ရေးမယ်...ဟုတ်ပလား"

ကျွန်မတို့နှစ်ယောက်အကြားက ဘာသာစကား ခြားနားမှုကို ဤကဲ့သို့ ဖြေရှင်းလိုက်ပါသည်။

*

သို့သော် ကျွန်မတို့နှစ်ယောက်ကြားတွင် ခြားနားမှုတွေ၊ ကွဲ လွဲမှုတွေ တစ်ခုပြီး တစ်ခု ပေါ်ပေါက်လာခဲ့ပြန်လေသည်။

အဓိကခြားနားမှုတစ်ခုမှာ သူ စကားအလွန်နည်းသောကြောင့် ဖြစ်ပေါ်လာခဲ့သည်။

သူက ထိန်းချုပ်သူလည်း ဖြစ်သောကြောင့် သူ၏ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း စသည့်ခံစားမှုများကို မျက်နှာမှာ မပေါ်လွင်အောင် ထိန်းတတ်၏။ သူဝမ်းသာနေသလား၊ ဝမ်းနည်း နေသလား၊ သူ ဖွင့်မပြောလျှင် ကျွန်မ ဘယ်လိုမှမသိနိုင်ပါ။

တစ်ခါတလေ ကျွန်မရှေ့တွင် ထိုင်နေပြီး စကားတစ်ခွန်းမျှ မပြောဘဲ စီးကရက်ဆယ်လိပ်လောက် ကုန်အောင် သောက်ချင် သောက်နေတတ်၏။ ဤအခါမျိုးတွင် ကျွန်မမှာ စကားမရှိစကား



www.burmeseclassic.com

www.burmeseclassic.com



ရှာ၍ သူ့ကိုပြောပြနေပေမယ့် သူက အင်းမလှုပ် အဲမလှုပ်။ ဟုတ်တယ်၊ မဟုတ်ဘူးသာ ဖြေလျက် ငြိမ်သက်နေတတ်သည်။

"တစ်ခုခုကိုစိတ်ဆိုးလာသလား" မေးကြည့်၊ "မဟုတ်ဘူး" ဟုဖြေမည်။ "ကိုယ့်ကို စိတ်ကောက်စရာအကြောင်းတစ်ခုခုများ လုပ်လိုက်မိသလား" မေးကြည့်၊ "မဟုတ်ဘူး" ဟုဖြေမည်။ "မုန့်တစ်ခုခု သွားစားရအောင်" ဟု ကျွန်မအဆိုပြုလျှင် သူငြင်းမည်။ "ကော်ဖီသောက်မလား" ဟု မေးလျှင် သူငြင်းမည်။ ထို့နောက် နှစ်နာရီလောက် အချိန်ကုန်သွားသည်အထိ သူတုဏှိဘာဝ ထိုင်နေမည်။ အလကားထိုင်နေမည်ဟု မထင်လိုက်နှင့်၊ သူ၏ အိတ်ဆောင် ဂျာမန်–အင်္ဂလိပ် အဘိဓာန်စာအုပ်ကလေးကို သဲကြီးမဲကြီး ဖတ်လျက် သူ့ရှေ့မှာ ကျွန်မတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေတာကို မသိလိုက် မသိဘာသာလုပ်ကာ ငြိမ်သက်နေခြင်းပဲ ဖြစ်လေ့ရှိသည်။ နာရီကို မကြာခဏကြည့်မည်။ သူပြန်သင့်ပြီဟု သူ သတ်မှတ်ထားသည့်အချိန်သို့ ရောက်လျှင် "သွားမယ်" ဟုကောက်ခနဲ ထပြန်သွားမည်။

နောက်တစ်နေ့ သူလာသည့်အချိန်တွင် သူ့မျက်နှာ အနည်းငယ်ကြည်လင်နေ၍များ မနေ့က ဘာဖြစ်တာလဲဟု သွားမမေးနှင့်၊ ဘာမှမဖြစ်ပါဘူး ဟူသော အဖြေကိုသာ ရမည်။ အဲသည်လောက်ဘောင် လျှို့ဝှက်သိပ်သည်းသူဖြစ်လေသည်။

ကျွန်မနှင့်သူ၏ နောက်ထပ်ကွဲလွဲချက်တစ်ခုမှာ ကျွန်မမှာ မိန်းကလေးဖြစ်ပါလျက် စိတ်မကောက်တတ်ပါဘဲ သူက ယောကျ်ားဖြစ်ပါလျက် ခဏခဏစိတ်ကောက်တတ်ခြင်းဖြစ်၏။ သူ့အပြုအမူထဲက ကျွန်မ မနှစ်မြို့နိုင်သည့် အပြုအမူမျိုးတွေ့လျှင် ကျွန်မ





စိတ်ကောက်ဖို့ အမြဲကြိုးစားလေ့ရှိပြီး ဘယ်တော့မှုလည်း စိတ်မကောက်ဖြစ်တော့ပါ။ တစ်ခါတစ်ခါကျတော့ သူ့ကို စိတ်လိုလက်ရ မေးကြည့်ဖူးသည်။

"စိတ်ကောက်တာ ဘယ်လို စ,ကောက်ရသလဲ ဟင်"

သူက ထုံးစံအတိုင်း မပွင့်တပွင့်ပြုံးလျက်...၊

"မသိဘူး၊ ကိုယ့်ကိုယ်ကို ထိန်းရင်းထိန်းရင်းကနေ ကောက်ပြီးသား ဖြစ်သွားပြီ၊ ကိုယ့်အတွက်ကတော့ စိတ်ကောက်တာ သိပ်လွယ်တာပဲ" ဟု ဖြေလေသည်။ ကျွန်မအတွက်ကတော့ စိတ်ကောက်ဖို့ အလွန်ခက်ခဲပါသည်။ သူ မကြာခဏ အပြစ်ဆိုမှုးသလို ကျွန်မက အလွန်သဘောကောင်းသောမိန်းမ ဖြစ်နေတာကိုး။ သူ့မှာမရှိသော ဂုဏ်သတ္တိများ ကျွန်မမှာ အကုန်ရှိသည်။

အားနာတတ်ခြင်း၊ လိုက်လျောတတ်ခြင်း၊ သူတစ်ပါးကိုတတ်နိုင်သမျှ ကူညီတတ်ခြင်း၊ သူ့ဘက်ကိုယ့်ဘက် မျှတွေးတတ်ခြင်း စသည့် ဂုဏ်သတ္တိများ တစ်ခုတလေမျှ သူ့ထံတွင် ရှိမနေတာ အလွန်အံ့ဩဖို့ကောင်း၏။

ကျွန်မ၏ မိတ်ဆွေများနှင့် သူ တွေ့ဆုံစကားပြောဖို့ အလွန်ဝန်လေး ပင်ပန်းလေ့ရှိပါသည်။

"ကိုယ် မိတ်ဆွေအသစ်တွေ မလိုချင်ဘူး" ဟု တုံးတိတိ ငြင်းလေ့ရှိ၏။ သည်လိုဆိုလျှင်လည်း ကျွန်မဘက်ကို ကိုယ်ချင်းစာဖို့ကောင်းပါသည်။ မိတ်ဆွေသစ် မတိုးချင်သောသူသည် ကျွန်မကိုတော့ သူ့မိတ်ဆွေများနှင့် မကြာခဏမိတ်ဆက်ပေးဖို့ ကြိုးစားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆွေအများစုမှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။
အလုပ်ဌာနက မိတ်ဆွေ တစ်ယောက်နှစ်ယောက်။ သူ စကား
ပြောသင်တန်း တက်ရာ သံရုံးမှ မိတ်ဆွေတစ်ယောက်နှစ်ယောက်
ထို့နောက် သူ့သူငယ်ချင်းက နှစ်ယောက်။ သူက သူငယ်ချ
အလွန်ရှားသည်။ မြန်မာလူမျိုးချင်း မိတ်ဆက်ပေးလျှင် ကျွန်
အတွက် အပန်းမကြီးသော်လည်း နိုင်ငံခြားသားများနှင့် မိတ်ဆ
ပေးလျှင် ကျွန်မ အလွန်စိတ်ဆင်းရဲရတတ်ပါသည်။ ကျွန်မသ
အင်္ဂလိပ်စကားပြောခြင်းနှင့် လုံးဝအကျွမ်းမဝင်သူသာ ဖြစ်
ဘယ်သူနှင့် ပြောပြော အိုးနင်းခွက်နင်း အမြီးအမောက် မတည့်
ထို့ကြောင့် အတတ်နိုင်ဆုံး စကားကို နည်းအောင် ပြောမိသည်
ထိုအခါ သူက စိတ်ဆိုးပြန်၏။ ဘာမျှမပြောတတ်၍ ငြိမ်ရုံငြိမ်း
ပြန်တော့လည်း သူက စိတ်ဆိုးပြန်၏။ ထိုအခါမျိုးမှာတော့
မကျေနပ်သည့်အကြောင်း ကျွန်မကို ဖွင့်ဟပြောပြတတ်သည်။
နောက် ကျွန်မကို အင်္ဂလိပ်စကားပြော လေ့ကျင့်ဖို့ တိုက်တွန်း
သည်။ စာအုပ်များ၊ တိပ်ခွေများ တစ်ပုံတစ်ပင် ဝယ်ပေးလျ
စကားပြော နားထောင် လေ့ကျင့်ဖို့ တိုက်တွန်း၏။ အမေရိက
ထုတ်သော လက်သုံးလုံးခန့် ထူသည့် အင်္ဂလိပ်စာ ကျွမ်းကျင်
ရေးနည်း စာအုပ်အပြာကြီးကို ကျွန်မကို လက်ဆောင်ပေး၏။
နှစ်အတွင်း အပြီး လေ့ကျင့်ရမတဲ့။ သူက အချိန် အပိုင်းအခြ
သတ်မှတ်ပေးလိုက်သေးသည်။

"လက်စလီ…ကိုယ့်မှာ လူနာတွေနဲ့ မိသားစုတာဝန်နဲ့ ဘ
လို့မှ အချိန်မရဘူး" ဟု ကျွန်မငြင်းတော့ သူ စုတ်တစ်ချက်သ
ကာ ခေါင်းယမ်းတော့သည်။





"အချိန်ဆိုတာ ရအောင် ယူတတ်ရတယ်" တဲ့။

သည်တော့ ကျွန်မက ပြောပြလိုက်သည်လေ…ကျွန်မတို့ဆရာဝန်များသာ ကိုယ်ချင်းစာတတ်မည့် ကိုယ့်အချိန် ကိုယ်မပိုင်သော အဖြစ်အပျက်များကိုပေါ့။ သည်တော့ သူက ဖွင့်ငြင်းပြန်၏။ "မနက် နှစ်နာရီတို့၊ လေးနာရီတို့ဆိုတဲ့အချိန်တွေက လူနာကြည့်တဲ့ အချိန်မှ မဟုတ်တာ၊ ကြည့်မပေးနဲ့ပေါ့" တဲ့။ "နောက်ပြီး ညရှစ်နာရီကျော်ရင် လူနာမကြည့်ဘူးဆိုပြီး အိမ်တံခါးပိတ်ထားပေါ့" တဲ့။ ဆရာဝန်တစ်ယောက်၏ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်၊ တာဝန်ယူတတ်သည့် စိတ်များကို သူထည့်မတွက်ခဲ့ပါ။ သည်အတွက်လည်း သူ့ကို ကျွန်မအပြစ်မတင်လိုပါ။ သူက ဆရာဝန်မှ မလုပ်ဖူးဘဲဟု သူ့ကို ခွင့်လွှတ်ခဲ့ရမြဲ ဖြစ်ပါသည်။

သူကတော့ သူ့အချိန်ဇယားကို နည်းနည်းမျှ အလွဲခံတတ်သူ မဟုတ်။

သူ့အလုပ် သူ့သင်တန်းကို အလွန်လေးစားသူ ဖြစ်သည်။

ရန်ကုန်သို့ ကျွန်မရောက်သည့် ရက်များတွင် တစ်ခါတလေ ကျွန်မ လာလို့များ သူ့ရုံးကို ဖျက်လိမ့်မည်မထင်နှင့်၊ နံနက် ကိုးနာရီဆိုလျှင် အမြဲရုံးသွားလေ့ရှိသည်။ ရုံးမသွားမီ နံနက်စောစော ကျွန်မအိမ်သို့ သူရောက်လာလေ့ရှိသည်။ အနီးအနားက ဆိုင်တစ်ဆိုင်သို့ သွား၍ နှစ်ယောက်အတူ မုန့်စား၊ ကော်ဖီသောက်ကြမည်။ ပြီးလျှင် သူရုံးသွားမည်။ ကျွန်မက မြို့ထဲ သွားစရာရှိလျှင် ဘတ်စ်ကား အတူစီးမည်။ ဘတ်စ်ကားပေါ်မှာ တစ်ခုံတည်း ထိုင်ရလို့လည်း စကားဖောင်ဖွဲ့ ပြောမည်မထင်နှင့်၊ တစ်ခွန်းမျှမပြောဘဲ တစ်လမ်းလုံး ငြိမ်သက်စွာ လိုက်လာမှာပဲ။ ဆင်ခါနီးမှ…



www.burmeseclassic.com

www.burmeseclassic.com



"မ…တစ်ယောက်တည်း ဖြစ်ရဲ့လား၊ ကိုယ် လိုက်ဖို့ လို သလား"ဟု ဝတ္တရားကျေ မေးတတ်သည်။ ကျွန်မက ဘယ့်နှယ်လုပ်ပြီး လိုက်ပို့ပါဟု ပြောထွက်မလဲ၊ မဟုတ်ဘူးလား။

"နေပါစေကွယ်၊ မင်း ရုံးကိုသာ ဖြောင့်ဖြောင့်သွားပါ၊ ကိုယ်က ဖြစ်ပါတယ်" ထိုစကားက လွဲပြီး ကျွန်မမှာ ပြောစရာစကား မရှိပါ။ တစ်ခါတလေတော့ "လိုက်ပို့ကွယ်၊ ကိုယ်တစ်ယောက်တည်း မသွားချင်ဘူး"ဟု ပြောကြည့်ဖို့ ကြိုးစားဖူးသည်။ အဲသည်လိုများ တောင်းဆိုလိုက်လျှင် သူဘယ်လိုဖြေရှင်းမလဲ။ ကျွန်မ သိချင်လိုက်တာ။ သို့သော် ကျွန်မက အလွန်အလိုက်သိတတ်၊ ငဲ့ညှာတတ်သည့် မိန်းမပဲလေ။ ကျွန်မအတွက်ကြောင့်ဖြင့် သူ ရုံးမပျက်စေရ။ သင်တန်းမပျက်စေရ။ ရုံးပျက်လိုက်လျှင် ကောင်းမလား ဟူသည့် တွေဝေစိတ်မျိုးပင် အနည်းငယ်မျှ မဝင်စေရ။

*

"မ,ကို အချိန်ရှိသမျှ သတိရနေတာ" ဟူသော စကားမျိုးကို သူ့ထံမှ တစ်ခါတလေသာ ကြားရလေ့ရှိ၏။

"မင်းကို ကိုယ်သိပ်လွမ်းတာပဲ"ဟု ကျွန်မက မကြာခဏ စာရေးလေ့ရှိသော်လည်း သူ့စာထဲတွင် အောက်မေ့သတိရကြောင်း၊ လွမ်းဆွတ်သည့်အကြောင်းမျိုးက အလွန်ရှားပါးလှသည်။

"ကိုယ့် Salary တိုးသွားပြီ၊ တစ်လကို သုံးထောင့်ငါးရာကျပ်တဲ့၊ လုပ်ငန်းတွေ ပြန်စတဲ့အခါ စ,ထုတ်ရမယ်တဲ့၊ အခုလောလောဆယ်တော့ တိုကျိုဘဏ်မှာ မစ်ဆုအီကုတ်ဒ်နံပါတ်နဲ့ ငွေသွင်းပေးမယ်တဲ့၊ အမေရိကန်ဒေါ်လာ ငါးရာပေါ့"ဆိုသော အကြောင်းအရာမျိုး။





"ဟိုနေ့က ကိုယ့်မိတ်ဆွေတစ်ယောက် ပြန်ခါနီး ကိုယ့်ကို စာအုပ် သုံးအုပ် လက်ဆောင်ပေးသွားတယ်၊ အဲဒီထဲက ကိုယ် တစ်အုပ်ပဲ ဖတ်ရသေးတယ်၊ A.N Wilson ရဲ့စာအုပ်တစ်အုပ်လေ၊ မ,ဖတ်ဖို့ ထည့်ပေးလိုက်တယ်၊ မ,အတွက် ဖတ်ရနည်းနည်းခက်မလားဘဲ၊ သဒ္ဒါတွေ ပြောင်းရေးထားတယ်လေ၊ နောက်ပြီး ပြင်သစ်၊ ဂျာမန် စကားလုံးအချို့ကိုလဲ ညှပ်သုံးထားသေးတယ်၊ ဖတ်နေရင်းနဲ့ သဘောပေါက်သွားမှာပါ၊ ဇာတ်ကောင်စရိုက်တွေ သိပ်ကောင်းတာပဲ" ဆိုသော အကြောင်းအရာမျိုးကိုသာ အများအားဖြင့် ရေးလေ့ရှိပါသည်။

ထို့ကြောင့်လည်း တစ်ခါတစ်ခါ သူ လွမ်းဆွတ်သတိရကြောင်း စာရေးလျှင် ကျွန်မမှာ ငိုရအခက်၊ ရယ်ရအခက်။

"မ,ကို သတိရလွမ်းဆွတ်နေရတာနဲ့ ဘာအလုပ်ကိုမှ ထိထိရောက်ရောက် မလုပ်ဖြစ်တာ ကိုယ်ကိုယ်တိုင်ကလွဲပြီး ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ဘယ်လောက်ထိ ဆိုးသလဲဆိုရင် Cultural Attache ရဲ့ class မှာ ကိုယ့်ကိုစာမေးလို့မေးမှန်းမသိလောက်အောင် ဖြစ်သွားရတယ်၊ သင်တန်းသားရှစ်ယောက်ပဲ ရှိတဲ့ class မို့ ရှက်စရာကောင်းလိုက်တာ မပြောပါနဲ့တော့ မ,ရယ်၊ အခုအချိန်မှာ စာမေးပွဲကောက်စစ်လိုက်ရင် ကိုယ်ကျမှာသေချာတယ်"တဲ့။ ဘယ်လောက်များ အံ့ဩဖို့ကောင်းသည့် စာကြောင်းတွေလဲ။

နောက်ပြီး သူ တစ်ခါတစ်ခါ ပြောဖူးသည်။

မင်းဟာ ဖမ်းစားညို့ယူနိုင်စွမ်းတဲ့ မိန်းမတစ်ယောက်ပဲ ဆိုသည့် အဓိပ္ပာယ်နှင့် စကားလုံးမျိုး။ ထိုစကားကိုကြားတိုင်း ကျွန်မ တအံ့တဩ ရယ်မောမိလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလို ပုံစံခွက်ထဲ လောင်းပြီး သွင်းထားတဲ့ အရုပ်တစ်ရုပ်ကိုတောင် ကိုယ်က ညှို့နိုင်တယ်ဆိုရင်တော့ ကိုယ် ယောက်ျားတွေကို အထင်သေးရတော့မလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို အထင်ကြီးရတော့မလား"

ထုံးစံအတိုင်း သူကတော့ မပွင့်တပွင့်ပြုံးလျက် ကျွန်မကို ခပ်ငေးငေး တစ်ချက်ကြည့်ပြီး မျက်စိလွှဲသွားတတ်တာပါပဲ။

ဤကဲ့သို့ နေ့ရက်မျိုးတွင်တော့ ကျွန်မတို့နှစ်ယောက် ကြည်လင် နေကြမြဲဖြစ်သည်။ သို့သော် ဤကဲ့သို့ နေ့ရက်မျိုးက ရှားပါးလှသည်။

အနာဂတ်အကြောင်း ဆွေးနွေးကြတိုင်း ကျွန်မတို့စကားများ စိတ်ဆိုးရစမြဲဖြစ်သည်။

သူ နိုင်ငံခြားရောက်နေမည့်အချိန်တွင် ကျွန်မက ရန်ကုန်မှာ လာနေရမတဲ့။ ဥရောပနိုင်ငံတစ်ခုခုက ဘာသာစကားတစ်မျိုးမျိုးကို အနည်းဆုံး တတ်အောင်သင်ရမတဲ့။ (ဟိုရောက်ရင် သူ့ကို ချည်း အားကိုးမနေရအောင်တဲ့။) ကဲ... ရန်ကုန်မှာ ကိုယ့်ဆေးခန်း ဝင်ငွေ ဘယ်လောက်ရှိမယ် ထင်သလဲ။ ကိုယ် ဘာနဲ့သွားစားမလဲ၊ သင်တန်းစရိတ်၊ နေစရိတ် ဘယ်ကရမလဲဟု ကျွန်မပြန်မေးတော့ ကျွန်မကို ခပ်စိန်းစိန်းကြည့်သည်။ ထို့နောက် သူ ရမည့် ဒေါ်လာ သုံးထောင့်ငါးရာဆိုတာကို တွက်ချက်ကာ "မ,က ကိုယ်ပို့ပေးတဲ့ ငွေကို သုံးမှာလား" ဟု မေးလေသည်။

"အို... ဆေးပါသေးတယ်" ဟု ကျွန်မက မဲ့ရွဲ့ကာ ဖြေတော့ သူ ပြုံးရယ်၏။

"အေးလေ... ကိုယ်ထောက်ပံ့တဲ့ငွေကို လက်မခံချင်ရင်တော့





ဘာမှာ ဆေးကုတဲ့အထဲကနေ စုထားပေါ့၊ ဒီနှစ်နည်းက လွဲပြီး ဘာမှမရှိဘူး"

"ဘယ်ဟုတ်မလဲ၊ အကောင်းဆုံးနည်းက ကိုယ် တောမှာပဲ နေမယ်၊ လူနာတွေနဲ့ပဲ နေမယ်" သူစိတ်တိုလျက် "မ,က မတိုးတက်ချင်ဘူး၊ မကြိုးစားချင်ဘူး" ဟု ကျွန်မကို စွပ်စွဲ တော့သည်။

"နေစမ်းပါဦး လက်စလီရဲ့၊ လူတစ်ယောက်ရဲ့ တိုးတက်မှု ထင်ယုတ်မှုကို မင်းက ဘာပေတံနဲ့ တိုင်းမှာလဲ" ဟု ကျွန်မက ပြုံးကလေး မေးလျှင် သူက "နိုင်ငံတကာပေတံပဲ" ဟု ခပ်ပြတ်ပြတ် ပြောပြီး ကျွန်မကို သူ့ရည်မှန်းချက်များ၊ ယုံကြည်ချက်များ၊ ကြိုးစားမှုများကို မနားမနေပြောတော့သည်။ ကျွန်မမှာ သူ့ကို ငေးမောလျက် ဘာမျှလည်း ပြန်မဝေဖန်နိုင်။ မြန်မာစိတ်ဓာတ်လည်း အပြည့်၊ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ကလည်း အပြည့်၊ မြန်မာလူမျိုးအပေါ် ဂုဏ်မယူနိုင်သည့် သူထောက်ပြသည့်အချက်များကိုလည်း မငြင်းဆန်နိုင်ဘဲ တဖြည်းဖြည်း စိတ်ကောင်းဖြစ်လာသည်။ ကျွန်မတို့နှစ်ဦး လက်ထပ်ဖို့ ဆွေးနွေးကြသည့် ကိစ္စမှာ နိုင်ငံရေး၊ လူမျိုးရေး ပြဿနာများ ရောပါရှုပ်ထွေးလျက် တစ်ယောက်ကိုတစ်ယောက် မနှစ်မြို့မှုများသာ ပိုမို အားကောင်းလာခဲ့လေသည်။ သူကြာရှည်စွာ နေလိုသည့် နိုင်ငံရပ်ခြားမှာ ကျွန်မ တစ်နှစ်ထက် ပိုနေနိုင်မှာမဟုတ်။

သည်ကြားထဲ သူက ရန်စကားပြောသေးသည်။

"မ,နဲ့ တွေ့မှ ကိုယ့်စိတ်ဓာတ်တွေကို တစ်ဝက်လျှော့ထားရတယ်" တဲ့။ ဘယ်လောက်များ မခံချင်ဖို့ကောင်းလဲ။

မြို့ထဲ တစ်နေရာရာကို ချိန်းပြီး ကျွန်မ နောက်ကျလျှင် သူ



www.burmeseclassic.com

www.burmeseclassic.com



စကားနည်း တိတ်ဆိတ်စွာ အသံတိတ်ဆန္ဒပြလေ့ရှိသည်။ ကျွန်မကလည်း ကျွန်မပဲ၊ ရန်ကုန်မြို့က ဘတ်စ်ကားများ၏ တစ်စီးနှင့် တစ်စီးကြား အချိန်ခြားနားမှု၊ မောင်းနှင်သော မိုင်နှုန်း၊ မှတ်တိုင်အရေအတွက် ကျွန်မမှ မတွက်ချက်တတ်တာ။ မိန်းမပီပီ တော်ရုံတန်ရုံ ခရီးကိုလည်း အငှားကား မသုံးချင်။ သည်တော့ ဆယ့်ငါးမိနစ် နာရီဝက်တော့ အမြဲနောက်ကျတတ်၏။ ထိုအခါ သူ ကျွန်မကို ရန်လိုနေတော့သည်။

"သိပ်လုပ်မနေနဲ့၊ နာရီဝက်နဲ့ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲမသွားဘူး" ဟု ကျွန်မ မခံချင်စွာ ပြောမိလျှင် သူက "ဗမာစိတ်ခါတ်အပြည့်ရှိမှန်း သိတယ်၊ ကြေညာမနေနဲ့" တဲ့။ ထိုအခါမျိုးမှာ သူ့ရေ့က လက်ဖက်ရည်ပန်းကန်ဖြင့် သူ့ကို ပေါက်ပစ်လိုက်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။ သူ့မှာသာ စိတ်ရှိတာ မဟုတ်ဘူး၊ ကျွန်မမှာလည်း ဒေါသဖြစ်တတ်သည့်စိတ်နဲ့ပဲဟု အထပ်ထပ် အခါခါ တိတ်တဆိတ် ရေရွတ်မိသေးသည်။ ကျွန်မ တကယ်ဒေါသထွက်မှန်း သူသိတော့လည်း သူက စီးကရက်ကိုသဲကြီးမဲကြီး ရှိုက်ဖွာလျက် ...

"မဟုတ်ပါဘူး၊ ကိုယ်က မ,နဲ့ တွေ့ရတဲ့အချိန် နည်းသွားမှာ စိုးလို့ပါ၊ သုံးနာရီလေးဆယ့်ငါးမိနစ်မှာ ကိုယ်သံရုံးကို သွားရမယ်လေ၊ အခု မ,က နာရီဝက်နောက်ကျတော့ ကိုယ်တို့တွေ့ချိန် လေးဆယ့်ငါးမိနစ်ပဲ ရှိတော့တယ်" ဟု စစ်ပြေငြိမ်းစကားကို ဆို၏။ ကျွန်မက သူ့ကို အကဲစမ်းချင်စိတ်ကလေးဖြင့် ...

"လေးဆယ့်ငါးမိနစ်ပဲ ရှိတော့ ဘယ်သူက ပူပင်မှာမို့လဲ" ဟု ခပ်ပြုံးပြုံး မေးဖူးသည်။ သူက ကျွန်မကို ဖျတ်ခနဲကြည့်၏။ "အခု





ဒီကို ချိန်းတာ မ,ပဲ ချိန်းတာမဟုတ်ဘူးလား၊ မ,က ပူပင်မှာပေါ့" အံ့သြသလို မျက်နှာပေးဖြင့် သူရိုးသားစွာပြောတော့ ကျွန်မမျက်နှာ နွေးခနဲပူသွားလေသည်။

"တော်ပြီ ...ကိုယ်ချိန်းမိတာကို ဖျက်တယ်" ကျွန်မက သူ့ကို စိတ်ကောက်ဖို့ကြိုးစားအားယူဆဲမှာ သူက "စကားကို အမျိုးမျိုး မပြောနဲ့ မ၊ ကိုယ်မကြိုက်ဘူး၊ ဘာမဆို တိတိကျကျ လုပ်၊ ကိုယ်နဲ့ ချိန်းခါနီးရင် တကယ်တွေ့ချင်ရဲ့လား စဉ်းစားပြီး သေချာမှ ချိန်း၊ ကိုယ့်ကို အားမနာနဲ့၊ မ,က ကိုယ်နဲ့တွေ့ဖို့ စိတ်မပါဘဲ လာနေရရင် ကိုယ် ရှက်စရာဘယ်လောက်ကောင်းလဲ" ဟု အပြစ်တင်စကား ဆိုတော့သည်။

ဘုရားရေ... ကိုယ့်ဖို့ကိုယ်တော့ တော်တော်ကြည့်တတ်တဲ့ ယောကျ်ားပါလား။ သို့သော် နောက်တော့ ကျွန်မကပဲ အလျှော့ပေးလိုက်ပါသည်။

"ကဲ ကဲ ...ကိုယ်က မတွေ့ချင်ဘဲနဲ့ မင်းနဲ့ချိန်းပါ့မလားကွယ်၊ တစ်ခါတလေမှ တွေ့ရတဲ့ဥစ္စာ ကိုယ်နောက်ကျတာကိုတောင် မင်းကျေးဇူးတင်ရဦးမယ်၊ နာရီဝက်ဆိုရင် မင်းဝါကျအသစ် ဆယ်ကြောင်း ကျက်ပြီးသားဖြစ်သွားတာပေါ့၊ မဟုတ်ဘူးလား" ပြုံးရယ်လျက် စသလို နောက်သလို ပြောမိသည်။

သူက သူ့လက်ထဲ ကိုင်ထားသည့် ပြင်သစ်ဘာသာပြဋ္ဌာန်းစာအုပ်ကို ဖျတ်ခနဲချလျက် စီးကရက်ကို တအားရှိုက်ဖွာပြန်၏။

"သြော် ...ဟုတ်တယ်၊ ကိုယ် မ,ကို တွေ့ဖို့ မနည်းအားလပ်အောင် လုပ်ထားတဲ့အချိန်ပဲ၊ မ,နဲ့ပဲ တွေ့ချင်တာပေါ့၊ ဒီစကားလုံးတွေ ဝါကျတွေ ကျက်ဖို့လုပ်ထားတဲ့အချိန်မှ မဟုတ်ဘဲ,ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်း နာရီဝက်အတွင်း ဝါကျဘယ်နှကြောင်း ရသလဲ ကိုယ့်ကို မညာဘဲ ဖြေစမ်း"

ကျွန်မ သူ့မျက်နှာကို လက်ညှိုးထိုးလျက် ခပ်တည်တည် မေးတော့ သူက ညာဖို့မကြိုးစားဘဲ ဆောင့်ကြီးအောင့်ကြီး စီးကရက်ကို ခွက်ထဲ ထိုးချေလျက် "ခြောက်ကြောင်းပါ" ဟု ဖြေလေသည်။ ကျွန်မချစ်သူက အဲသည်လို ချစ်သူမျိုး။

*

ကျွန်မတို့မြို့သို့ သူအလည်လာတိုင်း ကျွန်မအိမ်မှာ တည်းခိုလေ့ ရှိပါသည်။ ကျွန်မက ယောက်ျားလေးမိတ်ဆွေများသူဖြစ်ပြီး ခရီးဝေးက ဧည့်သည်လည်း မကြာခဏလာတတ်သဖြင့် ကျွန်မမိသားစုအတွက် သူလာရောက်ခြင်းသည် အထူးအဆန်းတစ်ခု မဟုတ်ခဲ့ပါ။ ကျွန်မအတွက်တော့ သူလာလည်ခြင်းကို အထူးအဆန်းတစ်ခုအဖြစ်သာ မြင်သည်။ ချစ်သူတစ်ယောက်ဆီ လာလည်သည့် မျက်နှာမျိုးလည်း မဟုတ်၊ ယခင်ကလို မိတ်ဆွေအပေါင်းအသင်းအဖြစ် လာလည်သည့် ဆက်ဆံရေးမျိုးသာ ဖြစ်သည်။

ကျွန်မက ညပိုင်းမအားလပ်သူဖြစ်ရာ ဖေဖေနှင့်သူသာ ထမင်းလက်ဆုံစားလျက် ကျွန်မက လူနာကုန်တော့မှ တစ်ဦးတည်း သီးသန့် စားရလေ့ရှိပါသည်။ ထမင်းစားသောက်ပြီး မိသားစုဝိုင်းဖွဲ့စကားပြောနေချိန်တွင် မသိသာသော်လည်း အားလုံး အိပ်ခန်းထဲဝင်၍ ကျွန်မနှင့် သူ့ ဧည့်ခန်းမှာ ကျန်ရစ်လျှင် ကျွန်မက အနေရကျပ်လျက် သွားအိပ်တော့မည်ဟု သူ့ကို နှုတ်ဆက်ကြည့်သည်။





သူက နာရီကြည့်လျက် "အစောကြီး ရှိသေးတာပဲ" ဟု အပြစ်တင်သလို ဆိုတတ်သည်။ ဪ...သူ ငါနဲ့ စကားပြောချင်လို့ ထင်ပါရဲ့ဟု သူ့ရှေ့မှာ ထိုင်နေပြန်တော့လည်း သူက စကား အထူးအဆန်းတွေပြောတာ မဟုတ်ပြန်။ ဖေဖေ့နေရှင်နယ်လ်ရေဒီယိုကလေးကို ဟိုလှည့်သည်လှည့်လုပ်၍ ကျွန်မ နားမလည်သောဘာသာစကားများကို သူနားထောင်နေတော့သည်။ ကျွန်မက စကားမရှိ စကားရှာ၍ ပြောလျှင် သူက အနည်းငယ်ဝင်ပြောသည်ကလွဲ၍ သူကိုယ်တိုင် စကားတစ်ခွန်းမျှ စ,မပြောတတ်ပါ။ ကြာတော့ ကျွန်မ အိပ်ချင်လာသည်။

"မင်း အိမ်မှာ ဘယ်အချိန်အိပ်ရာဝင်သလဲဟင်" ဟု မနေနိုင်မထိုင်နိုင် မေးမိတော့ တစ်နာရီဟု သူ တုံးတိတိဖြေသည်။ ကျွန်မ လန့်ဖျပ်သွား၏။ သူက စီးကရက်ကို မီးကူးသောက်လျက်က...

"ဘာလဲ မ,အိပ်ချင်လို့လား၊ ဆယ်နာရီတောင် မခွဲသေးဘူး၊ စာတစ်ခုခု ဖတ်ပါလား၊ အင်္ဂလိပ်စာဖြစ်ဖြစ်...ဟင်" တဲ့။

နေပါစေ၊ ကျေးဇူးတင်ပါသည်။ ကျွန်မ သူ့ရှေ့မှာ ချထားပြီး သူ မစားသော ငါးမုန့်ကြော်တို့၊ လက်ဖက်သုပ်တို့ကိုသာ အဆက်မပြတ် စားနေမိတော့သည်။ ဒါဖြင့် သူဘာဖြစ်လို့ ကျွန်မ၏မြို့ကို လာလည်ပါလိမ့်။

"ဒါနဲ့ စကားမစပ်...မင်း ကိုယ်တို့ဆီကို ဘာဖြစ်လို့ လာတာလဲဟင်" ဟု ကျွန်မ ဖျတ်ခနဲမေးတော့ သူက ရေဒီယိုအသံကို နှိမ့်လျက် "လွမ်းလို့" ဟု ခပ်တိုးတိုးဖြေလိုက်သည်။ ကျွန်မက ရင်ကို လက်နှင့်ဖိဟန်ပြုလျက် "တကယ်" ဟု မယုံသလို မေးလိုက်လျှင် သူ မကြည်သလို လှမ်းကြည့်ကာ ဘာစကားမျှမပြောဘဲ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



ရွာ ဆေးခိုးသို့ နှားဆောင်နေတော့သည်။ သူ ကျွန်မကို ပြောစရာစကား ဒီလောက်ပဲ ရှားရသလား။

သူ နှားဆောင်နေသော ပြင်သစ်စကားတွေ၊ ဂျာမန်စကားတွေကို ကျွန်မ စိတ်သိပ်ကုန်လာလျှင် သူ့ကို ကောင်းသောညပါဟု နှုတ်ဆက်လျက် ဖျတ်ခနဲ ထထွက်လာခဲ့တတ်သည်။ နံနက် ကျွန်မ အိပ်ရာထ နောက်ကျလျှင် သူခပ်မဲ့မဲ့ ပြုံးနှုတ်ဆက်ရင်း တော်တော် အပျင်းကြီးတဲ့မိန်းမပဲဟု စ,တတ်၏။ ထို့နောက် သူ၏ တစ်နေ့တာ လုပ်ငန်းတာဝန်တွေ အချိန်ဇယားတွေကို ကျွန်မ မေးကြည့်ရာ သူ သေသည်းချာ ပြောပြတော့သည်။ နံနက် ငါးနာရီခွဲ ခြောက်နာရီမှ ည ခြောက်နာရီခွဲအထိ သူ့တာဝန်များကို ကြားရသောအခါ ကျွန်မ ဖနောင့်တွန့်လျက် ရယ်မောမိသည်။ ညရှစ်နာရီမှ တစ်နာရီအထိ သူ့ သင်ခန်းစာ လေ့လာချိန်နှင့် အလုပ်အတွက် လေ့လာချိန်များကို ကြားရသောအခါ နှာခေါင်းရှုံ့မိသည်။

“လူတစ်ယောက်ဟာ ငါးနာရီအိပ်ရင် နောက်တစ်နေ့ အလုပ်လုပ်ဖို့ အိုကေပဲ” တဲ့။

“အို…ကိုယ်တို့ သင်ရတာတော့ ရှစ်နာရီပဲ” ဟု ကျွန်မ ရန်စချင် သူ ဒါပွသလို လက်သီးဆုပ်ရွယ်တော့သည်။

အဲဒါဖြစ်ဖြစ် ဤလူငယ်တစ်ယောက်ကို ကျွန်မချစ်မြတ်နိုးပါသည်။ သူနှင့် ရန်ဖြစ်ချင်လျှင်…

“ခင်ဗျား ကိုယ့်ချစ်သူဖြစ်ဖို့မကောင်းဘူး၊ ကိုယ့်မောင်လေးပဲ ဖြစ်ဖို့ကောင်းတာ” ဟူသော စကားကိုသာ ပြောလိုက်၊ သူ ဘယ်လိုမျှ သည်းမခံနိုင်ချေ။ ကျွန်မစကားမှန်သမျှကိုလည်း သူ အမြဲ ဆန့်ကျင်လေ့ရှိသည်။ ကျွန်မနှင့် သဘောထားချင်း ဘယ်တော့မျှ





မတိုက်ဆိုင်တတ်ပါ။ ကျွန်မ စိတ်မရှည်နိုင်လောက်အောင် သူက စိတ်ဓာတ် ပြင်းထန်၏။

“လူ့ဘဝဆိုတာ အပြည့်အစုံရေးပြီးသား စာအုပ်တစ်အုပ်ပဲ၊ ဘယ်အချိန်မှာ ဘာဖြစ်မယ်ဆိုတာ ပါပြီးသား” ဟု ကျွန်မက ပြောလျှင် သူအမြဲတမ်း ဒေါသကြီးလေ့ရှိသည်။ သူ့သဘောထားတော့ လူဆိုတာ စိတ်ဓာတ်က အဓိက၊ စိတ်ဓာတ်ပြင်းထန်စွာ ကြိုးစားလျှင် လောကမှာ လိုချင်တာ ဖြစ်ချင်တာ အကုန်ရမည်…တဲ့။ လူ့ဘဝဆိုတာ စာအုပ်တစ်အုပ်ဟူသော အယူအဆမှာ လူညံ့တွေရဲ့ အယူအဆ…တဲ့။ ထိုသို့ပြောတိုင်း ကျွန်မ မရှင်လန်းစွာ ရယ်မောမိလျက် သူ့ကိုသာ ငေးမောနေမိတော့သည်။

“အေးလေ…ကိုယ် မင်းအသက်အရွယ်လောက်တုန်းက ဒီစကားမျိုး ကိုယ်ပြောခဲ့ဖူးပါတယ်”

“အရင် ပြောရင် အခု ပြောနိုင်ရမှာပေါ့ မ,ရဲ့” ဟု သူက အားပေးသည်။ ကျွန်မ ပြုံးရယ်ကာ ခေါင်းယမ်းလျက် “လောကကြီးဆိုတာ လူတစ်ယောက်ကို ပြောင်းလဲပစ်နိုင်တာပဲကွယ်” ဟု သိမ်မွေ့စွာ ပြန်ပြောမိပါသည်။

သူက သူနှင့်ကျွန်မ တစ်ချိန်ချိန်မှာ ရကိုရ,ရစေ့တဲ့။ အဲဒီအယူအဆတွေပဲ ခြားနားခြားနား၊ ဘယ်သူတွေကပဲ တဲ့ရဲ့ တဲ့ရဲ့၊ နှောင့်ယှက် နှောင့်ယှက်၊ ကျွန်မတို့နှစ်ဦး ပေါင်းဖက်ကြရမည်…တဲ့။ အနာဂတ်ကို ကြိုမြင်နိုင်သူမဟုတ်ပေမယ့် သူနှင့် ကျွန်မ ဘယ်လိုမျှ ပေါင်းဆုံကြမည်မဟုတ်မှန်းတော့ ကျွန်မရိပ်မိပါသည်။ ဒီလောက် စိတ်ဓာတ်ပြင်းထန်သော လူငယ်တစ်ဦးနှင့် ဒီလောက်စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကျလွယ်သော မိန်းမတစ်ယောက် ဘယ်လိုပေါင်းဆုံမလဲ မဟုတ်ဘူးလား။

ဘာပဲဖြစ်ဖြစ် ကျွန်မ သူ့ကို ချစ်မြတ်နိုးပါသည်။

[၁၉၉၀ ပြည့်နှစ်၊ မေလ၊ ရှုမဝရုပ်စုံမဂ္ဂဇင်း]

○



# ကုလားထိုင်များ

မိန်းကလေးသည် ပထမထပ် လှေကား၏ ပထမဆုံးသော လှေကားထစ်ကို စ,တက်မိလျှင်ပင် ရင်တဖျတ်ဖျတ်ခုန်လာလေ့ ရှိသည်။ ဤပထမမြောက်လှေကား၏ တစ်ဆစ်ချိုး အတက်နေရာတွင် ဖြစ်စေ၊ ဒုတိယမြောက်လှေကား၏ တစ်ဆစ်ချိုး ထောင့်တစ်နေရာရာတွင်ဖြစ်စေ၊ သို့မဟုတ် တတိယမြောက်လှေကား၏ တစ်ဆစ်ချိုး ထောင့်တစ်နေရာရာတွင်ဖြစ်စေ သူ ရှိနေလိမ့်မည်။

ထိုခဏ၌ ကော်ပတ်စားပြီးသော သစ်သားတို့၏ ခြောက်သွေ့သော အနံ့နှင့်အတူ အရောင်တင်ဆီအနံ့တို့ ချက်ချင်း မွှေးပျံ့လာလေ့ရှိသည်။ ဤအနံ့သည် သူမတို့ စတုတ္ထထပ်အထိ တက်ရာ လှေကားတစ်လျှောက် ထူးခြားသော အနံ့အသက်များပင် ဖြစ်၏။

သူ့အကြောင်း စဉ်းစားရင်း အိပ်ပျော်သွားသော ညများတွင် သူမ အိပ်မက်ထဲအထိပင် ထိုအရောင်တင်ဆီနံ့သည် ဆန်းကြယ်စွာ လိုက်လံဖြားယောင်းလေ့ရှိ၏။ ယခုတော့ သူမ ထိုရနံ့ကို ချစ်ခင် စွဲလမ်းခြင်းနှင့်အတူ မုန်းတီးကြောက်ရွံ့ခြင်းပါ တွဲလျက်ခံစားနေရပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက်အနေနှင့် အရွယ်အမျိုးမျိုးသော ယောကျ်ားတို့၏ စိတ်သဘောထား အမျိုးမျိုးတို့ကို ကြိုတင်မခန့်မှန်းတတ်သည်မှာ သဘာဝကျပါသည်။ ထို့ကြောင့်ပင် ဖြစ်ပျက်သွားခဲ့သော ဤကိစ္စ၌ သူမဘက်က တစ်စုံတစ်ရာ အမှားအယွင်းမရှိဟု ယခုတိုင် ယုံကြည်ကာ လိပ်ပြာသန့်လျက် ရှိသည်။

အဖြစ်အပျက်ကတော့ ရိုးရိုးရှင်းရှင်းကလေးပင် ဖြစ်၏။

*

တစ်ညနေခင်းမှာ သူ့ကိုမိန်းကလေးစတင်သတိထားမိသည်။ ညနေ ၅ နာရီစ,သော ပထဝီသင်တန်းကို ဖျက်ပြီး အိမ်ပြန်လာသော ညနေခင်းဖြစ်သည်။ ထိုညနေခင်းသည် အခြားသော ညနေခင်းများလိုပင် ဘာမှမထူးခြားဟု ထင်ရသည်။ သူမတို့တိုက်ခန်းများ၏ ပရိဘောဂဆိုင်ရှေ့တွင် ခါတိုင်းလို အရောင်တင်ပြီးသား သစ်သားကုလားထိုင်များ၊ အချောကိုင်ပြီးစ သစ်သားကုလားထိုင်များ အကြားမှာ လူလေးငါးယောက်ခန့် အလုပ်ရှုပ်နေသည်ကို ခေ့ခနဲ တစ်ချက်ကြည့်ပြီး လမ်းလျှောက်လာခဲ့သည်။ ပထမ လှေကား၏ တစ်ဆစ်ချိုးထောင့်စွန်းတွင် သူ့ကို တွေ့ရလေသည်။

အလုပ်ကြမ်းသမားတစ်ယောက်ဟု မထင်ရက်စရာပင် သူက ချောမွေ့လှပသည်။ မျက်တောင်ရှည်ရှည်များက မည်းနက်စွာ ကော့လျက် မျက်ဆန်က အညိုရောင်လဲ့လဲ့ကလေး။ စ,တွေ့လိုက်ရကတည်းက မိန်းကလေးသည် တအံ့တသြပင် ရင်ခုန်သွားခဲ့၏။ သူ့မျက်လုံး တစ်ချက်ဝင့်အကြည့်မှာ သူမ ဒူးများညွတ်ကျမတတ်ပင် တုန်လှုပ်သွားခဲ့လေသည်။ သူ့အသက်က မိန်းကလေးထက်





နည်းနည်းတော့ကြီးမည်။ ဆယ့်ရှစ်နှစ်လောက် ဖြစ်မှာပေါ့။ သစ်သားမှုန်များ ကပ်ငြိနေသော စွပ်ကျယ်လက်တိုအဖြူကိုသာ ဝတ်ထားသော်လည်း သူ့ဟန်ပန်မှာ ခမ်းနားကြီးကျယ်နေသည်။ ပါးလှစ်နီထွေးသော နှုတ်ခမ်းများက တင်းတင်းစေ့လျက် လောကကို (သို့မဟုတ်) သူမကို ထေ့ထေ့ကလေး ပြုံးတော့မလိုလို ထင်ရသည်။

သူက လှေကားထောင့်စွန်းမှာ နံရံနှင့်ကပ်လျက် အကျအန ထိုင်နေသည်။ သူ့ရှေ့မှာ နှစ်ယောက်ထိုင် ကုလားထိုင် အချောသပ်လက်စတစ်လုံး ရှိနေခဲ့သည်။ သူ့လက်က ကော်ပတ်စက္ကူဖြင့် စိတ်ရှည်လက်ရှည် ပွတ်တိုက်ချောနေချိန်ဖြစ်လေသည်။

ထိုပရိဘောဂဆိုင်က အကြမ်းထည်များ၊ အချောထည်များနှင့် အလုပ်သမားများစွာ သူမတို့လှေကားတစ်လျှောက်တွင် တွေ့ရမြဲဖြစ်သော်လည်း သူ့လောက် အဆင်ပြေချောမွေ့ပြီး နူးညံ့သည့် အလုပ်သမားမျိုးကိုတော့ တစ်ခါမှ သူမ မတွေ့ဖူးတာ သေချာပါသည်။

သူသည် လက်သမားအလုပ်သင်တစ်ယောက်ပဲလား အကြမ်းထည်များကို ကော်ပတ်စားရသည့် (သို့မဟုတ်) အချောထည်များကို အရောင်တင်ရသည့် အလုပ်ကြမ်းသမားတစ်ယောက်ပဲလား အသေအချာမသိ။ သူ့ကို တွေ့တိုင်း ကုလားထိုင်ကြမ်းများကို ကော်ပတ်စားနေလျက်သား (သို့မဟုတ်) အချောထည်များကို အရောင်တင်ဆီ အထပ်ထပ်သုတ်လျက်သား အလုပ်ရှုပ်နေသည်ကိုသာ တွေ့ရလေ့ရှိသည်။

ထိုနေ့က သူမကို မျက်လုံးဝင့်ကြည့်လျက် ပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် သူ ဘယ်တော့မျှ မျက်နှာမော့မကြည့်တော့တာကိုလည်း မိန်းကလေးက အားမလိုအားမရ သတိထားမိပြန်ရေသည်။

သူ ဘာဖြစ်လို့ သူမကို မကြည့်တော့တာလဲ၊ သူမကဖြင့် သူရှိနေတတ်သော ညနေ ၅ နာရီအချိန်များမှာ အိမ်ပြန်လိုဧာဖြင့် ၅ နာရီ ပထဝီကျူရှင်ချိန်ကို ဖျက်ပြီး နံနက် ၇ နာရီကျူရှင်ချိန်ဖြင့် အစားထိုးလိုက်ရသည်။

အိပ်ရာမှ စောစောထရန် ပျင်းရိလေ့ရှိသော မိန်းကလေးသည် သူ့ကို တွေ့မည့် ၅ နာရီအချိန်ကို ရယူလိုစိတ်ကြောင့် မနှစ်မြို့စွာပင် အိပ်ရာမှ အစောထခဲ့ရ၏။ မူလကျူရှင်၏ ပထဝီသင်တန်းခွဲတစ်ခုမှာ နံနက် ၇ နာရီက စ,ပါသည်။ သို့သော် ထိုအတန်းခွဲအချိန်ကို မီလိုလျှင် နံနက် ၆ နာရီကတည်းက ထ၍ သွားရပေမည်။ သည်လိုတော့ မဖြစ်သေးပါဘူး။ သူမက ၆ နာရီခွဲမှ ဖျစ်ညှစ်ပြီး အိပ်ရာမှထဖို့ ကြိုးစားရသူဖြစ်သည်။

သူမ ကံကောင်းသည်မှာ သူမတို့ စတုတ္ထထပ်၏ အောက်ဘက် တတိယထပ်တွင် ဝိဇ္ဇာကျူရှင်တစ်ခု ရှိနေခြင်းဖြစ်ပြီး ထို့ထက်ပို၍ ကံကောင်းသည်မှာ အဲသည်မှာ နံနက် ၇ နာရီ ပထဝီသင်တန်း ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့် သူမ ထိုနံနက်သင်တန်းကိုပင် တက်ရလေတော့သည်။ ထိုအခါ ညနေ ၅ နာရီတစ်ချိန်တော့ စိတ်လွတ် လက်လွတ် အိမ်တစ်ခေါက်ပြန်လာသည်။ ၆ နာရီကျမှ သင်္ချာနှင့် အင်္ဂလိပ်စာကျူရှင်သို့ ပြန်သွားရုံပဲ ဖြစ်သည်။

သို့သော် သူမကျူရှင်ချိန်တွေ မည်သို့ပင် ပြောင်းလဲပစ်သည်ပင် ဖြစ်စေ သူကတော့ သူမကို မော့ကြည့်လိမ့်မည်မဟုတ်ပါ။





ကဲ... သူကပဲ မကြည့်ဘဲ နေနိုင်မလား၊ သူမကပဲ သူ ကြည့်အောင် စွမ်းဆောင်နိုင်မလား။ မိန်းကလေးက ကလေးဆန်စွာ အံတင်းတင်းကြိတ်၍ တွေးကြည့်ဖူးသည်။

သူမ မလှဘူးလား။ သူငယ်ချင်းယောကျ်ားလေးတွေပင် ငေးမောယူရလောက်အောင် မိန်းကလေးက ကိုယ်လုံးဖွံ့ဖြိုးလှပသည်၊ အသားအရေဖြူဖွေးလှပရုံ တရုတ်သွေးနှောလျက် မျက်ရစ် နည်းနည်း သေးတာတစ်ခုပါပဲ၊ လိုင်နာကလေး တင်လိုက်လျှင် မျက်လုံးကလေးက ကြွရွစွာ လှပသွားတော့သည်။

နှာခေါင်းကတော့ မဆိုစလောက် သေးကွေးပြီး တိုသည်။ ဒါလည်း ရုပ်ဆိုးသည်ဟု မဆိုနိုင်ပါ။ တင်းရင်းသော ပါးမို့ကလေးများ အလယ်တွင် နှာတံက စင်းနေသားပဲ။ နှုတ်ခမ်းကို ငွေရောင်ရောသော ပန်းသွေးဖျော့ဖျော့ ခပ်ထူထူဆိုးလိုက်သည်။ လက်ညှိုးထက်ပင် သေးသော ခွာမြင့်ချွန်ကလေးပါသော လေဒီရှူး အနက်ရောင်ကလေးကို စီးလိုက်သည်။ ဖြူဝင်းမို့အိသော ခြေဖမိုးအကြောင်းနှင့် အနက်ရောင်သားရေမှာ ပန်းရလျက် လှပနေလေသည်။

နဂိုကတည်းက ရုပ်အင်္ကျီရှည်ရှည်ပွပွကြီးတွေကို လုံချည်တိုတိုနှင့် တွဲလျက် ဝတ်တတ်သူဖြစ်ရာ သူနှင့်ဆုံပြီးသည့်နောက်တွင် ထဘီကို ခြေသလုံးတစ်ဝက်မက တိုအောင်ဝတ်ဖို့ ကြိုးစားမိပြန်သည်။

မည်းနက်သော ဘော့ပ်ဟဲယား ပုံစံ ဆံပင်ကလေးတွေ ပျော့အိကာ အုပ်စင်းကျနေတာ မလှဘူးလားကွယ်။ အင်္ဂလိပ်အက္ခရာစက် စာလုံးပုံဖော်၍ထားသော ရွှေနားဆွဲရှည်ရှည်ကလေးကသော ပါးမို့နီနီထွေးထွေးကလေးနှင့် လိုက်ဖက်မနေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၄ နာရီခွဲ ကျောင်းမှပြန်လာတိုင်း လှေကားကို လှလှပပ ကလေး တက်သည်။ သူ့ကိုတွေ့မြင်လိုက်ရလျှင် ခြေလှမ်းမမှားစေနှင့်။ သတိထား၍ ကြွကြွကလေး လျှောက်ရမည်။ သို့သော် မျက်စိတူရူမှ မိန်းကလေးကို မြင်လိုက်လျှင်ပင် ကော့ပျံသော သူ့မျက်တောင်များက ဝဲခနဲ အောက်စိုက်ဆင်းသွားလေသည်။

ထို့နောက် သူ့အလုပ်မှတစ်ပါး တခြား ဘာမှအရေးမကြီးလေဟန်ဖြင့် ကော်ပတ်သာ ဆက်တိုက်နေလေတော့သည်။

တစ်ခါတစ်ရံတော့ မိန်းကလေးသည် စိတ်မရှည်နိုင်စွာ ခြေဆောင့်၍ လှေကားကို တက်သွားမိဖူးသည်။ သို့သော် သူမ စိတ်ရှည်ပါသည်။ တစ်ချိန်ချိန်မှာ သူကြည့်ကိုကြည့်ရမည်။

*

ပရိဘောဂဆိုင်က အလုပ်သမားများစွာထဲမှ မိန်းကလေး သတိထားမိသူတစ်ယောက် ရှိသေး၏။ ထိုသူမှာ အသက် ၆၀ အရွယ် အဘိုးကြီးတစ်ဦးဖြစ်သည်။

အများအားဖြင့် သူနှင့်ထိုအဘိုးကြီး နှစ်ယောက် တွဲလျက်သား အလုပ်လုပ်နေတတ်၏။ နှစ်ယောက်ထိုင် ကုလားထိုင်ကြမ်းတစ်ခုကို တစ်ဖက်တစ်ချက်စီမှ ကော်ပတ်စားနေတတ်သည်။ သို့မဟုတ် ကော်ပတ်စားပြီးသား အချောထည်များကို လှေကားထစ်များ တစ်လျှောက် နံရံနှင့် ကပ်ကာ ကန့်လန့်ဖြတ် နေရာချထားနေတတ်သည်။

အဘိုးကြီးက ပိန်သျှော်သျှော်၊ အမွေးအမှင်ထူထူ၊ ဆံပင်ဖြူတစ်ဝက် ရောနေပြီ။ ပိန်လှီသော လက်များမှာ အကြောပြိုင်းပြိုင်း ထလျက်ရှိသည်။ မူလအရောင်ကို ခန့်မှန်းရခက်နေပြီဖြစ်သော ညစ်





ထပ်ထပ် ရှပ်အင်္ကျီအပွကြီးတစ်ထည်ကိုသာ အမြဲတမ်း ဝတ်ဆင်ထားလေ့ရှိသည်။

အင်္ကျီညာဘက်လက်မှာ စုတ်ပြဲလျက် ဖတ်လတ်ကျနေသည်။ ဦးခေါင်းမွေးကလည်း ဖြူတချို့ နက်တချို့၊ နှုတ်ခမ်းမွေးကလည်း ဖြူတချို့ နက်တချို့၊ မုတ်ဆိတ်မွေးကလည်း ဖြူတချို့ နက်တချို့၊ နောက်ပြီး ခပ်ရှည်ရှည် လိမ်တိလိမ်ကောက်။ အဘိုးကြီး၏ မျက်လုံးများမှာ မျှော်လင့်ချက်ကင်းမဲ့နေသူတစ်ယောက်၏ ပျင်းရိငြီးငွေ့သော မျက်လုံးများ ဖြစ်သည်။

အမှန်က ဤအဘိုးကြီး အလုပ်လုပ်ဖို့ပင် မကောင်းတော့ပါ။ သူ့သားမြေးများက ပြုစုကျွေးမွေးရမည့် အရွယ်သို့ ရောက်နေပြီ။ လက်က တုန်တုန်ရီရီနှင့် ကြည့်ရတာတော့ အရက်လည်း သိပ်သောက်ခဲ့မည့်ပုံပဲ။ ဒါကြောင့်လည်း အရက်ဖိုးရအောင် ဒီအရွယ်အထိ အပင်ပန်းခံအလုပ်လုပ်နေရတာ ဖြစ်မှာပဲ။

အဘိုးကြီးသည် သူ့အဖေတော့ ဟုတ်ဟန်မတူပါ။ သူ့လိုလည်း မချောမွေ့ပါ။ မျက်လုံးမှေးရသည့်အထဲ မျက်ခွံက တွဲကျနေ၍ ပိတ်လုနီးပါးဖြစ်နေသည်။ အသားအရေက ပွရောင်းရောင်း နီစပ်စပ်။

သူ့ခမျာ ထမင်းနပ်မှန်အောင် စားရပါရဲ့လားမသိ။ ကြည့်ရသည်မှာ အိမ်ရာအတည်အကျလည်း ရှိဟန်မတူပါ။ သူညစာစားလျှင် သူမတို့ အောက်တည့်တည့် တစ်ထပ်အောက် တတိယ လှေကား တစ်ဆစ်ချိုး ထောင့်စွန်းသံမံတလင်းပေါ်တွင် ဖျာကြမ်း ကလေး ခင်းလျက် စားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ညစာစားသည်ကိုသူမ သင်္ချိုင်းကုန်းမှအပြန် တစ်ည တလေ တွေ့ရဖူးသည်။ အဘိုးကြီး၏ ညစာမှာ ဖွယ်ဖွယ်ရာရာမရှိပါ။

နောက်ပြီး အဘိုးကြီးက အဲသည် တတိယလှေကားထောင့်ချိုးတွင် အိပ်လေ့ရှိသည်။ တစ်ခါတုန်းက နံနက် လေးနာရီခွဲအချိန် မိန်းကလေး၏အဖေ ခရီးထွက်ရန် ဘူတာသို့အသွား မိန်းကလေးနှင့် အစ်ကိုတစ်ယောက်က လိုက်ပို့သည်။ ကမန်းကတန်း လှေကား ဆင်းသောအခါ ရုပ်ပျာပျာနိုင်လှသော အစ်ကိုက အဘိုးကြီးကို တက်နင်းမိသွား၏။

အဘိုးကြီးအော်သံနှင့် အစ်ကို၏အော်သံ တစ်ပြိုင်တည်းလိုလို ထွက်သွားလေသည်။

အဖေက စိတ်ရှုပ်သွားဟန်ဖြင့် ငါပြန်လာမှ ဒီကိစ္စကိုစီစဉ်မယ် ဟု သူ့ဟာသူ ရေရွတ်သလို ခပ်တိုးတိုးပြောခဲ့၏။ သို့သော် အဖေ ပြန်လာသောအခါလည်း အဘိုးကြီး ထိုတတိယလှေကား ထောင့်ချိုးမှာ အိပ်မြဲအိပ်လျက်ရှိပြီး အဖေကလည်း ဘာမှ ပြဿနာမရှာခဲ့ပါ။

"ညစောင့်တစ်ယောက် ရလဲ နည်းလားကွာ၊ သူ့ခမျာ နေရာ မရှိလို့ အိပ်ရရှာတာ၊ ဘယ်အိပ်ချင်ပါ့မလဲ"ဟု အကောင်းဘက် က လှည့်တွေးပြီး ဖြေသိမ့်ခဲ့လေသည်။

တစ်ခါတုန်းကတော့ သူမစားရန် ဝယ်လာသည့် ပဲပလာတာ ထုပ်ကို ထိုအဘိုးကြီးအား တကယ့်စေတနာအရင်းခံဖြင့် ပေးခဲ့ဖူး ပါသည်။

အဲသည်တုန်းက သူနှင့် အဘိုးကြီး ဒုတိယမြောက် လှေကား





၏ တစ်ဆစ်ချိုးထောင့်စွန်းနံရံမှာ ကပ်လျက် ကုလားထိုင်တစ်လုံး စီကို ကော်ပတ်တိုက်နေချိန် ဖြစ်သည်။

"ဦးလေး…ရော့၊ဦးလေး စားဖို့"ဟု လွှတ်ခနဲပြောမိကာ အဘိုး ကြီး လက်ထဲသို့ ပဲပလာတာထုပ်ကို အသာထည့်ပေးလိုက်မိခဲ့ သည်။ အဘိုးကြီးရော သူရော တအံ့တဩမော့ကြည့်သောအခါ မိန်းကလေး အလွန်ပျော်သွားသည်။

အထူးသဖြင့် ညိုလဲ့သော သူ့မျက်ဝန်းများနှင့် ဆုံလိုက်စဉ် ထူးခြားသော သူ့မျက်ဝန်းအရိပ်အကဲကို သတိထားလိုက်မိသော ကြောင့် ဖြစ်၏။

နောက်ပိုင်းတွင် သူမ နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိသွား လေသည်။ ထိုနည်းလမ်းမှာ သူရှိနေချိန်တွင် သူ့ရှေ့တွင် အဘိုး ကြီးကို ကရုဏာသက်စွာ မုန့်ဖြစ်စေ၊ ငွေကြေးအနည်းငယ်ဖြစ်စေ မကြာခဏ ပေးကမ်းစွန့်ကြဲခြင်းပင် ဖြစ်သည်။

တစ်ခု ဝန်ခံစရာရှိသည်မှာ ထိုအခိုက်အတန့်တွင် သူမ၌ ကရု ဏာ စိတ်က တစ်ဝက်သာပါပြီး ကျန်တစ်ဝက်မှာ သူ၏ ဂရုစိုက် အံ့ဩအကြည့်ကို ခံယူလိုစိတ် ပါဝင်နေခြင်းဖြစ်သည်။ ထိုနည်း လမ်းမှာ အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်ခဲ့ပါသည်။ ချောက်ချားဖွယ်ရာ ထိုအဖြစ်အပျက်မတိုင်မီအထိပေါ့လေ။

*

တစ်ည…

သူငယ်ချင်း ကောင်မလေးအိမ်မှာ ဘုရားကိုးဆူ ပူဇော်ပွဲ ရှိ သဖြင့် မိန်းကလေးသည် ညကိုးနာရီကျမှ အိမ်ပြန်ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်စုက တိုက်ခန်းရှေ့အရောက် ကားဖြင့် လိုက်ပို့ပေးခဲ့သည်။

ထိုညသည် အလွန်တိတ်ဆိတ်သောည ဖြစ်သည်။

ထိုညက မိန်းကလေးသည် အဖြူရောင် ဇာကို အထက်အောက်ဆင်တူဝတ်ထားသည်။ ခွာမြင့် လေဒီရှူးအနက်ကလေးကို ထုံးစံအတိုင်း စီးထားသည်။ ကြိုးရှုံ့အနက်ရောင် သားရေ ပခုံးလွယ်အိတ်သေးသေးကလေးကို လွယ်ကာ လှေကားတစ်လျှောက် ခပ်သွက်သွက် ပြေးတက်လာခဲ့သည်။

အုတ်မြေသမ်တလင်း လှေကားထစ်များပေါ်တွင် ခွာအသေးကလေးဖြင့် ထိမိသော တခွပ်ခွပ်အသံကလေးမှတစ်ပါး အခြားဘာသံမျှ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဒုတိယမြောက် လှေကားကို စည်းချက်ညီညီ နင်းတက်စဉ် ပေါလစ်ရှ်အနံ့က ထောင်းခနဲနံလာ၏။ ဤနေရာတစ်ဝိုက်တွင် ကုလားထိုင်များ၊ စားပွဲများ၊ သစ်သားတန်းများကို အရောင်တင်ဆီ သုတ်လေ့ရှိရာ ယခုလိုပင် ပေါလစ်ရှ်နံ့က အလိုအလျောက် လေထဲတွင် ပျံ့လွင့်လျက် ရှိနေလေသည်။

သူမ တတိယ မြောက် လှေကား၏ တစ်ဆစ်ချိုး ထောင့်ကို ရောက်စဉ် နံရံနှင့်ကပ်လျက်တစ်နေရာမှ လှုပ်ရှားသံသဲ့သဲ့ကိုကြားရသည်။ အဘိုးကြီးရဲ့ နေရာပဲ။

သူမ ဖျတ်ခနဲ ဝေ့အကြည့်တွင် မုတ်ဆိတ်မွေး ထူလပျစ်နှင့် ယိုင်တိယိုင်ထိုး အဘိုးကြီး၏သဏ္ဌာန်ကို မြင်ရသည်။ အဘိုးကြီးသည် အရှုယ်နှင့်မလိုက်အောင် ဖျတ်ခနဲ ကုန်းထလိုက်လေသည်။





သူမ ထွေရာလေးပါး မစဉ်းစားမိဘဲ အဘိုးကြီး၏ အကြွေ ကပိုကရိုပုံသဏ္ဌာန်ကို ကျောပေးကာ တတိယလှေကား၏ ကျွန် တစ်ဝက်ကို ခပ်သွက်သွက်တက်လာခဲ့သည်။

ထိုအချိန်မှာပင် သူမ၏ စိတ်အာရုံတွင် သူမ တစ်ဦးတည်း မဟုတ်ကြောင်း အလိုလို ရိပ်မိသိရှိလာသည်။ ထူးဆန်းသော ထို အသိအာရုံကို အံ့သြနေစဉ် သူမအနီးမှ ချဉ်စုတ်စုတ်အနံ့တစ်ခုကို သတိထားလိုက်မိပြန်သည်။

ထိုအချိန်ကျမှပင် သူမ တက်နေသော လှေကားထစ်များ အတိုင်း နောက်မှ တစ်စုံတစ်ယောက် ကပ်လိုက်လာကြောင်း သိရလေတော့သည်။ သူမစိတ်ထင်၍ ငုံ့ကြည့်လိုက်သောအခါ အဘိုးအိုသည် သူမနှင့်ကပ်လျက် တစ်ထစ်ခြား လိုက်တက်နေကြောင်း သိရသည်။

မိန်းကလေးသည် အဖြစ်အပျက်ကို ဘာရယ်လို့ မသေချာသေးခင်မှာပင် ရင်တထိတ်ထိတ်ခုန်ကာ လက်ဖျားခြေဖျားများ အေးစက်လျက် ခေါင်းနားပန်းကြီးသွားလေတော့သည်။ အတတ်နိုင်ဆုံး ခပ်သွက်သွက်ပြေးတက်သောအခါ တတိယထပ်သို့ ချက်ချင်း ရောက်သွား၏။

မိန်းကလေးနှင့်အတူ အဘိုးကြီးလည်း အတူတူပင် ရောက်သွား၏။

ဘယ်လောက်များ အံ့သြစရာကောင်းလိုက်ပါလိမ့်။ သူမက တုန်တုန်ချည့်ချည့်ဟု ထင်နေသော အသက် ၆၀ ကျော် အဘိုးကြီး၏ သန်မာဖျတ်လတ်ပုံကို မိန်းကလေးအနေနှင့် မျက်မြင်ကိုယ်တွေ့ သိရခြင်းပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယထပ်က အခန်းမှာ အားကိုးရမည့်ပုံမရှိပါ။ အကြောင်းမှာ ထိုအခန်းသည် ကျူရှင်တစ်ခုတည်းအတွက်သာ ငှားထားသော အခန်းဖြစ်၍ ညရှစ်နာရီကျော်လျှင် ဆရာတွေရော ကျောင်းသားတွေပါ မရှိတော့ပါ။

ထို့ကြောင့် ထိုအခန်းကို ကျော်၍ စတုတ္ထထပ်အထိ ခပ်မြန်မြန် ပြေးတက်နိုင်မှ သူမ ဘေးအန္တရာယ်ကင်းရှင်းမည်။

သို့သော် စတုတ္ထလှေကား၏ ပထမမြောက် လှေကားထစ်ကို စတက်ရန် အားယူလိုက်စဉ်မှာပင် မိန်းကလေး၏လက်မောင်းကို မနှစ်မြို့ဖွယ်ရာ ဆုပ်ကိုင်ခြင်း ခံလိုက်ရတော့သည်။

သူမတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားသည်။ ရွံရှာစိတ်က ခါးသီးစွာ အော့နှလုံးနာမှုကိုဖြစ်ပေါ်စေ၏။ သူမ သွေးရူး သွေးတန်း ရုန်းထွက်လိုက်သည်။

သူမ၏လက်မောင်းဆီမှ မနှစ်မြို့ဖွယ်ရာဆုပ်ကိုင်မှုက လွတ်ထွက်သွားခိုက်မှာပင် နောက်တစ်ကြိမ် လက်ဖျားကို ဆုပ်ကိုင်ခြင်း ခံလိုက်ရပြန်သည်။ သူမ တထိတ်ထိတ်ခုန်ကာ မောပန်းကြောက်လန့်စွာဖြင့် ရူးရူးဝါးဝါးအော်ဟစ်ပစ်လိုက်သည်။

သို့သော် သူမ၏ပါးစပ်ကို တွန့်လိမ်ရှုံ့တွသော လက်များဖြင့် အုပ်ပိတ်လိုက်သောကြောင့် အသံမှာ ခပ်အစ်အစ်သာ ထွက်သွားလေသည်။ ရုန်းထွက်သော်လည်း နာကျင်ခြင်းသာဖြစ်ပေါ်လျက် နည်းနည်းမျှ မလွတ်ကင်းနိုင်။

ဘုရားရေ...နောက်ထပ် သူမ ဘာလုပ်ရန် ကျန်သေးပါလိမ့်။

သူမကို အဘိုးကြီးက တရွတ်ဆွဲခေါ်စ ပြုနေပြီဖြစ်ကြောင်း သူမ သိသည်။ သူမကိုယ်နှင့် ထိကပ်နေသော ထိုခန္ဓာကိုယ်မှ အော်ဂလီ





ဆန်ဖွယ်ရာ ချဉ်စုတ်စုတ်ချွေးနံ့ကို သူမ အသက်အောင့်ထားလိုက်၏။ သူမ မကြောက်ပါ။ ကြောက်လန့်နေ၍ မဖြစ်ပါ။ မိန်းကလေးသည် အားတင်း၍ ပင့်သက်ရှိုက်လိုက်ပြီးမှ အလိုက်သင့် ခြေသုံးလှမ်း လိုက်သွားသည်။

လုံးထွေးနေသော ကိုယ်ခန္ဓာနှစ်ခုသည် မျက်နှာကြက် မီးလုံး၏ ဝါကြင့်ကြင့်အလင်းရောင်ဖြင့် အုတ်နံရံအောက်ခြေမှာ အရိပ်မည်းမည်းများအဖြစ် ရှုပ်ထွေးနေလေသည်။

နောက်ပြန်ပါသွားရင်း တတိယလှေကား၏ အပေါ်ဆုံးထစ်နား ပြန်ရောက်ခါနီးသောအခါ သူမမှာ ရှိသမျှအင်အားကို သုံး၍ လက်ညှိုးခန့်သေးသော ခွာချွန်ဖြင့် အဘိုးအို၏ ခြေဖမိုးရှိမည့်နေရာကို တက်နင်းပစ်လိုက်တော့သည်။

ကြည့်စမ်း...၊ ဒါတောင် အသံထွက်ပြီး မညည်းပါလား။ ဒေါသကြီးနေပြီဖြစ်သော မိန်းကလေးသည် အံကြိတ်ကာ ဖိနပ်ရှေ့ဦးပိုင်းဖြင့် အဘိုးအို၏ ခြေထောက်ကို ကန်မိကန်ရာ ဆောင့်ကန်ထည့်လိုက်သည်။

သူမ ပါးစပ်တွင် ပိတ်ထားသောလက် ပြုတ်ကျသွားလေသည်။ ညည်းသံသဲ့သဲ့ ကြားလိုက်ရသလို ထင်လာပြီး သူမ အားတက်သွား၏။ ထပ်မံအော်ဟစ်ဖို့ အခွင့်အလမ်းရနေပြီကိုပင် သတိမထားမိနိုင်ဘဲ ဖိနပ်ဦးဖြင့် နောက်တစ်ကြိမ် ထပ်ကန်ပစ်လိုက်ပြန်သည်။

ကံကောင်းထောက်မစွာ အဘိုးကြီး၏ ညစ်ပတ်နံစော်လှသော ခန္ဓာကိုယ်မှာ သူမကိုယ်နှင့် ကွာသွား၏။ မိန်းကလေးသည် အသက်ကိုဝအောင် ရှူလိုက်၏။ သူ့ခြေသလုံး သူ ငုံ့၍နှိပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးကို ကြောက်ကြောက်လန့်လန့်ဖြင့် တစ်ချက်စိုက်ကြည့်ပြီး ချာခနဲလှည့်ပြေးဖို့ စဉ်းစားမိသည်။

သို့သော် ချက်ချင်းပင် သူမစိတ်ပြောင်းသွား၏။ နောက်ထပ် စတုတ္ထလှေကား တက်နေစဉ်တစ်လျှောက်လုံး ထိတ်လန့်မှု ကင်းမဲ့စွာ သူမ တက်သွားလိုလှပါသည်။

မိန်းကလေးသည် ရုတ်တရက်ဖြစ်ပေါ်လာသော ဆုံးဖြတ်ချက်ဖြင့် သူမဘက်သို့ လှည့်လာသော အဘိုးကြီး၏ ကိုယ်ခန္ဓာကို ရှိသမျှအင်အားဖြင့် ဆောင့်တွန်းပစ်လိုက်သည်။ 'အား' ခနဲ ပြုတ်ကျသွားသော အဘိုးကြီး၏အသံမှာ သူမထင်ထားသည်ထက် အများကြီး တိုးတိမ်လှသည်။

လှေကားတစ်လျှောက် တဒုတ်ဒုတ်ကျဆင်းသွားသံမှာလည်း ကုလားထိုင်တစ်ခု ကျသွားသည့်အသံထက် အများကြီး ညင်သာလေသည်။

နောက်တစ်နေ့နံနက် အိပ်ရာထချိန်မှာ သူမ လူမှန်းသူမှန်း မသိအောင်ပင် အပြင်းဖျားတော့သည်။

အဖျားသွေး မတက်တတက် ညအိပ်ပျော်နေစဉ်အခါတိုင်း အရောင်တင်ဆီနံ့၊ သစ်သားနံ့တို့နှင့်အတူ အော်ဂလီဆန်ဖွယ်ရာ ချဉ်စုတ်စုတ်အနံ့ကိုပါ အိပ်မက်ထဲမှာ မက်လေ့ရှိသည်။ အိပ်မက်ထဲမှာ အသံကုန်ဟစ်အော်လိုက်ရပြီး လန့်နိုးလာတိုင်း တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူပြင်းကာ ချွေးများစိုရွှဲလျက်ရှိလေသည်။ အိပ်ရာပေါ်မှာ တစ်ပတ်ခန့် လဲနေပြီးမှ တဖြည်းဖြည်း သူမ သက်သာလာသည်။





သူမ စတင်ကျောင်းတက်သောနေ့သည် ထိုအဖြစ်အပျက်ဖြစ်ခဲ့သောည၏ နောက်ဆယ်ရက်တိတိအကြာတွင် ဖြစ်လေသည်။

မိန်းကလေးသည် ရက်ပေါင်းများစွာပင် လှေကား အဆင်းအတက်တွင် စိုးရိမ်စိတ်ဖြင့် သတိထားကာ မျက်လုံးဝေ့ဝဲကြည့်မိသည်။ နံနက် လှေကားအဆင်းတွင်လည်းကောင်း၊ ညနေ လှေကားအတက်တွင်လည်းကောင်း ပိန်လှီခါးကိုင်းသောသဏ္ဍာန်ဖြင့် မုတ်ဆိတ် အဖြူ ကွက်တိကွက်ကျား အဘိုးကြီးကို သူမ လုံးဝမတွေ့ရတော့ပါ။

တစ်ခါတလေတော့ အဘိုးကြီးဟာ သူမကို နောက်တစ်ကြိမ်ကြိုးစားရန် ရည်ရွယ်ချက်ဖြင့် ကိုယ်ယောင်ဖျောက်ကာ မေ့လောက်သောအခါကျမှ ဘွားခနဲ ပေါ်လာဦးမှာလားဟု ကြက်သီးဖြန်းဖြန်းထလျက် ထိတ်လန့်တကြား တွေးမိသည်။ သို့သော် သူမ အားတင်းကာ ထိုအတွေးကို ဖျောက်ပစ်နိုင်ပါသည်။

သူ့ကိုတော့ ညနေလေးနာရီခွဲအချိန်တိုင်းတွင် ခါတိုင်းလိုပင် ကုလားထိုင်များကို ကော်ပတ်စားလျက်သော်လည်းကောင်း၊ အရောင်တင်ဆီ သုတ်လျက်သော်လည်းကောင်း အမြဲတွေ့ရလေ့ရှိသည်။ တွေ့တိုင်းလည်း သူမကို မော့မကြည့်ဘဲ မျက်လွှာချထားတတ်သည်။

သူမ စိတ်အထင်တော့ ယခင်ကထက်ပင် သူမကို မျက်နှာလွှဲထားလေသလား မသိ။ သူ့မျက်ဝန်းများနှင့် မဆုံရတာ ကြာလှပြီ။ တစ်ခါမှာတော့ သူမလက်မှ စာအုပ်ကို မတော်တဆလိုလိုနှင့် ထောက်ခနဲ လွှတ်ချပစ်လိုက်သည်။ စာအုပ်သည် သူ့ကုလားထိုင်ဆီသို့ ကျသွား၏။ ဘယ်လောက်များ နေနိုင်လိုက်သလဲဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်ကို သူ ငုံ့ကောက်မပေးဖော်ပင်မရ။ မျက်လွှာ ချမြဲချလျက် နှုတ်ခမ်းတင်းတင်းစေ့လျက် ကုလားထိုင်မှ ရွှေ့မှုန့်များ ထွက်လာတော့မလိုပင် အာရုံစူးစိုက်ကာ ကော်ပတ်တိုက်နေလေသည်။

သူမ တော်တော်စိတ်ဓာတ်ကျသွား၏။ သည်အတိုင်းဆိုလျှင်တော့ သူ့မျက်ဝန်းညိုများနှင့် ဆုံမိအောင် သူမနည်းသစ်တစ်ခုကို အသုံးပြုရပေတော့မည်။ *ခါတိုင်းလို မုန့်၊ ပိုက်ဆံ အနည်းငယ်* စသည်တို့ကို ပေးကမ်းစွန့်ကြဲရန် အဘိုးကြီးကလည်း လုံးဝမရှိတော့ဘူး မဟုတ်လား။ သို့သော် ထိုနည်းသစ်ကို ယခုတိုင် သူမ ရှာဖွေမတွေ့သေးပါ။

*[၁၉၉၀ ခု၊ နွန်လ၊ စံပယ်ဖြူ အမျိုးသမီးမဂ္ဂဇင်း]*

ဇ





# တိတ်ဆိတ်ခြင်း၏ အသံ

အခြားလူတစ်ယောက်၏စိတ်ကို ညှို့ငင်ဆွဲယူနိုင်ဖို့ဆိုလျှင် မိမိစိတ်သည် အလွန်သန့်ရှင်းစင်ကြယ်စွာ တည်ငြိမ်နေရပေလိမ့်မည်။

*

အိမ်ကလေးသည် ကျဉ်းမြောင်းသော်လည်း ပြတင်းတံခါးအားလုံး ဖွင့်ထားသောကြောင့် လေဝင်လေထွက် ကောင်းမွန်ပြီး သပ်ရပ်စွာ လင်းနေသည်။

"ဒါဖြင့် မင်းအခုလုပ်မယ့်အလုပ်ကို အပြုအမူမှန်လို့ မင်းယုံကြည်ပြီးသားပေါ့"

အဘိုးအိုက ထိုမေးခွန်းကို နူးညံ့စွာ မေးလိုက်သောအခါ၊ အမျိုးသမီးက ဆုံးဖြတ်ချက်ချထားပြီးသော မျက်နှာမျိုးဖြင့် ရဲရင့်စွာ ဝန်ခံလိုက်၏။

"ဟုတ်ကဲ့ ဆရာကြီး"

ထိုအခါ အဘိုးအိုက သူ၏ ပိန်လှီသော၊ ထုံထိုင်းသော ဘယ်ဘက် ခြေထောက်ကို တရွတ်ဆွဲလျက် သူမနှင့်နီးအောင် ခုတင်စွန်းသို့ တိုးကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် အပြုအမူမှန်လို့ မင်းပြောနိုင်သလဲ၊ မင်း လုပ်မယ့်အလုပ် မမှားဘူးလို့ ဘာဖြစ်လို့ တစ်ထစ်ချပြောနိုင်ရတာလဲ”

အမျိုးသမီးသည် ခပ်စောစောက သူမ ဝယ်ယူလာပြီး ကန်တော့ခဲ့သော လင်ပန်းထဲမှ ပန်းသီးများ၊ စပျစ်သီးများကို ငေးမောလျက် ခဏစဉ်းစားနေသည်။ ထို့နောက် အဘိုးအိုဘက်သို့ လှည့်ကာ ရိုသေလေးစားဟန်ဖြင့် ဦးခေါင်းညွတ်လျက် ပြုံးပြ၏။

“ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်လိုက်လို့ အကျိုးဖြစ်ထွန်းလာမယ်ဆိုရင် ကျွန်မရော သူရော ပျော်နိုင်ကြမယ်လို့ ထင်လို့ပါ ဆရာ”

“ဒါဖြင့် အပြုအမူတစ်ခု မှန် မမှန်ကို မင်းက ပျော်ရွှင်မှုနဲ့ တိုင်းတာမလို့ပေါ့၊ မင်းဟာ ပျော်ရွှင်မှုအဓိကဝါဒီတစ်ယောက်လား၊ ဘဲင်သန်လို မီးလ်လို လူမျိုးလား”

သူမ မဖြေပါ။

အခန်း၏ ခေါင်းရင်းထောင့်မှ ကြီးမားသော ဘုရားကျောင်းဆောင်နှင့်တကွ အတွင်းမှ သပ္ပာယ်လှစွာသော စေတီတော်များ၊ ဆင်းတုတော်များကို လက်အုပ်ချီ၍ စိတ်ထဲမှ ကန်တော့လိုက်၏။ သူမ၌ အဖြေမရှိသည်ကို သူမ၏ဆရာဖြစ်ခဲ့ဖူးသော အဘိုးအိုက ရိပ်မိသွားသည်။ ထို့ပြင် အမျိုးသမီး၌ စိတ်လှုပ်ရှားမှုဟူ၍ စိုးစဉ်းမျှမရှိသည်ကို သူ သတိပြုမိသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ နာကြည်းခြင်း၊ ဒေါသထွက်ခြင်းတို့ကို စောစောကလည်း မတွေ့ရ၊ ယခုလည်း သူမ၏မျက်နှာပေါ်၊ မျက်လုံးပေါ်မှာ မတွေ့ရ။ တကယ်ဆို လင်ယောကျ်ားဖြစ်သူ၏ တစ်နှစ်ကြာမျှ မေ့လျော့စွန့်ပယ်ထားခြင်းခံရသူ ဇနီးတစ်ယောက်အနေနှင့် သူမ ဒေါသထွက်





သင့်သည်။ ဝမ်းနည်းသင့်သည်။ နာကြည်းသင့်သည်ဟု သူ စဉ်းစားနေ၏။ သို့သော် ဤခံစားမှုများကို သူမ ကျော်ဖြတ်ခဲ့ပြီး ဖြစ်လိမ့်မည်။

“ဒီနည်းဟာ မင်းအတွက် ပျော်ရွှင်စရာဖြစ်ပေမယ့်သူ့အတွက် ပျော်ရွှင်စရာဖြစ်ချင်မှ ဖြစ်လိမ့်မယ်လို့ မင်းတွေးကြည့်ဖူးသလား”

“မတွေးဘူး ဆရာ၊ သူကျွန်မဆီပြန်လာဖို့၊ ဒါမှမဟုတ် အလည်လာဖို့ ကျွန်မကြိုးစားတဲ့နေရာမှာ ကိုယ်ခန္ဓာကို အမိန့်ပေး ထိန်းချုပ်တာမှ မဟုတ်ဘဲ၊ သူ့ရဲ့စိတ်ကိုထိန်းချုပ် ညှို့ယူမှာပဲ၊ သူကျွန်မဆီပြန်လာတယ်ဆိုရင် ဒါသူကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ပြုမူတာမျိုးပဲ ဖြစ်မှာပါ”

ထို့နောက် နှစ်ယောက်လုံး ငြိမ်သက်စွာ ထိုင်နေကြသည်။ အမျိုးသမီးက ခုတင်ခြေရင်းက သင်ဖြူးဖျာပေါ်တွင် ကျုံ့ကျုံ့ထိုင်လျက်၊ အဘိုးအိုက ခုတင်အစွန်းတွင် ခြေဆန့်ထိုင်လျက် တစ်ယောက်ကိုတစ်ယောက် ကြည့်မနေကြဘဲ အတွေးကိုယ်စီတွင် နစ်မြုပ်နေကြသည်။

အမျိုးသမီးက သူမ၏ အတိတ်ဘဝက ငယ်ရွယ်နုပျိုမှုများ၊ ပညာသင်ကြားစဉ်က အောင်မြင်မှုများ၊ ချစ်သူဘဝ ကြည်နူးမှုများ၊ အိမ်ထောင်သည်ဘဝ၏ ပျော်ရွှင်မှုများ ထိုအရာများကို နွဲလမ်းတပ်မက်မှုလုံးဝမပါဘဲ ပြန်ပြောင်းတွေးနေခြင်းဖြစ်သည်။ အဘိုးအိုကတော့ သူ၏အဆင်ပြေအောင်မြင်သော အိမ်ထောင်ရေး၊ ကျောင်းသား အားလုံး ရိုသေလေးစားခဲ့ရသော ဆရာဂုဏ်သိက္ခာ၊ သေဆုံးသွားသော အိမ်ထောင်ဖက်၊ တစ်ဦးတည်းသောသား၏ အောင်မြင် ကြီးပွားမှု၊ ၎င်း၏ ဖခင်ကို မေ့လျော့ထားမှု ထိုအရာများကို နာကြည်းမှုလုံးဝမပါဘဲ ပြန်ပြောင်းတွေးနေခြင်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်စွမ်းအင်ဆိုတာကို မင်း ယုံကြည်တယ်ပေါ့"

သူမ စိတ်ထက်သန်စွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ လုံး၀ ယုံကြည်ပါတယ်"

ထိုစကားကို အဘိုးအိုကလည်း သံသယကင်းစွာ ယုံကြည်ပါသည်။

"ဒါပေမဲ့ အဲဒီ တစ်စုံတစ်ရာသော စွမ်းအင်ကို ရဖို့ စိတ်ကို သန့်ရှင်း စင်ကြယ်နေအောင် လုပ်ရမယ်ဆိုတဲ့ အခြေခံအချက်ကို သိဖို့လိုသေးတယ်"ဟု သူက ၀ေဖန်မှုကင်းစွာ အသိပေးလိုက်၏။ ထိုအချက်ကို အမျိုးသမီးက လေးစားစွာ လက်ခံပါသည်။ ထို့နောက် သူမ၏ဆရာ မသိသေးသော၊ သိထားသင့်သည်ဟု ထင်ရသော အတိတ်က သူမ၏ စိတ်စွမ်းအင်တို့မှ အနည်းအကျဉ်းကိုပြန်လည် ပြောပြလိုက်သည်။

*

အမျိုးသမီးသည် သူမ၏ စိတ်စွမ်းအင်ကို မန္တလေးတက္ကသိုလ်ကျောင်းသူဘ၀မှာပင် စမ်းသပ်တွေ့ရှိခဲ့သည်။

ပထမတော့ အိပ်မက်များဖြင့် အစပြုခဲ့၏။

သူမသည် မကြာခဏ အိပ်မက်မက်လေ့ရှိသူ မဟုတ်ပါ။ သို့မဟုတ် သူမ၏ အိပ်မက်များသည် ၀ိုးတ၀ါးနိုင်လွန်းသောကြောင့် ကိုယ်တိုင် အိပ်မက် မက်မှန်း သတိမထားမိအောင် ဖြစ်ခဲ့ဟန်တူပါသည်။ သူမ အိပ်မက်တစ်ခုကို မှတ်မှတ်ထင်ထင် သတိထားမိပြီဆိုလျှင် ဤသည်မှာ သူမအတွက် သတိပေးချက်တစ်ခုသာဖြစ်ခဲ့သည်။





ပထမဆုံးသော သူမ၏ အိပ်မက်တစ်ခုမှာ မွေးနေ့လက်ဆောင်နှင့် ပတ်သက်၏။

သူမမှာ သူငယ်ချင်းသုံးယောက်ရှိပြီး သူမအပါအ၀င် လေးယောက်သော မိန်းကလေးတို့သည် အုပ်စုတစ်စုအဖြစ် ရင်းနှီးချစ်ခင်စွာ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် တစ်ယောက်၏ မွေးနေ့တွင် ကျန်သုံးယောက်က စု၍ လက်ဆောင်ပေးသော ဓလေ့ကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြ၏။ သူမ၏ မွေးနေ့သည် နို၀င်ဘာလ ၁၁ ရက် ဖြစ်သဖြင့် သူမက လေးယောက်အုပ်စုတွင် နောက်အကျဆုံး မွေးနေ့လက်ဆောင်ရသူ ဖြစ်သည်။

နို၀င်ဘာ ၁၀ ရက်နေ့ ညနေခင်းအထိ သူငယ်ချင်းများ တိတ်တခိုး ၀ယ်ယူပြီးဟန်တူသော လက်ဆောင်ပစ္စည်းကို သူမ မသိသေးပါ။ သူငယ်ချင်းတစ်ယောက်အတွက် ချယ်ရီဖိနပ်တစ်ရန်၊ နောက်တစ်ယောက်အတွက် (ချိုင်းချွေးနံ့ နည်းနည်းရှိသူမို့) ကာနေးရှင်း တစ်ဘူး၊ နောက်တစ်ယောက်အတွက် ပိုက်ဆံအိတ် လှလှလေး စသည်ဖြင့် ပေးခဲ့ပြီးသမျှတွင် ကာယကံရှင် ခေါ်ဆောင်တိတ်တဆိတ် ပစ္စည်း၀ယ်ပြီး ပက်ကင်စက္ကူဖြင့် သေသေသပ်သပ် ထုပ်ပိုးချည်နှောင်ပေးလေ့ရှိသည်။ ထို့ကြောင့်လည်း မွေးနေ့ရှင်သည် မိမိအတွက် မွေးနေ့လက်ဆောင်ကို မွေးနေ့ညနေခင်းကျမှ ဖွင့်ကြည့်ကာ သိရစမြဲဖြစ်၏။

သူမကတော့ နို၀င်ဘာ ၁၀ ရက်နေ့ညမှာ အိပ်မက်ဖြင့် စတင်သိခဲ့သည်။

အိပ်မက်ထဲမှာ သူငယ်ချင်းတွေ၏ မျက်နှာတွေက ၀ိုးတ၀ါးသာ ထင်၏။ သူတို့ ပြုံးနေကြသလား၊ အုံ့ဩနေကြသလားပင်



www.burmeseclassic.com

www.burmeseclassic.com



မသေချာချေ။ သေချာသည်မှာ သူမ၏ စားပွဲပေါ်တွင် မိနီ အယ်လ်ဘမ်ကလေးမှာ အပြာရောင်ဖြစ်ပြီး ကြောင်ဖြူကလေးနှစ်ကောင်၏ ဓာတ်ပုံနှင့် ... တဲ့။

သူမ အိပ်ရာမှ နိုးလာသောအခါ အိပ်မက်ထဲမှ လှပသော အယ်လ်ဘမ်ကလေးကို သတိတရဖြစ်နေမိ၏။ အံ့သြဖို့ကောင်းသည်မှာ သူမသည် ငြင်းပယ်၍မရသော အုပ်စုလိုက် ဓာတ်ပုံရိုက်ခံခြင်းမှတစ်ပါး တစ်ယောက်တည်း ဘယ်တုန်းကမျှ အလှဓာတ်ပုံ မရိုက်ခဲ့ဖူးခြင်းပင် ဖြစ်သည်။

ထိုနေ့ နေ့လယ်ခင်း လက်ဖက်သုပ်ဆိုင်မှာ သူမတို့ လေးယောက် ဆုံမိသောအခါ သူငယ်ချင်းတစ်ယောက်က မွေးနေ့လက်ဆောင် အကြောင်း စ၍ ပြော၏။

"ခင်...နှင့်မွေးနေ့လက်ဆောင်ဟာ ဘာဖြစ်မလဲလို့ ခန့်မှန်းစမ်းပါ"ဟု မွေးနေ့တို့၏ ထုံးစံအတိုင်း မေးခွန်းဖြင့် ကျီစယ်လေသည်။ ထိုအချိန်မှာတော့ သူမ ဇဝေဇဝါဖြစ်ဆဲ။ မွေးနေ့ လက်ဆောင် ပက်ကင်ထုပ်၏ အရွယ်အစားကိုပင်လျှင် မမြင်ရသေးချေ။ သူမ ဘာမှမပြောဘဲ ပြုံးနေသောအခါ တခြားတစ်ယောက်က အတိတ်စိမ်းတစ်ခု ပေးလေသည်။

"ဒီလက်ဆောင်က နင်ဘယ်တုန်းကမှ မစဉ်းစားဖူးမယ့်ပစ္စည်းတစ်ခုပဲ ဟ၊ ဒီလက်ဆောင်ကို နင်ဘယ်လို အသုံးချမလဲ ဆိုတာတောင် ငါတို့ စိတ်ဝင်စားနေကြတယ်"

ထိုအချိန်မှာပင် သူမ၏ အိပ်မက်ထဲက စားပွဲပေါ်၌ တွေ့ရသော မိနီအယ်လ်ဘမ် အပြာရောင်ကလေးကို ဖျတ်ခနဲ ထင်ထင်ရှားရှား မြင်ယောင်သွား၏။





"ငါ သိတယ်၊ နင်တို့ ပေးမယ့်လက်ဆောင်ကို ..."

သူငယ်ချင်းသုံးယောက်က မယုံကြည်သလို ပြုံးရယ်ကာ "ကဲ ဒါဖြင့် ပြောစမ်း"ဟု ပြိုင်တူမေးကြ၏။

"မိနီအယ်လ်ဘမ်ကလေးတစ်ခု"

ထိုစကားကြောင့် သုံးယောက်လုံး တအံ့တဩ ဖြစ်ကာ တစ်ယောက်ကို တစ်ယောက် မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်ကြတော့သည်။ နင်ပြောတာမဟုတ်လားဟု တစ်ယောက်ကို တစ်ယောက် တရားခံရှာလျက် အလုပ်ရှုပ်နေကြသည်ကို ပထမဦးဆုံးအကြိမ် အရသာတွေ့သွား၏။ တကယ်ဆိုတော့ မည်သူမျှ ဤကဲ့သို့ ကြိုတင်ဖွင့်ပြောလေ့မရှိပါ။

သူမက အထက်စီးအပြုံးမျိုးဖြင့် ပြုံးရင်း "နောက်ပြီး ငါမမှားဘူးဆိုရင် အဲဒါ အပြာရောင်ကလေး"ဟု ထပ်ပြောလိုက်သေး၏။

ထိုအခါ အားလုံးက ဝိုင်းဆဲရေးကြသည်။

"မိန်းမ ... ရှင် ညတုန်းက ကျုပ်သေတ္တာထဲက ပက်ကင်ထုပ်ကို ခိုးဖောက်ကြည့်ပြီ"

သို့သော် နောက်ပိုင်းတွင် သူမ တကယ် အိပ်မက်ဖြင့်သိကြောင်း သူတို့ ယုံကြည်သွားကြ၏။

တစ်ခါတုန်းကလည်း သူမသည် အိပ်မက်ထဲတွင် ယောကျ်ားတစ်ယောက်ကို တွေ့ရသည်။ ထိုသူသည် သူမနှင့် သိပ်ရင်းနှီး ခင်မင်သူလည်း မဟုတ်၊ သူမတို့အုပ်စုနှင့် စတင်သိကျွမ်းခါစ ဆေးတက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်သည်။ ထိုသူက အိပ်မက်ထဲမှာ သူမကို ပန်းခက်တစ်ခု လက်ဆောင်ပေးသည်ဟု ထင်၏။ သူ့ဟာသာ သိနေပေမယ့် သူ့မျက်နှာထားအမူအရာက လုံးဝပေါ်ရှား



www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်။ ထင်ရှားသောအချက်မှာ ထိုပန်းခက်ကလေးကို ယုဇနပန်းခက်ဟု သူမ သိနေခြင်းပင်ဖြစ်သည်။

ထိုအိပ်မက် မက်သည့်နေ့က တစ်နေ့လုံး သူမစိတ်ထဲမှာ ကြည်နူးပျော်ရွှင်နေသည်။

မဝေးလှသော ကာလအတွင်း သူမ ပျော်ရွှင်ရလိမ့်မည်ဟု သူမ ခံစားနေရ၏။ ထိုခံစားချက်သည် အသေအချာပင် ရင်ထဲ၌ စိမ့်ဝင်နေခဲ့သည်။

ရက်သတ္တတစ်ပတ်ကျော်သောအခါ သူမကို ထိုယောကျ်ားသားက ချစ်ခွင့်တောင်းလေသည်။

အိပ်မက်တို့ဖြင့် သူမကိုယ် သူမ ကြိုတင်နားလည်ပြီးသည့်နောက်တွင် သူမသည် ဘာသာရေးကို ယခင်ကထက် ပိုမို လိုက်စားခဲ့သည်။ ညစဉ် ဘုရားရှိခိုးခြင်း၊ တစ်ပတ်တစ်ခါ ပရိတ်ရွတ်ခြင်း ဟူသော သာမန်ကိုးကွယ်မှုများအပြင် သမာဓိကောင်းဖို့ အတွက်လား၊ ဝိပဿနာကျင့်ကြံအားထုတ်ဖို့အတွက်လား ကိုယ်တိုင် မသေချာဘဲ တရားထိုင်ခြင်းအလေ့အကျင့်ကို စတင် လိုက်စားခဲ့သည်။ (ထိုအလေ့အကျင့်ကို သူမ၏ ချစ်သူကတော့ သရော်သလို ပြုံးလေ့ရှိသည်။)

တစ်ခါတုန်းက သူမတို့ ရည်းစားသက်တမ်း တစ်နှစ်အကြာသူ နောက်ဆုံးနှစ် အပိုင်း (က) မှာ လက်တွေ့ကွင်းဆင်းသွားရသည်။ သုံးပတ်ကြာသော ကာလတိုခရီးမို့ သူ မန္တလေးသို့ တစ်ကြိမ် ပြန်လာလိမ့်မည်ဟု သူမ အနည်းငယ်မျှ သံသယမဝင်ခဲ့ချေ။

သို့သော် တစ်ရက်မှာတော့ သူမ သူ့ကို လွမ်းဆွတ်သတိရစိတ်ကြောင့် ညနေကတည်းက ရှိသမျှအလုပ်များ ဘေးဖယ်ကာ ခုတင်





ပေါ်တွင် ငြိမ်သက်စွာထိုင်လျက် အာရုံကို ဘေးသို့ နည်းနည်းမျှ မပျံ့လွင့်စေဘဲ ထူးထူးခြားခြား သူ့အကြောင်းကိုသာ စူးစူးစိုက်စိုက် တွေးနေခဲ့၏။ သူ ရောက်ရှိနေမည်ဖြစ်သော မုံရွာမြို့ကို သူမ တစ်ခါမှမရောက်ဖူးပါဘဲ စိတ်ဖြင့် လိုက်သွားသည်။ ဆေးကျောင်းသားများကို ဆေးရုံအနီးမှာသာ နေရာချထား ပေးပေလိမ့်မည်။ ယခုသည်အချိန်ဆို သူဘာလုပ်နေမှာပါလိမ့်။ ထမင်းစားနေမလား၊ ရေချိုးနေမလား၊ ညရှစ်နာရီရောက်ပြန်တော့ သူတစ်ခုခု စာကျက်နေမလား၊ ဗီဒီယိုသွားကြည့်နေမလား၊ အရက်သောက်ချင် သောက်နေမလား၊ ဖဲရိုက်နေမလား၊ ဘာပဲ ပြုလုပ်နေသည်ဖြစ်စေ သူမကိုတော့ သတိရတမ်းတနေရမည်ဟု စိတ်ထဲမှာ ယုံကြည်စိတ်ချထားလိုက်သည်။

ထိုနေ့ ညနေမှ ညအထိ သုံးနာရီ လေးနာရီကြာအောင် သူမ စိတ်ကို သူတစ်ဦးတည်းအပေါ်မှာ စူးစိုက်လျက် တွေးတောဝင်စားနေခဲ့သည်။

နောက်တစ်နေ့သည် စနေနေ့ဖြစ်လျက် သူမအဆောင်သို့ သူ ရောက်လာခဲ့၏။

"ကိုယ် အရမ်းလွမ်းလွန်းလို့ ပြေးလာခဲ့တာလေ"

ထိုအခါ သူမ ကအံ့တသြရယ်မောမိတော့သည်။

အိပ်မက်များ၏ အပဖြစ်သော နောက်ထပ် စိတ်ညှို့မှုတစ်ခုကို သူမ စမ်းသပ်အောင်မြင်ခဲ့ပြန်၏။ ထိုစမ်းသပ်မှုမှာ အိပ်ပျော်နေသူ တစ်ယောက်ကို အသံတိတ် စိတ်ဖြင့်နှိုးယူခြင်းပင် ဖြစ်သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သူငယ်ချင်းကို ဘေးကထိုင်ကြည့်လျက် အသံလုံးဝမထွက်စေဘဲ၊ လှုပ်ရှားမှုတစ်စုံတစ်ရာမျှ



www.burmeseclassic.com

www.burmeseclassic.com



မရှိစေဘဲ အာရုံစူးစိုက်နေခဲ့သည်။ ထို့နောက် စိတ်ထဲမှပင် "နွယ်နွယ်...ထ...ထ"ဟု လေးငါးကြိမ်မက တိတ်တခိုးရေရွတ်ဆိုကာ အိပ်ရာမှ နိုးကြည့်သည်။ ထို့နောက် သူငယ်ချင်း၏ အိပ်ချင်မူးတူးဖြင့် ထထိုင်၏။

"ဘာလဲ...ဘာလဲ၊ ဘာဖြစ်လို့လဲ...ခင်"ဟု ပြူးပြူး ပျာပျာ မေးလေသည်။

*

လေးထောင့်ကျသော မေးရိုးနှင့် ခိုင်မြဲသော မျက်ခုံးတို့အကြားရှိ သူမ၏ မျက်နှာမှာ ယုံကြည်မှုနှင့် သေချာမှုများကို မည်သူမဆို မြင်တွေ့နိုင်သည်။ ပါးလျားကျယ်ပြန့်သော နှုတ်ခမ်းသည် လျှို့ဝှက် သိုသိပ်တတ်သော သူမစိတ်၏ အမှတ်အသားတစ်ခု ဖြစ်သည်။ ထိုနှုတ်ခမ်းပါးများသည် လူတကာထင်ထားသည်ထက် ပို၍ သေသပ်တိတ်ဆိတ်လေ့ရှိသည်။

"ဒီတော့ မင်း အဲဒီမြို့ကို ရောက်ဖူးရဲ့လား"

"ဟင့်အင်း...မရောက်ဖူးဘူး ဆရာ၊ နမ္မတူ ဘော်တွင်းနားမှာလို့ ပြောတယ်၊ ထင်းရှူးပင်တွေ ရှိချင်ရှိနေမှာပေါ့ ဆရာ၊ တောင်ကုန်း ဒါမှမဟုတ် တောင်ခါးပန်းပြတ်ကလေး ဖြစ်ချင်လဲ ဖြစ်မှာပေါ့၊ ရာသီဥတုက စိုထိုင်းအေးစက်ချင် အေးစက်မှာပေါ့၊ ဒါတွေက အကြောင်းမဟုတ်ပါဘူး"

ဒါဖြင့် ဘယ်ဟာက အကြောင်းလဲဟု အဘိုးအိုက တိတ်တဆိတ် အသံမထွက်ဘဲ မေးခွန်းထုတ်၏။

"အရေးကြီးတာက သူဟာ ဆေးရုံမှာ လက်ထောက်ဆရာဝန် ဖြစ်တယ် ဆိုတာပါပဲ၊ ဆရာဝန်တစ်ယောက်ရဲ့ တစ်နေ့တာ လုပ်





ရှားမှု လုပ်ငန်းတာဝန်တွေကို ထည့်တွက်ပြီး ကျွန်မ အာရုံပြုရမှာပေါ့"

သူက ခံစားမှုမဲ့သည်ဟု ပြောလို့ရလောက်သည်အထိ ခပ်ထုံထုံ ရှိနေသော ဘယ်ဘက်ခြေထောက်ကို လက်ဖြင့် ဖျစ်ညှစ် ဆုပ်နယ်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အင်း...စိတ်ညှို့ဖို့ လူအမျိုးအစားထဲမှာတော့ ဆရာဝန်ကို စိတ်ညှို့ဖို့ အခက်ခဲဆုံးနဲ့ တူတယ်"

ဆရာဝန်ဆိုသည်မှာ နံနက်မိုးလင်းကတည်းက တစ်ယောက်တည်း သီးသန့်နေ၍မရဘဲ လူနာများနှင့် တစ်နေကုန် ကြုံတွေ့ဆက်ဆံရသူဖြစ်လေသည်။ ထိုသူမှာ စိတ်အားလပ်ချိန်၊ သီးသန့်ချိန်ဟူ၍ ရှားပါးလိမ့်မည်။

"ဟုတ်တယ် ဆရာ၊ ကျွန်မ သူ့အချိန်ဇယားကို တွေးကြည့်ပြီးပါတယ်၊ ည ၉ နာရီအထိ အချိန်ဇယား အပြည့်ပဲ၊ ဒီတော့ သူ့ကို အာရုံစူးစိုက်ပြီး တွေးဖို့က ည ၉ နာရီကျော်မှ သေချာမယ်"

အဲဒီအချိန်မှာ တစ်စုံတစ်ယောက်သောမိန်းမရဲ့ အိပ်ရာပေါ်မှာ ရောက်မနေဘူး ဆိုရင်ပေါ့လေဟု သူမ ဖြည့်စွက်တွေးတောလိုက်သည်။ သူမ၏ အတွေးကို အဘိုးကြီးက ရိပ်မိစွာ ပါးရေတွန့်နေသော နှုတ်ခမ်းကို အစွမ်းကုန်ပြုံးလိုက်၏။ သို့သော် ယခင်က လေဖြတ်ထားသောဒဏ်ကြောင့် ပီပြင်သောအပြုံးတစ်ခု ဖြစ်မလာချေ။

"နောက်တစ်ယောက်နဲ့ ဖောက်ပြားတယ်ဆိုတဲ့ စွပ်စွဲချက်က ရော ခိုင်လုံရဲ့လား"ဟု သူ ညင်သာစွာ မေးလိုက်လေသည်။ သူမသည် ဤအိမ်သို့ ရောက်သည့်အချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် မျက်နှာထား ဇဝေဇဝါဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ သိပ်တော့မခိုင်လုံလှဘူး ဆရာကြီး၊ ဒါပေမဲ့လိုက် သွားလို့ မဖြစ်သေးတဲ့အတူ ခိုင်လုံတဲ့အထိ ကျွန်မစောင့်နေရင် အချိန်တွေ အကျိုးမရှိဘဲ အလဟဿကုန်လွန်သွားမှာ စိုးရိမ်မိ ပါတယ်"

အဘိုးအိုက ပြာမွဲသော မျက်လုံးများဖြင့် သူမကို ငေးကြည့် သည့်အကြည့်တွင် ကရုဏာရိပ်များ၊ စာနာမှုများ ပါဝင်နေသည်။ သူမသည် လက်ချောင်းများကို ဆုပ်ချည်ဖြန့်ချည် ပြု၍ အဘိုးအို ထံမှ ထင်မြင်ချက်ကို မျှော်လင့်နေသည်။

"မင်းရဲ့စိတ်ဟာ အကြွင်းမဲ့ စင်ကြယ်နေပြီလို့ ထင်သလား"

ထိုမေးခွန်းကို မျှော်လင့်ထားသောကြောင့် သူမ အလွယ်တကူ ပင် ဖြေလိုက်၏။

"ရာနှုန်းပြည့်တော့ မစင်ကြယ်နိုင်ဘူးပေါ့ဆရာ၊ ဒါပေမဲ့ သာ မန် လူသားတစ်ယောက်အနေနဲ့ သန့်ရှင်းစင်ကြယ်နိုင်သမျှအတိုင်း အတာ ရောက်လုနီးပါးတော့ ကျွန်မကြိုးစားနေပါတယ်"

ထိုစကားကို သူယုံကြည်ဟန်မတူပါ။ သူ့မျက်လုံးထဲတွင် မယုံသင်္ကာရိပ်ကလေး ဖြတ်သန်းသွား၏။ ထို့နောက် "ဘာနည်း နဲ့ ကြိုးစားနေတာလဲ" ဟု ပွင့်လင်းစွာမေးတော့သည်။

သူမ ရိုသေလေးစားစွာ ဖြေလိုက်၏။

"စိတ်ကို အညစ်အကြေးကင်းစင်အောင်ပြုလုပ်ဖို့ ဗုဒ္ဓက ဟော ကြားခဲ့တဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်နဲ့ပေါ့ ဆရာ၊ ဓမ္မရဲ့အင်္ဂါရှစ်ပါးကို ကျွန်မ ကြိုးစားလေ့ကျင့်နေခဲ့တာ နှစ်တွေ တော်တော်လေး ကြာ ပါပြီ၊ ဒီတော့..."

"ကြိုးစားမှု အောင်မြင်တယ်လို့လဲ မင်းထင်တယ်၊ ဟုတ်လား"





အဘိုးအိုက စူးစိုက်စွာမေးသော မေးခွန်းကို သူမ အလေးအနက် ဖြေ၏။

"ဟုတ်ကဲ့ဆရာ၊ ကျွန်မအနေနဲ့ အဲဒီမဂ္ဂင်ရှစ်ပါးထဲက သီလ နဲ့ ဆိုင်တဲ့ သုံးပါးကတော့ အသေအချာကို လိုက်နာပြီးသားပါ၊ ကျွန်မဟာ ဒီကောလိပ်မှာ နည်းပြဆရာမတစ်ယောက်ဖြစ်တယ်၊ ကျွန်မရဲ့အလုပ်က မွန်မြတ်တဲ့ပညာကို သင်ကြားပြီး ပြန်လည် ဖြန့်ဖြူးဝေငှတဲ့အလုပ်၊ ဒီတော့ သမ္မာအာဇီဝဆိုတဲ့အင်္ဂါနဲ့ အလိုလို ပြည့်စုံပြီးသား မဟုတ်လား ဆရာ၊ နောက်ပြီး သမ္မာဝါစာ ဆိုတဲ့ အင်္ဂါရပ်၊ ကျွန်မဟာ ရန့်ရင်းကြမ်းတမ်းတဲ့ စကားကို မပြောမှူး ဘူး၊ သုံ့တစ်ပါး စိတ်မချမ်းသာမယ့်စကားကို မပြောဘူး၊ စကားရဲ့ အညစ်အကြေးတွေမှန်သမျှ ဖယ်ရှားပြီးသားဖြစ်တယ်ဆရာ၊ နောက်ပြီး သမ္မာကမ္မန္တ"

"ဟုတ်ပါပြီလေ...ဟုတ်ပါပြီ၊ သမာဓိအားလဲ ကောင်းရပြီ လို့ပဲ ထားပါတော့"

"အနည်းဆုံး အခုအလေ့အကျင့် မနားမနေလုပ်ခဲ့ပြီးတဲ့ ခုနှစ် ရက် လုံးလုံးကာလမှာပေါ့ ဆရာ"

အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့် သူမကို အကဲခတ်နေရာ မှ တစ်ချက်တော့ ငြင်းဆို၏။

"ဒါပေမဲ့ မင်းအခုပြုလုပ်မယ့် အပြုအမူကတော့ သမ္မာဝါယာမ မဟုတ်ဘူး"

သူမ ဘာမျှမဖြေရှင်းပါ။

သူမ လိုချင်သည်မှာ သစ္စာလေးပါးကို သိမြင်ဖို့အထိ မဟုတ်ပါ ဘာဝနာမယ ပညာ နိုးကြားပေါ်ပေါက်လာဖို့လည်း မရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သူမ၏ဆရာဖြစ်သူ သိပါလိမ့်မည်။ သီလ၊ သမာဓိ ဟူသော ဂုဏ်အရည်အချင်းများ ရအောင် သူမ နှစ်ပေါင်းများစွာ မသိလိုက် မသိဘာသာ ကြိုးစားခဲ့ပြီး ရှေ့သို့ဆက်ဖို့ မကြိုးစားခြင်းကပင်လျှင် သူမ၏ ဘဝတကျော မက်မောတွယ်တာမှုကို ဆရာ ရိပ်မိပါလိမ့်မည်။

သူမ၏ ဆုံးဖြတ်ချက်ချထားပြီးသော ဟန်အမူအရာကိုတစ်စ တစ်စ အကဲခတ်မိပြီးသော အဘိုးအိုသည် အတန်ကြာငေးမော တွေဝေနေပြီးနောက်မှ စကားစတင်ပြော၏။

“ကဲ … ဒီတော့ ဒီအပြုအမူကို မလုပ်ခင် ငါ့အတွေ့အကြုံကလေး တစ်ခုကို နားထောင်ဦး၊ နောက်မှ မင်းလုပ်သင့် မလုပ်သင့် ဆုံးဖြတ် … ဟုတ်လား”

ထို့နောက် လွန်ခဲ့သောခြောက်လခန့်က သူ၏ အဖြစ်အပျက်ကိုသူ့တပည့်ဟောင်း နည်းပြဆရာမလေးအား တစ်ဆင့်ပြန်လည် ပြောပြသည်။

“မင်းတို့အားလုံး သိပြီးသားပဲ၊ ငါ့မှာ သားတစ်ယောက် ရှိတယ်ဆိုတာ၊ အဲဒီသားကို ငါဘယ်လောက်ချစ်ခင်မြတ်နိုးတယ် ဆိုတာလဲ မင်းတို့အသိပဲ။

“… ငါ့ဇနီး ဆုံးသွားတော့ ငါက အသက် ၄၀ ရှိသေးတယ်၊ အဲဒီအချိန်မှာ သားက ၁၂ နှစ်သားအရွယ် ကျန်ခဲ့တယ်၊ အဲဒီသားကို ငါ့ရဲ့ မဖြစ်စလောက် လစာကလေးနဲ့ ခြိုးခြံခြစ်ကုတ်ပြီး ပညာသင်ပေးခဲ့တယ်၊ သူ စက်မှုတက္ကသိုလ်ကိုတက်ဖို့ ငါ့ရဲ့လစာကလေးနဲ့ သူများတန်းတူ ထောက်ပံ့ပေးဖို့ကြိုးစားခဲ့ရတယ်၊ မင်းတို့ဆရာမှာ ပုဆိုးသုံးထည်လား လေးထည်လား မင်းတို့ အလောင်းအစား





လုပ်ခဲ့ကြတာ ငါမှတ်မိသေးတယ်၊ အဲဒီလောက်တောင် ချို့ချို့ငဲ့ငဲ့နဲ့ နေခဲ့တယ်၊ နောက်အိမ်ထောင်ပြုဖို့ဆိုတဲ့ စိတ်ကူးမျိုး တစ်ခါမှတောင် ငါ့ခေါင်းထဲ ရောက်မလာခဲ့ပါဘူး၊ အဲဒီအတွက် ရလာတဲ့ အကျိုးက ဘာလဲဆိုရင် သားဟာ အင်ဂျင်နီယာဘွဲ့ကို ထူးထူးချွန်ချွန် အောင်သွားတယ်၊ အလုပ်အကိုင်ရသွားတယ်၊ ငါနဲ့ ဝေးသွားတယ်။

“… နောက် သူ အိမ်ထောင်ကျသွားတယ်၊ သူ နိုင်ငံခြားကို နှစ်ခါလား သွားရတယ်၊ ငါနဲ့ ပိုဝေးသွားတယ်၊ အဲဒီအထိ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပဲလို့ တွေးလို့ရပါတယ်၊ အိမ်ထောင်တာဝန် ကျေပွန်တဲ့ ခင်ပွန်းကောင်းတစ်ယောက်ဟာ သားလိမ္မာတစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ ဒါဟာ သဘာဝနိယာမတရားပဲ မဟုတ်လား၊ ငါသိပါတယ်၊ ဒါပေမဲ့ ခက်တာက သူက ငါ့ဆီကို လူအလာတွင်မက စာအရေးပါ ကျဲသွားခဲ့တယ်၊ နောက်ဆုံး သူ့သားသမီး ဘယ်နှယောက် ရနေပြီလဲဆိုတာတောင် ငါမသိတော့တဲ့အထိပဲ။

“… ငါ ပင်စင်ရတဲ့အခါ ဟောဒီ (သူက အိမ်ကလေးကို လက်ဆုံ့ယမ်းညွှန်ပြလျက်) စုတ်ချာချာအိမ်ကလေးတစ်လုံးကို အမြဲမှာ ပိုင်ဆိုင်ခဲ့တယ်၊ ဒါပဲ ငါ့ရဲ့ပိုင်ဆိုင်မှုဟာ ဆေးလိပ်ခုံက ဆေးလိပ်သမတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုအဆင့်အတန်းထက် နည်းနည်းမှ မပိုခဲ့တာ အခု မင်းအမြင်ပဲ၊ ဒါပေမဲ့ ဒါဟာ ငါ့အတွက် သားအပေါ် စေကျေနပ်စရာအကြောင်းမဟုတ်ဘူး၊ ဒါပေမဲ့ ငါ ရှုတ်တရက် လေဖြတ်သွားတဲ့အခါ ငါ့မှာ သားတစ်ယောက်ရှိနေသေးတယ် ဆိုတဲ့ ယုံကြည်ကိုးစားမှုတစ်ခု ငါ့ဆီ ရောက်လာတယ်၊ အဲဒါ ငါ့ရဲ့ ပထမဆုံး အမှားပဲ၊ ဒုတိယအမှားကတော့ ငါ့ရဲ့ အကောင်းကျန်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ညာလက်နဲ့ သားဆီကို စာတစ်စောင် ရေးလိုက်မိတာပဲ၊ တတိယအမှားကတော့ သူ့ဆီက လူမလာဘဲ ငွေချည်းရောက်လာတာကို ဝမ်းနည်းနာကြည်းမိတဲ့အတွက်ပဲ။

"...ငွေ ဘယ်လောက်ပို့သလဲဆိုတာကို မင်းစိတ်မဝင်စားနဲ့ ငါလဲ စိတ်မဝင်စားဘူး၊ ငါလိုချင်တာ ငွေလဲ မဟုတ်ဘူး၊ ကိုယ်တစ်ခြမ်း လေဖြတ်နေတဲ့ သွက်ချာပါဒရောဂါသည် အဘိုးကြီးတစ်ယောက်အနေနဲ့ သူချစ်ခင်မြတ်နိုးတဲ့ သားတစ်ယောက်ဆီက မျှော်လင့်သမျှအရာတွေထဲမှာ ငွေကြေးက နောက်ဆုံးမှာ ရှိနေတယ်၊ အဲဒါကို မင်းကတော့ ခံစားနားလည်နိုင်လိမ့်မယ်လို့ထင်တယ်လေ"

ထို့နောက် အဘိုးအိုသည် သူပြောခဲ့သော စကားများကို ပြန်လည်ဝေဖန်ဆန်းစစ်ဟန်ဖြင့် ခဏမျှ ငြိမ်သက်သွား၏။ ထိုအချိန်တွင် တစ်အိမ်လုံးသည် အိမ်မြှောင်စုတ်ထိုးသံပင် မကြားရဘဲ တိတ်ဆိတ်နေသည်။ အထီးကျန်အဘိုးအို၏ ကျဉ်းမြောင်းသော ထရံကာအိမ်ကလေးသည် အဘိုးအို၏ ဘဝကို နားလည်ခံစားနိုင်အောင် တွန်းအားပေးလျက်ရှိ၏။ သူမသည် သင်ဖြူးဖျာပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်လျက် မျက်လွှာချကာ ငြိမ်သက်နေသည်မှာ တရားဘာဝနာ အားထုတ်ဖို့ ပြင်ဆင်နေသူတစ်ယောက်ပမာ ဖြစ်သည်။

"နောက်ဆုံးတော့ ကံကောင်းတယ်ပြောရမလား၊ ကံဆိုးတယ်ပြောရမလား မသိဘူး၊ အလွန်တော်တဲ့ မြန်မာသမားတော်ကြီးရဲ့ ကုသမှုကြောင့် ငါ တုတ်ကောက်နဲ့ လမ်းလျှောက်နိုင်လောက်





အောင် တရွတ်ဆွဲသွားနိုင်လောက်အောင် ပြန်နေကောင်းလာတယ်။

"...ငါ့သားအပေါ်မှာ နာကြည်းချက်နည်းနည်းကလေး ရှိခဲ့သေမယ့် ငါ နေကောင်းတဲ့အခါ အဲဒါက အလိုလိုပျောက်ကွယ်သွားပါတယ်၊ နောက်ပိုင်းမှာ ငါ ကိုးပါးသီလ အမြဲယူပြီး စောင့်ထိန်းတယ်၊ မင်းပြောတဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်အတိုင်းပဲ ငါ ရက်ပေါင်းများစွာ အထူးကျင့်ကြံအားထုတ်တယ်၊ မင်းထက်သာတာက ငါ့မှာ အလုပ်သွားစရာ တာဝန်မရှိ၊ အိမ်လာလည်တဲ့ ဧည့်သည် မရှိ၊ ပေါင်းသင်မြက်နုတ် ပန်းစိုက်ဖို့ ခွန်အားမရှိ၊ ဒီတော့ မနက် နေထွက်ကနေ ညအထိ ငါ့အတွက် အချိန်အားလုံးဟာ သမထထိုင်ဖို့ချည်းပဲ ဖြစ်ခဲ့တယ်။

"...ဒီလိုနဲ့ တစ်နေ့ကျတော့ မင်းရဲ့စိတ်ကူးရည်ရွယ်ချက်မျိုး မဟုတ်တဲ့ အပြစ်ကင်းတဲ့ အောက်မေ့တသခြင်းမျိုးနဲ့ ငါ့သားကို ညနေတိုင်း တသ မျှော်လင့်ခဲ့မိတော့တယ်၊ ငါ့စိတ်ထင်တော့ သူ ဂေါ့ဖ်ကလပ် သွားကောင်း သွားနေနိုင်တဲ့ ညနေအချိန်တိုင်း သူ့အကြောင်းကိုချည်း အာရုံစူးစိုက်ပြီး စဉ်းစားတွေးတောနေခဲ့မိတယ် ထင်တာပဲ၊ သိပ်တော့ မမှတ်မိဘူး၊ အဲဒါဟာ ရက်ပေါင်းနှစ်ဆယ်ကျော်ကျော် ကြာခဲ့တယ်၊ မင်း စဉ်းစားကြည့်ပေါ့ တစ်ညနေမှာ အချိန် သုံးနာရီလောက်ယူပြီး ညနေပေါင်း နှစ်ဆယ်ကျော်မှာ မလှုပ်မယှက်ထိုင်ပြီး သူ့အကြောင်း အာရုံစူးစိုက် မေတ္တာပို့နေခဲ့တာပဲ"

အဘိုးကြီး၏ အသံက နည်းနည်းချင်း တိုးဝင်သွားပြီး သူမမော့ကြည့်လိုက်သောအချိန်၌ ပြာမွဲသော၊ မတောက်ပသော မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးအိမ်မှာ မျက်ရည်စများ စွန်းထင်းစိုလက်နေသည်ကို တွေ့ရသည်။ ဤစကားသို့ ရောက်အောင် အဘိုးအို ဘာကြောင့် ဆွဲယူလာသည် ဆိုသည်ကိုလည်း သူမ ရိပ်မိသွား၏။ ဘာပဲဖြစ်ဖြစ် အကျိုးကျေးဇူးတစ်ခုကိုတော့ သူမ သိရပေလိမ့်မည်။

"အဲဒီ ငါ့အပြုအမူကို မှန် မမှန် ငါဟာငါ အခုမှ ဆန်းစစ်ဝေဖန်ကြည့်တော့ မှားနေတာ တွေ့ရတယ်၊ အဲဒီရလဒ်ဟာ ဘာလဲဆိုတာ မင်းစိတ်ဝင်စားမယ်လို့ ထင်တယ်"

အမျိုးသမီးသည် ပထမဆုံးအကြိမ် စိတ်လှုပ်ရှားစွာဖြင့် ကိုယ်ခန္ဓာ အနေအထားကို အနည်းငယ်ပြင်ဆင်၍ ထိုင်သည်။ သူမ၏ ဆရာကို မော့ကြည့်သော မျက်ဝန်းများတွင် စိတ်ဝင်စားမှုကိုဝန်ခံသည့် အရိပ်တစ်ရိပ် ထင်လာ၏။

"ငါ့ရဲ့စိတ်က သူ့ရဲ့စိတ်နဲ့ ဘယ်လိုပတ်သက်ဆက်နွယ်သွားသလဲတော့ ငါ မသိပါဘူး၊ နှစ်ပေါင်းများစွာ ငါ့ကို ပစ်ပယ်ထားတဲ့ သားဟာ ငါ့ဆီကို တကူးတက လာခဲ့တော့တာပဲ"

အမျိုးသမီးသည် ထိုအဖြေကို မျှော်လင့်စောင့်စားနေသော်လည်း တကယ်ကြားလိုက်ရသည့်အခါမှာ အားတက်သွားသည့် ခံစားမှုမျိုးကို ဘယ်လိုခွန်အားမျိုးကမှ လိုက်မမီချေ။

"ဒါပေမဲ့ သူငါ့ဆီကို လာတယ်ဆိုတာ ရက်တော်တော်ကြာမှ ငါသိရတာပါ၊ ငါ တစ်ခါပဲမြင်ဖူးတဲ့ ငါ့ချွေးမက ငါ့ဆီကို စာရေးလိုက်တော့မှ သိတာပါ၊ စာထဲမှာ ငါ့သား ငါ့ဆီကိုလာဖို့ ကားကို ကိုယ်တိုင်မောင်းပြီး ထွက်ခွာသွားတဲ့အကြောင်း၊ လမ်းခရီးမှာ ကားမှောက်ပြီး အသက်ဆုံးရှုံးသွားကြောင်း၊ အဲဒီစာကလေး တစ်စောင် ငါရလိုက်တယ်"





စောစောက သူမ၏ အားတက်မှုမှာ ထိတ်လန့်ကြောက်ရွံ့မှု အဖြစ် လျှပ်တစ်ပြက် ပြောင်းလဲဖြစ်ပေါ်သွားသောကြောင့် သူမသည် အဘိုးအိုကို ဖျောင်းဖျနှစ်သိမ့်ဖို့ပင် မေ့လျော့နေ၏။

"ငါ့သားနဲ့ ပတ်သက်တဲ့ နောက်ဆုံးသတင်းကတော့ အဲဒါပဲ၊ အဲဒါ လွန်ခဲ့တဲ့ ခြောက်လလောက်က ဖြစ်သွားတာ"

ထို့နောက် ဆရာတပည့်ဟောင်း နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် စိုက်ငေးလျက် တစ်ယောက်၏ ပူပင်သောကကို တစ်ယောက်က နှုတ်ယူခံစားဖို့ ကြိုးစားနေသလို ငြိမ်သက်နေကြပြန်သည်။ ထို့နောက်မှ အဘိုးအိုက အပြုံးနှင့်မတူသော သူ့ကိုယ်ပိုင် ခပ်ရွဲ့ရွဲ့ အပြုံးဖြင့် သူမကို သတိပေးသည်။

"ဒီတော့ မင်း တစ်ခုခုပြုမူတော့မယ်ဆိုရင် ဒီအဖြစ်အပျက်ကလေးကို ထည့်စဉ်းစားသင့်တယ်လို့ ငါထင်တယ်"

"ဒီနေ့ ကျွန်မနဲ့ ဆရာကြီးနဲ့ ဆွေးနွေးပွဲမှာ ဒါ ဆရာကြီးရဲ့ ထင်မြင်ချက်ပဲလား ဟင်"

အမျိုးသမီးက အနည်းငယ်တွန့်ဆုတ်စွာ မေးသည့်အခါ သူ ခေါင်းယမ်း၏။

"မဟုတ်သေးဘူး၊ ငါ့ထင်မြင်ချက်ကို အခုမှပြောမယ်၊ နံပါတ်တစ် အချက်အနေနဲ့ လူတစ်ယောက်ကို သူ့စိတ်နဲ့သူ လွတ်လွတ်လပ်လပ် ပြုမူဖို့ ခွင့်ပေးထားသင့်တယ်၊ သူ့စိတ်ကို အနီးကဖြစ်စေ၊ အဝေးကဖြစ်စေ ထိန်းချုပ်ညှို့ယူပြီး အကျပ်ကိုင်ခိုင်းစေခြင်းအားဖြင့် အဲဒီလူရဲ့စိတ်မှာ နောင်တည်းခံကျဉ်းကျပ်မှုကို ဖြစ်ပေါ်စေတယ်၊ တွေဝေစေနိုင်တယ်၊ အဲဒီလိုလုပ်လိုက်ခြင်းအားဖြင့် ဖြစ်တန်ရာတဲ့ ပျော်ရွှင်မှုဆိုတာကို မရဘဲ မလိုလားအပ်တဲ့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်မှုကို ဖြစ်ပေါ်စေတတ်တယ်၊ ဥပမာ နှောင်တ၊ကြေကွဲမှု စသည်ဖြင့်ပေါ့”

“ဟုတ်ကဲ့ ဆရာဆိုလိုချင်တာကို ကျွန်မသဘောပေါက်ပါတယ်၊ ကျွန်မ စဉ်းစားပါ့မယ်”

*

ကထိကဟောင်းဆရာကြီး၏ နေအိမ်မှ အမျိုးသမီး ပြန်ထွက်လာသည့်အခါ လမ်းမီးတိုင်များပင် လင်းနေကြပြီ။ ဆင်ခြေလျှောကျောက်စရစ်လမ်းကို ဖြတ်ကျော်လာပြီးမှ ဆရာကြီး မပြောဘဲထားခဲ့သော နံပါတ်နှစ်ထင်မြင်ချက်ဟာ ဘာများပါလိမ့်ဟု စဉ်းစားကြည့်နေ၏။

ရပ်ကွက်နှစ်ခုစာ ဝေးသော သူမ၏ခြံဝန်းရှေ့သို့ ရောက်သောအခါ ညအမှောင်သည် အတော်ပီပြင်လာခဲ့ပြီ။ ထိုအချိန်မှာပင် နံပါတ်နှစ် ထင်မြင်ချက်ကို သူမ စိတ်မှန်းဖြင့် တွေးတောကြည့်မိသွားသည်။

“မိန်းမသားတွေမှာ မရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခုရှိတယ်၊ အဲဒါဟာ စောင့်ဆိုင်းမှုပဲ”

၎င်းသည် သူမ၏ ထင်မြင်ချက်လည်း ဖြစ်သည်။

[၁၉၉၀ ခု၊ ဩဂုတ်လ၊ မဟေသီ ရုပ်စုံမဂ္ဂဇင်း]

○



# ဘိလိယက်

တတိယမြောက်နေ့တွင် အခန်းထဲရှိလူအားလုံး ငြိမ်သက်စူးစိုက်စွာ ရင်ခုန်လှုပ်ရှားနေတော့သည်။

ယနေ့သည် နောက်ဆုံးနေ့လည်း ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လောင်းကြေးမှာ တဖြည်းဖြည်းမြင့်လာပြီး ယနေ့ နှစ်ထောင့်နှစ်ရာကြေး ဖြစ်သွားပြီ။ ထို့ပြင် ယမန်နေ့က ပွဲ တော်တော်များများ ရှုံးနိမ့်ခဲ့ပြီးသော ခုံပိုင်ရှင်မှာ လက်ကျန်ငွေ မရှိတော့ဘဲ လည်ပင်းမှဆွဲကြိုးကို လောင်းကြေးတင်ထားရပြီ။ ငါးမူးသားဆွဲကြိုး၏ တန်ဖိုးမှာလည်း နှစ်ပွဲရှုံးနိုင်ဖို့အထိသာ လုံလောက်သောကြောင့် ဖြစ်သည်။ ဤလောင်းကစားပွဲ၏ စည်းကမ်းမှာ လောင်းကြေးသည် အကြွေးမဟုတ်စေရ။

ဤကမ္ဘာလောကတွင် လူတို့သည် ဘိလိယက်ကိုအကြောင်းအမျိုးမျိုးဖြင့် ကစားကြသည်။

တချို့က ပိုက်ဆံလိုချင်၍ ကစားသည်။ တချို့က လူတစ်ဖက်သားကို အနိုင်ရပြီး ပျော်ရွှင်လို၍ ကစားသည်။ တချို့က ဘိလိယက်



www.burmeseclassic.com

www.burmeseclassic.com



ကစားနည်းကို အထူးဝါသနာကြီး၍ မကစားရလျှင် မနေနိုင်၍ ကစားသည်။ တချို့က အချိန်ဖြုန်းရန် နည်းကောင်းတစ်ခုအဖြစ် ကစားသည်။ တချို့က ပူပင်သောကများမှ ခဏလွတ်မြောက်ထွက်ပြေးလို၍ ကစားသည်။ တချို့ကတော့ အညောင်းအညာပြေ ကိုယ်လက်လှုပ်ရှားကစားနည်းတစ်ခုအဖြစ် ကစားသည်။ တချို့ကတော့ ပိုက်ဆံဖြုန်းတီးရန် နည်းတစ်နည်းအဖြစ် ကစားသည်။

ဤနောက်ဆုံးအကြောင်းရင်းမှာ အမိုက်မဲဆုံးဖြစ်သည်။

*

ဤကမ္ဘာလောကတွင် ဘိလိယက်ကို အကြောင်းအမျိုးမျိုးဖြင့် ကစားကြသည့်အနက် ဤပွဲတွင် ခုံပိုင်ရှင်သည် ပိုက်ဆံဖြုန်းတီးလို၍ ကစားသူသာ ဖြစ်လိမ့်မည်။ အကြောင်းမှာ သူသည် တစ်ဖက်လူကို ဘယ်လိုနည်းနှင့်မျှ နိုင်ခြေမရှိသောကြောင့် ဖြစ်သည်။ နိုင်ခြေမရှိဘဲ ဖွတ်ကစားခြင်းသည် ပိုက်ဆံဖြုန်းတီးခြင်းမှတစ်ပါး အခြား မဖြစ်နိုင်ပေ။

ရေနံချောင်းတစ်မြို့လုံး ဘိလိယက်ခုံ ဆယ်ခုံလောက်ရှိသည့်အနက် ဤခုံပိုင်ရှင်က သဘောအကောင်းဆုံးဖြစ်သည်။ ဤခုံပိုင်ရှင်သည် ကိုယ့်လူကို ပွိုင့်လျှော့ထားပေးပြီး ကိုယ်နှင့်မတည့်သည့် တခြားလူကို ပွိုင့်တင်ပေးထားခြင်းမျိုး တစ်ခါမျှမလုပ်ဖူးခဲ့ချေ။ တစ်ခါတစ်ရံ ကြေးနည်းနည်းများလျှင်၊ ဥပမာ တစ်ရာတစ်ဆယ်ကြေးလောက် ကစားကြလျှင်၊ ပွဲစဉ်ကလည်း ဆက်တိုက် ဖြစ်နေလျှင် ထိုးသားများအတွက် နေ့လယ်စာကို သူကိုယ်တိုင် စီစဉ်ကျွေးမွေးလေ့ရှိသည်။ ပျံကျအလုပ်သမားများ၊ အလုပ်အကိုင် မရှိသူ ကလေကချေများ၊ အရက်သမား၊ ဆေးသမားများ၊





ဘိန်းစားများကိုလည်း သူက လူလိုသူလို နွေးထွေးစွာ ဆက်ဆံလေ့ရှိသည်။ သို့သော် အမှတ်ပေးရာတွင်တော့ တိကျပြတ်သား၏။ ဘိလိယက်စည်းကမ်းဥပဒေကို လုံးဝလိုက်နာသူဖြစ်၏။

ဖောင်း (Foul) ဖြစ်မည့်အပြုအမူတစ်ခု ပြုမူရန်ကြိုးစားနေသူ ထိုးသားကို သူပြုလုပ်မပြီးမချင်း လုံးဝသတိမပေး ၊ ပြီးမှ ဖောင်းအဖြစ် သတ်မှတ်သူဖြစ်သည်။ ‘ထိုးလမ်း မပြောရ’ ဟု ဆိုင်းဘုတ်ချိတ်ထားသည်နှင့်အညီ တစ်စုံတစ်ယောက်က တိုးတိုးတိတ်တိတ် ထိုးလမ်းပြောဖို့ကြိုးစားလျှင် ထိုလူကို မျက်နှာထားခပ်တည်တည်ဖြင့် ခုံထဲမှ နှင်ထုတ်လေ့ရှိသည်။ ကျူ (Cue) ထိပ်ဖြင့် လက်ကိုင်သော (Hand ball) ကို ချိန်ရင်း မတော်တဆ မသိမသာ ထိမိသွားလျှင် မျက်နှာလွှဲနေတတ်သူ မဟုတ်။ လုံးဝ အလှည့်ရပ်ကာ နောက်တစ်ယောက် အလှည့်ပေးလေ့ရှိသည်။ ထိုးသား၏ အင်္ကျီလက်ဖြစ်စေ၊ အင်္ကျီအောက်ပိုင်းစဖြစ်စေ ဘောလုံး တစ်ခုခုကို သွားထိသည်ကို မည်သူမျှ မမြင်လိုက်သော်လည်း သူမြင်လိုက်ပါက ဖောင်းအဖြစ်သတ်မှတ်၏။ ဘိလိယက်ထိုးရာ၌ ခြေနှစ်ဖက်လုံး ကြွကာ ခုံပေါ်သို့ ကိုယ်တစ်ခုလုံး အားပြုလျက် ထိုးခြင်းကို ဖောင်းအဖြစ် သတ်မှတ်၏။ ဤခုံတွင် မည်သူမဆို ခြေတစ်ဖက်သာ ကြွရမည်။

သို့သော်လည်း သူသည် သည်းခံစိတ်ရှည်နိုင်စွမ်းလည်း ရှိ၏။

တစ်ခါတုန်းက ဘိလိယက်ကို ထမင်းမေ့ဟင်းမေ့ ကစားသော ထိုးသားတစ်ယောက်၏ မိန်းမဖြစ်သူ ခုံထဲသို့ လိုက်လာဖူး၏။ ထိုအချိန်သည် သူမ၏ ယောကျ်ားဖြစ်သူက ကျူထိပ်ကို ချောခဲ (Billiard Chalk) ဖြင့် မပြီးနိုင် မစီးနိုင် ခြစ်လျက် ထိုးလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးအေး စဉ်းစားနေချိန်ဖြစ်သည်။ နံနက်ကပွဲသည် ညအထိ ဆက်ပြီး ထိုအချိန်က ညခုနစ်နာရီထိုးပြီးနေပြီ။ မိန်းမက ခါးထောက်၍ ဝင်လာပြီး သူ့ယောက်ျား၏ လက်ထဲမှ ကျူတံကို ဘာမပြော ညာမပြော ဆတ်ခနဲဆွဲယူကာ အနီးရှိတံခါးပေါင်တွင် ဖြောင်းခနဲ ရိုက်ချိုးပစ်လိုက်၏။ ထိုးသားများနှင့် ဘေးက ထိုင်ကြည့်နေသူများ ပါးစပ်အဟောင်းသား အံ့သြတုန်လှုပ်သွားကြသည်။ မိန်းမကတော့ ခပ်တင်းတင်းမျက်နှာထားကို မပြင်ဘဲ 'ရှင် ဒီဂေါ်လီခုံထဲမှာပဲ သေတဲ့အထိ နေနိုင်ရင် နေခဲ့၊ မနေနိုင်ရင် အခု ကျုပ်နောက်က လိုက်ခဲ့' ဟု တစ်ချက်လွှတ်အမိန့် ချသည်။ ထိုအခါ ယောက်ျားဖြစ်သူက ငိုမလို ရယ်မလိုမျက်နှာထားဖြင့် ခုံပိုင်ရှင်ကို အထပ်ထပ်တောင်းပန်ကာ မိန်းမနောက်သို့ ပျာပျာသလဲ လိုက်သွားလေတော့သည်။ ခုံပိုင်ရှင်က မချိပြုံး ပြုံးလျက် ထက်ပိုင်းကျိုးသွားသော ကျူတံကလေးနှစ်ပိုင်းကို လက်ထဲမှာ ဆကာဆကာ ကိုင်ကြည့်နေတော့၏။ ဘယ်လောက်များ သည်းညည်းခံနိုင်သလဲဆိုလျှင် သူက လျော်ကြေးမတောင်းချေ။ သို့သော် ခုံပိုင်၏ သည်းခံစိတ်ရှည်မှုကို နားလည်သော ထိုလူသည် တစ်နေ့လျှင် ငါးကျပ်သွင်းပြီး ရက်ပေါင်းနှစ်ဆယ်ကျော်ခန့် ကျူဖိုး ပြန်လျော်ခဲ့လေသည်။

တချို့ထိုးသားက ညစ်၏။ ခုံပိုင်နှင့် ခင်မင်ရင်းနှီးလာသောအခါ တစ်ခါတစ်ရံထိုးရင်းရှုံးလျှင် အကြွေးမှတ်ခိုင်း၏။ တဖြည်းဖြည်း ထိုအကြွေးကို ထိုနေ့အဖို့ ပြန်ချေနိုင်ဖွယ်ရာ လမ်းမမြင်တော့ချိန်မှာတော့ ကွမ်းယာသွားဝယ်မလိုလို ဆေးလိပ်သွားဝယ်မလိုလို အိမ်သာသွားချင်သလိုလို အကြောင်းတစ်ခုခု ပြလျက်





လှစ်ခနဲ ရှောင်ထွက်သွားတတ်၏။ ထို့နောက် လုံးဝပေါ်မလာတော့ချေ။ ထိုသူ၏အကြွေးကို (နိုင်သူအား) ခုံပိုင်က အိတ်ထဲမှ စိုက်၍ လျော်ပေးလိုက်ရ၏။ ပြီးမှ အခန်းခေါင်းရင်းက ကျောက်သင်ပုန်းကြီးပေါ်တွင် ကြွေးစာရင်း ရေးမှတ်ထားလိုက်လေသည်။ သို့သော် ထိုလူသည် နောက်တစ်နေ့လည်း မလာ နောက် တစ်ပတ်လည်း မလာတော့ဘဲ အခြားခုံများတွင် လှည့်ပတ်ထိုးနေတတ်၏။ အကြွေးဆပ်ရမည့် ကာယကံရှင်များအားလုံး ခုံသို့မလာဘဲ ခြေရာဖျောက်နေသောအခါ အကြွေးလည်း ဆုံးပြီး ခုံကြေး (ခုံကောက်ခ) လည်း လျော့နည်းသွားတော့သည်။

ထိုအခါမျိုးတွင် ခုံပိုင်ကသာ အလျှော့ပေးရလေ့ရှိ၏။ လမ်းမှာ တွေ့လျှင် ထိုအကြွေးအကြောင်း အစမဖော်ဘဲ နေ၏။ အခါကြီး ရက်ကြီးများ (ဥပမာ သင်္ကြန်ရက်) ရောက်သောအခါ ထိုအကြွေးများကို လျှော်ပစ်ကြောင်း ကြေညာရတော့သည်။ ထိုအခါကျမှ အကြွေးရှိသူများ တပျော်တပါး ပြန်ဝင်လာကြလေ့ရှိသည်။

သူသည် ဘိလိယက်ကို ချစ်မြတ်နိုးသည့်အားလျော်စွာ ဘိလိယက်နှင့် ပတ်သက်လျှင် အကောင်းကြိုက်သူဖြစ်၏။ ရေနံအရာရှိ ရိပ်သာက ဘိလိယက်ခုံ ပြီးလျှင် သူ့ခုံသည် ရေနံချောင်းမြို့တွင် အကောင်းဆုံး ပုဂ္ဂလိကပိုင်ခုံ ဖြစ်သည်။ နိုင်ငံခြားက တိုက်ရိုက်လာသော ဆယ့်နှစ်ပေခုံ၊ ခုံကြီးအမျိုးအစားဖြစ်သည်။ ကျင်း ခြောက်ကျင်းစလုံး စကေးကိုက် တစ်ရွေးမျှမလျော့သော ခုံ ဖြစ်သည်။ ကျောက်ပြားပေါ်မှာ နှစ်ထပ်ခင်းထားသော အစိမ်းပုပ်ရောင် သက္ကလတ်စသည် ပြန့်ပြူးနေ၏။ သူသည် ဘိလိယက်ဘောလုံးကိုပင်လျှင် အင်္ဂလန်ပြည်ဖြစ်ဘောလုံးကိုမှ သုံးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာအတွက် ဤခုံပိုင်ရှင်ကို ထိုးသားတိုင်း ကျေနပ်ကြပါသည်။

ထို့ကြောင့်လည်း ယနေ့ပွဲတွင် ပွဲကြည့်ပရိသတ်များ များပြားစွာ အားပေးလျက်ရှိသည်။

*

ဤကမ္ဘာလောကတွင် ဘိလိယက်ကို အကြောင်းအမျိုးမျိုးဖြင့် ကစားကြသည့်အနက် အငြိမ်းစား အစိုးရရှေ့နေဟောင်းသည် ဘိလိယက်ကို မကစားရလျှင် မနေနိုင်၍ကစားသော လူ အမျိုးအစားထဲတွင် ပါဝင်သည်။

အစိုးရရှေ့နေဟောင်းသည် တစ်မြို့လုံးတွင် ဘိလိယက် နည်းဥပဒေကို အကျွမ်းကျင် အလိုက်နာဆုံးဖြစ်၏။ ဘိလိယက်ကို ဖြောင့်မှန်စွာ ကစားသူလည်းဖြစ်သည်။ ဤမြို့တွင် လူအများဆုံး ကစားနေကြသော နည်းများမှာ ရှစ်လုံးဘောဟု သူတို့အားလုံးခေါ်သော (ဘောလုံးရှစ်လုံးဖြင့် ကစားရသည့်) ရာရှင်ပူး (Russian Pool)၊ 'အောလ်ဝေး' တိုင်ထောင် စသည့်နည်းများဖြစ်သော်လည်း သူအကြိုက်ဆုံးကစားနည်းမှာ နိုင်ငံခြားတွင် ကစားလေ့ရှိသော ဘိလိယက်ကစားနည်း (ဘောလုံးသုံးလုံးဖြင့် ကစားနည်း) သာ ဖြစ်သည်။ သူ အမြဲတမ်းပြောလေ့ရှိသော စကားတစ်ခုရှိသည်။

"ဘိလိယက်မှာ ချန်ပီယံဆိုတာ မရှိဘူး၊ အီးဇီး (Easy) ဆိုတာ မရှိဘူး"

သူသည် မည်သည့်နေရာတွင်မဆို အမှန်ကိုသာ လိုလားသူဖြစ်သည်။

ယှဉ်ပြိုင်သူနှစ်ဦး၏ဆန္ဒအရ ယခုယှဉ်ပြိုင်ပွဲတွင် အမှတ်ရေးသူ





မာကာ (Marker) အဖြစ် ဝင်ရောက်ဆောင်ရွက်ပေးရသည်။ စိတ်သဘောထား ကောင်းမွန်သော်လည်း မဟုတ်မခံ ဖြောင့်ဖြောင့်ကြီး ပွင့်လင်းစွာ ဖွင့်ဟတတ်သဖြင့် လူအများ၏ လေးစားခြင်းကို ခံရသူဖြစ်သည်။

သူသည် ယနေ့ပွဲတွင် ခုံပိုင်၏နေရာ၌ သူ အစားဝင်၍ ကစားပေးချင်လောက်အောင် ခုံပိုင်ရှင်ကို ကရုဏာသက်နေမိ၏။ ခုံပိုင်ရှင်မှာ လွန်ခဲ့သော နှစ်နှစ် ဤဘိလိယက်ခုံ မတည်ထောင်မီက သာ ကစားကျင့်ရှိပြီး ယခု ဘိလိယက်မကစားတော့သည်မှာ နှစ်နှစ် ရှိပြီ။ ဤနှစ်နှစ်အတွင်း မည်သည့်ခုံသို့မျှလည်း သွားမကစားပါဘဲ မိမိ၏ခုံတွင် မာကာဝင်လုပ်လိုက်၊ အပြင်ထွက် အရောင်းအဝယ်သမားလုပ်လိုက်နှင့် ဤလူသည် မည်ကဲ့သို့ လက်အချိန်အဆ၊ မျက်စိအမှန်းအဆ၊ ကိုယ်အနေအထား ကျွမ်းကျင်နိုင်တော့မည်နည်း။

အမှန်ကတော့ ဤပွဲသည် မိုက်မဲမှုတစ်ခုသာ ဖြစ်သည်။

ဤပွဲဖြစ်ပေါ်ရန် စတင်သည့်နေ့ကို သူကောင်းကောင်း မှတ်မိနေသေးသည်။

ထိုနေ့က ယခုပြိုင်ပွဲ၏ တစ်ဖက်လူ (သူ့နာမည်ကို ဤခုံ၏ ထုံးစံအရ အေ–တီ ဟု အင်္ဂလိပ်လို အတိုကောက်ရေးလေ့ရှိပြီး ခုတ်ဆိတ်ဟုလည်း ခေါ်ကြသည်။) က ပွိုင့် ၂၀၀ ဖြင့် သာမန်ပွဲတစ်ခု နှစ်ဆယ့်နှစ်ကျပ်ကြေးတွင် ဝင်၍ကစားသည်။ အားလုံး ကစားသူ လေးယောက်အနက် ပွိုင့်အနည်းဆုံးဖြစ်သော ကုတ်အကျီနှင့်လူက အနိုင်ရသွား၏။ ကုတ်အကျီနှင့်လူက ပွိုင့် ၈၀ ဖြင့် ကစားခြင်းဖြစ်သည်။ ဤအဖြစ်ကို မကျေနပ်သော မုတ်ဆိတ်က



www.burmeseclassic.com

www.burmeseclassic.com



မာကာလုပ်သော ခုံပိုင်ရှင်ကို (ခုံပိုင် မကြားနိုင်အောင် မသိမသာ) ဆဲရေးသည်။ ကုတ်အကျႌနှင့်လူ၏ လက်ရည်မှာ သာမန်အားဖြင့် ပွိုင့် ၈၀ သာရှိကြောင်း တစ်မြို့လုံး၏ ဘိလိယက်သမားတိုင်း သိကြ၏။ သို့ပါလျက် မုတ်ဆိတ်က မကျေနပ်သောအခါ ခုံပိုင်ရှင်က သူ့အနီးသို့ လျှောက်သွားပြီး လေအေးအေးဖြင့် ဖျောင်းဖျတော့သည်။

"ခင်ဗျားလဲ အသိသားနဲ့ ဘိလိယက်ကစားတဲ့နေရာမှာ ဘော်လပ် ဆိုတာလဲ အရေးကြီးတာပဲဗျ"

ဘော်လပ်ဟု အားလုံးပြောနေကြသော ကံကောင်းမှုမှာ (Ball Luck)ကို ဆိုလိုသည်။ လက်ဆမည်မျှပင် ကျွမ်းကျင်သူဖြစ်စေ တစ်ခါတစ်ရံ ဘော်လပ် (Ball Luck) မကောင်းလျှင် လိုသလို မဖြစ်သောကြောင့် မိမိ၏ပွိုင့်အမှတ်သို့ ဘယ်လိုမျှ မရောက်ဘဲ ရှုံးသွားတတ်၏။ တစ်ခါတစ်ရံတွင် ဘော်လပ်ကောင်းသူသည် ကံကောင်းထောက်မစွာ ဘောထိပြီး တစ်ဘရိတ်တည်း (One Break) နှင့် ဂိမ်းသွားနိုင်လေသည်။

"ရှီးတဲ့မှပဲ၊ ဘာဘော်လပ်မှ မဟုတ်ဘူး၊ ဒါ ပွိုင့်ခိုးတာ၊ ပွိုင့် လိမ်တာ"

မုတ်ဆိတ်က ရှူးရှူးရှဲရှဲဒေါသကြီးလျက် လက်မှာကိုင်ထားသော ကျူကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ သက္ကလတ်စ အသားပေါ်တွင် ကျူထိပ်နှင့် ထိမိပြီး အချိုင့်ရာကလေး မဆိုစလောက် ဖြစ်ပေါ်သွားသည်ကို မျက်နှာပျက်ပျက်ဖြင့် ကြည့်လိုက်သော ခုံပိုင်ရှင်သည် အနည်းငယ် ဒေါသထွက်သွား၏။





"ဘော်လပ်အရေးကြီးသလား မကြီးဘူးလား ခင်ဗျားသိချင်ရင် ကျုပ်နဲ့ယှဉ်ပြီး ဘက်တင်ထိုးရဲလား...ကဲ"

ခုံပိုင်ရှင်သည် ဘော်လပ်ကောင်းသူဟု နာမည်ကြီးခဲ့သည်။

"ဟာ...သိပ်ထိုးတာပေါ့၊ ခင်ဗျားပွိုင့်ဘယ်လောက်ရှိသလဲ၊ ခင်ဗျားသာ ပွိုင့်မလိမ်နဲ့"

"ကျွန်တော်ပွိုင့်ဘယ်လောက်ရှိခဲ့သလဲ ရေနံချောင်းမြို့ တစ်မြို့လုံးက ထိုးသားတိုင်း သိတယ်၊ မေးကြည့်"

ထိုစကားသို့ ရောက်သောအခါ သူမနေနိုင်တော့ပေ။ ထိုနှစ်ယောက် ရှိရာသို့ လျှောက်သွားရတော့သည်။

"ကဲ ကဲ...သူက လွန်ခဲ့တဲ့နှစ်နှစ်လောက်တုန်းက ပွိုင့်ဘယ်လောက် ရှိတာ အားလုံးသိတယ်၊ ဒါပေမဲ့ သူမကစားတာလဲ ဘိလိယက်ခုံ ထောင်ပြီးကတည်းကပဲ၊ ဒီတော့ သူ့ပွိုင့်ကို အခုဘယ်လိုလုပ် အမှန်ပြောနိုင်မလဲ၊ ၁၀၀ အထိ ကျချင်ကျသွားမယ်၊ လက်ဆလဲ ဘယ်မှန်တော့မလဲ၊ သေသေချာချာ ပြန်စစ်ကြည့်မှ ရမယ်"

"စိတ်မပူပါနဲ့ ဦးလေး၊ ကျွန်တော့်ကို ပြန်ပြီးလေ့ကျင့်ချိန် သုံးရက်သာ ပေးပါ၊ ပွိုင့် ၁၅၀ လောက်တော့ အနည်းဆုံး ပြန်ရမှာပါ၊ အဲဒီအချိန်မှာ ဦးလေးက မာကာလုပ်ပေးပါ"

ထိုနေ့ည ရှစ်နာရီခွဲသိမ်းခါနီး ပြန်အထွက်တွင်တော့သူ ခုံပိုင်ကို သတိပေးခဲ့သေးသည်။

"မင်း စဉ်းစားဦးနော်၊ ဒီကောင်က မြို့တကာလိုက်ပြီး ကြေးစား ထိုးစားနေတဲ့ကောင်၊ နောက်ပြီး ဒီကောင်ရဲ့အကျင့်က ပွိုင့်လိမ်ချင်တယ်၊ သူ့ပွိုင့်အမှန်က ငါသိသလောက်တော့ နှစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်နိုင်တယ်၊ ဟောဒီတစ်မြို့လုံးမှာ သေသွားတဲ့ ကိုမြဖေပြီးရင် သူ အတော်ဆုံးပဲ”

သို့သော် ဤမျှခေါင်းမာသော ကစားသမားတစ်ဦးကို သူ ဤတစ်ကြိမ်သာ တွေ့ဖူး၏။

“ကိစ္စမရှိပါဘူး၊ ကျွန်တော်နဲ့ ကစားတဲ့အခါ သူ့လက်အမှန်ပေါ်လာမှာပဲ၊ သုံးပွဲဆက်တိုက်သာ သူနိုင်နေရင် သူ့ကိုပွိုင့်တက်ခိုင်းရမှာပဲ၊ ပွိုင့် တက်မပေးနိုင်ရင် ဆက်မကစားနဲ့ပေါ့၊ နောက်ပြီး ကျွန်တော့်ကံကို ကျွန်တော်ယုံတယ် ဦးလေး”

ဤလူကတော့ ကံကိုယုံပြီး ဆုးချုံနင်းရန် ကြိုးစားနေပြီ။

*

ဤကမ္ဘာလောကတွင် ဘိလိယက်ကို အကြောင်းအမျိုးမျိုးဖြင့် ကစားကြသည့်အနက် မုတ်ဆိတ်သည် ပိုက်ဆံလိုချင်၍ ကစားသူဖြစ်သည်။

သူသည် နယ်လှည့်၍ဘိလိယက်ကစားသူ ကြေးစားသမားဖြစ်၏။ မကွေးတိုင်းအတွင်း သူ မကစားဖူးသောမြို့ဟူ၍ မရှိသလောက် ရှားပါးလှသည်။ လောင်းကြေးများမှ သူစိတ်ဝင်စားသည်။ သာမန် အပျင်းပြေပွဲဆိုလျှင်လည်း အနည်းဆုံး နှစ်ဆယ်နှစ်ကျပ်ကြေးလောက်မှ သူစိတ်ဝင်စားတတ်၏။ သူ အများအားဖြင့် ကစားလေ့ရှိသော ပွဲမှာ တစ်ရာ့တစ်ဆယ်ကြေးဖြစ်သည်။

ပွိုင့် ၂၀၀ လောက် တစ်ဘရိတ်တည်း အမှတ်ရအောင် ကစားဖူးသည်။ ပွိုင့်ချိတ်ဖို့ လက်ရည်စမ်းစဉ် သူ့လက်ရည်မှာ ပွိုင့် ၁၀၀ လောက်ဟု ခန့်မှန်းရသော်လည်း သူသည် ငွေကိုမြင်လျှင် မျက်လုံး





များ တောက်ပြောင်အရည်လဲ့လျက် ဘောလုံးကလေးများပေါ်တွင် အာရုံစူးစိုက်မှု ပိုကောင်းလာတတ်၏။

သူသည် ကျူကိုင်ရာတွင်လည်း ဟန်ပန်အလှပဆုံး ဖြစ်သည်။ သူ့လက်သည် ကျူတံအရင်းကို ဆုပ်ကိုင်ရာ၌ ထိသည် ဆိုရုံကလေး ဖွဖွကလေး ကိုင်ခြင်းဖြစ်သည်။ ကျူကို ချိန်လျှင် ခါးကိုနွဲ့လျက် ရှေ့လက်ပြင်တစ်ခုလုံး ခုံပေါ်မှာ ကိုင်းညွတ်သွားပုံကိုကလုပသည်။ သူ့မေးစေ့အောက်ပိုင်းမှာ မုတ်ဆိတ်အရှည်ဖြင့် ဖုံးလွှမ်းလျက်ရှိပြီး ရှည်လျားသော မုတ်ဆိတ်အခွေများသည် သူကျူချိန်နေစဉ် ကျူတံပေါ်သို့ ဝိုက်ကွေးစွာ ပုံကျနေတတ်၏။

သူသည် ငွေမျက်နှာတစ်ခုတည်းဖြင့် အသက်ရှင်သူ ဖြစ်၏။ သူ့အိမ်ထောင်နှင့် ကလေးသုံးယောက်ကို ကြေးစားဘိလိယက်သမား ဘဝဖြင့် ငွေရှာကျွေးသူဖြစ်သည်။ သူ တစ်နေကုန် ဘိလိယက်ခုံထဲမှာ ရှိနေခြင်းကို အများတကာမိန်းမများကဲ့သို့ သူ့မိန်းမက ငြူစူစောင်းမြောင်းခြင်း မရှိ။ နေ့လယ် တစ်နာရီလောက်အထိ ပွဲမပြီးသေးသောနေ့များတွင် သူ အိမ်မပြန်ဖြစ်မှန်း သိလိုက်သော သူ့မိန်းမသည် သူ့အတွက် ထမင်းချိုင့်ကို ဘိလိယက်ခုံထဲအထိ လိုက်ပို့ပေးလေ့ရှိ၏။ ထိုမိန်းမသည် အိမ်မှာ ကုန်စုံဆိုင်ဖွင့်ထားပါလျက်နှင့် သားကိုမလွှတ်ဘဲ မအားလပ်သည့်ကြားက ကိုယ်တိုင်ထမင်းချိုင့် လာပို့ခြင်းဖြစ်လေသည်။

သူသည် သူ့မိန်မကို ကိုင်တွယ်ထိန်းသိမ်းရာ၌ ကျူကို ကိုင်သလို ကျွမ်းကျင်၏။ အလွန်စွာသော သူ့မိန်းမသည် သူ့ရှေ့ရောက်လျှင် ဝပ်စင်းနေတတ်၏။ သူက သူကြိုက်သော ဟင်းမဟုတ်လျှင် ထိုဟင်းချိုင့်ကို အခန်းအပြင်ဘက် လမ်းပေါ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် လွှင့်ပစ်တတ်သေး၏။ ခုံထဲရှိ ထိုးသားအားလုံး မှတ်ဆိတ်၏ မိန်းမကိုင်တွယ်ထိန်းသိမ်းပုံကို သဘောကျကြ၏။ သူ့မှာ နည်းကောင်းတစ်ခုတော့ရှိနိုင်သည်ဟု ခပ်တိုးတိုး ကျိတ်မေးကြဖူးသည်။

“မိန်းမတစ်ယောက်ကို နိုင်နင်းဖို့ဟာ ဘိလိယက်သမား တစ်ယောက်အတွက် မခက်ခဲပါဘူးဗျာ၊ ဘိလိယက်ကစားသလိုပဲ ပညာသုံးရတာပဲ၊ မိန်းမတွေရဲ့စိတ်က အချိန်အမျိုးမျိုး၊ အခြေအနေ အမျိုးမျိုးကို လိုက်ပြီး ပြောင်းတတ်တယ်ဗျ၊ သူတို့ကို ထိန်းသိမ်းနိုင်ဖို့က အဲဒီအချိန်မှာ ရှိနေတဲ့ သူတို့စိတ်ကို သဘောပေါက်ဖို့ပါပဲ၊ ဒါပြီးရင် လွယ်သွားပြီ၊ နည်းလမ်းကို ခင်ဗျားသိသွားပြီပေါ့၊ ခင်ဗျားအနေနဲ့ အမှတ်အများဆုံး ရဖို့ ဘယ်ဘောလုံးကို ထိုးရင် သင့်တော်မလဲ အရင်ရွေးရမယ်၊ ထိုးလမ်းကို တစ်ခါတည်း ရွေးရမယ်၊ ထိုးလမ်းမှန်ရုံနဲ့လဲ မရသေးဘူးဗျ၊ အချိန်အဆ အထု အပါးကို ချင့်ချိန်ရဦးမယ်၊ နောက်ပြီး ချက်ဆိုက် (Check Side) သုံးမလား၊ အိုးပင်းဆိုက် (Open Side) သုံးမလား ဒါကိုလဲ စဉ်းစားရတာပေါ့ဗျာ၊ အေးဗျာ…ဒီနေရာမှာ အလေ့အကျင့်လဲ များများလိုတာပေါ့ဗျာ” ဟု ပြောလျက် စကားမဆုံးသေးသလို ခပ်ဖွဖွ ရယ်မောစဉ်းစားရင်း စကားရပ်ပစ်တတ်၏။

အံ့ဩစရာကောင်းသည်မှာ သူသည် ဒေါသကြီးသူဖြစ်သော်လည်း သူ့မိန်းမကို တစ်ကြိမ်တစ်ခါမျှ ကိုယ်ထိလက်ရောက် မရိုက်နှက်ဖူးခြင်းပင် ဖြစ်သည်။

မိန်းမကို ဝင်ငွေအများဆုံး ရှာပေးနိုင်သူ ရေနံအရာရှိ တစ်





ယောက်ကတော့ ‘မိန်းမတစ်ယောက်အပေါ် မီးသေဖို့က ဝင်ငွေကောင်းကောင်းရှာပေးနိုင်တာနဲ့ မဆိုင်ဘူးဗျ’ ဟု ဝန်ခံ၏။

ထိုအခါမျိုးတွင် မှတ်ဆိတ်သည် လျှို့ဝှက်ချက်တစ်ခုကို တစ်သက်လုံး ထိန်းသိမ်းထားမည့် မျက်နှာထားမျိုးဖြင့် အပေါ်စီးအပြုံးပြုံးလျက် ငြိမ်သက်နေလေ့ရှိသည်။

သူသည် စိန်ခေါ်ပွဲတစ်ခုကို နိုင်ခြေမရှိဘဲ ဘယ်တော့မျှ လက်ခံလေ့မရှိ။ ဆယ်ပွဲတွင် ရှစ်ပွဲလောက် အနိုင်ရမည်ထင်မှ ကစားသူဖြစ်သည်။ သူ နိုင်ဖို့အတွက် တစ်ဖက်လူအပေါ် ကောက်ကျစ်ရန်လည်း ဝန်မလေးချေ။ သူ၏ ကောက်ကျစ်နည်းတစ်ခုမှာ သူ ပထမဆုံး စကစားရသည့် အလှည့်နှင့် ကြုံလျှင် သူ့နောက်က ကစားရမည့် သူကလည်း သူနှင့်မတည့်သူဆိုလျှင် ဘောလုံးအနက်ကို ဘောက်လိုင်း (Baulk Line) အတွင်း ရောက်အောင် ထားခဲ့တတ်ခြင်းဖြစ်သည်။ (ဤမြို့တွင် အများဆုံးကစားသော နည်း မှာ ‘ရာရှင်ပူး’ သို့မဟုတ် ‘အောလ်ဝေး’ ဖြစ်သောကြောင့် မည်သူမဆို အနက်ဘောကို ပထမဆုံးစတင်၍ ထိအောင် ‘Black Start’ ကစားရသည်။ အနက်ရောင်ဘောလုံးက ဘောက်လိုင်းအတွင်း ရောက်နေသောအခါ ကစားသူသည် ဘိလိယက်ဥပဒေအရ ဘောက်လိုင်းအတွင်းမှ လက်ကိုင်ဘောဖြင့် ထိပ်ကူရှင်ကို ထိပြီး ထိုပြန်လာသော လက်ကိုင်ဘောဖြင့် အနက်ကို ထိယူရမည်။) ထိုအခါ နောက်လူအဖို့ စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။

ထိုးသားဆယ်ယောက်တွင် ရှစ်ယောက်သည် သူ၏ လောဘကြီးမှု၊ ကောက်ကျစ်မှု၊ လိမ်လည်မှုတို့ကို ရိပ်မိသိရှိစွာ [illegible]ဆုပ်ကြပြီး သူနှင့်အတူ ကစားရမှာလည်း အလွန်ကြောက်၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူသည် အမြဲလိုလို နယ်လှည့်ကစားရသည်က များသည်။ ကစားတိုင်းလည်း ပွိုင့်လိမ်တတ်၏။ ဤမြို့တွင် သူနှင့်အတူ တွဲဖက်၍ ကစားကြသူများမှာ နှစ်မျိုးသာရှိ၏။ တစ်မျိုးက ဘိလိယက် ကစားရလျှင် ပြီးရော ဟူသည့် ဝါသနာကြီးလွန်းသူများ၊ နောက်တစ်မျိုးက ဘိလိယက်လောကတွင် အချဉ်ဟုခေါ်သော ပိုက်ဆံ ဝင်ငွေများပြီး ကြွားဝါလိုသူ၊ ဘိလိယက်ကစားနည်းကိုလည်း လုံးဝမကျွမ်းကျင်သူများ ဖြစ်ကြသည်။

ဘာပဲဖြစ်ဖြစ် သူ ဘိလိယက်ကစားတော်သူဖြစ်ကြောင်းတော့ လူတိုင်း ယုံကြည်ကြ၏။ သူ့ကိုယ်သူလည်း ယုံကြည်၏။ ထို့ကြောင့်လည်း ယမန်နေ့ညက ပွဲသိမ်းသောအခါ နောက်ဆုံးပွဲစဉ်တွင် သူရှုံးနိမ့်သွားသော်လည်း ယနေ့ပွဲဆက်ဖို့ သူကပင် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ပရိသတ်ထဲတွင် ခုံပိုင်ရှင်၏အနိုင်နှင့် မုတ်ဆိတ်၏အနိုင်ကို လောင်းကြသည့် ကျိတ်ပွဲကလေးတစ်ခုလည်း လူနှစ်ယောက် အကြားတွင် ပေါ်ပေါက်လာတော့သည်။ တစ်ယောက်မှာ 'တီ–အမ်' ဟု နာမည်အတိုကောက်ရေးရသော ကုတ်အင်္ကျီနှင့်လူ ဖြစ်ပြီး နောက်တစ်ယောက်မှာ 'ဘီ–ကေ' ဟု ရေးရသော ရပ်ကွက်လူကြီး ဟောင်း ဖြစ်သည်။

*

ဤကမ္ဘာလောကတွင် ဘိလိယက်ကို အကြောင်းအမျိုးမျိုးဖြင့် ကစားကြသည့်အနက် ကုတ်အင်္ကျီနှင့်လူသည် အကြောင်းနှစ်မျိုးဖြင့် ကစား၏။ ပထမအကြောင်းမှာ အိမ်မှထွက်ပြေးလွတ်မြောက်





လို၍ဖြစ်ပြီး ဒုတိယအကြောင်းမှာ အရက်၊ သို့မဟုတ် တစ်ခုခု သောက်ချင်၍ဖြစ်သည်။

သူသည် အိမ်ထောင်မရှိသော လူလွတ်လူငယ်တစ်ယောက် ဖြစ်သည်။ ယခုတိုင် အသက်ထင်ရှားရှိနေသော ဂုဏ်သရေရှိမိဘ နှစ်ပါးမှ မွေးဖွားသော်လည်း မိဘများကို ကျေးဇူးမတင်တတ်ဘဲ အရက်နှင့် အခြားတစ်ခုခုကိုသာ ကျေးဇူးအောက်မေ့တတ်သူ ဖြစ်သည်။ တစ်မြို့လုံးတွင် ဂစ်တာတီး အထူးချွန်ဆုံး၊ စာပေဝါသနာလည်း အကြီးမားဆုံးဖြစ်သော်လည်း ပေတေသည့်ဘက်မှာတော့ နှစ်ယောက်မရှိ ထူးခြားသူဖြစ်သည်။ အိမ်ရာအတည်တကျ မရှိသော လူလေလူလွင့်တစ်ယောက်သဖွယ် မြို့ပေါ် မြို့စွန်က သချိုင်းကုန်း ဇရပ်များ၊ ဘုရားဟောင်း ကျောင်းပျက်များတွင် အပေါင်းအသင်းများနှင့် တပျော်တပါးအိပ်စက်လေ့ရှိသည်။ နှစ်ရက် သုံးရက် နေမှ ထမင်းတစ်နပ်လောက် စားချင်စားတတ်၏။ အလွန်တရာ ငတ်ပြတ်ဆာလောင်လာမှ သူအိမ်ပြန်လေ့ရှိသည်။ သူ၏ အိမ်ပြန်ရခြင်း အကြောင်းရင်းမှာ ထမင်းစားရန်၊ သို့မဟုတ် ရေချိုးရန်သာ ဖြစ်၏။ တစ်ခါတစ်ရံ ခုံပိုင်ရှင်က ထမင်းကျွေးရတတ် သေးသည်။

သူသည် နွမ်းမိုးဆောင်း ရာသီမရွေး ကုတ်အင်္ကျီကိုမချွတ်တမ်း ဝတ်လေ့ရှိသည်။ ရေနံချောင်းမှ စက်ချုပ်ဆရာများကို အထင် မကြီးဟုဆိုကာ အကောင်းစားပိတ်စများကို တောင်ကြီးသို့ ပေးပို့၍ ချုပ်ထားသော ကုတ်အင်္ကျီဖြစ်၏။ သူသည် အရက်နှင့် ဆေး (မျိုးစုံ) ကို ထမင်းထက်ပို၍ ခင်တွယ်၏။ ဆေးမစားမီပုံနှင့် ဆေးစားပြီးပုံလို အစပထမ၌ သူ့ပုံစံမှာ ဖိုသီဖတ်သီ မာရေကျောရေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားနှင့်ဖြစ်သော်လည်း ထို့နောက် တဖြည်းဖြည်း နူးညံ့သိမ်မွေ့လာတတ်သည်။

ရေနံချောင်းတစ်မြို့လုံးရှိ ဘိလိယက်ခုံတကာတွင် ကစားခဲ့သော်လည်း ဤခုံတွင် အများဆုံးကစားလေ့ရှိ၏။ အကြောင်းမှာ ဤခုံတွင် သူသည် ရှယ်ယာကို အကြွေးတင်၍ရသောကြောင့်ဖြစ်သည်။ 'ရှယ်ယာ တင်ပါ'ဟူသော နံရံကပ်ဆိုင်းဘုတ်သည် သူနှင့် မသက်ဆိုင်သလိုပင် ဖြစ်၏။

သူ့မှာ ပိုက်ဆံပြတ်နေလျှင် ခုံထဲသို့ မျက်နှာထား ခပ်တင်းတင်းဖြင့် ဝင်လာ၏။ ထို့နောက် ဘယ်တော့မှုမချွတ်သော သူ့ကုတ်အင်္ကျီကို ခပ်ဖြည်းဖြည်းလေး ချွတ်၏။ ထို့နောက် မာကာလုပ်နေသော ခုံပိုင်ရှင်ကို စူးစူးစိုက်စိုက်ကြည့်၏။ ထို့နောက် ပွိုင့်ရေးချိတ်သည့် ကျောက်သင်ပုန်း၏ ဘေးနံရံရှိသံချိတ်တွင် ကုတ်အင်္ကျီကို သေသေသပ်သပ်ကလေး ချိတ်လိုက်၏။ ပြီးမှ ခုံပိုင်ရှင်ကို လှမ်းကြည့်၍ မျက်ခုံးပင့်ကာ ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ ထိုအခါ သူ့လှုပ်ရှားမှုကို မျက်ခြည်မပြတ်စောင့်ကြည့်နေသော ခုံပိုင်ရှင်က မရယ်မပြုံး ခေါင်းညိတ်ကာ မြေဖြူဖြင့် သင်ပုန်းပေါ်တွင် အခြားနာမည်များ၏ အောက်နား၌ 'တီအမ်–၈၀'ဟု ရေးလိုက်သည်။ ထို့နောက် သူ့အတွက် ရှယ်ယာငွေကို အိတ်ထဲမှ စိုက်ထုတ်၍ တင်ပေးလိုက်သည်။

သူသည် ကစားရင်း ရှုံးသွားလျှင် တကယ်ပင် ထိုကုတ်အင်္ကျီကို ထားပစ်ခဲ့၏။ သို့သော် ထိုကုတ်အင်္ကျီမှာ ခုံပိုင်အတွက် ဘာမျှ အသုံးမဝင်ချေ။ သူသည် ကိုယ်ခန္ဓာသေးညှက်ပြီး ခုံပိုင်က ကိုယ်ခန္ဓာ ထွားကျိုင်းမြင့်မားသောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံ





ထိုကုတ်အင်္ကျီသည် ထိုနံရံချိတ်မှာ တစ်ပတ်လောက် ချိတ်လျက်သား ရှိနေတတ်သည်။

ကံအားလျော်စွာ ကစားရင်း နိုင်သွားလျှင်တော့ ခုံထဲမှ ခဏထွက်သွားမည်။ ဆယ့်ငါးမိနစ်လောက်ကြာသောအခါ နူးညံ့သိမ်မွေ့သော မျက်နှာထား၊ ရီဝေသော မျက်လုံးရွဲများဖြင့် အခန်းထဲသို့ ပြန်ဝင်လာမည်။ နောက်ပွဲ ကစားလိုလျှင် ရှယ်ယာတင်ပြီး ဝင်ကစားမည်။ ထိုအချိန်တွင် သူ သောက်လာခဲ့သည်မှာ အရက်ဖြစ်လျှင် သူကစားရာတွင် ထိုးလမ်းကို ရဲရင့်စွာ ရွေးချယ်၍ စွတ်ကစားလေ့ရှိသည်။ အရက်မဟုတ်ဘဲ ဆေးရည်ဖြစ်လျှင်တော့ ထိုးလမ်းကို စိတ်တည်ငြိမ်စွာ ရွေးချယ်ပြီး မှန်ကန်စွာ ကစားနိုင်လေ့ ရှိသည်။ သူသည် ဆက်တိုက်နိုင်နေစေကာမူ နောက်ထပ်ပွဲစဉ်များများ မဆက်တော့ဘဲ ဖြတ်ထားလိုက်လေသည်။ ထို့နောက် ဘေးနံရံတွင်ကပ်၍ ခုံရှည်ပေါ်တွင်ထိုင်ကာ ရီဝေသော မျက်လုံးရွဲများဖြင့် အခြားသူများ ကစားသည်ကို ပြုံးကြည့်နေသည်။

ယနေ့ပွဲတွင် မုတ်ဆိတ်ဘက်မှ ငွေငါးဆယ် သူလောင်းထား၏။

*

ဤကမ္ဘာလောကတွင် ဘိလိယက်ကို အကြောင်းအမျိုးမျိုးဖြင့် ကစားကြသည့်အနက် ရပ်ကွက်လူကြီးဟောင်းသည် အချိန်ဖြုန်းရန် ကစားသည်။

သူ့မှာ သားသမီးငါးယောက်ရှိပြီး သားသမီးအကျိုးပေးကောင်းသူ ဖြစ်သည်။ စားဝတ်နေရေးအတွက် လုံးဝပူပင်စရာမလိုသော ပျော်ရွှင်နိုင်သူတစ်ဦး ဖြစ်သည်။ အများတကာ အသက်ကြီးသူ



www.burmeseclassic.com

www.burmeseclassic.com



များလို ဘုန်းကြီးကျောင်းသွားဖို့ စိတ်မကူး၊ ဘုရားရှိခိုးဖို့လည်း စိတ်မကူး၊ စိပ်ပုတီးလည်း မကိုင်ဖြစ်ပေ။

"ဘီလိယက်ကစားတာဟာ စိပ်ပုတီး စိပ်သလိုပဲ သိပ်စိတ်တည်ငြိမ်တဲ့အလုပ်ကွ"

ထိုစကားဖြင့် စိပ်ပုတီး လက်ကမချသော မိန်းမဖြစ်သူကို ရန်စလေ့ ရှိသည်။

"မင်း စဉ်းစားကြည့်...ဘီလိယက်ကစားခြင်းအားဖြင့် အချိန်ဟာ မသိလိုက် မသိဘာသာ ကုန်သွားတယ်၊ နောက်ပြီး စိတ် ပျံ့လွင့်မှုလဲ မရှိတော့ဘူး၊ ကစားသူရဲ့စိတ်က သူ့ကျူထိပ်ကလေးရယ်၊ ထိုးဘောကလေးရယ်၊ ခံဘောကလေးရယ်၊ ထိုးလမ်း မှန်ကန်ဖို့ရယ် ဒါကိုပဲ တစ်သမတ်တည်း အာရုံပြုနေရတာ၊ အနားမှာ ဘာရှိရှိ လှည့်မကြည့်နိုင်ဘူးကွ၊ ခုံအပြင်ဘက် လမ်းပေါ်မှာမိန်းကလေး လှလှ ဖြတ်သွားလို့လဲ စိတ်ဝင်စားနိုင်မယ် မထင်နဲ့၊ အဲဒီအချိန်မှာ စိတ်ဟာ စုစည်းပြီးသား၊ စိတ်ကြည်လင်တည်ငြိမ်နေမှလဲ ကစားရတာ၊ လောဘရှိနေရင် ကစားလို့မရဘူး၊ ဒေါသ ရှိနေရင် ကစားလို့မရဘူး၊ ဥဒ္ဒစ္စရှိနေရင် ကစားလို့မရဘူး၊ ဘယ်လောက် သမာဓိကောင်းတဲ့ ကစားနည်းလဲ"

"သာဓုပါတော်...သာဓုပါ"ဟု သူ့ဇနီးက မဲ့ရွဲ့ပြောလျှင် သူ တဟားဟားရယ်လေ့ရှိသည်။

"ဘီလိယက်ကစားတာဟာ အထက်တန်းကျကျ သူ့ဥပဒေနဲ့သူ ကစားရတာကွ၊ မင်းထင်သလို အောက်တန်းမကျဘူး၊ ဒါ နိုင်ငံတကာ ကစားနည်းတစ်ခုပဲ၊ လူကြီးလူကောင်းတွေရဲ့အညောင်းအညာပြေ အပန်းဖြေနည်းတစ်ခုပဲ"





နေ့စဉ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအဖြစ် သားအငယ်ဆုံးကို လက်တွဲ၍ လမ်းလျှောက်လေ့ရှိသော ဇနီးဖြစ်သူက သူ့အား လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို ပြောပြလျှင် သူ မထိတထိ ပြုံးတတ်၏။

"နေစမ်းပါကွာ၊ ငါ တစ်နေ့တစ်နေ့ ဘီလိယက်စားပွဲကို ပတ်ပြီး ထိုးနေတာဟာ အလကားမဟုတ်ဘူးကွ၊ ဒါ အားကစား လေ့ကျင့်ခန်းတစ်ခုပဲ၊ ဘီလိယက်စားပွဲတစ်ခုဟာ အလျား ဆယ့်နှစ်ပေ၊ အနံ ခြောက်ပေရှိတယ်၊ အဲဒီခုံကို တစ်နေ့တစ်နေ့ ဟိုဘက်ဒီဘက် ပတ်လှည့်ပြီး ပွဲပေါင်းများစွာ ထိုးနေတာ ငါတစ်နေ့ကို ဘယ်နှမိုင်စာလောက် လမ်းလျှောက်ဖြစ်မယ်လို့ မင်းထင်လဲ"

သို့သော် ရှည်ကိုင်းသောအရပ်မှာ တဖြည်းဖြည်း ပို၍ပို၍ကိုင်းလာသည်ကို သူ့ဇနီးက ချက်ကျလက်ကျ ထောက်မေးလျှင်တော့ သူဘယ်လိုမှ မဖြေရှင်းတတ်ပေ။

ဘယ်လောက် စကားကြီးစကားကျယ်တွေ ပြောပြော သူ့လက်ကတော့ သိပ်မကောင်းလှပေ။ ပွိုင့် ၇၀ ဆိုသည်မှာ အလွန်ဆုံးဖြစ်သည်။ သူသည် ဘော်လပ်ကို ယုံကြည်သူဖြစ်၏။ အကြောင်းမှာ သူထိုးချင်သော ခံဘောလုံးတစ်လုံးဆီသို့ ထိုးဘောက ရောက်မသွားဘဲ မထင်မှတ်သော အခြားခံဘောတစ်လုံးကို သွားထိပြီး ဝင်တတ်သောကြောင့်ဖြစ်သည်။ ထိုအခါမျိုးတွင် ငြိမ်သက်တိတ်ဆိတ်နေသော ဘီလိယက်ခုံထဲတွင် ဖလွတ် (**Fluke**) ဟူသော သူ့အသံ လွတ်ခနဲပျော်ရွှင်စွာ ထွက်သွားတတ်၏။ အားလုံးက ဟားခနဲ ရယ်မောတတ်ကြသည်။ ထိုအခါမျိုးတွင် သူသည် ခြေနှင့် ခြေဖဝါး မထိဘဲ မြောက်ကြွမြောက်ကြွဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘော်လပ်ကို ယုံကြည်သူဖြစ်သည့်အားလျော်စွာ ယနေ့ပွဲတွင် ခုံပိုင်ဘက်မှ ငွေငါးဆယ်လောင်းထား၏။

*

ပုံစံအမျိုးမျိုး၊ အရွယ်အမျိုးမျိုးနှင့် လူနှစ်ဆယ်ခန့်သည် ဘောတန်းနှင့် ကပ်လျက် ခုံရှည်များပေါ်တွင် ထိုင်သူ ထိုင်၊ ဘေးမှာ မတ်တတ်ရပ်သူ ရပ်ဖြင့် ဘိလိယက်စားပွဲဆီသို့ စူးစိုက်ကြည့်ရှုနေသည်။

ခေါင်းရင်းက အကြွေးစာရင်းမှတ်သည့် ကျောက်သင်ပုန်းကြီးရှေ့ ကွက်လပ်နေရာ၌ သုံးလေးပေမြင့်သော ခုံရှည်တစ်ခု ချထားသည်။ အစိမ်းနှင့်အဖြူကွက်ကျဲ စားပွဲခင်း ခင်းထားသော ထိုခုံရှည်ပေါ်တွင် အဖြူရောင် ကြွေရည်သုတ်ဇလုံထဲ၌ အုန်းသီး ငှက်ပျောသီးတို့ လှပစွာထည့်ထားသော ကန်တော့ပွဲတစ်ပွဲ တင်ထား၏။ ထိုကန်တော့ပွဲမှာ ပြိုင်ပွဲစသည့်နေ့မှစ၍ ခုံပိုင်က ဘုရားကို သာသနာပွဲအဖြစ် ကပ်လှူပူဇော်ထားသည်ဖြစ်ရာ ယနေ့တတိယမြောက်နေ့တွင် ကန်တော့ပွဲငှက်ပျောသီးများကြားတွင် ထိုးစိုက်ထားသော သပြေပန်းတို့မှာ နွမ်းရော်နေကြပြီ။ ဤအခန်းတွင် ဘိလိယက်စားပွဲစတင်ခင်းကျင်းသည့်နေ့က ပထမဆုံးအကြိမ် ကန်တော့ပွဲပေးပြီးနောက် နှစ်နှစ်အကြာမှ ကန်တော့ပွဲ ထပ်မံမြင်ရခြင်းဖြစ်သည်။ ယခုကန်တော့ပွဲသည် ဒုတိယအကြိမ်ဖြစ်၏။

နှစ်ရက်ဆက်တိုက် ယှဉ်ပြိုင်ပြီးသမျှတွင် ပွဲစဉ် ခပ်နည်းနည်းသာ နိုင်လျက် များများရှုံးနေသော ခုံပိုင်၏မျက်နှာသည် အများခန့်မှန်းထားသလို သွေးရှူးသွေးတန်း အမူအရာမျိုးမရှိဘဲ တည်ငြိမ်





နေ၏။ မှတ်ဆိတ်ကလည်း နိုင်နေသူဖြစ်ပါလျက် သူ့မျက်နှာတွင် အောင်နိုင်သူတို့၏ အပြုံးမျိုး မရှိဘဲ ခပ်တည်တည်မျက်နှာမှာ အာရုံစူးစိုက်မှုအပြည့် ဖြစ်သည်။

ယနေ့ တတိယမြောက်နေ့၏ ပထမဆုံးပွဲစဉ်တွင် စတင်ကစားခွင့်ရသူမှာ ခုံပိုင်ဖြစ်သည်။

သူ၏ ဘော်လပ်သည် ယနေ့မှ သူ့ထံသို့ ပြန်လည်ရောက်ရှိလာဟန်တူသည်။

သူသည် ပထမဆုံး ဘောက်လိုင်း (Baulk Line) အတွင်း စက်ဝိုင်း၏ ညာဘက်ကျကျ အဝါဘောလုံးဘေးနေရာဆီမှာ လက်ကိုင်ဘောကို တည်လိုက်၏။ ထို့နောက် အနက်ရောင်ဘောလုံးမှ အနီနှင့် (Kiss Cannon) လှမ်းယူလိုက်ကာ အနီကိုအရှေ့ကျင်းသို့ အင့်နောက် (In Off) ကျန်အောင် ထိုးလိုက်လေသည်။

"လိုက်တဲ့ အကွက်လေး"

ပရိသတ်ထဲမှ တစ်စုံတစ်ယောက်၏ ခပ်တိုးတိုး အာမေဋိတ်သံသည် 'မဆူညံပါနှင့်'ဟု ရေးထားသော ဆိုင်းဘုတ်အနီးမှ ပေါ်ထွက်လာခဲ့သည်။

ထိုအချိန်မှစ၍ အနက်တစ်လှည့်၊ ပန်းရောင်တစ်လှည့်၊ အပြာတစ်လှည့် ကစားသွား၏။ အနီရောင်သည် အမှတ်အများဆုံးဖြစ်ပြီး သူ့ကို ထိပါလျက် ကျင်းထဲမဝင်လျှင် ရပြီးသမျှ အမှတ်များ အပြင် ၂၁ မှတ် နုတ်ပစ်ရသော်လည်း ခုံပိုင်ကတော့ အနီဘောလုံးကို စားရအောင် ပလေစင် (Placing) ဖြင့် လှပစွာ ကစားသွားသည်။ ဘယ်လောက်များ ကံကောင်းလိုက်သလဲဆိုလျှင် သူ ထိုးလိုက်သမျှ အနီဘောလုံးများမှာ ဘယ်တော့မျှ မလွဲပေ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်တည်း (One Break)နှင့် အမှတ် ၁၈၀ ရပြီး သုံးပွဲ ဆက်တိုက် ဂိန်းသွားချိန်တွင်တော့ မဆူညံပါနှင့်ဟု တားမြစ်ထားသော အခန်းထဲတွင် ပွဲကြည့်ပရိသတ်၏ လက်ခုပ်သံများဖြင့် ဆူညံသွားတော့သည်။ ပြုံးရယ်လာသော ခံပိုင်၏မျက်နှာနှင့် ဆန့်ကျင်စွာပင် မှတ်ဆိတ်၏မျက်နှာမှာ မည်းသွားလေသည်။

"ခင်ဗျား ပွိုင့်နှစ်ရာ တက်ပေးတော့" မှတ်ဆိတ်က ခပ်ပြတ်ပြတ် အမိန့်ပေး၏။ ပြုံးနေသော ခံပိုင်၏မျက်နှာ မည်းသွားပြီး ဟာခနဲ ညည်းညူလိုက်သည်။

"ခင်ဗျား လူဝါးမဝနဲ့...တက်ကို တက်ပေးရမယ်"

"ဘာဖြစ်လို့ ပွိုင့်နှစ်ဆယ်ကြီးတောင် တက်ပေးရမှာလဲဗျ၊ မတက်ဘူး၊ မကျေနပ်ရင် ဆက်မကစားနဲ့ပေါ့"

သူတို့ချင်း နီးကပ်စွာရပ်လိုက်ကြသောအခါ မာကာဝင်လုပ်ပေးနေသော ဆွဲချဟောင်းသည် နှစ်ဦးအကြားတွင် လျင်မြန်စွာဝင်ရပ်သည်။

"ကဲ ကဲ...ငါဖြေရှင်းပေးမယ်၊ လက်ခံမယ်မဟုတ်လား"

သူတို့နှစ်ယောက်လုံး ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

"ကောင်းပြီ၊ သူပြောသလို ပွိုင့်တက်ပေးလိုက်၊ ဒီနေ့ မင်းလက် တော်တော်ကောင်းနေတယ်"

မှတ်ဆိတ်သည် ယမန်နေ့က ပွဲစဉ်များတွင် ပွိုင့် ၂၂၀ အထိ တက်ပေးခဲ့ရပြီ။ ယခုမူ ခံပိုင်က ပွိုင့်တက်ပေးမည့်အလှည့်ရောက်ပေပြီ။ မှတ်ဆိတ်ဘက်မှ ငွေငါးဆယ်လောင်းထားသော ကုတ်အင်္ကျီနှင့်လူသည်မာကာလည်းဖြစ်၍ ဒိုင်လူကြီးလည်းဖြစ်သောဆွဲချဟောင်း၏ ဆုံးဖြတ်ချက် ပြင်သွားမှာစိုးရိမ်သလိုပင် သင်ပုန်းဆီ





လှစ်ခနဲ ပြေးသွား၏။ ထို့နောက် 'ဗီ–အက်စ်–၂၀၀'ဟု အင်္ဂလိပ်လို လှပစွာ ရေးလိုက်လေသည်။

စတုတ္ထပွဲ စချိန်တွင် အခန်းထဲရှိ လူအားလုံး တစ်ယောက်မှ ထိုင်မနေဘဲ အားလုံး မတ်တတ်ရပ်နေကြတော့သည်။ သူတို့အားလုံး၏ မျက်လုံးများ တောက်ပြောင်စူးစိုက်နေကြသည်။ အားလုံး၏ မျက်နှာမူရာမှာ ဘီလီယက်ဘောလုံးကလေးများသာဖြစ်သည်။

တစ်ချိန်တွင် မှတ်ဆိတ်က ထိုးဘောကို အောက်ခြေမှထိအောင် သာသာကလေး ထိုးလိုက်ရာ ဘောလုံးအဖြူကလေးသည် အစိမ်းပုပ်ရောင် သက္ကလတ်စပေါ်တွင် နောက်ရစ်ဖြင့် ရှေ့သို့ တလိမ့်လိမ့် ပြေးသွားပြီး အနက်ဘောလုံးကို သွားထိသည်။ ထိပြီးသည်နှင့် တစ်ပြိုင်တည်း ထိုးဘောအဖြူက တုံ့ခနဲ ရပ်သွားကာ အနက်ဘောလုံးသည်သာ ထိပ်ထောင့်ကျင်းထဲသို့ ပေါ်တင် (Potting) ဝင်သွား၏။ ရပ်ကျန်ရစ်ခဲ့သော ထိုးဘောအဖြူသည် ခပ်လှမ်းလှမ်းမှ အနီဘောလုံး၊ ထိပ်ထောင့်ကျင်းတို့နှင့် မျဉ်းဖြောင့်အတိုင်းဖြစ်သည်။ ထိုအခြေအနေတွင် သူက ဖော်လိုဘော (Follow Ball) လှပစွာ နှစ်လုံးပြောက် ထိုးပြလိုက်လေသည်။

ထိပ်ပြောင်သဖြင့် ရာသီမရွေး၊ နေရာမရွေး ဦးထုပ်ဆောင်းလေ့ရှိသော ပင်စင်စားကျောင်းဆရာကြီးသည် သူ့ဦးထုပ်ကိုချွတ်၍ မြှောက်ကာ မှတ်ဆိတ်ဘက်သို့ ဦးညွတ်အလေးပြုဟန် ပြုလုပ်လိုက်သဖြင့် ဝေါခနဲ တီးတိုးအာမေဍိတ်သံဖြင့် ပရိသတ်များ ပွဲကျသွားတော့သည်။

ဤပွဲသည် ကြေးကြီးသော လောင်းကစားပွဲမဟုတ်ဘဲ တန်ဖိုးထားသည့်ပညာကို အစွမ်းကုန်ထုတ်ပြသော အားကစားပြိုင်ပွဲပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲတစ်ခုဟု ထင်မှတ်ရသည်။ ဤပွဲတွင် ပရိသတ်သည် ဘိလိယက် အတတ်ပညာကို တစ်ထိုင်တည်းနှင့် များစွာလေ့လာဆည်းပူးခွင့် ရသွားသည်။ အခြားပွဲစဉ်များကဲ့သို့ တစ်ပွဲနှင့်တစ်ပွဲ ခဏကလေး နှင့် ပြီးမသွားဘဲ အချိန်အတော်ကြာအောင် ကစားကြ၏။ ဘော တည်ခြင်း၊ ထိုးလမ်းရွေးခြင်းတို့ကို အချိန်ယူ စဉ်းစားပြီးမှ ဆောင် ရွက်ကြသောကြောင့် သူတို့နှစ်ဦး၏ အနိုင်ယူလိုစိတ် မည်မျှ ကြောက်မက်ဖွယ် ပြင်းထန်ကြောင်း ပရိသတ်က ရိပ်စားမိသည်။ သူတို့နှစ်ယောက်လုံး မိမိကစားရမည့်အလှည့်တွင် ကျူကိုအကြာ ကြီး ချိန်ဆနေတတ်၏။ စိတ်ထဲမှ ဂါထာတစ်ခုခုကို ရေရွတ်နေ ကြသူများပမာ ငြိမ်သက်နေတတ်ကြ၏။ ထိုအချိန်မျိုးတွင် ပြိုင် ဘက်သည် တစ်နေရာရာတွင် ထိုင်မနေနိုင်ဘဲ မာကာအနီးတွင် ရပ်လျက် ထိုးကွက်ကို စူးစူးစိုက်စိုက် စောင့်ကြည့်နေတတ်သည်။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရှိကြောင်း မကြားဖူး သော်လည်း ယခု သူတို့၏ အကြည့်များမှာတော့ အနှစ်နှစ် အလလ က ရန်သူများပမာ မုန်းတီးမှုအပြည့် ဖြစ်တော့သည်။

ခုံပိုင်က အနက်နှင့်အပြာ ဘောလုံးနှစ်လုံးလုံးကို ထိုးဘောဖြင့် ထိအောင် Cannon ကစားရင်း တစ်ပြိုင်တည်းမှာပင် အပြာဘော လုံးကို ခါးကျင်းထဲသို့ လိမ့်ခနဲဝင်သွားစေသောအခါ ရပ်ကွက် လူကြီးဟောင်းသည် ခပ်လှမ်းလှမ်းမှ ရှည်ကိုင်းသောခါးကို ကိုင်း နိုင်သမျှ ကိုင်းလျက် စူးစိုက်ကြည့်ရင်း လက်ဖျောက်တစ်ချက် တီး လိုက်၏။ ထို့နောက် ကုတ်အင်္ကျီနှင့်လူကို မေးဆတ်ပြလျက် ပါးစပ် လှုပ်ရုံလှုပ်ကာ 'ငါးဆယ်... ငါးဆယ်' ဟု ရေရွတ်ပြသည်။ ကုတ် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ကာ မာရေကျောရေ လှမ်းကြည့်နေ





သော တီ-အမ်သည် နှုတ်ခမ်းတွန့်လျက် အပေါ်စီးအပြုံး ပြုံးကာ ခေါင်းယမ်းပြလိုက်၏။ စောင့်ကြည့်စမ်းပါဦးဆိုသော ပုံစံမျိုး ဖြစ် သည်။

သို့သော် ထိုပွဲတွင် ခုံပိုင်က အနိုင်ရသွား၏။ သုံးကြိမ်မြောက် အလှည့်တွင် အမှတ်နှစ်ရာဖြင့် ပွဲပြီးသွားခြင်းဖြစ်လေသည်။ အ ကယ်၍ သူ အမှတ်မပြည့်မီ မုတ်ဆိတ်သာ နောက်တစ်လှည့်ကစား ခွင့်ရမည်ဆိုလျှင် မုတ်ဆိတ်က အရင်ဂိန်းတော့မည်။ အကြောင်း မှာ မုတ်ဆိတ်သည် အမှတ် ၂၀၀ ရနေပြီဖြစ်၏။

ဆယ်ပွဲမြောက်ပွဲစဉ်တွင် ခုံပိုင်ရှင်သည် ပွိုင့် ၂၂၀ အထိ တက် ပေးရသည်။ ၂၂၀ အထိ တက်ပေးဖို့ သူတို့နှစ်ယောက်အကြားတွင် ဒိုင်လူကြီးက ကြားဝင်ပြီး ၁၀ မိနစ်လောက်ကြာအောင် စေ့စပ် ပေးခဲ့ရသည်။ ယခုအခါ သူတို့နှစ်ယောက် ပွိုင့်အတူတူဖြစ်သွား ပြီ။

အချိန်သည် မသိလိုက် မသိဘာသာ ကုန်ဆုံးသွား၏။

သူတို့သည် နေ့လယ်ထမင်းကို ဘိလိယက်ကစားရင်း စားကြ ၏။ ပွဲကြည့်ပရိသတ်များမှာ တချို့ လက်ဖက်ရည်ဖြင့် တစ်နေကုန် နေကြပြီး တချို့ ထမင်းမက်မောသူများက အိမ်သို့ကသုတ်ကရက် ပြေးစားကြလျက် အလျင်အမြန်ပြန်လာကြည့်ကြသည်။

ပြိုင်ပွဲမစမီ သုံးလေးရက်အလိုကတည်းက ဟောလစ်၊ ကြက်ဥ၊ နွားနို့နှင့် အသားဓာတ်များများပါသော စားကောင်းသောက်ဖွယ် များကိုသာ စားလျက် ပင်ပင်ပန်းပန်းဘာမှုမလုပ်ဘဲ အားမွေးထား သော ယှဉ်ပြိုင်သူနှစ်ဦးသည် ယခုတော့ ချွေးသီးချွေးပေါက်ကျလျက် အသက်ရှူနှုန်းမြန်ဆန်စွာ စိတ်လှုပ်ရှားပင်ပန်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုးဘော၊ ခဲဘောနှင့် ဝင်ရမည့်ကျင်း ဤသုံးခု ထောင့်ချိုးဖြစ်နေသောအခါမျိုး၌ ခုံပိုင်သည် ကျူထိပ်နှင့် ထိုးဘောကို သုံးလေးကြိမ်မျှ မထိအောင် ချိန်ဆကြည့်ပြီးမှ ခဲဘောကို တစ်ဝက်ထိစေရန် Half Ball ထိုးလိုက်သည်။ ထိုအခါ ထိုးဘောသည် ခဲဘောကို တစ်ဝက်လောက်မှ ထိလျက် ထောင့်ကျယ်ချိုးကာ တစ်ဖက်ကျင်းထဲသို့ လှပစွာဝင်သွားပြီး ခဲဘောကတော့ ဘေးကူရှင်နှင့် ထိကာ ကိုးဆယ်ဒီဂရီထောင့်ချိုးလျက် စားပွဲအလယ်သို့ လိမ့်လာတတ်လေသည်။ ဤကဲ့သို့ အင့်နောက် (In Off) မျိုး သုံးလေးမျိုး လှည့်ပတ်၍ ကျွမ်းကျင်စွာကစားလိုက်သောအခါ ရပ်ကွက်လူကြီးဟောင်းသည် ကိုင်းထားသော ခါးကို ဆန့်လျက် အသံမမြည်အောင် လက်ခုပ်တီးပြပြီး ကုတ်အင်္ကျီနှင့် လူရှိရာသို့ မျက်စပစ်ပြတတ်၏။ ထိုအခါ ကုတ်အင်္ကျီထဲသို့ လက်နှစ်ဖက်နှိုက်လျက် တဖြည်းဖြည်း မျက်နှာညိုလာသော တီ–အမ်သည် ယခင်ကလို အပေါ်စီး အပြုံး မပြုံးတော့ဘဲ နှုတ်ခမ်းတင်းတင်းစေ့လျက်သာ ရှိတော့သည်။

နေဝင်လာချိန်အထိ ကစားပွဲမှာ အရှိန်ကောင်းနေဆဲ ဖြစ်၏။ ကြည့်နေသော ခုံတွင်းရှိလူများမှာလည်း တစ်ယောက်မှ အိမ်ပြန်ဖို့ သတိမရကြဘဲ ကစားပွဲပြီးဆုံးသွားမှာကိုပင် စိုးရိမ်နေကြဟန်ရှိသည်။ အရက်သမားများပင်လျှင် အရက်ဆိုင်သို့ မသွားတော့ဘဲ ခုံတွင်းသို့ မှာယူသောက်စားလျက် အရက်၏အရသာနှင့် ဘိလိယက်၏ အရသာကို ငြိမ်သက်စွာခံစားနေကြလေသည်။

နောက်ဆုံးပွဲစဉ် ပြီးဆုံးသွားသောအခါ ညဆယ်နာရီထိုးပေပြီ။







ပွဲပြီးသွားချိန်အထိ အားလုံးငြိမ်သက်နေဆဲဖြစ်၏။

သူတို့သည် ရုပ်ရှင်တစ်ခုကိုကြည့်ပြီး ဇာတ်သိမ်းခန်းမရောက်သေးဘူး ထင်နေကာ ဖြုန်းခနဲ စာတန်းထိုးမှ ကပျာကယာ မတ်တတ်ရပ်လိုက်ကြသူများပမာဖြစ်သည်။ သူတို့သည် ခပ်ကြောင်ကြောင် မျက်နှာမျိုးဖြင့် ယှဉ်ပြိုင်ပြီးသွားသူနှစ်ယောက်ကို တစ်လှည့်စီ ကြည့်ကြသည်။

ပထမဆုံး စတင်လှုပ်ရှားသူမှာ ရပ်ကွက်လူကြီးဟောင်းဖြစ်၏။ သူက ခုံပိုင်ဆီ လျှောက်သွားကာ 'ကွန်ဂရက်ကျူလေးရှင်း' ဟု သိပ်မပီသသော အသံထွက်ဖြင့် ဂုဏ်ပြုချီးကျူး၏။ ထိုအချိန်တွင် မာကာ၏ရှေ့မှ ငွေပုံကြီးကို ဒေါသတကြီးကြည့်လျက် မုတ်ဆိတ်က တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်လေသည်။ တစ်ခုံတစ်ယောက်က အားကစားစိတ်ဓာတ်အကြောင်း ပြောရင်း သူ့လက်ကို ဆုပ်လိုက်သောအခါ သူက ဖြုန်းခနဲ တွန်းဖယ်ပစ်လိုက်၏။ ထို့နောက် 'တစ်ခုခုတော့ မှားနေတာ သေချာတယ်ကွ' ဟု ဗလုံးဗထွေးပြောလျက် တစ်ခွန်းတည်း ဆဲရေးကာ အခန်းထဲမှ လျင်မြန်စွာ ထွက်သွားလေသည်။

ရပ်ကွက်လူကြီးဟောင်းကို ပိုက်ဆံများ ရေတွက်၍ပေးနေရသော ကုတ်အင်္ကျီနှင့်လူသည် ငွေမပြည့်သောကြောင့် သူ့ကုတ်အင်္ကျီကို ချွတ်လိုက်၏။

"ဟော့ကောင်၊ မင်းအင်္ကျီအဟောင်းကြီး ငါက ဘာသွားလုပ်ရမှာလဲ"

"ကျုပ်မှာရှိတာ ဒါပဲဗျ၊ ယူချင်ယူ မယူချင်နေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လူပါးမဝနဲ့၊ ငါမလိုချင်ဘူး၊ နောက်နေ့ကျရင် အကြွေး ဆပ်ပေါ့ကွ"

ထို့နောက် သူကိုယ်တိုင် ယနေ့အောင်ပွဲခံလိုက်ရသလိုပင် မြောက်ကြွမြောက်ကြွဖြင့် ထွက်သွား၏။

ည ဆယ်နာရီခွဲသောအခါ အခန်းထဲတွင် ခုံပိုင်နှင့် ကုတ်အင်္ကျီ သမားသာ ကျန်ရစ်သည်။

ခုံပိုင်သည် ဘီလိယက်စားပွဲအထက်မှာ တစ်နေကုန် ထွန်း ထားသော လေးပေဖန်ချောင်းနှစ်ခုကို ပိတ်ပစ်လိုက်၏။ ထိုအခါ အခန်းခေါင်းရင်းက နှစ်ပေဖန်ချောင်းအလင်းရောင်ကလေးသာ ကျန်တော့သည်။ ထို့နောက် ပြတင်းတံခါးနှင့် အခန်းတံခါးတို့ကို ပိတ်လိုက်ပြီး ငွေများကို ရေတွက်ကြသည်။ မှတ်ဆိတ်ထံမှ နာရီ နှင့် ဆွဲကြိုးကို ရောစ၍ တန်ဖိုးဖြတ်ကြသည်။ ယနေ့အဖို့ သူနိုင်လိုက် သော ငွေနှင့်စာလျှင် ယမန်နေ့က အရှုံးငွေများမှာ မဖြစ်လောက် ပေ။ သုံးရက်အတွင်း သူ ငွေနှစ်သောင်းနီးပါး နိုင်လိုက်ခြင်း ဖြစ် လေသည်။

ခဏအကြာတွင် သူတို့သည် ထမင်းစားခန်းရှိထမင်းစားပွဲ သေးသေးကလေးတွင် မျက်နှာချင်းဆိုင် ထိုင်လျက် အောင်ပွဲခံကာ အရက်သောက်ရန် စီစဉ်နေကြသည်။ လက်လေးလုံးခန့် ဖြည့်ထား သော အရက်ဖန်ခွက် ကိုယ်စီကိုင်လျက် ဖန်ခွက်ချင်း အသံမြည် အောင် ထိလိုက်ကြ၏။

ခုံပိုင်က...

"နှစ်နှစ်လုံးလုံး ညကိုးနာရီကနေ ဆယ့်နှစ်နာရီအထိ ငါနဲ့ အတူ မညည်းမညူကစားပေးတဲ့မင်းရဲ့လိုက်လျောမှုအတွက်" ဟု





ခပ်ရွှင်ရွှင်ပြောလိုက်သောအခါ ကုတ်အင်္ကျီနှင့်လူက "နီး...နီး" ဟု ရယ်မောခေါင်းယမ်းပြီး...

"ခင်ဗျားရဲ့ ဘော်လပ်အတွက်ပါဗျာ" ဟု ပြင်ဆင်ပေးလိုက် လေသည်။

ထို့နောက် နှစ်ယောက်သား အရက်လုံးဝမသောက်ရသေးမီ ကွက်ထိုးခွက်လန် မပြီးနိုင် မစီးနိုင် ရယ်မောနေကြတော့သည်။

(တွတ်တွတ်မောင်...သို့)

[၁၉၉၀ ခု၊ ဒီဇင်ဘာလ၊ စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း]

○



www.burmeseclassic.com

www.burmeseclassic.com

# တစ်ဦးတည်းသော သား

ကျွန်မသည် ရုံးတစ်ခုခုမှာ စာရေးမ ဖြစ်ခဲ့ဖို့ကောင်းသည်။ သို့မဟုတ် လက်နှိပ်စက်နှင့် လက်ရေးတို ကျွမ်းကျင်သူတစ်ယောက်ယောက် ဖြစ်ခဲ့ဖို့ကောင်းသည်။ သို့မဟုတ် ဒီဇိုင်းအတတ် ကျွမ်းကျင်သူ၊ သို့မဟုတ် ဆံပင်အလှပြုပြင်ရေးဆိုင်ပိုင်ရှင်။

ယခုတော့ ကျွန်မဘဝ၏ အရှုံးအားလုံးသည် ကျွန်မစိတ်ပညာဌာနမှာ နည်းပြဆရာမ ဖြစ်ကတည်းက စတင်ခဲ့တော့သည်။

*

|၁|

ကျွန်မ ပထမဆုံး ကျေကျေနပ်နပ် အရှုံးပေးခဲ့သူမှာ ကျွန်မ၏ ယောက်ျား ဖြစ်၏။

ကျွန်မ၏ ယောက်ျားသည် တစ်ဦးတည်းသောသား ဖြစ်သည်။

သူ တစ်ဦးတည်းသောသား ဖြစ်ခြင်းသည် လောကတွင် ဘာမျှမထူးဆန်းဟု ထင်ရသော်လည်း ထိုတစ်ဦးတည်းသော သားကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့ခြင်းသည် ထူးဆန်းနေပါသည်။

ကျွန်မသည် လူတို့၏ စိတ်နေစိတ်ထား၊ ပတ်ဝန်းကျင် ရိုက်ခတ်မှုကြောင့် အတွင်းစိတ်ပြောင်းလဲတုံ့ပြန်ပုံတို့ကို ဝါသနာအရသော်လည်းကောင်း၊ တာဝန်ဝတ္တရားအရသော်လည်းကောင်း အတတ်နိုင်ဆုံး လေ့လာသင်ယူတတ်မြောက်ထားသူဖြစ်သည်။ ထိုအခါ တစ်ဦးတည်းသောသားများ၏ ကောင်းကျိုးဆိုးပြစ်များကို သာမန်လူတစ်ယောက် သိသည်ထက်ပို၍ စနစ်တကျ လေ့လာသိမြင်ထားသူမဟုတ်ဘူးလား။ ထိုကဲ့သို့မိန်းမမျိုးက တစ်ဦးတည်းသောသားကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့သည်မှာ ထူးဆန်းသော မိုက်မဲမှုတစ်ခုဟု ကျွန်မဝန်ခံရပါမည်။ ထို့ထက်ပို၍ မိုက်မဲသည်မှာ အသက် ခုနစ်နှစ်အရွယ်ကတည်းက ဖခင်သေဆုံးပြီးနောက်အိမ်ထောင်မပြုသော မိခင်၏ ချစ်ခြင်းမေတ္တာကို လိုသည်ထက် ပို၍ ထူးခြားစွာရယူထားသော တစ်ဦးတည်းသောသားမှန်း သိလျက်နှင့် လက်ထပ်ခဲ့ခြင်းပင်ဖြစ်၏။

ကျွန်မ၏မိဘတွင် သားသမီးငါးယောက်ရှိပြီး ကျွန်မသည် တတိယမြောက်သမီးဖြစ်၏။ အလတ်သားသမီးများသည် အကြီးဆုံး၊ သို့မဟုတ် အငယ်ဆုံးသားသမီးများထက် သူတစ်ပါးအပေါ် ဆက်ဆံရေး ပြေပြစ်ချောင်တတ်သည်။ ကျွန်မသည် သူတစ်ပါးအပေါ် ကောင်းကွက်ကိုရှာကြံ၍ အမှတ်ပေးတတ်သူ ဖြစ်၏။ ထို့ကြောင့်လည်း စိတ်ကောင်းနည်းနည်းကလေး (မဆိုစလောက်)သာ ရှိသော သူလိုယောက်ျားကို ဘဝတစ်သက်တာ၏ ထာဝရ ရင်းနှီးသူအဖြစ် မှူတစွာပေါင်းသင်းခဲ့၏။ ကျွန်မသည် သူ့အပေါ်





တွင် ရှိရင်းစွဲ သူ့တန်ဖိုးထက်ပင် မြင့်တွက်ကာ ချစ်ခင်ခဲ့သူ ဖြစ်သည်။

သူနှင့် ကျွန်မ ၁၉၅၈ ခုနှစ် ကျွန်မတို့ ဝိဇ္ဇာတန်း အောင်သောနှစ်က စတင်ချစ်ကျွမ်းဝင်ခဲ့သည်။

ငွေကြေးချမ်းသာပြီး အထက်တန်းကျသော မိခင်ဖြစ်သူ၏ သွန်သင်ဆုံးမမှုအောက်မှာ ပုံစံကျကျ ကြီးပြင်းလာခဲ့ရသော လူငယ်တစ်ယောက်ပီပီ သူသည် မီးပူတိုက်ထားသော ဇန်ကောက်ပုဆိုး ရောင်စုံနှင့် ရိုးကုမ္ပဏီဖြစ် ရှပ်အင်္ကျီ အကောင်းစားများကို သေသေသပ်သပ် ထည်လဲဝတ်ဆင်တတ်၏။ ရံဖန်ရံခါ သက္ကလတ် ဘောင်းဘီအပျော့စားကို ခပ်ပွပွ ဝတ်တတ်၏။ (ထိုခေတ်အခါတုန်းက သူ့လိုအသက်နှစ်ဆယ်ကျော်ခါစအရွယ် လူငယ်များ ဘောင်းဘီကျပ်ကျပ်ဝတ်သောခေတ် ဖြစ်သည်။) ထိုခေတ်က ယောက်ျားလေးများထုံးစံအတိုင်း ဘိုကေကို ခေါင်းလိမ်းဆီ လက်နေအောင် လိမ်းကာ ပိပြားစွာဖြီးထားသော လှိုင်းတွန့်ဆံပင်ပုံစံဖြစ်၏။ သူ၏ ကျယ်ပြန့်သောနဖူးမှာ မဟာနဖူးဖြစ်ပြီး ဆံပင်ကို အထက်သို့သိမ်းလိုက်လျှင် ဆံညွှန့်ချွန်ကလေးတစ်ခုက ကျွန်မခွဲမက်အောင် နဖူးအစပ်မှာ လှပစွာတည်ရှိနေလေသည်။ အဝတ်သေတ္တာထဲမှာ ရေမွှေးပုလင်းထည့်ထားရုံဖြင့် သူ့အင်္ကျီလုံချည်မှာ ပွန်ပီယာပြင်သစ်ရေမွှေးနံ့ သင်းလျက်ရှိသည်။

ကျွန်မတို့နှစ်ယောက် စ,ချစ်ကြတော့ သူရော ကျွန်မရော အသက်နှစ်ဆယ်စီပဲ ရှိသေးသည်။ ကျွန်မ မဟာဝိဇ္ဇာတန်း ဆက်တက်စဉ် သူက သူ့အမေပိုင်သော ကုမ္ပဏီမှာပဲ ကုန်သည်အဖြစ် အလုပ်ဝင်လုပ်သည်။ ကျွန်မက သူ့ကို အရာရှိဖြစ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းမာမာနှင့် အစိုးရဝန်ထမ်းဆိုသည်မှာ ကျွန်အလုပ်ဟု ငြင်းပယ်လေသည်။ သူ အစိုးရဝန်ထမ်း လုပ်ရေး မလုပ်ရေးနှင့် ပတ်သက်ပြီး ကျွန်မနှင့်သူ အတိုက်အခံဖြစ်ကြရသေးသည်။ ကျွန်မ အစကတည်းက သိပြီးသားပါ။ သူ့စိတ်တစ်ဝက်က သူ့မိခင်၏ စိတ်ဆိုတာကိုပေါ့။ နောက်တော့ ကျွန်မကပဲ အလျှော့ပေးလိုက်ရသည်။ ကျွန်မက စိတ်ပညာဝါသနာပါသူလေ။ သူ့စိတ်ကို တတ်နိုင်သမျှ ခွဲခြမ်းစိတ်ဖြာကြည့်လေ့ရှိသူလေ။

ကျွန်မက ကျောင်းမှာကျူတာပြန်လုပ်ခဲ့ပြီး သူက အပြင်စီးပွားရေးလောကထဲသို့ ကိုယ်ရောစိတ်ပါ ဝင်ရောက်သွားသည်။

"တစ်ခုတော့ဝန်ခံစမ်းပါ ကို၊ အဲဒါ ကို့မေမေရဲ့ တိုက်တွန်းချက် မဟုတ်လား"ဟု ကျွန်မမေးတော့ သူ ခပ်တည်တည်ဖြင့် ငြိမ်သက်နေခဲ့သည်။ ဒါဟာ သူဝန်ခံတာပဲ။ သူ သဘောမတူသော အကြောင်းအရာတစ်ခုကို ကျွန်မတင်ပြဆွေးနွေးလျှင် သူ ခါးခါးသီးသီး ငြင်းဆန်လေ့ရှိ၏။

ကျွန်မတို့ စိတ်ပညာအလိုအရဆိုလျှင် တစ်ဦးတည်းသော သားသည် အလုပ်တစ်ခုကို သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အနည်းအကျဉ်းသာ ပြုလုပ်နိုင်သည်။ အများအားဖြင့်မူ သိစိတ်ဖြင့် ဖြစ်စေ၊ မသိစိတ်ဖြင့်ဖြစ်စေ သူ့မိခင်၏ဩဇာသက်ရောက်မှုပေါ်မှာ အများဆုံးမူတည်လေ့ရှိ၏။

ကျွန်မနှင့် သူ ရည်းစားသက် သုံးနှစ်အတွင်း ကျွန်မတို့ နှစ်ယောက် ကွဲကွာမလို မကြာခဏဖြစ်သည်။ ကျွန်မက ဘိုင်စကုပ်ကြည့်ဖို့ အရေးဆိုလျှင် သူ့မှာ ဘယ်တော့မှအားလပ်သည် မရှိ။ သူ့အမေက ခိုင်းထားသလိုလို၊ ဟိုပွဲစားနှင့် ချိန်းထားသလိုလို၊





ဟိုကုမ္ပဏီမန်နေဂျာနှင့် ချိန်းထားသလိုလို အမျိုးမျိုး အကြောင်းပြကာ ကျွန်မကို ခတ်ပြားတွေသာ တစ်ချပ်ပြီးတစ်ချပ် ဝယ်ပေးလေ့ရှိ၏။ မှတ်မှတ်ရရ ကျွန်မနှင့်သူ ရည်းစားသက်တမ်း သုံးနှစ်အတွင်း ဂလုပ်ရုံမှာ နှစ်ခါပဲ ရုပ်ရှင်ကြည့်ဖူးသည်။ နောက်မှ သိရသည်မှာ သူရော သူ့မိခင်ရော ဘိုင်စကုပ်ကြည့်ခြင်းနှင့် ကင်းဝေးလှသည် တဲ့။

"ကို့ပုဆိုး အဆင်ကလေးက သိပ်လှတာပဲ၊ ဒါ မြောက်ပြင် လုံချည်နော် ကို...ဟုတ်လား"ဟု ကျွန်မမေးလျှင် သူ မပွင့်တပွင့် ပြုံးကာ "မသိဘူး၊ မေမေဝယ်ပေးတာ"ဟု ဖြေလေ့ရှိသည်။ သူ ဘာလုပ်လုပ် သူ့မိခင်အလိုအရ။

"ဒီညနေတော့ လေဟာပြင်မှာ ခေါက်ဆွဲစားကြရအောင်နော် ကို" ဟု တောင်းဆိုလျှင်...

"ဟာ...ဒီနေ့ည မေမေက ထမင်းအတူစားဖို့ မှာထားတယ်၊ ကိုယ် အိမ်မှာ စားရမယ်၊ နောက်နေ့မှ စားကြစို့နော်"တဲ့။ ဘယ်လောက်များ ဆွဲကုတ်ဖွဲ့ပစ်ချင်စရာ ရည်းစားလဲနော်။

"ကို့မေမေကို သိပ်ကြောက်ရသလား"ဟု မေးလျှင်တော့ သူ အလွန်စိတ်ဆိုး၏။

"မေမေ့ကို ဘာလို့ကြောက်ရမှာလဲ၊ မေမေက ကိုယ့်အပေါ်မှာ သိပ်ချစ် သိပ်အလိုလိုက်တာ၊ သိပ်တွယ်တာ တာ၊ ကိုယ့်မျက်နှာ အညိုခံတာမဟုတ်ဘူး"ဟု ဒေါသတကြီး ပြောတော့သည်။

ဟင့်အင်း...ကျွန်မ မယုံပါ။ မေမေက သိပ်တွယ်တာ တာလား။ ကိုက သိပ်တွယ်တာတာလား။ ထိုမေးခွန်းကို အခုအချိန်အထိ ကျွန်မ မမေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ကျွန်မနဲ့ ဘယ်သူ့ကိုပိုချစ်သလဲ" ဟု ကျွန်မကတဲ့ မေးမိလျှင်တော့ ထိုနေ့ တစ်ညနေလုံး စကားပြော၍ အပေါက် အလမ်း မတည့်တော့ချေ။

မတူတာနှစ်ခုကို ယှဉ်မေးရက်လေခြင်းဟု သူစိတ်တိုကာ မျက်နှာ စူပုပ်နေတော့သည်။

ဘယ်သူ့ကိုပိုချစ်ပါသည်ဟူသောအဖြေမျိုး ဘယ်တော့မျှကြား ရမည်မဟုတ်။ ကျွန်မကတော့ ရှင်းရှင်းပြတ်ပြတ်ပဲ။ ကျွန်မ၏ မောင်နှမသားချင်းထက်ပို၍၊ မိဘထက်ပို၍ သူ့ကို ချစ်ကြောင်း မကြာခဏ ထုတ်ဖော်ကြွေးကြော်လေ့ရှိသည်။ သည်လိုဆိုတော့ လည်း သူ့ဘက်က ဝမ်းသာပြရကောင်းမှန်း မသိ။

ကျွန်မက ခုံမြင့်ဖိနပ်စီးပြီး ထဘီကိုခြေသလုံးတစ်ဝက် ပေါ် အောင် ဝတ်တတ်သည်။ ကျောင်းမှာတော့ ကျွန်မက နာမည်ကြီး မိန်းမပျိုတစ်ယောက်လေ။ ဣန္ဒြေမပျက် ခေတ်ဆန်သူ။ အဝတ် အစား ဆန်းသစ်၍ မကလက်သူ။ သူနှင့်တွေ့ချိန်မှာတော့ ထဘီ ကို တတ်နိုင်သမျှ ရှည်ရှည်ဝတ်ရ၏။ သူမကြိုက်တတ်၍ မဟုတ် ပါ။ မေမေက ထဘီတိုတိုဝတ်သောမိန်းမများကို ကြည့်မရဘူးတဲ့ ဟု မကြာခဏပြောတတ်လွန်းသောကြောင့် ဖြစ်ပါသည်။

တစ်ခါတစ်ခါတော့ ကျွန်မ အာခေါင်ခြစ်ပြီး အော်ဟစ်ရန်တွေ့ ပစ်လိုက်ချင်သည်။

နေစမ်းပါဦး ကိုရဲ့၊ အခု ကျွန်မရဲ့ချစ်သူက ကိုမေအောင်လား ဒေါ်ကြည်ကြည်စိန်လား၊ ကျွန်မက ဘယ်သူနဲ့ ယူမှာမို့ ဘယ်သူ ကြိုက်အောင် နေရမှာလဲ။

သို့သော် ကျွန်မစိတ်ကို လျှော့ထားလိုက်ပါသည်။ သူ့မေမေ





သည် သူ့အတွက် ကမ္ဘာလောကကြီးထဲက မိန်းမအပေါင်းတို့၏ စံပြဖြစ်ဟန်တူသည်။ သည်တော့ ကျွန်မက သူ့အတွက် စံပြအိမ် ထောင်ဖက် ဖြစ်ချင်လျှင် သူ့မေမေ၏ပုံစံကို တစ်သဝေမတိမ်း လိုက်နာမှ ဖြစ်မည်။

သည်တော့ ခပ်ပါးပါးနိုင်လွန်းစများကိုဖြင့် ကျွန်မကိုယ်ပေါ် ဘယ်တော့မျှ မတင်ဖြစ်အောင် ဂရုစိုက်ရသည်။ ဂျော်ဂျက်စ ဆို သည်မှာ အလွန်ဆုံး။ တတ်နိုင်လျှင် ချည်ထည်၊ ပိုးထည် စသည် တို့ကိုသာ အင်္ကျီအဖြစ် ဝတ်ရသည်။ လုံချည်ဝတ်ရာတွင်တော့ ရှည်လျှင် ပြီးရော။ ပိုးစ၊ ပိုးတွန့်လုံချည် ဝတ်လျှင်လည်း ပြဿနာ ရှိပုံ မရချေ။

ကျွန်မ၏ ဖောင်းမို့သော လက်ချောင်းသွယ်များထိပ်ရှိ ပုံစံ သွင်း ပြုပြင်ထားသော နီမြန်းသည့်လက်သည်းများကို သူ့မေမေ ကြိုက်မှာမဟုတ် ဟူသောအကြောင်းပြချက်ဖြင့် တိရိစ္ဆာ ညှပ်ပစ် ခဲ့ရသည်။ ကျွန်မတို့ခေတ်က နှုတ်ခမ်းကို နှုတ်ခမ်းနီတောင့်ဖြင့် ဘကြီးပုံ ပုံသွင်းကာ ဝိုက်၍ဆိုးသောခေတ် ဖြစ်ပါလျက် မေမေ ကြိုက်မှာမဟုတ်ဟူသော အကြောင်းပြချက်ဖြင့် ခပ်ပါးပါး ဖျော့ ဖျော့ကလေး နှုတ်ခမ်းရစ်အတိုင်း မသိမသာဆိုးသည့်အကျင့် လုပ် ရသည်။

"အဲလစ်စ် ...ကိုယ်တို့ လက်ထပ်ကြဖို့ တော်ပြီ" ဟု သူ အဆို ပြုသောအခါ ကျွန်မ စိတ်ပေါက်ပေါက်ဖြင့် "ဘာတုံး ...ဒါလဲ မေမေ့ ရဲ့ညွှန်ကြားချက်ပဲလား" ဟု မေးတော့ သူ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

ကျွန်မ ယောက်ျား၏ဘဝတွင် ပထမဦးဆုံးနှင့် နောက်ဆုံးအမြ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ် သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပြုလုပ်ခဲ့သော အခြင်းအရာမှာ တစ်ခုသာရှိ၏။ ၎င်းမှာ ကျွန်မကို လက်ထပ်ခဲ့ခြင်းပင် ဖြစ်သည်။

*

သူ့မေမေနှင့် ပထမဆုံးအကြိမ် ကျွန်မတွေ့ရသောနေ့က သူနှင့် ရည်းစားဖြစ်ပြီး ပထမဆုံးအကြိမ် အင်းလျားမှာ နှစ်ယောက်အတူထိုင်ရသည့် အဖြစ်ထက်ပင် ရင်ခုန်မောပန်းနေတော့သည်။ သားဖြစ်သူကို နှစ်ပေါင်းနှစ်ဆယ်ကျော် ပုံစံသွင်းကာ သူမ၏ တံဆိပ် ရိုက်ထားသော ခေတ်ပညာတတ် မိခင်တစ်ယောက်ဟာ ဘယ်လိုပုံစံမျိုး ဖြစ်မှာပါလိမ့်ဟူသောအတွေးဖြင့် ကျွန်မမှာ ခြေဖျား လက်ဖျားတွေပင် အေးစက်နေခဲ့သည်။

သူတို့အိမ်သည် ကုက္ကိုင်းဘက်က ကျယ်ဝန်းသော ခြံကြီးတစ်ခြံထဲမှာ ရှိသည်။ သူ မောင်းနှင်သော အနက်ရောင်ဆလွန်းကားကလေး ဟွန်းသံဖြင့် ခြံထဲ ဝင်ရောက်သွားသော်လည်း သူ့မိခင်က တိုက်တံခါးဝမှာ လာရပ်ဖော်ပင် မရ။ သူ့အဒေါ်ကသာ တံခါးလာဖွင့်လျက် ကျွန်မကို ပထမဆုံးအကြိမ်မြင်ဖူးသည့်ဒွ ပြုံးပြကာ ချစ်စရာကောင်းလိုက်တာဟု ရေရွတ်ဖော်ရ၏။

ဧည့်ခန်းထဲ ဝင်ထိုင်မိတော့လည်း သူ့မိခင်ကိုမတွေ့ရ။ နောက်တော့ သူ ကျွန်မနားနား ကပ်၍ တိုးတိုးကလေး သတိပေး၏။

"မေမေ့ကို ကိုယ်သွားပြောလိုက်ဦးမယ်၊ မေမေနဲ့ မိတ်ဆက်ပေးတဲ့အခါ အဲလစ်စ် မတ်တတ်ရပ်ပြီး နှုတ်ဆက်ပါနော်" တဲ့။

ဘုရားရေ...ကျွန်မ ဒေါသထွက်သွားသည်။ ကိုဟာ ဘာဖြစ်လို့ ဒီလောက် အစိုးရိမ်ကြီးရတာလဲ။ ကျွန်မရဲ့ယောက္ခမဖြစ်မယ့်





အမျိုးသမီးကြီးတစ်ယောက်ကို မတ်တတ်ရပ်နှုတ်ဆက်ဖို့ သတိမရလောက်အောင် ကျွန်မ မရိုင်းပါဘူး ကိုရဲ့။ သို့သော် ကျွန်မ မျိုသိပ်ကာ ပြုံးပြခေါင်းညိတ်လိုက်ပါသည်။ သူ့ခမျာ ငါ့အတွက် ဂုဏ်ယူချင်ရှာလို့၊ ငါ့အပေါ် သူ့မိခင် တစ်ဆံခြည်မျှ စိတ်မကွက်စေချင်လွန်းလို့ ရှိမှာပါဟု တွေးလိုက်ပါသည်။

တကယ်တမ်း တွေ့ကြသည့်အခါမှာတော့ ကျွန်မသည် မျက်နှာ အနည်းငယ်မျှမငုံ့ဘဲ ကျောင်းမှာ ကျောင်းသားများကို စာသင်သည်ထက် နည်းနည်းမျှ မဝံ့မရဲမဖြစ်ဘဲ ရဲဝံ့စွာရင်ဆိုင်နိုင်ခဲ့လေသည်။

သူ့မိခင်သည် သူ့ပုံတူအတိုင်း ဖြစ်သည်။

မဟာနုဖူးပြင်က ဝင်းစိုနေသည်။ ပဒုမ္မာပိတ်သား အဖြူလက်စက ရင်ဖုံးအင်္ကျီ၊ ဖက်ဖူးနုရောင်နှင့် ရွှေရောင် ရောယှက်ထားသော အဆင်လှလှ ဆန်းဆန်း အင်ဒိုနီးရှားပါတိတ်နှင့်။ သွယ်လျသော လည်တိုင်မှာ ဆွဲကြိုးလုံးဝမပါ။ ဘယ်ဘက်လက်ကောက်ဝတ်တွင် စတီလက်ကောက်တစ်ရန်သာ ဝတ်ထား၏။ ဘီးဆံထုံးမှာ ခန့်ညားလှပသည်။ သူ့နှုတ်ခမ်းထက်ပင် ပါးလျတင်းစေ့သော နှုတ်ခမ်းမှာ ကျွန်မကို ပြုံးပြလိုက်တော့ ဖြူဖွေးတောက်ပသော သွားများ လှစ်ခနဲသာ ပေါ်ပြီး ပြန်လည်စေ့ပိတ်ပြုံးနေကြသည်။ ချောမောလှပသော မျက်နှာမှာ ဣန္ဒြေကြီးလွန်းသောကြောင့် တင်းမာမလို ထင်ရ၏။

"မေမေ...ဒါ ကျွန်တော့်သူငယ်ချင်းလေ၊ အဲလစ်စ်ကျော်မောင်" ဟု သူမိတ်ဆက်ပေးတော့ ခပ်ပြုံးပြုံးပင် "မြန်မာနာမည် မရှိဘူးလားကွယ်" ဟု မေးတော့၏။ ကျွန်မက ကမန်းကတန်း...



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် မေမေ၊ ကျွန်မနာမည် အေးအေးကျော်ပါ"ဟု ဖြေရသည်။

"အေး...အဲဒီနာမည်လေးကမှ ကျက်သရေရှိတာ"တဲ့။

ကျွန်မကို အေးအေးကျော်ဟု မည်သူမျှမသိကြောင်း၊ အဲလစ်စ်ဟုသာ လူတွေသိကြောင်း မပြောပြလိုက်တော့ပါ။

ထိုနေ့က ကျွန်မ၏ပုံစံကို သူ့မေမေက မကြိုက်ဘူးလားမသိ။

အနက်ခံပေါ်တွင် ငွေရောင်အမျှင်အခက် ရေးရေး ကွေးကွေးကလေးများ ပါသော ဖဲဘရိုကိတ်လုံချည်မှာ ကျွန်မကိုယ်လုံးကို သိပ်ပေါ်လွင်စေသလား မသိပေ။ ဆံပင်ကို နှစ်ပတ်လျှိုဖြစ်ဖြစ်ထုံးနှောင်ခဲ့ရ အကောင်းသား။ သို့မဟုတ် ပြင်သစ်ဆံထုံးဖြစ်ဖြစ်လေ။ ယခုတော့ ကျစ်ဆံမြီးနှစ်ဖက်ကျစ်ကာ ထိုကျစ်ဆံမြီးများကို တစ်ဝက်ခန့် ပြန်ခေါက်တင်လျက် ဖဲကြိုးအဖြူရောင်ဖြင့် စည်းနှောင်ထားတော့ နည်းနည်းမျှမခန့်ညားဘူး ထင်သည်။ တက္ကသိုလ်က ကျူတာနှင့်မတူဘဲ ဥပစာတန်းက ကျောင်းသူတစ်ယောက်ပုံစံမျိုး ဖြစ်နေမှာပေါ့။

ကျွန်မတို့သုံးယောက် ညနေစာ ထမင်းစားတော့ သူ့မေမေက စားပွဲထိပ်တွင် ထိုင်၏။ သူနှင့်ကျွန်မက မျက်နှာချင်းဆိုင်မှာ ထိုင်ပါသည်။

ကြက်သားဆီပြန်ဟင်းမှာ ဇွန်းခက်ရင်း ထိုလိုက်ရုံဖြင့် နူးအိကာ ပဲ့လွယ်ပါလျက် သူ့မိခင်က သူ့အတွက် ကိုယ်တိုင်အရိုးထွင်အသားချည်း ဖဲ့ယူထည့်ပေးသည်။ သူ့ထမင်းပန်းကန်ထဲတွင် သူ့မေမေ ထည့်ပေးသော ဟင်းမျိုးစုံဖြင့် ပြည့်လျှံနေတော့သည်။





ထိုအချိန်မှာ သူ့မျက်နှာကို ကျွန်မ အကဲခတ်မိတော့ ထိုအဖြစ်အပျက်မျိုး ရှေးနှစ်ပေါင်းများစွာကတည်းက အကျင့်ရလာခဲ့သူပမာ မထူးခြားပေ။ ကျွန်မရှေ့မှာ သည်လို အမေက ယုယပြု၍ ရှိုးတိုးရှန့်တန့် လုံးဝဖြစ်ပုံမပေါ်၊ သည်ကတည်းက ကျွန်မ ရိပ်မိလိုက်ပါသည်။ သူနှင့် သူ့မေမေ၏ အကြားတွင် ဝင်ရသော သူစိမ်းမိန်းကလေးတစ်ယောက်၏ ဘဝမှာ တော်တော်ခက်ခဲပင်ပန်းလိမ့်မည်။

သူ့မေမေက ကျွန်မပန်းကန်ထဲကိုတော့ ဟင်းလုံးဝ ထည့်မပေးချေ။

"စား...အေးအေးကျော်၊ အားရပါးရစား၊ ဒါ ဒေါ်ဒေါ် ကိုယ်တိုင် စီစဉ်ချက်ပြုတ်ထားတာတွေချည်းပဲ"

ဟုတ်ကဲ့၊ ကျွန်မ ငြိမ်သက်စွာ စားပါသည်။ ကျွန်မကိုယ်တိုင် မေမေဟု ခေါ်ခဲ့ပြီးဖြစ်ပါလျက် သူမက ဘာဖြစ်လို့ ဒေါ်ဒေါ်ဟု သုံးနှုန်းပါသလဲ။ ကျွန်မ စိတ်ထဲမှာ ခပ်အောင့်အောင့်ဖြစ်သွား၏။

မောင်မင်းကြီးသားကဖြင့် ကျွန်မ၏ စိတ်ကျဉ်းကျပ်မှုကို လုံးဝ ဂရုစိုက်ပုံ မရ။ သို့မဟုတ် ကျွန်မစိတ်ကျဉ်းကျပ်နေကောင်း နေလိမ့်မည်ဟုပင် တွေးတတ်ပုံမရချေ။ ကျွန်မပန်းကန်ထဲသို့ ဟင်းထည့်ပေးဖို့လည်း (သူ့မိခင်၏ ရှေ့မှာမို့) မဝံ့မရဲဖြစ်နေဟန် တူသည်။

ဘာရမလဲ...ဒါ အဲလစ်စ်ကျော်မောင်လေ။

ကျွန်မ ကြက်သားဖတ်များကို ဇွန်းခက်ရင်းဖြင့် ကျွမ်းကျင်စွာ သေသပ်စွာ ဖဲ့ထွင်လျက် သူ့မိခင်ပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက မေမေ့သားပန်းကန်ထဲချည်း ထည့်ပေးနေတော့ ကျွန်မက မေမေ့ပန်းကန်ထဲ ထည့်ပေးမယ်နော်"

သူတို့နှစ်ယောက်လုံး အနည်းငယ်အနေရခက်သွားသလို တစ်ယောက်၏ မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ပြီးမှ သူ့မိခင်က ပြုံးကာ "ကျေးဇူးတင်ပါတယ်ကွယ်" ဟု ချိုချိုကလေး ပြော၏။

ထိုနေ့၏ နောက်တစ်ရက်မှာ ကျွန်မနှင့် သူ ကျွန်မအဆောင်ရှေ့က ခုံတန်းပေါ်မှာ အကြာကြီးစကားပြောဖြစ်ကြ၏။

"မနေ့က မေမေက ကိုယ့်ကို မေးတယ် အဲလစ်စ်"

ထင်သားပဲ။

"အဲဒီ မိန်းကလေးနဲ့ သားနဲ့ သမီးရည်းစားလား...တဲ့"

အင်း...သည်တစ်ခါ ကျွန်မချစ်သူ၏ ကိုယ်ပိုင်အစွမ်းအစကို ကျွန်မ သိရတော့မှာပေါ့။

"အဲဒီတော့ ကိုက ဘယ်လိုပြောလိုက်လဲ"

"အမှန်အတိုင်းပဲလေ...ဟုတ်တယ် မေမေလို့"

ကျွန်မ ပြုံးချင်ချင်မျက်လုံးများဖြင့် သူ့ကိုငေးကြည့်နေမိသည်။

"အဲဒီတော့ ကို့မေမေက ဘာပြောလဲ"

"သား...သူနဲ့ယူမှာလားတဲ့"

အလိုလေး...ကျွန်မလို မိန်းကလေးကို သူ့သားက မယူဘဲ ကျောရရုံကြံသင့်သည်ဟုများ ထင်နေရှာသလား။

"ဒီတော့..."

"ဒီတော့ ကိုယ်ကလဲ ယူမှာလို့ ဖြေလိုက်တယ်"

ကျွန်မ ကျေးဇူးတင်စွာ သူ့ကိုပြုံးကြည့်လိုက်သည်။ တော်ပါ





သေးရဲ့။ ကျွန်မချစ်သူ သည်တစ်ခါတော့ စိတ်ဓာတ်အင်အားတွေ ဘာတွေ ပြည့်လို့ပါကလား။

"ဟုတ်ပြီ၊ ကို သိပ်သတ္တိကောင်းတာပဲ၊ ကဲ...ဆက်ပြောစမ်းပါဦး၊ ဒီတော့ မေမေက ဘာပြောလဲ၊ သဘောတူသတဲ့လား၊ မတူဘူးတဲ့လား"

သူ အတန်ကြာအောင် ငြိမ်သက်တွေဝေနေသောအခါ ကျွန်မ အားမလိုအားမရဖြစ်လာသည်။ သူ့လည်ပင်းသွေးကြောကလေး တဆတ်ဆတ်ခုန်နေသည်ကိုကြည့်ရင်း အခြေအနေသိပ်မကောင်းမှန်းတော့ ကျွန်မရိပ်မိလိုက်ပါသည်။

"ပြောလေ ကို၊ သဘောတူသလား မတူဘူးတဲ့လား"

သူ ကျွန်မကို ရီဝေစွာ တစ်ချက်ကြည့်ပြီး ပြုံးပြသည်။ သူ့အပြုံးမှာ ကျွန်မကို အားပေးသောအပြုံးမဟုတ်ဘဲ သူ့ကိုယ်သူ အားပေးသော အပြုံး ဖြစ်လေသည်။

"အဲဒါတော့ ဘာမှမပြောဘူး အဲလစ်စ်၊ မင်းတို့ယူပြီးရင် ဘယ်မှာ နေကြမှာလဲတဲ့၊ အဲဒါပဲ မေးတယ်"

ကျွန်မ သူ့ပါးပြင်ကို လက်ညှိုးကလေးနှင့် ထိတို့ပြီး အတန်ကြာအောင် ငြိမ်သက်နေလိုက်သည်။ ကျွန်မရင်ထဲမှာတော့ ဒေါသနာကြည်းခြင်းနှင့်အတူ ကျွန်မတို့နှစ်ယောက် တစ်သက်လုံး ကွဲသွားမှာကို စိုးရွံ့စိတ်ဖြင့် တုန်လှုပ်နေတော့သည်။

"ကိုယ် ထင်တယ်လေ၊ ဒါ သူ့သဘောထားကို အညင်သာဆုံး ထုတ်ဖော်ပြောလိုက်တာပဲလို့"

"ကို ဘယ်လိုပြန်ဖြေခဲ့သလဲ ဟင်"

"ဟင့်အင်း၊ ဘာမှမဖြေဘဲ မေမေ့ရှေ့မှာ အကြာကြီး ငြိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ ကိုယ် ဘာဖြေရမလဲ၊ အဖြေမှ မရှိတာ၊ ပြောစမ်းပါဦး အဲလစ်စ်၊ ကိုယ် ဘာလုပ်ရမလဲ”

ကျွန်မလက်ကို လာ၍ဆုပ်ကိုင်သော သူ့လက်ဖျားများ အေးစက်လျက်ရှိသည်ကို အံ့သြစွာ သိလိုက်ရ၏။

ကောင်းပြီ။ သူက ကျွန်မသဘောထားကို သိချင်လျှင် ကျွန်မ ပြောရတော့မှာပေါ့။

“ကို ဒီနေ့ည အိမ်ပြန်ရင် ကို မပေးရသေးတဲ့အဖြေကို ပေးလိုက်ပေါ့၊ ယူပြီးရင် အဲလစ်စ်နဲ့အတူ အိမ်ခန်းတစ်ခု ငှားနေမယ်လို့ နော်၊ ကို သတ္တိတော့ ရှိဖို့လိုတယ်နော်”

“ကို သတ္တိရှိပါတယ် အဲလစ်စ်ရာ”

ကျွန်မ မယုံကြည်ပါ။ သို့သော်...

“ကျွန်မလဲ ကိုသတ္တိရှိမယ်လို့ ယုံပါတယ်ကွယ်၊ နောက်ပြီး တစ်ခု သေချာအောင် မေးခဲ့ဦး၊ အဲလစ်စ်ကျော်မောင်နဲ့ ယူပြီးတဲ့အခါ ‘စိန်’ကုမ္ပဏီမှာ ကို့ကို အလုပ်တာဝန်ကနေ ရပ်စဲပစ်မှာလား ဆိုတာလေ၊ အဲဒါ သေသေချာချာမေးခဲ့နော်...ကို”

“တကယ်လို့ ကိုယ့်ကို မေမေက အလုပ်ဖြုတ်ပစ်ရင်ကောဟင် အဲလစ်စ်”

ကျွန်မ သူ့လက်ဖျားကို တင်းကျပ်နေအောင် ဆုပ်ထွေးလျက် က အင်အားများစွာပါသော အပြုံးတစ်ခုဖြင့် နှစ်သိမ့်လိုက်၏။

“စိတ်မပူပါနဲ့ ကို၊ အဲလစ်စ် အသက်ရှင်နေသမျှ ကိုနဲ့အဲလစ်စ် အတွက် ဘဝကလေး လှလှပပဖြစ်နေအောင် ကျွန်မစွမ်းဆောင်နိုင်ပါတယ်၊ ကို ယုံရဲ့လားဟင်”

“ယုံပါတယ် အဲလစ်စ်ရယ်”

*





၁၉၆၁ ခုနှစ်တွင် သူနှင့် ကျွန်မ လက်ထပ်လိုက်ကြသည်။ ကျွန်မကို မနှစ်မြို့သော ဒေါ်ကြည်ကြည်စိန်နှင့် ဝေးရာ ဆိတ်ငြိမ်ရပ်ကွက်ကလေးတစ်ခုမှာ ကျွန်မနှင့် သူ ပျော်ရွှင်စွာ၊ ဘဝကို ကျေနပ်စွာ နေခဲ့ရသည်မှာ သုံးလခန့်သာ ကြာမြင့်ပါသည်။

တစ်နေ့တွင် ကျွန်မတို့အိမ်သို့ သူ့မိခင် လိုက်လာခဲ့သည်။

လက်ထပ်ပြီးမှ သူ့မေမေကို ပထမဆုံးအကြိမ် တွေ့လိုက်ရသော သူသည် ပျာယာခတ်လျက်ရှိသည်။

“သားကို မေမေဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူး သား”

ထိုစကား၏ အဆုံးမှာ မိခင်အပေါ် ထားသော သူ၏ မဖြစ်စလောက် မာနကလေး အရည်ပျော်ကျသွားဟန်တူပါသည်။

“မေမေတစ်ယောက်တည်း နေရတာ အဲလစ်စ်ရဲ့၊ ဒေါ်လေးကလဲ အလုပ်ကိစ္စတွေမှာ သိပ်သိတာမဟုတ်ဘူး၊ မေမေက ကိုယ့်ကို ကုမ္ပဏီမှာ အလုပ်ပြန်လုပ်စေချင်နေတယ်”

ကျွန်မတို့နှစ်ယောက်ကို ကုက္ကိုင်းအိမ်သို့ ခေါ်ယူဖို့တော့ သူ့မေမေ စဉ်းစားဟန်မတူပါ။ ကျွန်မ ထိုကိစ္စကို တစ်ညလုံးစဉ်းစားရသည်။

ကျွန်မတို့မိသားစု စားဝတ်နေရေးကို ပူပင်၍ အလုပ်ဝင်လုပ်မည်ဆိုလျှင်တော့ ကျွန်မ မာနကြီးစွာ ခါးခါးသီးသီးတားမြစ်လို့ကောင်းမည်။ ယခုတော့ မိခင်တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေသော ‘စိန်’ကုမ္ပဏီကို ကူညီပေးရန် အကြောင်းပြချက်။ ထိုအကြောင်းပြချက်ကို ဘယ်ချွေးမက ခါးသီးစွာငြင်းဝံ့မည်နည်း။ နောက်ပြီး တစ်ဦးတည်းသောသားနှင့် ထိုသား အသက်ခုနှစ်နှစ်အရွယ်ကတည်းက လင်သေဆုံးသွားသော မုဆိုးမ မိခင်တို့၏



www.burmeseclassic.com

www.burmeseclassic.com



အကြားက ချစ်ခြင်းမေတ္တာမှာ သံယောဇဉ်တစ်ခု အနှောင်အဖွဲ့ ပါလာတာ ... ဖြေဖြေ ... မမြူ ... ဟူသော စကားများ နောက်မှ ကွဲနိုင်မှန်း ကျွန်မသိပါသည်။ မပြိုကွဲနိုင်မှန်း သိလျက်နှင့် ပြိုကွဲအောင် ကြိုးစားလျှင် ကြိုးစားသူသာ မိုက်မဲရာကျလိမ့်မည်။

“ကောင်းပြီလေ ... ကို အလုပ်သွားလုပ်ပေါ့”

ထိုစကား ပေါ့ပေါ့ကလေး၏ နောက်တွင် ကျွန်မ ချစ်သော ယောက်ျားကို စွန့်လွှတ်လိုက်ရကြောင်း နှစ်များစွာကြာမှ ကျွန်မ သေချာခဲ့သည်။

သူသည် နံနက်အစောစာကို ကျွန်မထံတွင် စားသည်။ နေ့လယ်စာကိုတော့ ကျွန်မတို့သဘောတူညီချက်အရ အမြဲတမ်း သူ့မိခင်က ကျွေးလေ့ရှိ၏။ ပြဿနာမှာ ညစာဖြစ်သည်။ ညစာကို သူ့အတွက် ကျွန်မအမြဲတမ်း ထည့်ချက်ထားလေ့ရှိပြီး သူဘယ်တော့မှ မစားပါ။ မေမေက ကျွေးလိုက်လို့ဟူသော စကားမျိုးဖြင့် ကျွန်မ၏ ညစာကို သူပြန်လာမှ တစ်ယောက်တည်းကြိတ်မှိတ်စားရသည်မှာ ဘယ်လောက်အခံရခက်ဖို့ ကောင်းပါသနည်း။

“ကို့မေမေကို ပြောလိုက်စမ်းပါ၊ မယားတစ်ယောက်ဟာ လင်တစ်ယောက်နဲ့ တစ်နေ့မှာ တစ်ကြိမ်တောင် ထမင်းလက်ဆုံစားခွင့် မရှိတော့ဘူးလားလို့၊ အဲလစ်စ်က မေးလိုက်တယ်လို့”

သူ ဘယ်တော့မှ ပြန်ပြောမည်မဟုတ်မှန်း ကျွန်မသိသားပဲ။

တစ်ခါတစ်ရံ ရှားပါးစွာ ညစာစားဖြစ်သော အချိန်များတွင်လည်း မေမေဆိုရင် ဟင်းကို ဒီလိုမချက်ဘူးဟူသော စကားမျိုးကို မကြားချင်အောင် အခံရခက်စွာ ကြားရသည်။

ငါးကြော်တာက အစ၊ ခရမ်းချဉ်သီး သုပ်တာအထိ။





ကျွန်မက ငါးကိုအချိုကြော်လေ့ရှိသည်။ ကြက်သွန်ကိုဆီသတ်ပြီးမှ သကြားမဖြစ်စလောက် ထည့်နယ်ထားသော ငါးကို ကြော်သည်။ သူက အဲဒါမျိုးကိုမကြိုက်ပါတဲ့။ မေမေဆိုရင် ...။ ကောင်းပြီ၊ သူ့မေမေကြော်သလို ကြက်သွန်ဆီချက် မပါဘဲ ဆီနှင့်ချည်း ကြော်ကျွေးပြန်တော့ အဲလစ်စ်ရဲ့ငါးကြော်က ချိုလည်း မချိုဘူး၊ ငန်ငန်ကြီးဟု အပြစ်ဆိုသည်။

ကျွန်မ အံကြိတ်ကာ ပြုံးနေရ၏။

ခရမ်းချဉ်သီးသုပ်ကြိုက်လှချည်ရဲ့ဆိုလို့ ကျွန်မ ပုစွန်ခြောက်နိုင်းချင်းနှင့် သုပ်ပေးသည်။ သူက တို့ကနန်း ဆိတ်ကနန်းသာစားပြီး အဲလစ်စ်ရဲ့ ခရမ်းချဉ်သီးသုပ်က ချဉ်လိုက်တာ ဟူ၏။

ဟင် ... ခရမ်းချဉ်သီးသုပ်ကို ချိုမြနေအောင် အဲလစ်စ်လည်း မသုပ်တတ်တော့ဘူး ကို၊ ချိုချင်ရင် သကြားထည့်ပေါ့။ သို့သော် ကျွန်မ မျိုသိပ်ကာ ပြုံးနေလိုက်ရပါသည်။

“ခရမ်းချဉ်သီး နည်းနည်းစိမ်းသွားလို့နဲ့ တူပါရဲ့ ကိုရယ်၊ နောက်နေ့ကျတော့ မှည့်မှည့် အရည်နည်းနည်း ခရမ်းချဉ်သီး အလုံးကောင်းကောင်းရှာပြီး သုပ်ကျွေးမှာပေါ့နော် ကို”ဟု စစ်ပြေငြိမ်းစကားဖြင့် အလံဖြူပြခဲ့။

“မေမေဆိုရင် ကြက်သွန်ကို ဒီလို မလှီးဘူး” တဲ့။

ကျွန်မ ဒေါသထောင်းခနဲ ထသွား၏။

ကြက်သွန်ကို အကွင်းလိုက်လှီးလည်း ဗိုက်ထဲ ရောက်တော့ ဟိုသင်းဖြစ်တာပဲ၊ အရှည်လိုက်လှီးလည်း ဗိုက်ထဲ ရောက်တော့ ... သို့သော် ကျွန်မ မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းနှစ်ဆယ်ကျော် ပုံသွင်းခံထားရတဲ့ အရုပ်တစ်ရုပ်လေ အဲလစ်စ်၊ ဒါကိုမငြိုငြင်နဲ့။ ချက်ချင်း ပြုပြင်လို့ရမယ် မထင်နဲ့။ အချိန်ကာလ လိုတယ်။ ဖြည်းဖြည်း… ဖြည်းဖြည်း။

"ဪ…ဟုတ်လား၊ ဒါဖြင့် နောက်နေ့ကျတော့ကြက်သွန်ကို အကွင်းလိုက်ကလေးတွေ လှီးပေးမယ်နော် ကို။ အဲလစ်စ်ကျောင်းက ပြန်လာတော့ အရမ်းပင်ပန်းတာနဲ့ ကိုဒီလိုကြိုက်တတ်လိမ့်မယ်ဆိုတာ စဉ်းစားဖို့ မေ့သွားလို့။ ဟုတ်တယ်ကိုရေ…အိမ်မှာလည်း မာမီက ခရမ်းချဉ်သီးသုပ်ရင် ကြက်သွန်ကို အမြဲတမ်း အကွင်းလိုက်လှီးတာ။ လှလည်း လှတယ်၊ ခရမ်းချဉ်သီးနဲ့လည်း ရောထွေးမသွားဘဲ သီးသန့်ဖြစ်နေရောလေ"

စိတ်ထဲကတော့ ဟင်းချိုပန်းကန်နှင့်တောင် ကောက်ပေါက်ပစ်ချင်နေမိ၏။

ကျွန်မတို့နှစ်ယောက် အိပ်ခန်းတစ်ခန်းစီ သတ်သတ်အိပ်ကြဖို့ ကျွန်မ အကြံပြုသော်လည်း သူ လက်မခံခဲ့ပါ။

"ကိုယ် အသက်ဆယ့်နှစ်နှစ်အရွယ်အထိ မေမေနဲ့ တစ်ခုတင်တည်း အိပ်တုန်း အဲလစ်စ်ရဲ့၊ နောက်ပိုင်း ကိုယ်တစ်ယောက်တည်း အိပ်ရမှာ ကြောက်လာရော၊ ကိုယ် လူပျိုဘဝတစ်လျှောက်လုံး တစ်ခန်း သတ်သတ်အိပ်တိုင်း အိပ်မက်ဆိုးတွေ မက်တတ်တယ်၊ အမြဲတမ်း မေမေပဲ ကိုယ့်အတွက် ခြင်ထောင်ချပေး၊ စောင်ခြုံပေး၊ မီးပိတ်ပေး၊ ပြတင်းပေါက်ပိတ်ပေး လုပ်ခဲ့တာပဲ"

တကယ်လည်း သူသည် ညအိပ်လျှင် အနီးအနားမှာ တစ်စုံတစ်ယောက် ရှိနေမှ အိပ်ပျော်လေ့ရှိသည်။ တစ်ခါတစ်ရံ အိပ်မက်ဆိုး မက်ပြီး ဖြန်းခနဲညည်းညူထထိုင်လျှင် ကျွန်မပါ အိပ်ရေးပျက်ရသည်။





"ကို…ကို…ဘာဖြစ်လို့လဲဟင်" ဟု မေးလျှင် ခြောက်သွေ့တုန်လှုပ်သောအသံဖြင့် အိပ်မက်မက်လို့ဟု တုံးတိတိဖြေလေ့ရှိ၏။

"ဘာအိပ်မက်လဲ၊ ကျွန်မကို ပြောပြစမ်းပါ"

သူ့အိပ်မက်များကို ကျွန်မ သိချင်စိတ်ပြင်းပြစွာ မေးလေ့ရှိသည်။

"ကျွန်မက ဆိုက်ကောလ်ဂျစ်(စ်)(တ်) လေ၊ အိပ်မက်တွေကို အနုလ်လိုက်ဆစ်စ် လုပ်တတ်တယ် ကိုရဲ့၊ ကို ဘာကြောင့် မက်တယ် ဆိုတာ ကျွန်မပြောပြနိုင်မှာပေါ့"

သို့သော် သူ့အိပ်မက်များကို ဘယ်တော့မျှ ကျွန်မကို ပြောမပြခဲ့ပါ။

ထိုညမျိုးတွင် သူသည် ကလေးသဖွယ် ကျွန်မရင်ခွင်ကို တိုးဝင်လျက် ကွေးကွေးကလေးအိပ်ဖို့ ကြိုးစားလေ့ရှိသည်။ ကျွန်မကလည်း သူ့စိတ်ချောက်ချားမှုများ ပြေပျောက်ပါစေတော့ဟု သူ့နဖူးပေါ်မှ ဆံပင်ကို လက်နှင့်သပ်ပေးရင်း သူ့ကျောကို လက်ဖြင့် ပွေ့ဖက်လုံခြုံစေရင်း ကလေးတစ်ယောက်ကို သိပ်သလို ချော့သိပ်ခဲ့ရတတ်လေသည်။

ကျွန်မ မရှိလျှင် သူ့ဘဝ ဘယ်လိုမှ ရပ်တည်၍မဖြစ်ဟူသော အခြေအနေမျိုးကို ရရှိလာဖို့ ကျွန်မမှာရှိသမျှစည်းစိမ်နှင့် လဲယူရမည်ဆိုလျှင်တောင် ကျွန်မ လဲယူလိုက်ချင်ပါသည်။ သို့သော် ဤကဲ့သို့သော အခြေအနေမျိုးမှာ သူ့မိခင် အသက်ထင်ရှားရှိနေသ[illegible] ကာလပတ်လုံး မဖြစ်ပေါ်လာနိုင်မှန်းလည်း ကျွန်မသိသည်။ [illegible] မိခင်သည် သူ့ဘဝအတွက် အရေးကြီးဆုံးဖြစ်သည်လေ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့မိခင်၏ ကိုယ်ပွားရုပ်သွင်။ သူ့မိခင်၏ ကိုယ်စားသူ့ ကို ကြင်နာယုယမှုပေးရမည့် သူ။

'တစ်ဦးတည်းသောသားများသည် အိမ်ထောင်ပြုခဲလှသည်။ အကယ်၍ အိမ်ထောင်ပြုလိုက်လျှင်လည်း သူ့ဇနီးသည် သူ့ဘဝ အတွက် သိပ်အရေးပါလိမ့်မည်မဟုတ်ချေ' ဟူသော စိတ်ပညာ လေ့လာတွေ့ရှိချက်တစ်ခုကို ပြောင်းပြန်လှန်ပစ်ဖို့ ကျွန်မ မိုက်မဲစွာ ကြိုးပမ်းခဲ့မိ၏။

သို့သော်...

*

[၂]

ကျွန်မဘဝတွင် ဒုတိယအကြိမ် အရှုံးပေးရသူမှာ ကျွန်မယောက္ခမ ဒေါ်ကြည်ကြည်စိန်ဖြစ်သည်။

ကျွန်မ ချစ်လှစွာသော ယောကျ်ားကို တခြား ဘယ်မိန်းမနှင့် မဆို ယှဉ်ပြိုင်၍အရယူရဲသော ကျွန်မသည် ဒေါ်ကြည်ကြည်စိန်ကို တော့ စောစီးစွာ အရှုံးပေးခဲ့ရ၏။

အကယ်၍သာ ကျွန်မသည် စိတ်ပညာကိုလိုက်စားသူ ဆရာမ တစ်ယောက် မဟုတ်ခဲ့ဘူးဆိုလျှင် သူတို့သားအမိ၏ စိတ်ခံစားမှု ကို နည်းနည်းကလေးမျှ ထည့်မတွက်ဘဲ ကျွန်မလိုချင်သောအရာ ကို နည်းမျိုးစုံဖြင့် အရယူမိပါလိမ့်မည်။ ပြီးခါမှ ရှုံးချင် ရှုံးပစေ လေ။ ယခုတော့ ကျွန်မသည် လူတကာ၏ စိတ်အခြေအနေ၊ အငုံ့ စိတ်၊ တုံ့ပြန်စိတ်၊ စိတ်ထွက်ပေါက်၊ သံသယ စသည်တို့ကို အမြဲ ထည့်တွက်လေ့ရှိသူဖြစ်သောကြောင့် ကျွန်မနှင့် ပတ်သက်နေသော ထိုသားအမိ၏ အပြန်အလှန်ချစ်ခင်လိုအပ်ခြင်းကိုလည်းကောင်း၊





ကြင်နာအားကိုးခြင်းကိုလည်းကောင်း၊ လျစ်လျူရှုဖို့ အမြဲတစေ ဝန်လေးခဲ့သည်။

ထို့ကြောင့်လည်း ကျွန်မ ဤမျှနင့်နင့်သီးသီး ရှုံးနိမ့်ခဲ့ရခြင်း ဖြစ် ပါလိမ့်မည်။

ပထမဖြစ်သော ပြဿနာမှာ ကျွန်မကြောင့်ဟု ဒ တိအကျ ပြော ၍ မရသော်လည်း သူကတော့ ကျွန်မကြောင့်ဟုသာ စွပ်စွဲသည်။

ထိုနေ့က ကျွန်မမှာ ကိုယ်ဝန်သုံးလရှိနေကြောင်း အတိအကျ သိလိုက်ရသောနေ့ ဖြစ်သည်။

ထိုနေ့ တစ်ညနေလုံး သူ့ကို ထိုသတင်း အတိအကျပြောပြလို စိတ်ဖြင့် ထိုင်ရာမှ ထလိုက်၊ လမ်းလျှောက်လိုက်၊ အိမ်ထဲဝင်လိုက် အပြင်ထွက်လိုက် စိတ်လှုပ်ရှားနေခဲ့သည်။ ည ခုနစ်နာရီထိုးသည် အထိ သူပြန်မလာသောအခါ ကျွန်မ စိတ်ပူပန်လာ၏။ အခါတိုင်း ညခြောက်နာရီဆို သူအိမ်ပြန်ရောက်နေကျ မဟုတ်လား။

ခုနစ်နာရီခွဲသောအခါ ကျွန်မ ဘယ်လိုမှ မနေနိုင်တော့ပေ။ အငှားကားတစ်စီးကို ငှားပြီး ပွဲရုံကို အရင်ဝင်သည်။ ပွဲရုံက ဆရာ ကုက္ကိုင်းအိမ်သို့ ပြန်သွားပြီဟု ပြောလိုက်သောအခါ ကျွန်မ သူ့ အိမ်အထိ လိုက်သွားတော့သည်။ သူ့အိမ်သို့ ရောက်သောအခါ အငှားကားကို ခဏ ေ ာင့်ခိုင်းထားပြီး အိမ်ထဲဝင်သွားလိုက်၏။ ထမင်းစားခန်းထဲ ဝင်မည့်ဟန် ပြင်တော့ ကောင်မလေး တစ် ယောက်က မေမေကြီးနဲ့ အစ်ကိုအပေါ်ထပ်မှာဟု ခပ်တိုးတိုး အသိ ပေးသောကြောင့် ကျွန်မအပေါ်ထပ်သို့ တက်လိုက်သွားပါသည်။

ဘုရားခန်း၏ရှေ့တွင် သူတို့သားအမိ ထိုင်၍ စကားပြောနေ ကြသည်။ ကျွန်မတက်သွား တော့ မျှော်လင့်မထားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တအံ့တသြတိတ်ဆိတ်သွားကြ၏။ ကျွန်မက ပြုံးရွှင်စွာ အနားသို့ ရောက်သွားသည်။

"မေမေ နေကောင်းပါရဲ့လား" ဟု မေးတော့မှ "အေး အေး... ကောင်းပါတယ်" ဟု ခပ်တိုးတိုးဖြေ၏။ သူမ၏အသံမှာ စိတ်အနှောင့်အယှက်ဖြစ်သွားသူပမာ ခပ်ထောင့်ထောင့်ဖြစ်နေ၏။ ကျွန်မက သားအမိစကားဝိုင်းကို နှောင့်ယှက်မိသူပေါ့လေ။

"ကိုရေ... အိမ်ပြန်ကြစို့၊ အဲလစ်စ်ဖြင့် စောင့်ရတာ ဆာလွန်းလို့ သေတော့မယ်၊ ကိုတို့သားအမိ အဲလစ်စ်ကွယ်ရာမှာ အဲလစ်စ်ရဲ့ အတင်းပြောနေတာကို ဒီလောက်အကြာကြီး စောင့်မနေနိုင်ဘူးလေ"

ဟု ကျွန်မက ပြောင်စပ်စပ်မျက်နှာလေးဖြင့် ရယ်စရာပြောမိ၏။ ကျွန်မဘဝတွင် ဤတစ်ခါသာ စကားမှားဖူးပါသည်။ သို့သော် ထိုအမှားသည် ကျွန်မဘဝတွင် ပြင်ဖျက်၍မရသော ဆုံးရှုံးမှုတစ်ခုသို့ ဦးတည်ခဲ့မှန်း နောက်ကျမှ သိလိုက်ရသည်။

"သားရယ်... သားဇနီးက စကားပြော ရိုင်းလိုက်တာ"

သူမ၏ ချိုမြသောအသံ နောက်ကွယ်က ဓားသွားပမာ ထက်ရှသော ခါးသီးမုန်းတီးမှုကို ကျွန်မခံစား၍ ရသည်။ ထို စကားပြော ရိုင်းစိုင်းမှုမှာ ကျွန်မယောကျ်ားအပေါ် ကျွန်မရပိုင်ဆိုင်ခွင့် ဆုံးရှုံးမှုတို့မှ ပေါက်ဖွားလာမှန်း သူမ သိဟန်မတူပါ။ သူ့အမေ၏ အပြစ်တင် စကားအဆုံးတွင် ရိုင်းစိုင်းသောကျွန်မအတွက် သူအရှက်ရသွားဟန် တူပါသည်။

"ကိုယ်ပြန်လာမှာပေါ့ အဲလစ်စ်ရဲ့၊ အခုမှ ရှစ်နာရီတောင် မထိုး





သေးပါဘူး၊ အဲလစ်စ်ဆာရင်လဲ စားနှင့်လိုက်ရောပေါ့" ထိုစကားဖြင့် နူးညံ့မှ လုံးဝမပါချေ။

ကျွန်မ ကာလများစွာ မျိုသိပ်ထားခဲ့ရသော ဒေါသများ ပွင့်ထွက်သွား၏။

"လက်စသတ်တော့ ကျွန်မက ကိုအတွက် ညအိပ်ဖို့သက်သက် အသုံးကျတဲ့ မိန်းမပါလား၊ အခုမှပဲ ကျွန်မရဲ့ယောကျ်ားကို တစ်ယောက်ယောက်နဲ့ ဝေမျှချစ်နေရမှန်း သိတော့တယ်၊ အဲလစ်စ်တို့ကလေ... အပြည့်အဝမရရင် ဘာတစ်ခုမှ မလိုချင်ဘူး၊ ကိုအိမ်ကို ပြန်မလာနဲ့တော့"

ထို့နောက် ကျွန်မဖြုန်းခနဲ သူတို့သားအမိရှေ့မှ လှည့်ထွက်လာခဲ့သည်။

"အဲလစ်စ်..."

သူ နောက်က ကမန်းကတန်းလိုက်လာ၏။

"အေးအေးကျော့..."

သူ့မေမေ၏ တုန်ယင်သော ခေါ်သံကိုလည်း ကျွန်မကရုမစိုက်နိုင်တော့။ လှေကားကို ခပ်သွက်သွက်ပြေးဆင်းခဲ့တော့သည်။ သူက ကျွန်မနောက်မှ ကပ်လိုက်လာရင်း ကျွန်မလက်ဖျားကို ဆုပ်ကိုင်ဖို့ကြိုးစား၏ ကျွန်မမျက်ရည်ဝဲလည်လျက်က သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

ထိုအချိန်မှာပင် တစ်စုံတစ်ခုပြိုလဲသံကို အပေါ်ဆုံးလှေကားထစ်ဆီမှ ကြားလိုက်ရသည်။ ကျွန်မတို့နှစ်ယောက်လုံး မော့ကြည့်လိုက်သောအခါ သူ့မေမေသည် ရင်ညွန့်ကို လက်နှင့်ဖိလျက် ခွေခွေကလေး လဲကျသွားသည်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အား'ခနဲအော်ဟစ်ကာ သူ့လေ့ကားထစ်တစ်လျှောက် သွေးရှူး သွေးတန်း ပြေးတက်သွား၏။ ကျွန်မ ငြိမ်သက်စွာရပ်ရင်း လှေကား လက်ရန်း ပွတ်လုံးတစ်ခုကို တင်းကျပ်စွာ ဆုပ်ကျန်ရစ်ခဲ့သည်။

ဒါပါပဲ။ အဲသည်လိုနှင့် အဲလစ်စ်ကျော်မောင်တစ်ယောက် နှလုံးရောဂါ ဝေဒနာသည် ဒေါ်ကြည်ကြည်စိန်ကို တစ်ဘဝစာ အရှုံးပေးခဲ့ရတော့တာပါပဲ။

သူ့မေမေမှာ နှလုံးသွေးကြောကျဉ်းသည့်ရောဂါ ရှိသည်တဲ့။ နှလုံးသွေးကြောပိတ်ရာက နှလုံးဆီကို သွေးမရောက်ဘဲ ဖြစ်သွားသည် တဲ့။

"ကိုယ့်မေမေ တစ်ခုခုဖြစ်သွားရင် ကိုယ်တစ်သက်လုံး ဖြေလို့ရမှာ မဟုတ်တော့ဘူး" ဟူသော စကားကိုသာ သူတတွတ်တွတ်ပြောမဆုံးတော့။

သူ့မေမေ ဆေးရုံတက်နေသမျှ ရက်သတ္တနှစ်ပတ်ကျော်ကျော်အတွင်း ကျွန်မအိမ်သို့ပင် သူ မရောက်လာနိုင်ချေ။ ထိုအချိန်မှာ ကျွန်မက ကိုယ်ဝန်ဆောင်များထုံးစံအတိုင်း မူးဝေအော့အန်လျက် ကျောင်းမှပင် မကြာခဏခွင့်ယူကာ အိပ်ရာထဲ လဲနေချိန်၊ အစားအသောက် တစ်ခုမှမဝင်ဘဲ ပျော့ခွေညှတ်ကျနေချိန်။ သူ့မေမေ ရှိရာ ဆေးရုံသို့လည်း တစ်ခေါက်မှ မရောက်လိုက်နိုင်ချေ။ (ထိုအကြောင်းကြောင့်လည်း ကျွန်မနှင့်ဒေါ်ကြည်ကြည်စိန်တို့အကြား အာဃာတများ ပိုမိုများပြားလာခြင်းလည်း ဖြစ်နိုင်ပါသည်။) ကျွန်မ၏ ညီမအငယ်ဆုံးက အိမ်သို့လာနေပြီး ကျွန်မကို အနီးကပ်ပြုစု





စောင့်ရှောက်ရသည်။ သူကတော့ ဆေးရုံမှာ တစ်နေ့ကုန်နေလျက် ညတာဝန် အထူးသူနာပြုငှားထားသည့်ကြားမှ စိတ်မချဟု ဆိုကာ ဆေးရုံမှာပင် အိပ်သည်တဲ့။ သူ့မေမေ အနည်းငယ်ထူထူထောင်ထောင်ဖြစ်၍ ဆေးရုံမှဆင်းလာတော့လည်း သူ ကျွန်မအိမ်သို့ ပြန်မလာချေ။ ကုက္ကိုင်းအိမ်မှာ ဆက်နေပြီး သူ့အမေနားက မခွာတော့။ သူ၏သားဦးကိုယ်ဝန်ကို ဆောင်ထားရသော သူ့မိန်းမကို တစ်စက်မှ ပူပင်ဟန်မတူပေ။ အင်းလေ ...သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေကြောင်းပင် သူသိမှ သိပါရဲ့လား။ ကျွန်မကလည်း မပြောဖြစ်ဘူး ထင်သည်။ ထိုနေ့က ရှုပ်ထွေးသွားသော အဖြစ်အပျက်ထဲမှာ ကျွန်မ ထိုသတင်းကို ပြောပြမိလေသလား မပြောမိဘူးလား လုံးဝသတိမရတော့ပေ။

သူ အိမ်သို့ ပထမဆုံးပြန်လာသောနေ့က ကျွန်မသည် ကိုယ်ဝန်ဆောင် အင်္ကျီပန်းနုရောင်ကလေးကို ဝတ်ထား၏။ ထိုဝတ်စုံဖြင့် သူ ကျွန်မကိုမြင်လိုက်တော့ အံ့အားသင့်သွားဟန်ရှိသည်။ ထို့နောက် ကျွန်မ ထိုင်နေသော စက်ခုံရှိရာသို့ လျှောက်လာပြီး 'အဲလစ်စ်'ဟု ဝမ်းသာအားရနှုတ်ဆက်သည်။

ကျွန်မသည် တော်ရုံတန်ရုံဆိုလျှင် မျက်ရည်လွယ်သူ မဟုတ်ချေ။ သို့သော် ထိုနေ့ကတော့ သူ့ကိုမြင်လိုက်ရသောအခါ ဘယ်လိုဝမ်းနည်းမှန်းမသိ၊ စိတ်ထဲမှာ ငိုချင်ပြင်းပြစွာ ဝမ်းနည်းသွား၏။ သူသည် ကျွန်မနှင့် မတွေ့ရသည့် သုံးလလောက်အတွင်း ကိုယ်ဝန်ဆောင်ကျွန်မထက်ပင် ပိန်ကျသွားသည်။ နေမကောင်းသည့် သူ့အမေ ဘယ်လိုနေမည်မသိသော်လည်း လူမမာပြုစုရသည့် သားဖြစ်သူမှာတော့ အိပ်ရေးကောင်းစွာဝဖို့၊ အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန်စားဖို့၊ စိတ်ဓာတ်အခြေအနေ ပုံမှန်ဖြစ်ဖို့ အရေးတကြီး လိုအပ်နေပြီဟု ကျွန်မရိပ်မိသွားတော့သည်။

ကျွန်မ ထိုင်ရာမှ ဝုန်းခနဲထကာ သူ့ကို ပွေ့ဖက်လိုက်လျက် ငိုကြွေးမိတော့သည်။

သူကတော့ သူ့ကို လွမ်းဆွတ်တမ်းတစိတ်ကြောင့် ငိုသည်ဟု ထင်လိမ့်မည်။ သူ့ကိုအလွန်အမင်း ကရုဏာသက်၍ သူ့စိတ် ဝေဒနာကို နားလည်၍ ယူကျုံးမရ ငိုကြွေးရကြောင်း သူ ဘယ်တော့မှ သိလိမ့်မည်မဟုတ်ပါ။ ကျွန်မ သူ့ကို လျစ်လျူရှုထားခဲ့မိလေခြင်းဟု တွေးမိကာ ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်မိသည်။ မအေ့အပေါ် သာမန်ထက် ထူးကဲစွာ တွယ်တာအားကိုးသော တစ်ဦးတည်းသော သားဟု သိပါလျက် သာမန်ယောကျ်ားတစ်ယောက်အပေါ် ထားအပ်သည့် မာနမျိုးဖြင့် သူ့ကို ပစ်ပယ်ထားခဲ့မိလေခြင်းဟု တသသ စိတ်ကြေကွဲ၍ မဆုံးတော့ပေ။

“ကို…ဒီနေ့ကစပြီး တစ်လလောက် လုံးဝအပြင်မထွက်ဘဲ အနားယူလိုက်ဦးနော်”ဟု ကျွန်မ ကရုဏာဖြင့် ပြောမိသည့်အခါ သူ ကျွန်မကို ရင်ခွင်ထဲမှ တွန်းထုတ်ကာ စိန်းစိန်းကြည့်၏။

“အဲလစ်စ်…မေမေ့အခြေအနေ ဘယ်လိုနေသလဲလို့ အဲလစ်စ် မမေးသေးဘူး”

သေတော့မှာပဲ။ သူ့မေမေ နေကောင်းဖို့ မကောင်းဖို့ထက် သူ နေကောင်းဖို့ကသာ ကျွန်မအတွက် အရေးကြီးကြောင်း ဘယ်လိုသတ္တိမျိုးဖြင့် သူ့ကို ပြောပြရမှာလဲ။

ကျွန်မ ခဏနှုတ်ဆိတ်သွားသည်၌ သူက ကျွန်မကို မေးခွန်းတစ်ခု မေးတော့သည်။





“အခု အခြေအနေမှာ မေမေတစ်ခုခုဖြစ်သွားရင် အဲလစ်စ် သိပ်ပျော်မှာပဲလား”တဲ့။

ဘုရား…ဘုရား…ကမ္ဘာပေါ်မှာ ရှိသမျှ ဘုရားအဆူဆူကို ကျိန်တွယ်ပြီး ပြောဝံ့ပါရဲ့။ ကျွန်မမှာ သည်လောက်ယုတ်ညံ့သော စိတ်ဓာတ် မရှိပါ။ ကျွန်မ ဝမ်းနည်းနာကြည်းစွာ ခဏငြိမ်သက်သွားတော့သည်။

အလကားပဲ။ သူတို့ သားအမိအပေါ် နားလည်စွာ ညှာတာလိုက်လျောခဲ့သမျှ သဲထဲ ရေသွန်သလိုဖြစ်ခဲ့ရတော့တာပါပဲလား။ သို့သော် ကျွန်မ သည်းခံ၍ စိတ်ကို ထိန်းချုပ်ပါသည်။ ခဏကြာမှ စကားပြောဖို့ အားယူ၍ ရသည်။

“မေမေရော ကိုရော နှစ်ယောက်စလုံး နေကောင်းဖို့ ကျွန်မ အမြဲ ဆန္ဒရှိပါတယ် ကိုရယ်”

သူ ယုံဟန်မတူပါ။ မျက်နှာထား ခပ်တည်တည်ဖြင့် ကျွန်မကို စိုက်ကြည့်နေခဲ့၏။

“တကယ်လို့များ အဲလစ်စ်မှာ အဲဒီလို ယုတ်ညံ့တဲ့စိတ် ရှိခဲ့ရင် မွေးလာတဲ့ကလေးဟာ ကိုယ်အင်္ဂါချွတ်ယွင်းတဲ့ကလေး ဖြစ်ရပါစေရဲ့”

ကျွန်မစိတ်ထဲပေါက်ကွဲကာ အင်မတန်ကြောက်ရွံ့ထိတ်လန့်နေသော အဖြစ်ကို ကျိန်တွယ်၍ ပြောမိတော့ သူက ကျွန်မပါးစပ်ကို လက်နှင့် အုပ်ကာလျက် အကြီးအကျယ်မျက်နှာပျက်နေတော့သည်။

ကျွန်မထံသို့ သူ အပြည့်အဝပြန်ရောက်နိုင်ဖို့ သူ့မေမေ အမြဲသို့ အဝ ကျန်းမာမှုဖြစ်မည်ဟု တဖြည်းဖြည်းသိမြင်လာသော ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကို အာဟာရဖြစ်မည့် အစားအစာများ စာရင်းပြုလုပ် ကျွေးမွေးရင်း သူ့မိခင်အတွက်ပါ ဓာတ်စာများ စီစဉ်ကျွေးမွေးရ တော့သည်။ ကျွန်မကို မကြည်လင်သော သူ့မိခင်ထံသို့ သူနှင့် အတူ လိုက်သွား၍ပြုစုနိုင်ဖို့ ကြိုးစားရသည်။

သို့သော် ဘယ်လောက်များ အသည်းနာဖို့ကောင်းသလဲ ဆို လျှင် ကျွန်မစီစဉ်လာသော ဟင်းလျာများ၊ မုန့်များကို သူ့အမေ အား ကျွေးဖို့ သူ စိတ်မချနိုင်သည့် အရိပ်အယောင်မျိုး ပြလေ့ရှိ၏။

"ဒါ ... မေမေနဲ့ တည့်ပါ့မလား အဲလစ်စ်"

"ဒါမျိုး ကျွေးရမယ်လို့ ဆရာဝန်က ပြောတာ ကိုယ်မကြားမိ ပါဘူး"

တော်ရုံမိန်းမ သည်းညည်းမခံနိုင်မည့် ထိုသံသယစကားမျိုး ကို ကျွန်မနားလည်စိတ်ဖြင့် အပြုံးမပျက်ရင်ဆိုင်ခဲ့ပါသည်။ ကျွန်မ က တစ်ခါတစ်ရံ ပြုံးသလို ရယ်သလို စကားနာထိုးတိုင်း...

"ဇနီးမယားဆိုတာ အစားရတယ်၊ မအေဆိုတာ အစားမရနိုင် ဘူး အဲလစ်စ်"ဟု ခပ်တည်တည်ဖြေရှင်းလေ့ရှိသော အေးစက်စက် စကားမျိုးကိုပင် ကျွန်မ ပြုံးရယ်လက်ခံနိုင်ခဲ့ပါသည်။

ကျွန်မ ဘယ်လိုပဲ သည်းခံသည်ဖြစ်စေ နောက်ဆုံးတော့ ကျွန်မ ယောက်ျားကို ကျွန်မ အပြီးတိုင် စွန့်လွှတ်ခဲ့ရပါသည်။

ကျွန်မတို့နှစ်ယောက် မကွဲကွာမီ နောက်ဆုံးရက်မှာ ကျွန်မ မီးဖွားမည့်ရက် ဖြစ်သည်။ ထိုရက်မတိုင်မီ တစ်ပတ်တိတိ ကျွန်မ မှာ မွေးဖွားရတော့မလား စိုးထိတ်ရကာ ဗိုက်လည်း တကယ်ပင် နာလျက် ဘယ်လိုနေလို့ နေရမှန်းမသိအောင် အခံရခက်သော ကာလကအောက်ဖြစ်မှုဖြင့် အချိန်ကုန်နေတော့သည်။





"ကို ... အဲလစ်စ်အနားမှာ နေနော်၊ ကုက္ကိုင်းအိမ်ကို မသွားပါ နဲ့ဦးနော်"ဟု လင်မယားဘဝမှာ ပထမဆုံးအကြိမ် သူ့ကို အားကိုး မိသည်။ သူကလည်း ကျွန်မမွေးမည့် ကလေးကို ယောက်ျား ကလေး၊ မိန်းကလေး စိတ်ဝင်စားတာလား၊ ကိုယ်အင်္ဂါ ချွတ် ယွင်း မယွင်း စိတ်ဝင်စားတာလား မသိ၊ ကျွန်မ၏အနားကကို မခွာ တော့ပေ။

"အဲလစ်စ် ကော်ဖီသောက်မလားဟင်"

"အဲလစ်စ် သံပရာရည် သောက်မလားဟင်၊ ကိုယ် ဖျော်လိုက် မယ်လေ"

သေးမှာ ကျွန်မညီမ ရှိပါလျက် ကျွန်မကို သူကိုယ်တိုင် ပြုစု ယုယချင်သေး၏။ ထိုအခါ ဘယ်တုန်းကမှ ဇနီးမယားရယ်လို့ ပြုစုယုယရကောင်းမှန်း မသိသော ကျွန်မယောက်ျား၏ ကြင်နာမှု ကို ကျွန်မ အလွန်မက်မောကျေနပ်လျက် ခေါင်းညိတ်ပြလိုက်ရ သည်။

သူ့ကော်ဖီလည်းကောင်းကောင်းမဖျော်တတ်။ သကြား ဘယ် နှဇွန်း ထည့်ရမှန်း မသိ။ သံပရာရည်ကို ဆားထည့်ပြီး ဖျော်ရမှန်း မသိ။ သံပရာသီးကို အရင်ညှစ်ရသလား၊ ရေကို အရင်ထည့်ရ သလားလည်း မသိ။ သို့သော် ထိုခါးသက်သက် ကျဲတောက် တောက် ကော်ဖီကိုပင်လျှင်၊ ချဉ်စုတ်စုတ်သံပရာရည်ကိုပင်လျှင် ကျွန်မ၏ဘဝတွင် ပထမဆုံးနှင့် နောက်ဆုံးအကြိမ်များအဖြစ် ရင် ခုန် ကျေနပ်စွာ သောက်ခဲ့ရပါသည်။

မီးမဖွားမီ နှစ်ရက်တွင် သူ့မေမေအိမ်မှ ကားဒရိုင်ဘာကလေး ရောက်လာပြီး 'မေမေကြီး နည်းနည်းနေမကောင်းဘူး၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ရင် လာပါ၊ မလာနိုင်ရင်လဲ ကိစ္စမရှိပါဘူး၊ ဆရာဝန်က တော့ စိုးရိမ်စရာမရှိဘူး ပြောသွားပါတယ်’ဟု သတင်းပေး၏။

သူက ကျွန်မအား ‘ကိုယ် လိုက်သွားရမလား’ ဟု တိုင်ပင်သည်။ တစ်ခါသေဖူးပြီးသော ကျွန်မက ခေါင်းညိတ်ခေါင်းခါ လုံးဝမပြဘဲ ‘မသိဘူးလေ၊ ကိုသဘောပေါ့’ဟု ဖြေမိ၏။ သို့သော် ကျွန်မ တကယ်မသွားစေလိုမှန်း သိဟန်တူပါသည်။ အံ့ဩစရာ ကောင်းစွာ သူ လိုက်မသွားချေ။

“ဒီနေ့ ဖွားမယ်ထင်တယ်၊ မွေးဖွားပြီးရင် လာခဲ့မယ်’ဟုသာ အမှာလွှတ်လိုက်၏။

တကယ်တော့ ကျွန်မ နှစ်ရက်နောက်ကျပြီး မွေးဖွားပါသည်။

ကျွန်မ မီးဖွားသည့်ရက်တွင် သူ့မေမေ ဆေးရုံသို့ ဒုတိယအကြိမ် တက်ရသည်။ သည်တစ်ကြိမ်မှာတော့ သတိလစ်သွားတာကိုက အကြာကြီးဟု ဆိုသည်။

သူသည် ပထမတစ်ကြိမ် သူ့အမေ ဆေးရုံတက်ရခြင်းအတွက် ကျွန်မကိုအပြစ်တင်ပြီး ဒုတိယအကြိမ်အတွက် သူ့ကိုယ်သူ အပြစ် တင်သည်။ ထိုနေ့မှစ၍ ကျွန်မတို့နှစ်ယောက် ကွာရှင်းပြတ်စဲသည် အထိ ကွဲကွာသွားတော့သည်။

အကြောင်းရင်းကလေးတွေ ဘယ်လောက်ပဲ စုပြုံနေသည်ဖြစ် စေ ကျွန်မတို့နှစ်ယောက် ကွဲကွာစေသော အဓိကအကြောင်းရင်း မှာတော့ ကံဆိုးလှစွာ မွေးဖွားလာသော ကလေးကလေး၌ အပေါ် နှုတ်ခမ်းကလေး ကွဲနေခြင်းပင် ဖြစ်လေသည်။

*





[၃]

ကျွန်မဘဝတွင် တတိယအကြိမ် ကျေကျေနပ်နပ်အရှုံးပေးလိုက် ရသူမှာ ကျွန်မသား ဖြစ်သည်။

တစ်ဦးတည်းသောကလေး လုံးဝမဖြစ်စေရအောင် အနည်း ဆုံး သားသမီးသုံးယောက် ယူမည်ဟု ဆုံးဖြတ်ထားခဲ့သော ကျွန်မ သည် လင်ယောကျ်ားနှင့် ကွာရှင်းပြတ်စဲလိုက်ရပြီးသည့်နောက် ကျွန်မစိုးထိတ်လှသော တစ်ဦးတည်းသောသားအဖြစ်ကိုသာ မွေး ပျိုးထောင်ခွင့် ရခဲ့သည်။

ကျွန်မ၏သားကလေးက သိပ်ကို ချောမောသည်။

မျက်လုံး မျက်ခုံးက ကျွန်မလို နက်မှောင်ထူထဲကာ ရှန်းလက် တောက်ပပြီး နှာခေါင်းနှင့် ပါးစပ်က သူ့အဖေနှင့် တူသည်။ နှာတံ က စင်းလုံးချောမွေ့ပြီး နှုတ်ခမ်းနီထွေးကာ ပါးလှပ်သည်။ အကွဲ ကလေးကလည်း တွေ့ဖူးသမျှ တခြားကလေးတွေလို မသိသာလှ ပေ။

စနေသားဖြစ်သောသားကို တာရာဟု နာမည်ပေးထားပြီး တာ ရာ ဟု မခေါ်ရက်အောင် ကျွန်မ ချစ်မြတ်နိုးပါသည်။ တစ်နေ့ တစ် နေ့ သားကလေးကို အရိပ်တကြည့်ကြည့် ထွေးပွေ့ချော့မြှူလျက် စွန့်ခွာသွားသော သူ့အဖေကိုပင် လုံးဝမလွမ်းဆွတ် မတမ်းတမိ လောက်အောင် သားကလေး၏ဆွဲဆောင်မှုက ပြင်းထန်လှသည်။ သားကလေးမို့ အိပ်နေပြီဆိုလျှင် ပါးဖောင်းဖောင်းကလေး၊ မျက် တောင်ကော့ကော့ကလေးကိုမှ နမ်းရှိုက်လိုလျက် မနမ်းရက်။ [illegible] ဖျားကလေးနှင့် အသာထိလိုက်လျှင်ပင် သားကလေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးမှာကြောက်ရွံ့ကာ အနီးမှ တစိမ့်စိမ့်ကြည့်မဝနိုင်အောင် ရှိတော့သည်။

မေမေ့ဘဝရဲ့ ကြယ်တာရာကလေး...။ မေမေ့ဘဝရဲ့ အမှောင်တွေကို တတ်နိုင်သမျှ ဖြိုဖျက်လင်းလက်လာစေမည့် ကြယ်တာရာကလေးလေ။ သား၏ အခေါ်တွေ၊ ဦးလေးတွေ၊ သား၏ အစ်ကို အစ်မ ဝမ်းကွဲတွေက သားကလေးအနားတွင် ဝိုင်းကာ ထိကိုင် နမ်းတော့မည့်ဟန် ပြင်လျှင် ကျွန်မ ခါးခါးသီးသီးငြင်းဆန်မိသည်။

"ဟင့်အင်း...မနမ်းကြနဲ့၊ ကလေးကလေးက နူးနူးညံ့ညံ့ ကလေး၊ ရောဂါပိုးတွေ ဘာတွေ အလွယ်တကူဝင်သွားမှာ၊ နောက်ပြီး အဲလစ်စ်ရဲ့သားကလေးက အသက်နည်းနည်းကလေးကြီးလာရင် ခွဲစိတ်ပြုပြင်ရဦးမှာ၊ ကျန်းမာရေးအပြည့်အဝကောင်းနေမှ ဖြစ်မယ်"

ကျွန်မ ကိုယ်ဝန် ရှိ မရှိ မသေချာသည့်အချိန်က တည်းက ကလေးကို ထိခိုက်စေနိုင်မည့် ဆေးဝါးတစ်မျိုးမျိုးကို မေ့လျော့ကာ စားမိဖို့ မဆိုထားနှင့် ရင်သွေးကလေး ပွလောင်ရှာမလားဟူသော အကြောင်းပြချက်ဖြင့် ကျွန်မအလွန်ကြိုက်နှစ်သက်သော ငရုတ်သီး၊ ငရုတ်ကောင်း၊ မှူစ်စသည်တို့ကိုပင်လျှင် တစ်လျှောက်လုံး ရှောင်ကြဉ်ခဲ့တာ။ ရေနွေးပူပူတောင် မသောက်ဘဲ ဂရုတစိုက် ထိန်းသိမ်းခဲ့တာ။ သို့ပါလျက် ကျွန်မ၏သားကလေးမှာမှ နှုတ်ခမ်းအကွဲကလေး ပါလာလေခြင်းဟု စိတ်ထိခိုက်ခြင်းများစွာဖြင့် ယောကျ်ားစွန့်ပစ်မှုအောက်တွင် မီးတွင်းရက်တစ်လျှောက်လုံး ငိုကြွေး မဆုံးတော့ပေ။ ကိုယ်ဝန်ခြောက်လကျော်ကာလတုန်းက





ကို့ကို ကျိန်တွယ်ပြုမိဖူးသည့် ကျိန်စာကိုသာ တမြည့်မြည့် သတိရ နေတော့သည်။

သို့သော် ကျွန်မစိတ်၏ စင်ကြယ်မှုကို သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ သိနိုင်ပါလိမ့်မည်။

"သူများတွေဆို အာခေါင်အထိ ကွဲတာ မမရဲ့၊ အခု တာရာ ကလေးက နှုတ်ခမ်းလေးတင် ကွဲတာပါ"

ဆရာဝန်ဖြစ်သူ ညီမငယ်ကတော့ ကျွန်မကို နှုတ်ခမ်းကွဲ ကလေး ဖြစ်လာနိုင်သည့် ရာခိုင်နှုန်း၊ အနေအထားနှင့်တကွ သားလောင်း ဗေဒကို တစ်ခုပြီးတစ်ခု ရှင်းပြနေခဲ့ဖူးသည်။

သားကလေးက အလွန့်လောဘကြီး၏။

ကျွန်မ ကျောင်းသွားနေသည့် နေ့အခါကာလ၌ သူ့ကိုထိန်းသော ကလေးမအား နို့ကိုသတ်မှတ်ထားသည့်အကြိမ်ထက် ပို၍ မတိုက်မိအောင် ဂရုတစိုက်မှာကြားရသည်။ သားက အော်ငိုပြီဆိုလျှင် အာခေါင်ကိုခြစ်ပြီး ခွဲကြီးကြီးနှင့်ငိုလေ့ရှိသည်။ ထိုသို့ ငိုတိုင်း ကလေးမကလေးက အငိုတိတ်အောင် နို့တိုက်လေ့ရှိသောကြောင့် ကျွန်မမှာ ငိုရအခက် ရယ်ရအခက်။ ညနေကျမှ မအေ့နို့ကို စို့ခွင့်ရသော သားကလေးကို ကျွန်မအကြင်နာပိုလျက် ရင်ခွင်မှာ မခွာတမ်းပွေ့ထွေးထားမိတော့ သားက လူလည်ကျသည်။ သားကို သူ့ပုခက်ကလေးပေါ်သို့ မချလိုက်နှင့် အိပ်ပျော်နေရာမှ မျက်လုံးဖွင့်ကြည့်ကာ အဲ့ခနဲ ငိုတော့သည်။ ကျွန်မ ကမန်းကတန်း ပြန်ပွေ့ချီလျက် ရင်ခွင်မှာအပ်ထားတော့ သားကလေးက မျက်လုံးမှိတ်ကာ အိပ်ပျော်သွားပြန်၏။ တစ်ခါ အိပ်ပျော်ပြီအထင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုခက်ထဲ ထည့်သိပ်တော့မည့်ဟန်ပြင်လျှင် မျက်တောင်ကော့များ ရှတ်ခနဲ ညှတ်ကော့ဖွင့်ကြည့်လျက် အဲ့ခနဲ ငိုပြန်သည်။

ကြည့်စမ်း…မေမေ့သားက အခုကတည်းက မေမေ့အပေါ် အနိုင်ယူတတ်နေပြီကော။

တရုတ်ပြည်ဖြစ် နူးညံ့သော အမွေးပွစောင် အသေးစားကလေး များကို ရောင်စုံထား၍ သားကို ယုယသည်။ စောင်ထဲမှာ မြင်နေရသော ယုန်ရုပ်ကလေးများ၊ ဘဲရုပ်ကလေးများကို သားကလေး လက်ညှိုးညွှန်၍ တခစ်ခစ်ရယ်မောလျှင်တော့ အသည်းနှလုံးတွေ တဆတ်ဆတ်တုန်လုမတတ် သားကို ချစ်မြတ်နိုးရလေသည်။ သား၏ ပါးဖောင်းဖောင်းကလေးကို နမ်းချင်လျက်နှင့် မနမ်းရက်ဘဲ သား၏ ဖောင်းအစ်သော ခြေဖမိုးကလေးကိုသာနမ်းဖြစ်သည်။

ကိုယ်တိုင် ဆွယ်တာထိုးဖို့ ပျင်းရိငြီးငွေ့လှသော ကျွန်မသည် သားအတွက် ခြေအိတ် လက်အိတ်ကလေးများကိုတော့ သိုးမွေး ဖြင့် ကိုယ်တိုင်ထိုးသည်။ သားအတွက် ပထမဆုံး သိုးမွေး ခေါင်း စွပ်ကလေးမှာ အမွေးပွ နီနီရဲရဲကလေးဖြစ်ပြီး ကျွန်မကိုယ်တိုင် သားအနီးတွင် ထိုင်လျက် သားမျက်နှာကို တစိမ့်စိမ့်ငေးရင်း ထိုး ခဲ့သော ဦးထုပ်ကလေးဖြစ်သည်။

ညည သားကလေး သေးစိုနေမလား၊ သွားရည်ကျပြီး ရင်ဘတ် စိုနေမလားဟု အိပ်ရာမှ မကြာခဏထကြည့်စမ်းသပ်ရလွန်း၍ အိပ်ရေးပျက်ရပေမယ့် သား၏ မေမေ ကျွန်မမှာ နောက်တစ်နေ့ ကျောင်းမှာ စာသင်ဖို့ ခွန်အားအပြည့်။ ဘယ်လောက် စိတ်ညစ်ညူး မောပန်းပါစေ၊ ငါ့မှာ ချစ်စဖွယ်သားကလေး ရှိတယ်ဟူသော





အတွေးဖြင့် ရှိသမျှသောကတို့ လွင့်စဉ်ပပျောက်ခဲ့ရသည်။ ကျွန်မ ၏ သားကဖြင့် အဲဒီအရွယ်ကတည်းက ခွန်အားကြီးမားခဲ့ပါသည်။

နှုတ်ခမ်းကလေးကို ချုပ်ပြီးသောအခါမှာတော့ သားသည် ကမ္ဘာပေါ်တွင် အလှဆုံးသော လူကလေးတစ်ယောက် ဖြစ်တော့ သည်။

*

တစ်ဦးတည်းသောသား၏ အဆိုးရွားဆုံး အားနည်းချက်မှာ သာမန်ထက်ပို၍ မိခင်အပေါ် တွယ်တာခြင်းဖြစ်သောကြောင့် ၎င်းကဲ့သို့ သူ့တွင် မိခင်ပုံရိပ် စွဲကပ်နေခြင်းမျိုးမဖြစ်ရလေအောင် ကျွန်မ အတတ်နိုင်ဆုံး ဆောင်ရွက်ဖို့ ကြိုးစားရတော့သည်။

သားသည် အိမ်တွင် သူ့အလိုဆန္ဒမှန်သမျှ ဖြည့်စွမ်းပေးရမည် ဟူသော အသိမျိုး မဝင်စေရ။

ထိုအတွေ့အကြုံမျိုး ဖြစ်ပျက်လာဖို့ ကြိုးစားရသည်မှာ လွယ် ကူသောကိစ္စတစ်ခု မဟုတ်ပါ။ သား နှစ်နှစ်သားအရွယ်မှ စ၍ သားအသက် ခြောက်နှစ်အရွယ်အထိ သားထက် တစ်နှစ်ငယ်သော တစ်ဝမ်းကွဲညီမကလေး၊ သားထက် နှစ်နှစ်ကြီးသော တစ်ဝမ်းကွဲ အစ်ကိုနှင့် ၎င်းတို့၏ မိခင်ဖြစ်သူ(ကျွန်မ၏ ညီမလတ်) ကို အိမ်သို့ ခေါ်ထားလိုက်ရသည်။

တစ်ဦးတည်းသော သား၏ ကြီးပြင်းမှုတွင် အရေးပါသော အချက်တစ်ခုမှာ သူသည် အိမ်တွင် မည်သည့်ယှဉ်ပြိုင်မှုကိုမျှ မရ ရှိခြင်းပင် ဖြစ်၏။

ကောင်းပြီ။ ကျွန်မ၏ တစ်ဦးတည်းသော သားကလေး တ[illegible] သည် သူ၏ တစ်ဝမ်းကွဲအစ်ကို၊ ညီမများနှင့် အမြဲတစေ [illegible]ရော



www.burmeseclassic.com

www.burmeseclassic.com



ယှက်တင် ပျော်ရွှင်ကစားရမည်။ သားကို အရေးပေးသော မိခင် တစ်ဦး၏ အကဲပိုမှုမျိုး မပါဝင်စေဘဲ သားကလေးကို မသိမသာ ဂရုစိုက်၍ ချစ်ခင်ယုယခဲ့ပါသည်။ ညီမ၏ ကလေးနှစ်ယောက် နှင့် ကျွန်မ၏သား ပေါင်းလိုက်သောအခါ မောင်နှမသုံးယောက် ဖြစ်သွားသည်။ ထိုသုံးယောက်နှင့်ပင် မလုံလောက်သေးဘူး ထင် ကာ ထမင်းချက်သည့် မိန်းကလေး၏ သမီးငယ်ကိုပါ နေ့အခါ များတွင် ပူးပေါင်းပေးလိုက်တော့သည်။

သားကို့ကစားစရာတစ်ခု ဝယ်ပေးလျှင် ကျန်ကလေးများကို လည်း ဝယ်ပေးရသည်။ သားအပေါ် သိသိသာသာ ဘက်လိုက်မှု မျိုး မရှိစေရန် ကြောက်မက်ဖွယ်ရာပြင်းပြသော မိခင်၏ အတ္တကို အတတ်နိုင်ဆုံး ချိုနှိမ်၍ ကျွန်မသားကလေးကို ပုံဖော်မွေးမြူခဲ့ပါ သည်။

သားတို့မောင်နှမကြားတွင် သဘောထားမတူညီမှုဖြင့် မကြာ ခဏ ခိုက်ရန်ဒေါသ ဖြစ်ပေါ်လေ့ရှိပြီး ၎င်းတို့အချင်းချင်း ရန်ဖြစ် ကြသည်။ ထို့နောက် အဲ့ဩစရာကောင်းစွာ (ဝမ်းသာဖို့ကောင်း စွာ) သူတို့ဘာသာသူတို့ ပြန်လည်သင့်မြတ်အောင် ညှိယူခြင်းကို သင်ကြားတတ်မြောက်လာသည်။ ဤသို့ဖြင့် သားကလေးသည် သူ့ရပ်တည်မှုအတွက် ကျွန်မကိုချည်း အားကိုးမနေတော့ဘဲ ရင် ဆိုင်တတ်သွားသည်။ တစ်ခါတစ်ခါမှာတော့ ဖြေရှင်းပေးရတာ ပေါ့လေ။

"အန်တီ...ဟောဒီမှာ တာရာကလေး သမီးမုန့်ကို လုစားနေ တယ်"





သား ပြဿနာဖြစ်တိုင်း အစားအသောက်ကိစ္စချည်း ဖြစ်၏။ သားကလေးက အလွန်အစားမက်သူလေ။

"သား...သား ဝေစု ကုန်သွားပြီလေ၊ ဒါ စုစုရဲ့ မုန့်၊ သား အဲ ဒီလို လုလည်းမကျနဲ့ မေမေရိုက်မှာ"

ဘုရား...ဘုရား။ ကလေးတစ်ယောက်ကို ကြီးပြင်းအောင် သာ မန်အတိုင်း ဝေမျှတတ်အောင် ဘယ်လိုပြုပြင်ရ ည်နည်း။ ကျွန်မ ၏ မိခင်သည် သားသမီးငါးယောက်လုံးကို သာမန်အတိုင်း ခံစား ဆောင်ရွက်တတ်အောင် ဘယ်လိုများ သွန်သင်ဆုံးမခဲ့ပါလိမ့်။

ဒေါ်ကြည်ကြည်စိန်သည် သူ့သားကို မည်သို့ ကြီးပြင်းလာစေ ခဲ့သည်လဲဟု ရိပ်စားမိသွားသည်။ သူမသားကို ချစ်သော သူမ၏ အချစ်သည် ကျွန်မသားကို ချစ်သော ကျွန်မ၏ အချစ်အတိုင်းအဆ နှင့် ဆတူဖြစ်လိမ့်မည်။ ကျွန်မလိုထိန်းချုပ်ဖို့တော့ သူမ ကြိုးပမ်း မည် မဟုတ်။ တစ်ယောက်တည်းသော ကလေးအပေါ်တွင် သူမ ရှိသမျှ ချစ်ခြင်းမေတ္တာကို ပုံအပ်ထားလိမ့်မည်။ အိမ်တွင် ထိုကလေး ၏ ဆန္ဒကို ဆန့်ကျင်မည့် မည်သူမျှမရှိ။ ကလေး၏ ဆန္ဒ မှန်သမျှ အမြဲဖြည့်စွမ်းခံရပြီး ကလေးသည် တိကျသော ဦးဆောင်လမ်းညွှန် မှု၊ မနာလိုစွာ အကာအကွယ်ပေးမှုအောက်မှာ ကြီးပြင်းခဲ့ရမည်။ ကလေးသည် အိမ်တစ်အိမ်လုံးတွင် သူမြင်မြင်သမျှ၏ အဓိက အရေးပါသူ ဖြစ်လာတော့သည်။ အသက်ငါးနှစ်ခြောက်နှစ်အရွယ် တွင် ထိုအားငယ်သူကလေးကလေး ပြင်ပကမ္ဘာလောက (ဥပမာ ကျောင်း) သို့ ရောက်သွားသောအခါ ဘယ်လောက်သနားစရာ ကောင်းသွားမည်နည်း။

သူသည် အကူအညီမဲ့သွားမည်။ မည်ကဲ့သို့ လှုပ်ရှားဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရမည်ကို မသိတော့ဘဲ သူသည် လူတိုင်းအပေါ် သံသယဖြစ်လာလိမ့်မည်။ တစ်ယောက်ယောက်နှင့် ဆက်ဆံရေးပြေပြစ်ဖို့ မည်သို့မျှ သူတတ်နိုင်မည်မဟုတ်။ သူ့အမေမှတစ်ပါး အခြား မည်သူ့ကိုမျှ ယုံကြည်တော့မည်မဟုတ်။

ကျွန်မကတော့ သားကလေးကို လူမှုဆက်ဆံရေး တတ်သိနားလည်ဖို့၊ အစစအရာရာ စနစ်တကျဆောင်ရွက်တတ်ဖို့ သင်ကြားပေးခဲ့ရသည်။

နံနက်အိပ်ရာထချိန် သားမျက်နှာသစ်ချိန်ကို နာရီအတိအကျ သတ်မှတ်ပေးခဲ့၏။ သို့သော် တစ်ခါတစ်ရံ သားကလေးက ပျင်းရိငြီးငွေ့စွာ ချွဲနွဲ့လျှင် ဆူပူတော့မည့် ကျွန်မစိတ်က ပျော့ပျောင်းညွတ်နူးလျက် ရယ်ရယ်မောမောပင် သားနဖူးကလေးကို နမ်းလိုက်မိတာကိုတော့ ကျွန်မကိုယ်ကျွန်မ အပြစ်တစ်ခုဟု မအောက်မေ့မိချေ။ ထမင်းစားချိန်မှာ မဆော့တတ်အောင်၊ စာကျက်ချိန်မှာ အကစားမမက်တတ်အောင် လေ့ကျင့်ပေးခဲ့သည်မှာ အလွန်ခက်ခဲပင်ပန်းလှပါသည်။

"မာမီ…သား ပေါင်မုန့်နှစ်ချပ် ထပ်စားမှာနော်၊ ထောပတ်များများသုတ်ပေးပါ"

အင်း…ဒါကတော့ ကျွန်မဘယ်လိုမှ ငြင်းဆန်ရှောင်လွှဲ၍မရသော အလိုလိုက်ရမှုတစ်ခုပဲ။

"မာမီ…သား ဘောလုံးကန်ချင်တယ်"

ငါးနှစ်အရွယ် သားကလေးက ဘောလုံးကန်ဖို့ စိတ်ဝင်စားလျှင် ဖြစ်စေရမှာပေါ့။ ဘောလုံးကန်သည်ဆိုတာ အသင်းအဖွဲ့နှင့် ကစားခြင်း မဟုတ်လား။ အုပ်စုလိုက် ရောထွေးကစားခြင်းဖြင့်





သားသည် ပြဿနာများကို သူ့ဦးနှောက်ကလေးဖြင့် ဖြေရှင်းတတ်တော့မည်။ ကျွန်မ ဝမ်းသာစွာ လိုက်လျောခဲ့ပါသည်။

တစ်ခါတစ်ရံ ပြေးရင်းလွှားရင်း ခလုတ်တိုက်လဲ၍ ဒူးပွန်းပဲ့တာ လက်ပွန်းပဲ့တာတို့ကိုတော့ ကျွန်မ သနားခြင်းကြီးစွာဖြင့် တတ်နိုင်သမျှ ရင်ဆိုင်ဖို့ ကြိုးစားရသည်။ သားသည် နာကျင်မှုကို အံတင်းတင်းကြိတ်၍ ခံယူတတ်သူ ဖြစ်၏။

သားကို ညအိပ်ရာဝင် ပုံပြင်ဖတ်ပေးတိုင်း တစ္ဆေပုံပြင်များ၊ စိတ်ကူးယဉ်ပုံများ၊ ကြောက်မက်ဖွယ်ဒဏ္ဍာရီများကို အတတ်နိုင်ဆုံး ဖယ်ထုတ်၍ သားကိုသတ္တိကောင်းစေမည့် ပုံပြင်များ၊ ထူးဆန်းတက်ကြွဖွယ်ရာ စွန့်စားခန်းများကို ပြောပြ ဖတ်ပြရသည်။ သားသည် ယောကျ်ားကလေးဖြစ်၍လား မသိ၊ အဲလစ်စ်နှင့် ထူးဆန်းသော ကမ္ဘာပုံပြင်များကို စိတ်မဝင်စားတတ်၊ စင်ဒရဲလား၏ပုံပြင်ကို စိတ်မဝင်စားတတ်၊ စနိုးဝှိုက်နှင့် လူပုကလေးခုနစ်ယောက်ကို စိတ်မဝင်စားတတ်ချေ။ သားကလေး စိတ်ဝင်စားသည်မှာ ငှက်များအကြောင်း ဖြစ်သည်။

ကျွန်မမှာ ငှက်ပေါင်းစုံနှင့် ပတ်သက်၍ ရောင်စုံ ကက်တလောက်စာအုပ်ကြီး ရှိ၏။ ထိုစာအုပ်ထဲတွင် ပါဝင်သော ငှက်များကို လက်ညှိုးထိုး၍ ပုံပြောခိုင်းတော့ ကျွန်မမှာ နားထောင်ချင်စဖွယ်ဖြစ်အောင် မူရင်းစာအုပ်ထဲ မပါဝင်သည့်အဖြစ်အပျက်များကိုပါ ထည့်သွင်းပြောရလေ့ရှိသည်။ သားအချစ်ဆုံးငှက်ကို လက်ညှိုးထိုး ထောက်ပြခိုင်းလျှင်တော့ ပင်ဂွင်းငှက်၏ပုံ ဖြစ်နေတတ်သည့်အခါ ကျွန်မ လှိုက်လှဲဝမ်းသာစွာ ရယ်မောရသေးသည်။ အင်း… တစ်နေ့နေ့ကျရင်တော့ သားသဘောကျသည့် ပင်ဂွင်း



www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေ ရှိတဲ့ဒေသကို မာမီကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့ သား ရယ်။

သားကို အသက်ငါးနှစ်အရွယ်ကတည်းက သူ့ခုတင်နိမ့်နိမ့် ကလေးနှင့် သူ့အိပ်တတ်အောင် ကျွန်မလေ့ကျင့်ပေးခဲ့၏။ သား သည် အမှောင်ကို မကြောက်ရွံ့ရ။ ပိတ်ထားသော အခန်းမှာ မကြောက်ရွံ့ရ။ သားသည် မကောင်းမှုပြုရခြင်း၌ ကြောက်ရွံ့သည် မှတစ်ပါး အခြားမည်သည့်အရာကိုမျှ စိုးထိတ်ခြင်းမဖြစ်စေရ။

နုနယ်သေးသော သားအား နားလည်ရန် ခက်ခဲမည့် ငရဲကြီး မယ် ဟူသော စကားဆန်းဖြင့်ပင် မခြောက်လှန့်ခဲ့ရက်ပေ။ မီး ရထားကောင်ဟု သားက ခေါ်သော ပိုးနားသန်ကောင်များ ဖမ်း ယူခြင်း၌ ဝါသနာထုံလှသော သားသည် မကြာခဏ သူ့ကြောင့် ပိုးကောင်ငယ်ကလေးများ သေဆုံးရတာကို သနားငဲ့ညှာရကောင်း မှန်း မသိ။ သားအား နာကျင်မှုကို ကိုယ်ချင်းစာစိတ်ဖြင့် အကောင် ငယ်ကလေးများအပေါ် ကြင်နာတတ်ရန် အာပေါက်မတတ် ရှင်း ပြရ၏။ အများတကာ မိခင်တွေလို တစ်စုံတစ်ရာ တစ်စုံ တစ် ယောက်ဖြင့် ခြောက်လှန့်ဖို့ ကျွန်မ အလွန်ဝန်လေးခဲ့သည်။

ကျောင်းမှာ စာသင်ဖို့၊ ကျောင်းသားများကို ရှင်းပြဖို့သာမက ဘဲ သားအတွက် အချိန်ပေးကာ ကလေးသူငယ်စိတ်ပညာစာအုပ် ကြီးများကို အထပ်ထပ် အခါခါဖတ် မရိုးနိုင်အောင် လေ့ကျင့်၊ တစ်ခါတစ်ခါ စာအုပ်ထဲကနှင့် တလွဲတချော်တွေ ဖြစ်သွားလျှင် စိတ်ပျက်လက်ပျက် (သို့သော်) သဘောကျနှစ်သက်စွာ ရယ်မော။ သည်လိုနှင့်ပင် အရေးကြီးလှသော ခုနစ်နှစ်အရွယ်ကို သား လွန် မြောက်ခဲ့တော့သည်။





သားသည် တစ်ဦးတည်းသောသားပီပီ သူလိုချင်သော အရာ ကို ရန်လိုစိတ်ဖြင့် ရယူဖို့ ကြိုးစားလျှင်တော့ ကျွန်မ မငဲ့ကွက်ရက် ရက် အော်ငေါက်ဆုံးမရတော့သည်။ လိုချင်သောအရာကို မရ ရ အောင် နည်းမျိုးစုံဖြင့် အကျပ်ကိုင်ဖို့ ကြိုးစားသည့် စိတ်ဓာတ်တစ် ခု ပါမသွားအောင် ကျွန်မ စိတ်ပင်ပန်းကြီးစွာ ပြုပြင်လေ့ကျင့်ပေး ခဲ့ရပါသည်။ သားကို ကျောင်းမှာ စာကြိုးစားအောင်နှင့် စာကျက် မှတ်ခြင်း၌ ဝါသနာပါအောင်တော့ တတွတ်တွတ် ဆုံးမစရာ မလို ခဲ့ပေ။ သားကလေးသည် ဉာဏ်ထက်မြက်တူးချွန်ပြီး ကြိုးစားလို သော ကလေးတစ်ယောက် ဖြစ်၏။

မှတ်မှတ်ရရ သား ခြောက်နှစ်သားအရွယ် သူငယ်တန်းကျောင်း သား ဘဝမှာ သူ့အရပ်လောက်ရှိသည့် အညိုရောင်မွေးပွကော်ဝံရုပ် ကြီးကို လိုချင်၍ ပူဆာသည်။ ကျွန်မဝယ်ပေးချင်လှသည်မှာ ရူး မတတ် ဖြစ်၏။ သို့သော် သားသည် အကျိုးတရားတစ်ခု ရရှိဖို့ မည်သို့ အကြောင်းတရားဖြင့် အခြေခံသည်ဆိုတာ စောစီးစွာ သိ စေရမည်။

"သား ... စာကျက်လေ၊ သားအတန်းထဲမှာ အားလုံးထက် တော်ပြီး ပထမဆုရရင် သားကို မာမီ အဲဒီအရုပ် ဝယ်ပေးမှာ"

ဘယ်လောက် အံ့ဩဖို့ကောင်းသော သားလဲ။

သားသည် မာမီအံ့ဩချီးကျူးရလောက်အောင် ခွဲကောင်းလှ သည်။ နှစ်ကုန်တော့ သားက အတန်းထဲမှာ ဒုတိယဆု ရသည်။ ကျွန်မ ရယ်မောကာ ထိုအရုပ်ကို ဝယ်ပေးလိုက်ပါသည်။

"သား ပထမဆု မရပေမယ့် မာမီဝယ်ပေးတယ်နော်၊ မာမီ ချစ်



www.burmeseclassic.com

www.burmeseclassic.com



တာကို သား သိတယ်နော်”ဟု မေးတော့သားက ကျေနပ်နှစ်သက်စွာ ခေါင်းကလေး ညိတ်၏။

“အေး...ဒါဆို ဒီတစ်နှစ် ပထမရအောင်လုပ်ဖို့ သားမှာ တာဝန် ရှိသွားပြီ၊ ဟုတ်ပြီလား”

သားသည် သူ့ကို ကလေးသဖွယ် သဘောထားခြင်းကိုမကြိုက်ပေ။ သူ့ကို လူရာဝင်သော လူကြီးတစ်ယောက်လို ဆက်ဆံမှ သဘောကျ၏။

*

စနစ်တကျ သွန်သင်ခဲ့လျှင် တစ်ဦးတည်းသောသား ဖြစ်စေကာမူ သူသည် အလွန်လိုအပ်သော နိုင်ငံသားတစ်ယောက်အဖြစ်သို့ ပြောင်းလဲကာ ခေါင်းဆောင်တစ်ယောက် ဖြစ်သွားနိုင်သည်။ ကျွန်မ၏ သားသည် လူ့လောကကို သူ့နည်းသူ့ဟန်ဖြင့် အကျိုးပြုသည့် လူတော်ကလေးဖြစ်စေရမည်။

ဗုဒ္ဓသည် တစ်ဦးတည်းသောသား ဖြစ်သည်မဟုတ်လား။

တာရာ၏ မာမီသည် တစ်ဦးတည်းသောသားများ၏ မိခင်များနည်းတူ သားအပေါ်၌ အလွန်မျှော်လင့်ခဲ့၏။ သို့သော် လမ်းကြောင်း တစ်ခုခုကို သား၏ရှေ့တွင် အကျိုးအပြစ် ချပြရှင်းလင်းပေးရုံမှတစ်ပါး ကိုယ်တိုင်ဦးဆောင်တိုက်တွန်းမှုမပါအောင် ဂရုပြုပါသည်။

၁၉၇၆ ခုနှစ်တွင် ကျွန်မ မန္တလေးတက္ကသိုလ် စိတ်ပညာဌာနသို့ လက်ထောက်ကထိက ဘဝဖြင့်ပင် ပြောင်းရွှေ့သည်။ ၁၉၇၉ ခုနှစ် ဆယ်တန်းစာမေးပွဲတွင် သားသည် ဂုဏ်ထူး သုံးဘာသာဖြင့် မန္တလေးမှ အောင်မြင်ခဲ့ပါသည်။





“မာမီ...သား ဘာလုပ်ရမလဲ” ဟု သားကလေးက မေးသည်။

ကျွန်မသည် ငယ်စဉ်ကတည်းက သားအပေါ်မှာ သားကြီးလာရင် ဘာလုပ်သင့်သည်ဟု ကြိုတင်စီမံချက်ချပေးထားသူ မဟုတ်။ သားနှစ်သက်ရာ၊ သဘောကျရာကို ရွေးချယ်ခွင့် ရှိစေရမည်။ ယုတ်စွအဆုံး သား ပန်းချီဆရာဖြစ်လိုလျှင် ပန်းချီဆရာတစ်ဦး ရင်ဆိုင်ရမည့် ကောင်းကျိုးဆိုးပြစ်များကို သားသိအောင် ပြောပြရှင်းလင်းပေးနိုင်ဖို့သာ ကျွန်မမျှော်လင့်ပါသည်။

“သား စိတ်ထဲမှာ ဘာလုပ်ချင်သလဲ” ကျွန်မမေးသည့်အခါ သားက အနည်းငယ် မဝံ့မရဲဟန်ဖြင့်...

“ကျွန်တော် အီးမေဂျာ ယူချင်တယ် မာမီ၊ ပြီးရင် အမ်အေ ရအောင် လုပ်ပြီး ကျောင်းမှာပဲ ဆရာပြန်လုပ်ချင်တယ်”ဟု ခပ်တိုးတိုး ဖြေ၏။

ကျွန်မ ဘုရားမတ မိအောင် စိတ်ကိုထိန်းချုပ်ကာ ပြုံးနေရ၏။

“သားရဲ့အမှတ်က အမ်စီ မီနိုင်တယ်နော် သား၊ အနည်းဆုံး အာရ်အိုင်တီ”

“ကျွန်တော် သိပါတယ်မာမီ၊ ဒါပေမဲ့ အဲဒါတွေ မလိုချင်ဘူးလေ၊ မာမီကမှ ဖြစ်စေချင်တယ်ဆိုရင်တော့...”

“အို...မဟုတ်ဘူး၊ မဟုတ်ဘူး”

ကျွန်မ ကမန်းကတန်းငြင်းလိုက်ရပါသည်။

“သားက ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တဲ့ အရွယ် ရောက်နေပြီလေ၊ သားရွေးတဲ့လမ်း မတိမ်းစောင်းအောင် မာမီက ထိန်းပေးဖို့ပဲ ရှိတာပဲ သားရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သားမျက်နှာ ကြည်လင်ဝင်းပသွားသည်မှာ ကျွန်မအတွက်တော့ အေးမြသည့် လစန္ဒာပမာ ဖြစ်လေသည်။

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော်က ဘာသာစကားတွေ အဆင့်ဆင့် ပြောင်းလဲတိုးတက်ပုံတွေကို သိပ်စိတ်ဝင်စားတယ်"

ဘုရား...ဘုရား။

သို့သော် သားဖြစ်ချင်တာ မှန်သမျှ အလွန်အကျွံမဖြစ်စေရအောင် ကျွန်မ လိုက်လျောခဲ့သည်။

သား လိုချင်သော အင်္ဂလိပ်ဘာသာ စာအုပ်စာတမ်းမှန်သမျှ မရလိုက်ဘူးဆိုတာ မရှိစေရ။ မြန်မာနိုင်ငံမှာ ဝယ်၍မလွယ်သော စာအုပ်မျိုးကို သား ပူဆာလျှင်တောင် နိုင်ငံခြားသို့ မှာယူ၍ ဝယ်ပေးခဲ့ပါသည်။ သားသည် သူလေ့လာကျက်မှတ်လိုသော စာ၊ သူကျွမ်းကျင်လိုသော ဘာသာရပ်တစ်ခုကို စာအုပ်ရှားပါးမှုကြောင့်တော့ဖြင့် မပျက်ကွက်စေရ။ သားက သူရွေးချယ်ထားသော ဘာသာရပ်နှင့်ပတ်သက်လျှင် အလွန်လောဘကြီးလေသည်။

ဤနေရာတွင်တော့ သားက ကျွန်မနှင့်တူသည်ဟု ပြောရမည်။ သူ့အဖေကတော့ ဓာတ်ပြားဖွင့် သီချင်းနားထောင်ဖို့ကလွဲ၍ သူ့ကုန်သည်လုပ်ငန်းကို အပျက်ခံသူ မဟုတ်။ သားကတော့ စာအုပ်တစ်အုပ်ကို ဖတ်ပြီဆိုလျှင် ထမင်းမေ့ ဟင်းမေ့။ သားကို ကျွန်မအားမရသည်မှာ သားသည် အနုပညာ၌ အားနည်းခြင်း၊ ဝါသနာနည်းခြင်းပေတည်း။ သားဖတ်သမျှ စာအုပ်မှာ ဘာသာရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ဥပဒေပင် မကျန်သော်လည်း ဝတ္ထု၊ ကဗျာတို့ကိုဖြင့် ကောက်ကိုင်ဖော်ပင် မရချေ။ ကျွန်မက သားကို အနုပညာစာပေ ဝါသနာကြီးစေချင်သည်။ သားကိုလည်း ဇွတ်မတိုက်





တွန်းလို၍ သားရှေ့မှာ ဝတ္ထု၊ မဂ္ဂဇင်း ဖတ်ပြကြည့်သည်။ သားသည် တစ်ရွက်နှစ်ရွက် ကောက်ကိုင်လှန်လှောကြည့်ပြီး ပြန်ချထားလေ့ရှိသည်။

သားသည် သီချင်းနားထောင်ခံစားရာတွင်တော့ ကျွန်မထက်သာ၏။ ဂီတ၌ စိတ်ဝင်စားသူဖြစ်၍ ကျွန်မအနည်းငယ် စိတ်ချမ်းသာရပါသည်။ ဂီတ၌ မွေ့လျော်သူသည် ဘယ်တော့မျှ ရိုင်းစိုင်းကြမ်းကြုတ်သော အသည်းနှလုံး မရှိနိုင်။

အံမာ...သားက ကျွန်မကို စ,နောက်ချင်လျှင် စမုတ်ကီးအဖွဲ့၏ 'အဲလစ်စ်နှင့် အိမ်ချင်းကပ်လျက်' ဟူသော သီချင်းတစ်ပိုင်းတစ်စကို ညည်း၍ ပြုံးရယ်လေ့ရှိသည်။

"ဘာကြောင့် စွန့်ခွာရသလဲ... ဘယ်ကို သွားမှာလဲ မသိ၊ အကြောင်းပြချက်မရှိပေမယ့် ဒါကို ကျွန်တော်မယုံဘူး၊ ကျွန်တော်နဲ့ အဲလစ်စ်တို့ အိမ်ချင်းကပ်လျက် နေခဲ့ကြတာ နှစ်ဆယ့်လေးနှစ် ကျွန်တော်ဘယ်လိုခံစားရတယ်ဆိုတာ အဲလစ်စ်ကို ပြောပြဖို့ နှစ်ဆယ့်လေးနှစ်လုံးလုံး စောင့်ခဲ့ရ..."

ထို့နောက် ဖြုန်းခနဲ သီချင်းကို ရပ်၍...

"မာမီ... ဖေဖေနဲ့ မာမီနဲ့ အိမ်ချင်းကပ်လျက်လားဟင်" ဟု ကလေးသဖွယ် စိတ်ဝင်စားစွာ မေးတော့၏။

ကျွန်မ ရင်နှာကျင်လျက်သားနှင့် ဟက်ဟက်ပက်ပက် ရယ်မောပြီး သားနဖူးပေါ်မှ ဆံပင်ပျော့ကလေးများကို ရှပ်ဖွပစ်လိုက်ရသည်။

"အမယ်လေး...အဝေးကြီးပါ သားရယ်"

ထို့နောက် အသက်နှစ်ဆယ်အရွယ် သားသိသင့်သည်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



သော သူ့ဖအေနှင့်ကျွန်မအကြောင်းကို လိုအပ်သည်ထက် မပိုစေရဘဲ ပြန်ပြောပြရသည်။ သားကိုပြန်ပြောပြသော ဇာတ်လမ်း၌ သာမန် ထက် စိတ်အင်အားချို့တဲ့သော သူ့အဖေကို သား မမုန်းတီးစေရ။ သားတစ်ခါသာ မြင်ဖူးသည့် ဖအေဘက်က ဘွားဘွားကို မမုန်းတီးစေရ။ ထိုအချိန်၌ ကျွန်မ၏ မာန၊ အတ္တ၊ နာကြည်းမှုတို့ကို သားထံ ကူးစက်မည်စိုး၍ တတ်နိုင်သမျှ လျှော့ပေါ့ပြောခဲ့ရသည်။

သားသည် မအေအပေါ် အရိပ်တကြည့်ကြည့်နှင့် အလိုက်သိတတ်လွန်းသဖြင့် သူ့ဖအေလိုများ မအေကို အချစ်ကြီး ချစ်ခင်တွယ်တာတော့မလားဟုပင် စိုးရိမ်ထိတ်လန့်ခဲ့ရ၏။

တစ်ခါတုန်းက ကျွန်မနေမကောင်းသဖြင့် သားကပါ ကျောင်းဖျက်ဖို့ ကြိုးစားဖူးသည်။

"သားရယ်...မာမီက နည်းနည်းကလေးပဲ ဖြစ်တာပါ၊ သားကျောင်းဖျက်ပြီး ပြုစုရလောက်အောင် လူမမာကြီးမဟုတ်ပါဘူး သားရဲ့၊ အိမ်မှာ နီနီလဲ အရှိသားပဲ၊ သားရှိတော့ရော သားက ကုပေးနိုင်တာမှ မဟုတ်တာ၊ ဆရာဝန်ရောက်လာမှ ပျောက်မှာပဲ၊ သား ကျောင်းပဲ သွားပါ၊ သားရဲ့ကျောင်းသားတွေအတွက် သား မသွားလို့ မဖြစ်ဘူးလေ၊ မာမီက အိမ်မှာ သားမရှိလဲဖြစ်တယ်"

သားက စိတ်မချတချ။ ကျွန်မ သားကို လက်မ ထောင်ပြ၍ ဖြီးရယ်ကာ စကားဆိုတော့မှ သားမျက်နှာကလေး ဝင်းပသွားတော့သည်။

သားသည် မအေမရှိလျှင်လည်း လောကကြီးမှာ နေ၍ဖြစ်သည်ဟူသော အသိမျိုး ဝင်ဖို့၊ သူ့မာမီတစ်ယောက်သာ လောက၌ စံပြ





မိန်းမတစ်ဦးမဟုတ်ကြောင်း အသိမျိုးဝင်ဖို့ ကျွန်မရင်နာကျင် စိတ်မချမ်းမြေ့စွာ ပြုပြင်ထိန်းချုပ်ပေးခဲ့ရသည်။ သားသည် မာမီ့ကို ချစ်ကြောက် ရိုသေရမည်ဖြစ်သော်လည်း ပြဿနာတစ်ခုကို မာမီ့ရှေ့၌ တင်ပြဆွေးနွေးဝံ့လောက်အောင် ရဲရင့်စွာ ရင်းနှီးရမည်။

သားနှင့်ပတ်သက်သမျှ ကျွန်မ၏ မျှော်လင့်ချက်များသည် သားအပေါ်တွင် အရှုံးကြီး ရှုံးနိမ့်နိုင်ဖို့ မျှော်လင့်ချက်များဖြစ်ကြောင်းကိုတော့ ကျွန်မ မေ့လျော့ထားခဲ့သည်။

*

မာမီက အလွန်ချစ်မြတ်နိုးသော သားကလေး တာရာသည် အသက် ၂၇ နှစ်ပြည့်သောအရွယ်မှာတော့ သူ အလွန်မတန် ချစ်မြတ်နိုးသည့် မိန်းကလေးတစ်ယောက်ကို တွေ့ရှိသွားဟန် တူပါသည်။

သားသည် ရုပ်ရည်ချောမော၍ တည်ကြည်သိမ်မွေ့သူဖြစ်ရာ ကျွန်မအိမ်၏ တယ်လီဖုန်းခေါ်သံ များစွာသည် သားထံသို့ ဆက်သွယ်သော မိန်းကလေးများစွာ၏ အသံများသာ ဖြစ်ခဲ့သည်။ သားသည် မိန်းကလေးများစွာ၌ ပျော်မွေ့သူလားဟု ကျွန်မ တစ်ခါတစ်ရံ စိုးထိတ်ခဲ့ရဖူးသည်။ ယောကျ်ားလေး သဘာဝ တွဲသွားတွဲလာ လုပ်ရုံမှတစ်ပါး ထိုအချစ်ကိစ္စများစွာ၌ နစ်မြုပ်ကာ ပြန်ဆယ်၍မရလောက်အောင်အထိ လွန်ကျူးသူတော့ မဖြစ်စေချင်ပေ။ သားမှာ မိန်းကလေးတစ်ယောက်ယောက်နှင့် ပြဿနာ တစ်ခုခုများ ပေါ်ပေါက်လာလျှင် ကျွန်မချစ်မြတ်နိုးသော သားကို ကျွန်မကိုယ်တိုင် အပြစ်ပေးသင့်သည်ဟု ကြိုတင်တွေးထားစိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူပင်ခဲ့သော်လည်း တကယ်တမ်းတော့ သားမှာ ဘာပြဿနာမှ မရှိခဲ့ချေ။

"မာမီ… မာမီက ဖေဖေ့ရဲ့ ဘယ်နှယောက်မြောက် ချစ်သူလဲဟင်… အဲဒါ ကျွန်တော်မေးခွင့်ရှိရဲ့လား"

သူ့အဖေနှင့်ပတ်သက်၍ သားက မေးသောအမေးကို ကျွန်မ ဂုဏ်ယူဝင့်ကြွားစွာ ဖြေဆိုပြခဲ့ခြင်းကပင်လျှင် သား၌ ကိုယ်ကျင့်တရား ပိုမိုထိန်းသိမ်းတတ်လာစေသောအချက် ဖြစ်နိုင်ပါသည်။

"မာမီက သူ့ရဲ့ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပေါ့ သားရဲ့၊ အခုအချိန်အထိ မာမီရဲ့နောက်မှာ အိမ်ထောင်မပြုဘဲ နေနေတာ ကြည့်ပါလား၊ ဖေဖေနဲ့ သားဘွားဘွားနဲ့ ရန်ကုန်မှာပဲ နေကြတယ်လေ"

သားက စဉ်းစားသော မျက်နှာထားဖြင့် ငြိမ်သက်သွားတော့ သားအတွေးကို ခိုးယူသိချင်စိတ်ဖြင့် သားမျက်လုံးကို အရိပ်တကြည့်ကြည့် အကဲခတ်နေသော်လည်း ကျွန်မ ဘာမှမသိနိုင်ခဲ့ပေ။ ထိုအချိန်တွင် သား၏ ဆံပင်ပျော့ကလေးများကို လက်ဖြင့် ပွတ်သပ် ဖွလျက် ကျွန်မရင်ခွင်ထဲသို့ ဆွဲသွင်းကာ ချော့မြှူလိုက်ချင်စိတ်များကို ကျွန်မ ကြိုးစားဖယ်ထုတ်ပစ်လိုက်ရသည်။

ကျွန်မသည် သားအသက် ခုနစ်နှစ်အရွယ်ကတည်းက သားကို ကယုယယ ချစ်ခင်စွာ ပွေ့ဖက်မနမ်းမိဖို့ တင်းကျပ်သော စည်းမျဉ်း ချမှတ်ကာ ထိန်းချုပ်ခဲ့သူဖြစ်လေသည်။ သားကို အလွန်အမင်း နမ်းရှုပ်ချင်လာလျှင်တော့ ညအချိန် သားအခန်းသို့ သွား၍ သားမနိုးအောင် တိတ်တိတ်ကလေး နမ်းခွင့်ရသည်။

ကံ ဆိုးရွားလှစွာ သားသည်လည်း သူ့အဖေလိုပင် အအိပ်





ဆတ်လျက် ရှိပြန်ချေသည်။ တစ်ခါတစ်ရံ သားကို ခိုးနမ်းသည့် မာမီ့ကို အနေခက်သွားမည်စိုး၍ သူကပင် အိပ်ချင်ယောင် ဆောင်ပေးခဲ့ပြန်လေသည်။ ဘယ်လောက် အလိုက်သိ ချစ်စရာကောင်းသည့် သားကလေးလဲနော်။

ထိုသားကလေးက ကာလသိပ်မကြာမီ ကျွန်မထက် ပို၍ ဦးစားပေးရမည့် တခြားမိန်းကလေးတစ်ယောက်ကို ရဲဝံ့စွာ ရွေးချယ်လိုက်သောအခါ ကျွန်မသည် ဝမ်းနည်းအားငယ်လျက်က သားအတွက် ပျော်ရွှင်ဖို့ ကြိုးစားရတော့သည်။

"မာမီ… မာမီ သိပ်ဝန်မလေးဘူးဆိုရင် ကျွန်တော့်သူငယ်ချင်း တစ်ယောက်ကို ညစာထမင်း ကျွေးချင်တယ် မာမီ"

သားနှင့် ရင်းနှီးလှသော ယောကျ်ားလေးသူငယ်ချင်း လေးငါးယောက် ရှိပြီး ထိုသူငယ်များသည် ကျွန်မအိမ်၌ ကြိုတင်အသိမပေးဘဲ စားသောက်နေကျဖြစ်၍ ယခုကိစ္စမှာ သည့်ထက်ပို၍ သိမ်မွေ့သော ကိစ္စဟု ကျွန်မနားလည်လိုက်ပါသည်။

"ကျွေးပေါ့ သားရယ်၊ မာမီ ဝန်မလေးပါဘူး"

ထိုနေ့ တစ်နေ့လုံး ကျွန်မမှာ စိတ်လှုပ်ရှားနေပေတော့သည်။ ကျွန်မမှာ နီနီဟု ခေါ်သော အသက်သုံးဆယ်အရွယ် အမျိုးသမီးကလေး ရှိသော်လည်း သူမကိုချည်း စိတ်မချနိုင်ဘဲ ကျွန်မ ကိုယ်တိုင် ဝင်စီစဉ်ကာ စီစဉ်သမျှကိုပင် မကျေနပ်နိုင်အောင် ရှိတော့သည်။

"သားက ကြက်သားမကြိုက်ဘူးဆိုတော့ ငါးကို နှစ်မျိုး လုပ်ရအောင် နီနီရေ၊ ဟိုကလေးမကတော့ ကြက်သားကြိုက်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တာရာ့သူငယ်ချင်းက မိန်းကလေးလား မမရဲ့၊ တာရာက အဲလို ပြောလို့လား"

"ဟင့်အင်း...မပြောဘူး"

နီနီက ရယ်မောသောအခါ ကျွန်မစိတ်ထဲပင် မျက်ခနဲ အောင့်သွား၏။ ၂၇ နှစ်လုံးလုံး ချစ်မြတ်နိုးစွာ နားလည်ခဲ့သော သား အပေါ် ယခုတစ်ကြိမ်လည်း ကောက်ချက်ချမမှားနိုင်ကြောင်း ရှိသမျှ စည်းစိမ် ပုံအော၍ လောင်းလိုက်ချင်သည်။

ညနေ ၆ နာရီမထိုးမီ ဟင်းလျာများ အဆင်သင့်ဖြစ်သောအခါ ကျွန်မ ကမန်းကတန်းရေချိုးရသည်။ သားတို့ ရောက်လာချိန်တွင် ကျွန်မကို အဆင်သင့်မတွေ့လျှင် ကျွန်မ၏ စိတ်သဘောထား အပေါ် သူတို့ အမျိုးမျိုးပုပန်တွေးတောနေပေလိမ့်မည်။

၆ နာရီခွဲဖို့ ၅ မိနစ်အလိုတွင် ခြံဝင်းထဲအထိ စီးလာသောသား၏ စက်ဘီးကယ်ရီယာခုံပေါ်မှာ မိန်းကလေးတစ်ယောက် ပါလာသည်။ ကျွန်မရင်တွေ တဒိုင်းဒိုင်းခုန်လျက်က အိမ်ရှေ့တံခါးဝမှာ ထွက်၍ကြိုဆိုရပါသည်။

ဘုရားရေ...မိန်းကလေး၏ ဦးခေါင်းက သားပခုံးထက်ပင် နိမ့်နေပါကလား။ သားရယ်...သားက အရပ်ပုပု ကောင်မလေးတွေကိုမှ ချစ်မြတ်နိုးတတ်တာလားကွယ်။

"မာမီ၊ ဒါ ကျွန်တော့်သူငယ်ချင်း နှင်းဆီဖြူ...တဲ့"

ကျွန်မ ရုတ်တရက် ခြောက်သွေ့သွားသော အာခေါင်များကို ဘယ်လိုမှ စိုစွတ်အောင် ကြိုးစား၍မရပေ။

"သူက အခု မန္တလေးဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်ပါ





မာမီ၊ ဖြူ...ဒါ ကိုယ့်မာမီလေ၊ ဒေါ်အေးအေးကျော်တဲ့၊ စိတ်ပညာဌာနက ကထိကလေ"

"အေး...အေး"

တွေ့ရတာဝမ်းသာပါတယ်ဆိုသော စကားမျိုး၊ သမီးကလေးက ချစ်စရာကောင်းလိုက်တာဟူသော လောကဝတ်စကားမျိုးကို ကျွန်မပြောဖို့ အကြိမ်ကြိမ်ကြိုးစားလျက် ပြောမထွက်ခဲ့ပါ။ ပြုံးရသော နှုတ်ခမ်းသည်ပင် တင်း၍နာကျင်သလို ဖြစ်လာသည်။

"မာမ့်အကြောင်းကို သူ ခဏခဏပြောလွန်းတာနဲ့ ဖြူအလွတ်တောင် ရနေပါပြီ မာမီ"

ချိုမြသောစကားသံနွဲ့နွဲ့ကလေးသည် ကျွန်မရင်ထဲက အသည်းနှလုံးကို လက်ကြမ်းကြမ်းဖြင့် ဆုပ်ညှစ်ချေလိုက်သလို နာကျင်သွားစေ၏။ မာမီတဲ့လား...။ ကျွန်မနှင့် ပထမဦးဆုံး တွေ့ဆုံခြင်းမှာ သူမက ကျွန်မကို မာမီဟု ပိုင်စိုးပိုင်နင်း ခေါ်လိုက်ပြီလား။

မိန်းကလေးသည် ရဲတင်းစွာ ပွင့်လင်းပုံရ၏။ ရှက်ရွံ့သော အမူအရာ၊ မဝံ့မရဲပုံစံတို့ မရှိ။ ညှော်ခန်းကုလားထိုင်မှာ ဝင်ထိုင်တော့ သူမ နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်ပြီးသော အိမ်တစ်အိမ်ပမာ သေသပ်ကျနစွာ ဝင်ထိုင်လေသည်။

သားက ဆရာဝန်အလုပ်ကိုတော့ ဝါသနာမပါဘူးဆို။ သားရဲ့ အိမ်ထောင်ဖက်ကိုတော့ ဆရာဝန်ဖြစ်နေမှာ မစိုးရိမ်မိဘူးလား။ သားကိုပြုစုယုယဖို့ ဆရာဝန်မိန်းမမှာ အချိန်အားလပ်မည် ထင်နေလို့လားကွယ်။ မာမီနဲ့လည်း ဝေးကွာနေချိန်၊ သားဇနီးကလည်း မပြုစုနိုင်ရင်တော့ သားကလေး စိတ်ညစ်ညူးရတော့မယ်။

ထမင်းစားပွဲတွင် ထိုင်မိကြတော့ ကျွန်မ၏ အတွေးများကို ဖွတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဖျက်ထားရသည်။ သားက သူ့ထုံးစံအတိုင်း ကျွန်မကြိုက်တတ်သော ငါးပိဆီကြော်ကို ကျွန်မပန်းကန်ထဲကို အရင်ထည့်ပေးပြီးမှ ကြက်သားဟင်းကို ထည့်ပေးသည်။ သားသည် သူ့အဖေထက်တော့ သတ္တိရှိပေ၏။ သူ့ချစ်သူ၏ ထမင်းပန်းကန်ထဲသို့လည်း ဟင်းထည့်ပေးဝံ့သော သတ္တိရှိသည်။ ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွားသည်။ သို့သော် သား၏ မိန်းကလေးကိုယ်စား ကျွန်မဝမ်းသာရမှာပေါ့။ သားသည် မာမီ၏ ထိန်းချုပ်မှုအောက်မှာချည်း ရှိမနေဘူး မဟုတ်လား။ မိခင်မျက်နှာကို အရိပ်လိုကြည့်ပြီးမှ တစ်စုံတစ်ခု လုပ်ဝံ့သူ မဟုတ်ဘူးလေ။

ကျွန်မကလည်း သားကြိုက်တတ်သော ငါးမြင်းဆီပြန်ဟင်းကို သားပန်းကန်ထဲသို့ ပထမဦးစွာ ထည့်ပေးလိုက်၏။ သားက မော့ကြည့်ကာ ကျေးဇူးတင်ပါတယ်မာမီဟု ပြောသည်။ ဒါကတော့ သားအမိ ထုံးစံလေ။ သို့သော် ကျွန်မ စိတ်ကို အတတ်နိုင်ဆုံး လျှော့၍ နှင်းဆီဖြူ၏ ထမင်းပန်းကန်ထဲ ဟင်းထည့်ပေးပြန်တော့ နှင်းဆီဖြူကလည်း ကျေးဇူးတင်ပါတယ် မာမီဟုပင် ပြောသည်။

ကြည့်စမ်း…။ ဒါ သားနှင့် တန်းတူ အခွင့်အရေးရှိသွားကြောင်း လက်ခံလိုက်တာပဲ မဟုတ်လား။

အို…အဲလစ်စ်၊ နင်ရူးနေသလား၊ ဒီမိန်းကလေးအနေနဲ့ သူ့ချစ်သူကို အတုယူဖို့တာဝန် ရှိကိုရှိတယ်။ သူ့ယောက္ခမ ဘာကြိုက်တတ်တယ်ဆိုတာ ချစ်သူကနေတစ်ဆင့် လေ့လာရမှာ မဟုတ်လား။

မိန်းကလေးသည် သားလိုပင် ဇွန်းခက်ရင်းဖြင့် အသံလုံးဝ





မမြည်စေဘဲ သိမ်မွေ့ငြိမ်သက်စွာ စားတတ်၏။ ဟင်းချိုခပ်သောက်ပြီးလျှင် ထိုဇွန်းကို သူမ၏ ပန်းကန်ထဲသို့ မှောက်၍ စစ်ထည့်ပြီးမှ ဟင်းချိုပန်းကန်ထဲသို့ ပြန်ထည့်၏။ စားတာ သောက်တာတော့ ကြန်ရေရသားပဲ။ သို့သော် တိုကပ်သော ဆံပင်ကတော့ ဆရာဝန်တစ်ယောက်၏ အင်္ဂါရုပ်နှင့် မညီဟု ထင် ည်။ ပါးလှစ်နီမြန်းသော နှုတ်ခမ်းများကတော့ စွာမည့်ပုံပဲ။ သေးမျှင်သောမျက်ခုံးမှာ ပုံဖော်၍ နုတ်ထားကြောင်း ကျွန်မဘာသာ သေချာနေသည်။ မျက်လုံးကတော့ ရဲရင့်စွာ လှပသည်။ ဤမျက်လုံးများ၏ ညို့ယူမှုအောက်တွင် သားကလေး ဘယ်နှကြိမ် အရည်ပျော်ကျခဲ့မှူးပါလိမ့်။ စင်းကျသော မျက်တောင်ရှည်ရှည်များသည် တဖျတ်ဖျတ် ခတ်လိုက်လျှင် ရွှန်းလဲ့သော မျက်ဝန်းကို ပိုမိုအားကောင်းစေလိမ့်မည်။ သူမ၏ နားမှ ရွှေနားဆွဲမျှင်မျှင်တန်းလန်းကလေးကိုတော့ ကျွန်မ ကြည့်မရပေ။ သူမ လှုပ်ရှားလိုက်လျှင် ထိုနားဆွဲကလေး ခါယမ်းသွားကာ သူမကို ပို၍သွက်လက်စေလိမ့်မည်။ ဝတ်ထားသော အင်္ကျီကလည်း ပွပွကြီး၊ နိုင်ငံခြားက ရယ်ဒီမိတ် လာသော ရုပ်အင်္ကျီ (သားကဲ့သို့ အင်္ကျီမျိုး) ထဘီကလည်း နည်းနည်းတိုလွန်းသည် ထင်သည်။ ငွေရောင် ပင်နံဆယ်လ်ဟီးလ်ကလည်း တောက်ပလွန်းသည်။

အင်း…ကျွန်မ ချွေးမလောင်းသည် ကြန်ရေရရှိးစင်းသော မိန်းကလေးဖြစ်ရမည်ဟုများ ကျွန်မ မျှော်လင့်ထားခဲ့မိလေသလား။ ကျွန်မတို့ စိတ်ပညာဌာနက ရင်ဖုံးလက်ရှည်ကလေးနှင့် အချိတ်ထဘီကိုသာ ဝတ်လေ့ရှိသော ဆရာမကလေးကိုတော့ ဘာဖြစ်လို့ သားက မကြိုက်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို ဆက်မစားနိုင်တော့၍ အားနာစွာပင် ရပ်လိုက်ရသည်။

"ဟင်…မာမီ ဒီနေ့ ထမင်းစားနည်းလိုက်တာ"

"အေးကွယ်၊ စောစောက ချက်ရင်းပြုတ်ရင်း မြည်းတာများသွားတယ် သားရဲ့"

ထမင်းစားပြီး၍ ရေနွေးကြမ်းနှင့် ငှက်ပျောသီးကြော်ကျွေးဖို့ ကျွန်မပြင်ဆင်နေစဉ် သားတို့နှစ်ယောက်က ပြုံးရယ်လျက် စကားတတွတ်တွတ် ပြောနေကြ၏။ သူတို့အမူအရာကတော့ တော်တော်ကို ရင်းနှီးကျွမ်းဝင်ပြီးသားပုံစံပါကလား။ တစ်ယောက်အကြောင်း တစ်ယောက် အစအဆုံး သိပြီးသားပုံစံမျိုး။

ဤမိန်းကလေးသည် ကျွန်မရင်ခွင်ထဲမှ ချစ်လှစွာသော သားကို ဆွဲထုတ်ခေါ်ဆောင်သွားဖို့ နည်းနည်းမျှ တွန့်ဆုတ်မည့်သူမဟုတ်။ ကျွန်မ သိသည်။ သားကလည်း ခပ်လှမ်းလှမ်းမှာ မာမီရှိနေလို့များ ချစ်သူကို စကားမပြောဝံ့လောက်အောင် သတ္တိနည်းသည့် ဖအေလိုလူစားမဟုတ်ပေ။ တစ်ခါတစ်ခါ မိန်းကလေးနှင့် ရယ်မောပြောဆိုရင်း ကျွန်မရှိရာသို့ လှမ်း၍… 'ဖြူကဖြင့် အဲဒီလောက်တောင် ကြောင်တာမာမီရဲ့'ဟူသော စကားမျိုးဖြင့် ကျွန်မကို စကားဝိုင်းထဲ ဆွဲခေါ်တတ်သူ။

သားကလေး လူမှုရေးသိပ္ပံကျွမ်းကျင်ဖို့ မာမီကိုယ်တိုင် လေ့ကျင့်ပေးခဲ့တာပါကွယ်။

သားတို့နှစ်ယောက် ကျွန်မကို နှုတ်ဆက်၍ပြန်ကြဖို့ ဟန်ပြင်ချိန်မှာတော့ ကျွန်မကြိုးစားပမ်းစား ပြုံးစရာမလိုဘဲ လွယ်ကူချောမွေ့စွာ နှုတ်ဆက်ဖြစ်သည်။





"သားရေ…မိုးချုပ်မယ်နော်၊ ဖြူ့ကိုပို့ပြီးရင် ဘယ်မှမဝင်နဲ့၊ အိမ်တန်း[illegible]နဲ့…ကြားလား"

ထိုစက[illegible]ကြောင့် သားကလေး ချစ်သူနှင့် စကားပြောချိန် နည်းသွားမလားဟု ကျွန်မ မစိုးရိမ်နိုင်တော့ပေ။

ခြံဝင်းတံခါးကို လိုက်၍စေ့ပိတ်ချိန်မှာတော့ ကျွန်မမှာ ရှိသမျှ အင်အားတွေ နှင်းဆီဖြူ၏နောက်သို့ ပါသွားတော့သည်။

ကျွန်မကိုယ်တိုင် အရိပ်တကြည့်ကြည့်ပြုစုစောင့်ရှောက်ခဲ့သော ချစ်လှစွာသော သားကလေးကို နှင်းဆီဖြူဟူသော မိန်းကလေးက လွယ်လင့်တကူ သိမ်းပိုက်သွားတော့မည်။ ဒါ သိပ်သေချာသည်။ မာမီ့ထံမှ ခွဲထွက်ဖို့ သားကလေးက အဆင်သင့်ဖြစ်နေပြီပေါ့။ ဤမျှ ကိစ္စ ဤမျှ လွယ်ကူပါသလား။

သားသည် နံနက်ကော်ဖီကို နို့မပါဘဲ သကြားနှစ်ဇွန်းဖြင့် သောက်တတ်ပြီး ညကော်ဖီကိုတော့ သကြားလုံးဝမထည့်ဘဲ သောက်တတ်ကြောင်း နှင်းဆီဖြူ သိပါ့မလား။ သားကို ကော်ဖီဖျော်ပေးဖို့ သူမမှာ အချိန်ရပါ့မလား။ သို့မဟုတ် ခင်ပွန်းဖြစ်သူကို ကော်ဖီဖျော်ပေးဖို့ထက် ခင်ပွန်းဖြစ်သူက ဖျော်ပေးသော ကော်ဖီကို မက်မောစွာသောက်လိုသူ မိန်းမလည်ကလေးလား။ သားသည် သူ့ချစ်သူ စိ[illegible]အငြိုငြင်မခံဘဲ သူကိုယ်တိုင် ယုယစွာ ပြုစုချင်လေမလား။ နှင်းဆီဖြူသည် သား၏ ညအိပ်ရာဝင်စာဖတ်ချိန်ကို မုန်းတီးစွာ တားမြစ်ဖို့ယူလိုသူ မိန်းကလေးလား၊ အစားအသောက်ကောင်းကြိုက်တတ်သော သားအတွက် မာမီ့လို ဖွယ်ဖွယ်ရာရာ စီစဉ်ကျွေးမွေးတတ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



အဲလစ်စ်...ဒါတွေကို ညည်းတွေးဖို့ မလိုဘူး၊ သူ့အလို အလျောက် ဖြစ်သွားလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် ယနေ့ညမှာတော့ သားသည် ကျွန်မကို နှင်းဆီဖြူအကြောင်း ပြောတော့မှာ အမှန်ပဲ။

"သားနဲ့ ဖြူနဲ့ သမီးရည်းစားလား"ဟု ကျွန်မက စ,မေးသင့်သလား။ သားအပြောကို စောင့်ရမလား၊ သားလို ရဲဝံ့ပွင့်လင်းသူ၊ မအေကို သူငယ်ချင်းလို ဆက်ဆံသူအား ကျွန်မ ဘာမှမေးဖို့ မလိုပါ။ သားက ပြောပြမှာပေါ့။

"သား...သူ့ကို ယူမှာလား"လို့ မမေးမိစေနဲ့နော်။ သား လက်ထပ်ယူမှာ အသိသာကြီးပဲလေ။ ဘယ်တုန်းကများ မိန်းကလေးတစ်ယောက်ကို သူ့မာမီနှင့် တွေ့ပေးဖို့ ကြိုးစားဖူးလို့လဲ။

ရင်ထဲမှာ ခါးသီးစွာ နာကျင်မှုဖြင့် ဧည့်ခန်းမှာ နှမ်းလျစွာထိုင်ချလိုက်ရ၏။ ဧည့်ခန်းနံရံမှာ ချိတ်ထားသော ဓာတ်ပုံထဲမှ ကျွန်မယောက်ျားသည် ကျွန်မကို မရယ်မပြုံးငုံ့ကြည့်နေ၏။

မိန်းမဘဝဟာ အရှုံးချည်းပဲလို့ ဘာဖြစ်လို့ တစ်ယောက်ယောက်က ကျွန်မကို မပြောပြခဲ့ပါလိမ့်။

"ဇနီးမယားဆိုတာ အစားရတယ်၊ မအေဆိုတာ အစားမရဘူး"ဟု ပြတ်သားစွာပြောခဲ့သော သူသည် ထိုစကားမျိုး သားကလေး ပြောတတ်အောင် သင်ကြားပေးဖို့ ကျွန်မအိမ်သို့ မကြာမကြာ လာတတ်သူ မဟုတ်ပေ။ ကျွန်မ သူ့ကို အဖေအမေထက်ပင် ပိုချစ်ခဲ့သည်မှာလည်း အမှန်ပါပဲ။ သို့သော် သူ့ထက်ပို၍ အဆပေါင်းများစွာ ကျွန်မသားကို ချစ်မြတ်နိုးကြောင်း ကျွန်မ ဘယ်သူ့ကို ပြောပြရင်ဖွင့်ရပါ့မလဲ။ ကျွန်မကို ဘယ်သူကများ ကိုယ်ချင်း





စာနိုင်ပါ့မလဲ။ တစ်ဦးတည်းသောသားအပေါ် ပုံအော၍ ချစ်လိုက်ရသည့် မြတ်နိုးမှုကိုလေ...။

ကျွန်မသည် မျက်ရည်ဝေဝါးလျက်က တယ်လီဖုန်းကိုဖြန်းခနဲ ကောက်ကိုင်ဆက်သွယ်မိတော့သည်။ တစ်ဖက်က ဖုန်းကိုင်သူမှာ ကျွန်မအလွန်ချစ်မြတ်နိုးခဲ့ရသော၊ ကျွန်မကို သူ့မိခင်လောက် တန်ဖိုးမထားသော ကျွန်မ၏ ယောက်ျား ဖြစ်သည်။

"ကိုမေအောင်...အဲလစ်စ်ပါ"

"အဲလစ်စ်..." သူ့ကို ကြာရှည်အံ့ဩမိန်းမောခွင့်မပေးနိုင်။

"မေမေရှိလား၊ နေကောင်းရဲ့လား"

"ဟင်...အင်း ကောင်းပါတယ်၊ ဒါနဲ့..."

"မေမေနဲ့ ခဏစကားပြောပါရစေ"

ခဏ အဆက်အသွယ်ပြတ်နေပြီး ကျွန်မရင်တွေ တဒိတ်ဒိတ်ခုန်နေပြီးနောက် ကျွန်မ ဘယ်တော့မှ မမေ့နိုင်မည့် ကျွန်မယောက္ခမ၏ အသံကို ပြတ်သားစွာ ကြားလိုက်ရသည်။

"အေးအေးကျော်လားဟေ့..."

အသက် ၇၆ နှစ်အရွယ် အဘွားအို၏ အသံမှာ ကျွန်မထက်ပင် အင်အားပြည့်နေသည်။ ဒါပေါ့လေ...သူမချစ်ခင်သည့် သားက သူမအနားမှာ တစ်ချိန်လုံး ရှိနေခဲ့တာကိုး။

"ဟုတ်ကဲ့ မေမေ၊ ကျွန်မ မေးစရာကလေး ရှိလို့ပါ"

ကျွန်မအသံကို ထိန်းချုပ်ကာ ခပ်ရွှင်ရွှင်ဖြစ်အောင် ပြုပြင်လိုက်၏။

"လွန်ခဲ့တဲ့ ၂၈ နှစ်လောက်တုန်းက ကုက္ကိုင်းအိမ်ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး လိုက်လာတော့ မေမေ့ကို တွေ့တွေ့ချင်း မေမေလို့ ခေါ်ခဲ့တာကို ဘယ်လိုသဘောရသလဲ ဟင်း..."

တစ်ဖက်က သက်ပြင်းရှိုက်လိုက်သလို လေသံခပ်သဲ့သဲ့ကြားရပြီး ခဏတိတ်ဆိတ်သွား၏။ ကျွန်မလက်ဖျားများ အေးစက်ကာ စိုစွတ်လာကြသည်။ အာခေါင်ကတော့ ခြောက်သွေ့ကာ ခေါင်းထဲမှာ တရိပ်ရိပ်မူးဝေလာသည်။ တစ်ဖက်ကအသံမှာ ကျွန်မအကြားအာရုံထဲသို့ ခပ်ဝါးဝါး သဲ့သဲ့သာ ရောက်လာ၏။

"ဘယ်လိုသဘောရတယ်ဆိုတာ ပြောဖို့လိုသေးလို့လား အေးအေးကျော်"

သူမစကားအဆုံးမှာ ကျွန်မအံကြိတ်လိုက်မိ၏။ ဟုတ်ပါရဲ့၊ မလိုအပ်ပါဘူး၊ တကယ့်ကို မလိုအပ်ပါဘူးလေ။

"ဒီအဖြစ်မျိုး မင်းတစ်ချိန်ချိန်မှာ ကြုံတွေ့ရလိမ့်မယ်လို့ မေမေမျှော်လင့်ပြီးသားပဲ"

ဟုတ်ကဲ့၊ ကျွန်မကတော့ နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး ဤကိစ္စကို မေ့လျော့ထားခဲ့မိပါသည်။

"အေးအေးကျော်"

"ဟုတ်ကဲ့ မေမေ၊ တစ်ခုတော့ ကျွန်မကို ကူညီပါဦး မေမေ၊ ကျွန်မနဲ့ ကိုမေအောင်နဲ့ လက်ထပ်ပြီး တခြားရောက်နေတဲ့အချိန်မှာ မေမေ ဘာလုပ်နေခဲ့သလဲဟင်"

"ဘုရားရှိခိုးပြီး ပုတီးတွေ စိပ်နေခဲ့တယ်လေ"

မူးဝေသော ဝေဒနာမှာ ပို၍ဆိုးရွားပြင်းထန်လာပြီ။ ကျွန်မတစ်နေ့ရာရာမှာ လဲ့အိပ်မှ ဖြစ်တော့မည်ဟု အလိုအလျောက် သိ





လာ၏။ ကျွန်မနှလုံးခုန်နှုန်းမှာ အံ့ဩရလောက်အောင် မြန်ဆန်နေသည်။

"အခု...မင်းမန္တလေးက ဆက်နေတာလား"

"ဟုတ်ကဲ့"

"သားက မေးနေတယ်၊ သူ လာဖို့ လိုသလားတဲ့"

ဘုရားရေ...လာဖို့ လိုသလား။ နှစ်ပေါင်းအစိတ်လောက်ကြာခါမှလေ။ အဲလစ်စ် လိုအပ်ရင် ကိုမေအောင်က လာခဲ့မယ်ပေါ့။ ဒါဟာ ခေါ်ကြည်ကြည်စိန်ရဲ့သဘောတူခွင့်ပြုချက် မဟုတ်လားကို...။

"ဟင့်အင်း...ကျေးဇူးတင်ပါတယ် မေမေ၊ မလိုပါဘူး၊ မင်္ဂလာညပါ"

ကျွန်မ တယ်လီဖုန်းကို ချလိုက်ပြီး အနီးက ဆိုဖာပေါ်သို့ လဲ့အိပ်ကာ ရှိုက်လိုက်မိသည်။

မလာကြနဲ့၊ ဘယ်သူမှ မလာကြနဲ့။ ဘယ်သူမှ နှစ်သိမ့်ပေးဖို့ မလိုပါဘူး။ အဲလစ်စ်ကျော်မောင်ရဲ့ တတိယကျဆုံးခန်းဟာ တိတ်တိတ်ဆိတ်ဆိတ်ကလေး ပြီးဆုံးသွားစေရမည်။ အေးစက်သော လက်ဖျားများဖြင့် ပွတ်သပ်မိသော ကျွန်မမျက်ရည်များမှာ ပူလောင်လွန်းလှပါကလား။

ကျွန်မ၏အထက် ခေါင်းရင်းနံရံတွင် စိပ်ပုတီးကလေး တစ်ကုံးမျှပင် ရှိမနေပါ။

ကျွန်မသည် ချစ်လှစွာသောသား၏ သာမန်ဖြစ်ရေး၊ အောင်မြင်ရေး၊ လိမ္မာရေး၊ တိုးတက်ရေးတို့တွင် စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့သည်။ သား၏ ချစ်ခြင်း၌ နစ်မွန်းပျော်ဝင်ကာ အရာရာကို



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ထားခဲ့သည်။ ယခုတော့ ကျွန်မသည် အသက်ငါးဆယ် အရွယ် မိန်းမတစ်ယောက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို ပထမဆုံးအကြိမ် နောက်ကျစွာ ပြုလုပ်ရတော့မည်။ ကျွန်မ၏ တရားဘာဝနာတွင် ကျွန်မ မွေ့လျော်နိုင်အောင် ကြိုးစားရတော့မည်။

သား၏ မိန်းကလေးသည် သားအပေါ် ပိုင်စိုးပိုင်နင်းနိုင်လွန်းတာကို မေ့ထားပြီးတော့လေ။

တစ်ဦးတည်းသောသား၏ မိခင်များသည် သူတို့ ချစ်မြတ်နိုးလှစွာသော သားနှင့် ထိုက်တန်သည့် မိန်းမကို ဘယ်တော့မျှ ရှာတွေ့ကြလိမ့်မည်မဟုတ်ကြောင်း ကျွန်မယခုတော့သိလိုက်ရပေပြီ။

[၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ၊ စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ အမှတ် ၆၂]

BURMESE CLASSIC .com



www.burmeseclassic.com